www.burmeseclassic.com

# ဆုမြတ်မွန်မွန်

## စိတ်ကောက်ပြေစ အနမ်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဆုမြတ်မွန်မွန်

စိတ်ကောက်ပြေစအနမ်း

စာမူခွင့်ပြုချက်အမှတ်

၅၀၁၂၂၃၀၀၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၁၂၀၁၁၀၀၁၁

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၇၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

အမှတ်(၅၉)၊ (၁၉)လမ်း၊ရန်ကုန်။

၈၉၅. ၈၃

ဆုမြတ်မွန်မွန်

စိတ်ကောက်ပြေစအနမ်း၊ ဆုမြတ်မွန်မွန်၊ ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၁

၂၈၈-စာ၊ ၁၂×၁၈ စင်တီ

(၁) စိတ်ကောက်ပြေစအနမ်း

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





# ဆုမြတ်မွန်မွန်

## စိတ်ကောက်ပြေစ
## အနှမ်း



စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







# ၁

"တီ ... တီ ... တီ ... တီ" (ဖုန်းမြည်လာသံ)

"ဂွပ်" (ဖုန်းကောက်ကိုင်လိုက်သံ)

"ဟယ်လို ... ရွှေ FM နှလုံးသားကွန်ယက်ဆက်သွယ်ရေး ကဏ္ဍကပါ"

"ဟုတ် ... သီချင်းတောင်းချင်လို့ရှင့်"

"ဪ ... တောင်းလို့ရပါတယ်။ ဘာသီချင်းများတောင်းချင်တာလဲခင်ဗျာ"

"ဟိုလေ ... ကောင်းကောင်းနဲ့ မို့မို့လွင် ဆိုထားတဲ့ မင်းကိုသတိရရင်သီချင်း"



www.burmeseclassic.com

www.burmeseclassic.com



"အော် ... မင်းကိုသတိရရင်။ ဟုတ်ပါပြီ ... ညီမရဲ့နာမည်နဲ့ နေရပ်လိပ်စာလေး ပြောပြပေးပါဦး"

"ဟို ... နာမည်က သဉ္ဇာနိုင်ပါ။ လိပ်စာက နေပြည်တော်၊ သဇင်ဆောင်ကပါ"

"အော် ... အဆောင်သူလေးပေါ့"

"ဟီး ... ဟီး"

(တစ်ဖက်က သွားသုံးဆယ့်နှစ်ချောင်းလုံး ပေါ်အောင်ရယ်သည်။ တကယ်တော့ အဆောင်သူလေး မဟုတ်ဘဲ အဆောင်သူကြီးဆိုတာ ဟိုဘက်ကလူကသိမှ မသိနိုင်တာ)။

"ဟုတ်ပါပြီ။ ညီမလေး သဉ္ဇာနိုင်က အဲဒီသီချင်းကို ဘယ်သူ့အတွက် တောင်းပေးချင်တာလဲ"

"အယ် ... အဟီး ... ဟီး ... ပြောပြချင်ပါဘူး။ ရှက်စရာကြီး"

"အော် ... မရှက်ပါနဲ့ ညီမလေးရဲ့။ ပြောပြလို့ရရင် ပြောပြပေးပါလား"

"ဟီး ... တစ်ယောက်သောသူအတွက်ပါ။ အဲလောက်ပဲ ပြောမယ် ... ဟီး ဟီး"





"ဟုတ်ကဲ့ပါ။ အဲဒီ တစ်ယောက်သောသူကရော ဘယ်မှာနေတာလဲ"

"ရေထဲမှာပါ"

"ဗျာ ... ဒါဆို ရေသူထီးပေါ့ ဟုတ်လား"

"အာ ... ရေသူထီးတော့ မဟုတ်ပါဘူး။ လူပါ ... သဘော်သီး ... ဟီး ဟီး ရေသူထီးတော့ မဟုတ်ဘူး ... သဘော်သီး"

"အော် ... ကိုကိုက သဘော်သီးပေါ့။ အင်း ... ဟုတ်ပါပြီ။ အဲဒီသဘော်သီးလေးအတွက် ညီမလေးက သီချင်းတောင်းပေးတယ်ဆိုတော့ သူ့ကို ပြောချင်တဲ့စကားတွေရင်ထဲမှာ ရှိမှာပဲ။ ပြောပြနိုင်ရင် ပြောပြပေးပါလား"

"ပြောချင်တဲ့စကားတွေက သီချင်းထဲက အတိုင်းပါပဲ။ သီချင်းနဲ့ တစ်ထပ်တည်းပဲရှင့် ... ဟင်း ... ဟင်း"

"ဘယ်လိုနေရာလေးတွေက တစ်ထပ်တည်း ကျတာလည်း ညီမရဲ့၊ နည်းနည်းလောက် ပြောပြပါဦး"

"သူ့ကို သတိရတိုင်း လျှောက်လည်ဖူးတဲ့ နေရာတွေမှာ သူ့အရိပ်တွေပဲ တွေ့နေရတယ်လို့ ... ဟီး ဟီး။ သူက



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ထဲမှာဆိုတော့ ဖုန်းလည်းဆက်လို့ မရ၊ လူကြုံပါး လို့လည်း မရတော့ အရမ်းလွမ်းတယ်လို့ ... ဟီး ဟီး"

"ခြော် ... ဟုတ်ပါပြီ။ သီချင်းထဲက အတိုင်းပဲပေါ့၊ ကောင်းပါပြီ၊ ဒါဆိုရင် ညီမလေးကြိုက်တဲ့ မင်းကိုသံတိ ရရင် သီချင်းကို လွှင့်ပေးလိုက်မယ်နော်"

"ဟုတ်ကဲ့ရှင့် ... ဗွိ" (ဖုန်းချသွားသံ)

BURMESE CLASSIC .com

ခဏနေတော့ "မင်းကို သတိရရင်"ဆိုသော သီချင်းရဲ့ Intro တီးလုံးသံ စဝင်လာကာ အမျိုးသမီးက စတင်သီဆိုသည်။ "ခြိမ့်"သည် အခုနက သီချင်းတောင်းသူနှင့် အစီအစဉ်တင်ဆက်သူတို့ ပြောသွားသော စကားတွေကို ပြုံးပြုံးလေးနားထောင်ကာ သဘောကျနေမိသည်။ ဒီအစီအစဉ်ကို တကူးတက စောင့်နားထောင်ဖြစ်ကာ ကြိုက်လည်းကြိုက်လှသည်။ ကြိုက်တယ်ဆိုတာက အနယ်နယ်အရပ်ရပ်မှာရှိသော ချစ်တတ်သူတွေ၏ ရိုးသားဖြူစင်သော ရင်တွင်းခံစားချက် စကားသံတွေကို နားထောင်လို့ရခြင်း၊ သိခွင့်ရခြင်းတို့ကြောင့် ဖြစ်လေသည်။

အခုဆိုလျှင် နိုင်ငံတွင်းမှာ FM Radio လိုင်းတွေ အများအပြား တိုးပွားလာသည်။ လိုင်းတွေက အစုံစုံ၊ ကဏ္ဍက





အစုံစုံမို့ ခြိမ့်တို့လို အိမ်မှာအနေများသောလူတွေအတွက်တော့ တကယ့်ကို Relax ဖြစ်စေသည်။ ဗဟုသုတရစရာတွေလည်း ပါတာမို့ အကျိုးရှိစေသဖြင့် ခြိမ့်ကတော့ FM လိုင်းများအားလုံးလိုလိုကို နှစ်သက်တတ်သည်။ ခြိမ့်လို မျက်လုံးနှင့်လက်ကို တရစပ်အသုံးပြုပြီး နားရွက်တွေကသာ အ,အားရှိသော လူတစ်ယောက်အဖို့ မနက်ငါးနာရီကနေ၍ ညဆယ့်တစ်နာရီထိလွှင့်သော FM လိုင်းတွေမှာ တကယ်ကို အဖိုးတန်လွန်း အကျိုးရှိလွန်းလေသည်။

သီချင်းဖွင့်ပြီးမှ စာရေးတတ်သူ ခြိမ့်သည် ယခင်ကတော့ သီချင်းခွေတွေဖွင့်ပြီး စာရေးရင် ဈာန်ဝင်စားခဲ့သည်။ ဒါပေမဲ့လည်း ဈာန်ဝင်စားလို့မှ မဝသေး။ ရုတ်တရက် ထထွက်လာသော "ဆရာမ သမီးဗိုက်ထဲက အောင့်အောင့်နေတယ်"၊ "အရှင်ရကွဲ့စိုး နတ်မင်းကြီး"စသော အသံတွေ ကြားရလျှင် တော်တော်စာတတ်ပျက်ရသည်။ စာရေးတာ အာရုံပျက်ပြီး သီချင်းကို ထကျော်ရတာက အလုပ်တစ်လုပ် ဖြစ်ခဲ့သည်။ ခုတော့ ကိုယ်စာရေးနေတဲ့အေးမှာ ကက်ဆက်ကြီးတစ်လုံး ချထားလိုက်တော့ နားကိုအေးရော ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ခြိမ့်ရဲ့အကြိုက်က ကိုယ့်ကို ဘာသီချင်း တွေလှွှင့်ပေးမလဲဆိုတာ စိတ်ဝင်တစား ရှိတာဖြစ်ပြီး ရေဒီယိုအစီ အစဉ်တွေကိုမှ သဘောကျတတ်ခြင်းဖြစ်သည်။ ခြိမ့်က စာရေးနေ တဲ့သူဆိုတော့ နားကပဲ နားစိုက်ထောင်နိုင်ကာ မျက်လုံးနှင့်လက် ကတော့ မအားတတ်ချေ။ ဒါကြောင့်လည်း အိမ်မြဲတတ်သော စာရေးဆရာမ ခြိမ့်နှင့် FM လိုင်းများမှာ သဟာဇာတဖြစ်နေရခြင်း ပဲ ဖြစ်သည်။

"မခြိမ့် ... အောက်မှာ မမကြီး ရောက်နေတယ်"

ဝမ်းလျားကြီးမှောက်ကာ သီချင်းနားထောင်နေသော ခြိမ့်ရဲ့နံဘေးသို့ မိသေးက ရောက်လာရင်း လာပြောသည်။ မိသေး ဆိုသော်လည်း မသေးတော့သော ခန္ဓာကိုယ်ကို ခြိမ့်ကို မော့ကြည့်ရင်း "အေး"တစ်လုံးတည်း ပြန်ပြောလိုက်သည်။ ဒါပေမဲ့ ချက်ချင်း မထဖြစ်သေးပါ။ ခြိမ့် နားထောင်နေသော နှလုံးသား ဆက်သွယ်ရေးကွန်ယက်ကဏ္ဍမှာ တောင်းဆိုသူတွေရဲ့ ရင်တွင်း စကားသံတွေကို နားထောင်ပြီးတော့မှ အောက်ထပ်သို့ ဆင်းလာ ခဲ့သည်။





အောက်ထပ်ရှိ ထမင်းစားခန်းထဲတွင် မေမေနှင့် မမကြီးက တိုးတိုး တိုးတိုး စကားပြောနေရာမှ ခြိမ့် ဝင်လာတာ မြင်လျှင် စကားသံကရပ်သွားသည်။ ကိုယ်ဝင်လာတော့မှ ရပ်သွား သော်လည်း ခြိမ့်က သိပ်စိတ်မဝင်စားဘဲ မိသေးကိုသာ ကော်ဖီ တစ်ခွက် ဖျော်ခိုင်းလိုက်သည်။

"နင် ဘာလုပ်နေတာလဲ"

"စာရေးနေတာလေ"

"မဟုတ်ပါဘူး။ မိသေး ပြောတော့ ဝမ်းလျားထိုးကြီးမှောက် လို့ဆို"

"ဟုတ်တယ်လေ။ စာရေးရင်းနဲ့ ညောင်းလို့ ခဏမှောက် တာပဲဟာ၊ FM နားထောင်နေတာ"

"ဟင်း ... အလုပ်ကြီး အကိုင်ကြီး၊ ဒီမှာ ငှက်ပျောပေါင်း ယူလာလို့ စားဖို့ခေါ်တာ၊ ချက်ချင်းကြွမလာဘူး"

"ဪ ... အခုစားလည်း ရတဲ့ဟာပဲ။ အဲဒီ မမကြီးဟာ လေ။ ဘာကြီးမှန်းကို မသိဘူး။ အဲဒါကြောင့် ဦးသက်က အိမ်မှာမနေဘဲ ရေထဲမှာချည်း နေတာ၊ မမကြီး ပွစိ ပွစိ လုပ်လို့"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခြိမ့်ရဲ့အပြောကို မမကြီးက မျက်စောင်းထိုးကာ မေမေကတော့ ပြုံးသည်။ ခြိမ့်တို့မိသားစုမှာ လေးယောက်ရှိပြီး ဖေဖေကတော့ လွန်ခဲ့တဲ့ငါးနှစ်က ဆုံးပါးသွားခဲ့ပြီဖြစ်သည်။ ခြိမ့်မှာ အစ်မတစ်ယောက်တည်းပဲရှိကာ အဲဒီ မမကြီးနှင့် ခြိမ့်ဟာ ဆယ်နှစ်ကွာသည်။ ဒါကြောင့် ခြိမ့်ကိုဆိုလျှင် ကလေးတစ်ယောက်လိုပဲ သဘောထားကာ မေမေ့ထက်တောင် နေရာတကာမှာ လိုက်လံပြောဆိုနေသူဖြစ်၍ တစ်ခါတစ်ရံမှာ စိတ်ညစ်ရသည်။

မမကြီးက ဖအေတူသမီးဖြစ်ပြီး အရမ်းထက်မြက်သည်။ ခြိမ့်ကတော့ မေမေနှင့်တူကာ မေမေ့လို အေးဆေးနူးညံ့သူမျိုးတော့ လုံးလုံးလျားလျား ဖြစ်မလာဘဲ အေးရာအေးကြောင်း၊ အေးဆေးပါ ဟူသော လူစားမျိုးဖြစ်သည်။ ခြိမ့်ကိုတွေ့လိုက်ရလျှင် ဘယ်သောအခါမှ အရေးကြီးနေတယ်ဆိုတာ မတွေ့ရဘဲ မျက်နှာလေးတပြင့်ပြင့်၊ ခေါင်းတညိတ်ညိတ်ပုံစံနဲ့သာ တွေ့ရမည်။ တကယ်ကို လုံးဝ အေးအေးဆေးဆေးဆိုသော အစားထဲကဖြစ်သဖြင့် အမြဲတမ်း တက်ကြွဖျတ်လတ်နေသော မမကြီးကတော့ ခြိမ့်ကို အားမရပါတဲ့လေ။





လူဆိုတာ ကိုယ့်အမြင်၊ ကိုယ့်အကြိုက်နဲ့မို့ ခြိမ့်ကလည်း မမကြီးကို မြင်ရတာ မောသည်ဟုထင်သည်။ သူငယ်ချင်းတွေနဲ့ စုလုပ်တယ်ဟုသာ သိထားရပြီး ဘာတွေလုပ်မှန်းမသိသော၊ (သိဖို့လည်း စိတ်မဝင်စားသော)အလုပ် တို့စိ တို့စိလေးတွေ၊ အိမ်မှုကိစ္စတွေရယ်၊ ကလေးနှစ်ယောက်ရဲ့ ကျောင်းပို့ ကျောင်းကြိုဝေယျာဝစ္စကိစ္စတွေရယ် အဲဒါတွေနှင့် အမြဲတမ်းရှုပ်နေတတ်သော မမကြီးကို ကြည့်ရတာ တကယ်ပဲ ဇိမ်မရှိဘူးဟု ထင်နေမိသည်။

မမကြီးရဲ့ခင်ပွန်းက သင်္ဘောကပ္ပတိန်တစ်ယောက်မို့ အိမ်မှာ အမြဲမရှိတတ်ပါ။ ဒါကြောင့် အိမ်ထောင်ဦးစီးကလည်း မမကြီးပဲ ဖြစ်နေပြီး တစ်အိမ်လုံးကို သူပဲ စီမံကွပ်ကဲနေရတာဖြစ်သည်။ မမကြီးရဲ့ယောက္ခမဖြစ်သူ အန်တီဝင်းကလည်း မမကြီးတို့နဲ့ အတူတူနေသူမို့ နေရာတကာမှာ စေ့စပ်သေချာကာ အကွက်စိသော မမကြီးပဲ တစ်အိမ်လုံးကို စီမံကွပ်ကဲနေရတာဖြစ်သည်။ အဲဒီလို နေရာတကာ အကွက်စိနေသော သူ့ကိုယ်သူလည်း မမကြီးက ဂုဏ်ယူနေတဲ့ပုံဖြစ်သည်။ ခြိမ့်ကတော့ မမကြီးကို ဆင်းရဲဇာတာပါသည်ဟုထင်သည်။ ကိုယ့်ကိုယ်ကိုယ်နှင့် နှိုင်းယှဉ်



www.burmeseclassic.com

www.burmeseclassic.com



ကာ မမကြီးမှာ ကပွတိန်ဓာတော် ဖြစ်နေရဲ့သားနဲ့ ပင်ပန်းလိုက်တာဟု တွေးနေမိလေသည်။

ဦးသက်ဟု ခြိမ့်ကခေါ်သော မမကြီးရဲ့ခင်ပွန်း ပို့ပေးသည့်လစာဟာ ဖူလုံသည်မကဘဲ ပိုလျှံသည်ဆိုသော အနေအထားမှာတောင်ရှိသည်။ ဒါကို အေးအေးဆေးဆေး ထိုင်မစားဘဲ တခြားစီးပွားရေးတွေလည်း လုပ်သေးသော၊ ဒါတွေလုပ်နေပြီး ကလေးတွေကိစ္စ၊ အိမ်ကိစ္စတွေလည်း တစ်ထောင့်တစ်နေရာကမှ မလွတ်စေရသော မမကြီးရဲ့စွမ်းဆောင်ရည်ကို ချီးကျူးမိသော်လည်း အားမကျချင်ပါပေ။ အဘယ်ကြောင့်ဆိုသော် ခြိမ့်ကအေးအေးသက်သာပဲ အမြဲတမ်းနေချင်သောသူ ဖြစ်လို့ပါပင်။

ခြိမ့်က ငှက်ပျောပေါင်းကို တစ်ဖွန်းပြီးတစ်ဖွန်း စားနေရင်းမှ ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သက်နေသော်လည်း အခုနက စကားတွေ တိုးတိုးကျိတ်ကျိတ် တွတ်ထိုးနေခဲ့သော သားအမိနှစ်ယောက်ကပါ ငြိမ်နေတာ ထူးဆန်းသဖြင့် မော့ကြည့်လိုက်လျှင် တစ်ယောက်နဲ့တစ်ယောက် မျက်စပစ်ပြနေကြသော မေမေနှင့် မမကြီးကို ထူးဆန်းဖွယ်ရာ တွေ့မြင်လိုက်ရသည်။





"ဟင် ... အဲဒါက ဘာဖြစ်နေကြတာလဲ"

"ဘာမှ မဖြစ်ပါဘူး။ ကဲ ... မေမေကလည်း ပြောမှာဖြင့် ပြောလိုက်တော့လေ။ ဘာဖြစ်လဲ ပြောစရာရှိတာ ပြောပေါ့"

မမကြီးရဲ့လေသံကို ငြိမ့် မကြိုက်ပါ။ မေမေ မပြောချင်တာကို ဖွတ်မြှောက်ပေးနေသည်ဟုထင်သည်။ ဒါကြောင့် ပြောချင်ပြော မပြောချင်နေ သိပ်စိတ်ဝင်စားဟန်မပြဘဲ ကော်ဖီကိုသာ တစ်ငုံကောက်မော့ပစ်လိုက်သည်။ ခြိမ့်ရဲ့ခပ်အေးအေးပုံစံကြောင့် မေမေနဲ့ မမကြီးကပဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မေမေက လည်ချောင်းတစ်ချက်ရှင်းပြီး စပြောသည်။

"သမီးလေးမှာ ရည်းစားတွေ ဘာတွေများ ရှိလား"

"အို ... သူ့မှာ ရည်းစားရှိရင် သိမ့်တို့ သိမှာပေါ့ မေမေကလည်း ဘာရည်းစားမှ မရှိဘူး"

မမကြီးကို ခြိမ့် မကြိုက်တာ အဲဒါတွေဖြစ်သည်။ ကာယကံရှင်က ဘာမှမပြောရသေးဘဲ သူ့သဘောနဲ့သူ ဝင်ပြီးဆုံးဖြတ်တာ၊ ထင်ကြေးပေးတာတွေ အမြဲတမ်းလုပ်တတ်သည်။ သူတစ်ပါးရဲ့ခံစားချက်ကို လုံးဝရှေ့တန်း မတင်တတ်ချေ။ မမကြီး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ယောက်ျားမှာ ဘယ်လိုစွမ်းအားတွေနှင့် သည်းခံပေါင်းသင်းနေလဲတော့ မသိပေ။

"ပြောလို့ရမလား။ မမကြီးတို့ မသိအောင် ခိုးထားရင်လည်း ထားမှာပေါ့ လောကကြီးမှာ ဘယ်အရာများ သေချာလို့လဲ"

ခြိမ့်ရဲ့စကားကြောင့် မမကြီးက မျက်လုံးပြူးကြည့်သည်။ မေမေနှင့်တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီးကြပြီးလျှင် ...

"ဟဲ့ ... နင် လျှောက်ပြောနေတာ မဟုတ်လား။ ကဲပါ မေမေရယ်၊ လိုရင်းကိုသာ ပြောလိုက်စမ်းပါ"

မေမေက ခြိမ့်ရဲ့မျက်နှာကို တစ်ချက်ကြည့်ကာ ဆုံးဖြတ်ချက် ချလိုက်သောပုံစံဖြင့် ...

"သမီးကို အိမ်ထောင်ပြုပေးမလို့"

အဲဒီစကားကြောင့် ခြိမ့်က ဟက်ခနဲ ရယ်မိသည်။ ထူးပြီး အံ့သြစရာမလိုပါ။ ခြိမ့်ကို ဒီအတိုင်း အေးအေးနေတာ မကြည့်ချင်သော မမကြီး၏ အကြံအစည်ပဲဆိုတာ တပ်အပ်သိနေသည်။





"ခြိမ့် ယောက်ျားမယူချင်ပါဘူး မေမေ"

ခြိမ့်က အေးအေးဆေးဆေးပဲ ငြင်းလိုက်ကာ ကော်ဖီကို ဆက်သောက်နေလိုက်သည်။ မေမေက ခြိမ့်ကိုကြည့်ကာ ဆက်ပြောသည်။

"မဟုတ်ဘူး သမီး။ သမီး အသက်လည်း လာမယ့်နှစ်ဆို နှစ်ဆယ့်ငါး ပြည့်ပြီလေ။ အသက်နှစ်ဆယ့်ငါး ဆိုတာ မိန်းကလေးတစ်ယောက်အတွက် အိမ်ထောင်ပြုဖို့ မငယ်တော့ပါဘူး။ သမီး မမကြီးဆိုလည်း နှစ်ဆယ့်လေးနှစ်မှာ အိမ်ထောင်ပြုခဲ့တာပဲလေ။ မမကြီးတို့ အိမ်ထောင်ရေးဟာ သာသာယာယာပဲ မဟုတ်လား။ သမီး မမကြီးအတွက် မေမေ ဘယ်လောက်စိတ်အေးရသလဲ ...

သမီးငယ် အတွက်လည်း မေမေ စိတ်အေးချင်တယ်"

ခြိမ့် စိတ်ရှုပ်သွားသည်။ မေမေ့မျက်နှာကို ကြည့်လိုက်တော့ တကယ့်ကို အလေးအနက် ပြောနေကာ မမကြီးရဲ့ မျက်နှာကတော့ ဒီကိစ္စအတွက် အသည်းအသန်မို့ ခြိမ့် ရှုးရှုံ့သွားသည်။ ဘယ်ကနေ ဘယ်လိုဇာတ်လမ်းတွေ စ,လာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"အခု သမီးက မေမေ့ကို စိတ်ပူအောင် ဘာတွေများလုပ်နေမိလို့လဲ မေမေရယ်"

"မဟုတ်ဘူး သမီးလေး။ မေမေ ဆိုလိုတာ အဲဒီသဘောမျိုးမဟုတ်ဘူး။ သမီးလေး သိမ်ကိုလိမ္မာတယ်။ လိမ္မာတာမှ ဒီခေတ်ထဲမှာ မရှိတော့လောက်အောင်ကို အိမ်တွင်းပုန်းမိန်းကလေးတစ်ယောက်အဖြစ်နဲ့ကို လိမ္မာတာ ...

အိမ်ထဲမှာပဲ နေတယ်။ စာဖတ်တယ်၊ စာရေးတယ်၊ ရေဒီယိုလေးနားထောင်မယ်၊ ရုပ်ရှင်ကြည့်မယ်၊ ဒီလိုလေးနဲ့ပဲ တစ်နေ့ တစ်နေ့ ဖြတ်သန်းနေပြီး အေးအေးချမ်းချမ်းနေ,နေတာ မေမေ သိတယ်၊ ပြင်ပကမ္ဘာနဲ့ သိပ်မဆက်ဆံပေမယ့် စာတွေဖတ်လွန်းတော့ ဉာဏ်ပညာ ဗဟုသုတနဲ့ ပြည့်စုံတယ်၊ ဒါပေမဲ့ ဒီလိုနေသွားရင် သမီး အပျိုကြီးဖြစ်သွားမှာ သေချာသလောက် ရှိတယ်"

"ဩော် ... ဖြစ်တော့ မကောင်းပေဘူးလား မေမေရယ်"

"မကောင်းဘူး သမီး။ မေမေတို့မှာ ဆွေမျိုးအင်အားဆိုတာလည်း အရမ်းကြီး တောင့်တင်းတာ မဟုတ်ဘူး၊ ပြီးတော့ ရှေးစကားလည်း ရှိတာပဲ။ မောင်တစ်ကျိပ်မင်ရှိလင့်စကား၊ လင်မရှိတဲ့မိန်းမဟာ မတင့်တယ်ဘူးတဲ့ ...





သမီးမှာ မောင်တစ်ယောက် အစ်ကိုတစ်ယောက်ရှိလို့လား"

"မမကြီး ရှိတာပဲ"

"အဲဒီ မမကြီးကလည်း သူ့အိမ်ထောင်နဲ့သူလေ သမီးရဲ့။ သမီးရော မေမေ မရှိတော့တဲ့အခါ သမီး မမကြီးနဲ့ သွားနေနိုင်လို့လား"

မေမေရဲ့ပြုံးစိစိအမေးကို ခြိမ့်က နှာခေါင်းရှုံ့ပြလိုက်လျှင် မမကြီးက မျက်စောင်းထိုးသည်။

"အဲဒီအခါကျတော့မှ သမီးလေး စိတ်ဆင်းရဲရမှာ။ မေမေက သမီးရဲ့ရှေ့ရေး ဟိုးအဝေးကြီးကို ကြိုတွက်ပြီး ပြောတာလေ သမီးရယ်

လူဆိုတာ ဘယ်နေ့သေမယ် မပြောနိုင်ဘူး။ မေမေ အခု အကောင်းကြီးဆိုပေမယ့် တော်ကြာ သေချင်သေသွားနိုင်တာပဲ။ မေမေ့သူငယ်ချင်း အန့်တီမာတောင် ရုတ်တရက်ဆုံးသွားတာပဲ ကြည့်လေ။ မေမေသာ မရှိတော့ရင် သမီး တစ်ယောက်တည်း ဒီလောကကြီးထဲမှာ ကျန်နေရစ်ခဲ့မှာ မျိုး လုံးဝမလိုလားဘူး သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ မေမေရာ။ သမီးမှ အိမ်ထောင်မပြုချင်တာ"

"ဪ ... သမီးရယ်။ မပြုချင်ဘူး ဆိုတာကို နားလည်ပေမယ့် အခုနက မေမေပြောခဲ့တဲ့ အချက်တွေကြောင့် မပြုရင်လည်း မဖြစ်ဘူးလေ ...

မေမေ့ဆန္ဒကတော့ မေမေရှိတုန်းမှာ သမီးကို အိမ်ထောင်ရက်သား ကောင်းကောင်းကျပြီး တင့်တင့်တယ်တယ် ဖြစ်နေတာကို မြင်သွားချင်တယ်"

"မေမေရာ... မေမေ ပြောပုံကြီးကလည်း အခုပဲ မေမေက ဟိုဒင်းဖြစ်တော့မှာ ကျနေတာပဲ။ မေမေလည်း နောင်လေးငါးနှစ်အထိ မသေနိုင်သေးဘူး။ သမီးလည်း အခု အသက်အရမ်းမကြီးသေးဘူး ...

ဒီတော့ ဒီကိစ္စကို နောက်တစ်နှစ်လောက်နေမှ စဉ်းစားကြတာပေါ့ ... နော်"

ခြိမ့်က ရှူးချင်ယောင်ဆောင်ပြီး စကားစ,ကိုဖြတ်ကာ ကော်ဖီခွက်ကို ကောက်ကိုင်ပြီး ထထွက်ဖို့ပြင်သည်။ သို့သော် ဒီအကွက်ကို ကြိုမြင်ပြီးသား ဖြစ်ဟန်တူသော မမကြီးက ခြိမ့်ရဲ့လက်ကို ဆွဲထားကာ ပြန်ထိုင်စေသည်။





"ဟဲ့ ... နေဦး။ မရဘူး ဒီလို လုပ်မသွားနဲ့ ခြိမ့်။ ပြန်ထိုင်စမ်း။ ဒါ နင်ပြောသလို နောက်မှစဉ်းစားရမယ့်ကိစ္စ မဟုတ်ဘူး။ အခုပြဿနာ"

"ဟုတ်တယ် သမီးလေး။ အခုချိန်မှာ မေမေလည်း အကောင်းကြီး၊ သမီးလေးလည်း အသက်အရမ်းမကြီးသေးဘူး ဆိုပေမယ့် အိမ်ထောင်ပြုပြီးသွားပြီ၊ သမီးကို မင်္ဂလာဆောင်ပေးပြီးပြီ ဆိုတာနဲ့ ငါ့လက်ကကျွတ် ဖြုတ်ဆိုပြီး နေလို့မှ မရတာ ...

သမီးကို စိတ်ချရတဲ့အချိန်ထိ စောင့်ကြည့်နေရဦးမှာပဲ။ အိမ်ထောင်သည်ဘဝရဲ့ လိုအပ်တာတွေ၊ သမီးရဲ့ ချို့ယွင်းချက်တွေ လိုက်ပြီးပြုပြင်ပေးနေရဦးမှာပဲလေ။ အဲဒီအတွက် အချိန်ဆိုတာ နှစ်,နှစ်လား၊ သုံးနှစ်လား မပြောနိုင်သေးဘူး ...

ခုတည်းက ပြင်ဆင်မှ သမီး အသက်နှစ်ဆယ့်ရှစ်နှစ်ဆယ့်ကိုးလောက်မှာ အားလုံး Stable ဖြစ်နေမှာပေါ့ သမီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့်က စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းတွေကို ရုံးကုတ်ပစ်မိသည်။ ဘာတွေလဲကွာ။ တကယ်ကို ထင်မထားတဲ့ အကြောင်းအရာတွေနဲ့ နှိပ်စက်နေကြတာပါလား။

"နေပါဦး ... သမီးဆီမှာ သမီးချစ်တဲ့သူ ဆိုတာလည်း တွေ့ချင်တွေ့လာမှာပေါ့။ ပြီးတော့ သမီးက အချစ်ဝတ္ထု တွေရေးနေတဲ့ စာရေးဆရာမပါ။ ဒီလို မိဘစီစဉ်တာ ယူရရင် သမီး သိက္ခာကျတယ်"

"အောင်မယ် ... လာသေးတယ်။ ဘာမှမဆိုင်ဘူးဟေ့ မိခြိမ့်။ ဒီမှာ မှတ်ထား။ နင် ချစ်တဲ့သူ၊ အခုလောလော ဆယ် နင့်ကိုချစ်မယ့်သူ ဆိုတာလည်း ရှိကိုရှိလာမှာမဟုတ် ဘူး။ စိတ်ချ"

"ဟာ ... မမကြီးက အဲဒါတော့ ရေလည်ဖောင်းသွားပြီ ကွာ။ နေစမ်းပါဦး ... ခြိမ့်က ဘာဖြစ်နေလို့ ခြိမ့်ကိုကြိုက် မယ့်သူက မရှိရမှာလဲ။ ခြိမ့်ရုပ်လား ... ဟင်း ... ခရေဖြူ ထုတ်လုပ်ရေးက အစ်မကဆို မင်းသမီးတင်ရိုက်ချင်လို့လို့ ခဏ ခဏ ပြောနေတာ"



"ဟဲ့ ... အဲဒီရုပ်တွေ ဘာတွေကို ပြောနေတာ မဟုတ်ဘူး။ ဒီမှာ ချစ်တယ် ကြိုက်ကြတယ် ဖူးစာရှင် တွေ့ကြတယ် ဆိုတာ ကိုယ် ကျင်လည်ရာ ပတ်ဝန်းကျင်ကိုလိုက်ပြီး တွေ့ကြတာဟဲ့ ...

နင်က တစ်လနေလို့ တစ်ခါတောင် အပြင်ထွက် လို့လား။ တစ်နေ့ တစ်နေ့ ဒီအိမ်ထဲမှာပဲနေ စာရေးတယ် စာဖတ်တယ်နဲ့ နင့်ကိုယ်နင် မသိရင် တမင်တောင်အိမ်တွင်း ပုန်းများ လုပ်နေလား ထင်ရတယ်လေ။ ဒီလို လူမျိုးက ဘယ်ကဖူးစာရှင် ပေါ်လာမလဲမဲ့။ နင့်ရုပ်လေး လှတာပတာ နဲ့ နင့်အောင်မြင်မှု အထွတ်အထိပ်နဲ့ နင် လူတောထဲ တိုး လို့လား ...

နင် ကွန်ပျူတာတက္ကသိုလ် တက်လာတယ်။ ကဲ ... ဘွဲ့သာရသွားရော ရည်းစားတစ်ယောက်တောင် ရခဲ့လို့ လား"

"အံမယ်လေး ...။ အဲဒါက မိခြိမ့်တို့ မထားချင်လို့ပါနော်။ ဘာလဲဟ ... ရည်းစားမထားခဲ့တာတောင် ချီးကျူးမယ်မရှိ ဘဲ အပြစ်ကရှာသေးတယ် ... ဟွန်း"

www.burmeseclassic.com



"ရှာတာ မဟုတ်ဘူး။ အေး … အဲဒီလို ယောကျ်ားလေး အများအပြားရှိတဲ့ တက္ကသိုလ်နယ်မြေမှာ ကျင်လည်ခဲ့တာ တောင် မတုန်မလှုပ်ခဲ့တဲ့ နှင့်နှလုံးသားကြီးက အခုလို အိမ်ထဲကအိမ်ပြင် မထွက်တော့တဲ့အချိန်မှာ ပိုပြီးတော့တောင် ရေခဲတမျှ အေးစက်မသွားပေဘူးလား …

ငါ သေချာပြောရဲတယ် ခြိမ့်။ နင်က ငါတို့မှ ယောကျ်ားမပေးစားရင် ယူမယ့်သူကို မဟုတ်ဘူး"

ခြိမ့်ရဲ့အစ်မ သိမ့်က ဤသို့ပြတ်ပြတ်သားသားပြော လိုက်လျှင် ခြိမ့်မျက်နှာက ရှုပုပ်ပြီး မဲ့ရွဲ့သွားသည်။ ဟုတ်တယ် လေ သိမ့်က ကိုယ့်ညီမအကြောင်း ကိုယ်သိစွာနဲ့ ပြောနေတာပဲ ဥစ္စာ။

ခြိမ့်ရဲ့ Style ကို သိမ့်ကား နည်းနည်းလေးမှမကြိုက် ပါ။ ကိုယ်တွေသာ ခုချိန်မှာ သူ့အသက်အရွယ်၊ သူ့အလှအပနှင့် သူ့အောင်မြင်မှုအတိုင်းသာဆိုလျှင် လန်ပုံနေမည်ဖြစ်သည်။ ရန်ကုန် မြို့ရဲ့ပွဲတိုင်းကျော်စာရင်းမှာ ထိပ်ဆုံးက ပါဝင်နေလောက်ပြီ။ ခုတော့ မိခြိမ့်ကား ဒီလိုမဟုတ်ချေ။ အိမ်ထဲက အိမ်ပြင်လည်းသိပ် မထွက်၊ အိမ်တွင်းပုန်းလုပ်ကာ အိမ်ထဲမှာပဲ မိန်းမပီပီသသလား





ဆိုတော့လည်း ကြက်ဥပြုတ်၊ ခေါက်ဆွဲပြုတ်လောက်သာ အပေါက် လမ်းတည့်အောင် ပြုတ်တတ်သူဖြစ်ပြီး အိမ်တွင်းရေးရာကိစ္စဆို တာလည်း မယ်မယ်ရရ စိတ်ဝင်စားတာ မဟုတ်ချေ။

ခြိမ့်ကို ကြည့်လိုက်လျှင် အမြဲတမ်း အေးရာအေး ကြောင်းဖြစ်ကာ စိတ်ကိုအေါသထွက်တာတောင် မမြင်ဖူးသလောက် ပဲဖြစ်သည်။ ဘယ်လိုမှန်းကို မသိပါ။ ခြိမ့်ကိုကြည့်ရတာ တစ်ခုခု လိုနေသည်ဟု ထင်သည်။ ပြောရလျှင်တော့ ခြိမ့်သည် အပျင်း ကြီးသည်ဟု အပြောခံရဖို့ သိသိလေးသာ လိုတော့သည့်အနေ အထားမှာရှိသည်။ စာဖတ်လွန်း၊ စာရေးလွန်းတာကလွဲလျှင် ကျန်တာဘာတစ်ခုမှကို စိတ်မဝင်စားချေ။ အသက်သာ အစိတ် ပြည့်တော့မည် ဖြစ်သော်လည်း စာရေးဆရာမတစ်ယောက်ရယ် လို့ ဟိတ်ဟန်ကို သိပ်မရှိ။ ကလေးတစ်ယောက်လို ဖြူစင်ပွင့် လင်းကာ အေးအေးသာကြီး နေနိုင်လွန်းသည်ဟု ထင်မိလေသည်။

ဒါကြောင့်မို့ ခြိမ့်နဲ့ အသင့်တော်ဆုံးဟု ထင်ရသော၊ ခြိမ့်ကိုလည်း ရင်ခုန်အောင် ဖန်တီးနိုင်မည်ဟု ထင်ရသော လူ တစ်ယောက်ကို မျက်စိကျထားကာ လူကြီးတွေအချင်းချင်း တိုင် ပင်ပြီး အခုမှ ခြိမ့်ကို ဖွင့်ပြောဖြစ်တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် … မမကြီးတို့ကလည်းကွာ။ တကယ် ခက်တာပဲ။ နေစမ်းပါဦး ဒီလောက်တွေ ပြောနေတာ။ ခြိမ့်ကိုပေးစားမယ့်သူက ဘယ်မှာလဲ …

ခါတ်ပုံတွေ လျှောက်ပြပြီး ဟိုစပ် ဒီစပ် လျှောက်မလုပ်ကြပါနဲ့ကွာ။ ရှက်ဖို့ကောင်းပါတယ်"

"ဟဲ့ … ဒအဲမှ မစပ်ဘူး။ ဟိုကကို သဘောကျတာ"

တကယ်တမ်း ပြောရရင်တော့ သိမ့်ကစတင်ပြီး သဘောကျခဲ့တာပါ။ ဇေယုကို တွေ့တွေ့ချင်းပဲ ခင်မင်နှစ်လိုဖွယ်ကောင်းတဲ့ ကောင်လေးရယ်လို့ အသိအမှတ်ပြုခဲ့ပြီး နောက်ပိုင်းမှာတော့ ခြိမ့်အတွက်ရယ်လို့ စိတ်ကူးယဉ်ထားခဲ့မိတာ။ ဇေယုရဲ့မိခင်နဲ့လည်း ခင်မင်သွားတာမို့ အလိုမှာနဲ့စကားစောက်ကြည့်လိုက်တော့ ဇေယုရဲ့မိခင် အနံ့တီလွင်ကပါ လိုက်လိုက်လဲလဲ ရှိခဲ့တာမို့ ဒီကိစ္စဟာ တဖြည်းဖြည်းနဲ့ အကောင်အထည်ပေါ်လာခဲ့ရတာပါ။

ဇေယုကိုတော့ ဗြီးခဲ့တဲ့ တစ်ခေါက်တည်းက ပြောထားခဲ့ပြီး ခြိမ့်ရဲ့ဓာတ်ပုံပါ ပြထားခဲ့ပြီးပြီ။ ဇေယုက ခေါင်းညိတ်





သော်လည်း ခြိမ့်နဲ့တော့ တွေ့ကြည့်ဦးမယ်ဟု မယုတ်မလွန်ပြောထားခဲ့သူဖြစ်သည်။

ဇေယုသည်လည်း အိမ်ထောင်ရေးကို စဉ်းစားနေသောအရွယ်မို့ ခြိမ့်ကိုတော့ နှစ်သက်ကြည်ဖြူစရာ အကြောင်းရှိသည်။ အဲဒီတော့ မင်္ဂလာကိစ္စ အကောင်အထည်ဖော်ဖို့ဆိုတာ ခြိမ့်ထံမှာသာ လုံးလုံးလျားလျား မူတည်နေတော့တာ ဖြစ်လေသည်။

"ဟိုကကို သဘောကျတာ ဆိုရင်တော့ ရုပ်ဆိုးပန်းဆိုးနဲ့ ခေါ်မစွံလူပျိုကြီးပဲ နေမှာပေါ့။ အို … အဲဒါမျိုးတော့ ပိုက်ဆံတွေ ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ ခြိမ့်တို့ကတော့ မယူနိုင်ပါဘူးနော်"

ခြိမ့်ရဲ့နှုတ်ခမ်းစူပြီး ပြောပုံကြောင့် သိမ့်က ရယ်ချင်သွားသည်။ အဲဒါကြောင့် ခြိမ့်ကို ကလေးဆန်တယ်လို့ ပြောတာဖြစ်သည်။ ကိုယ့်ထက် အသက်ဆယ်နှစ်ကျော်ငယ်လို့ ကလေးဆန်တယ်လို့ ပြောတာမဟုတ်ဘဲ တကယ်ကို ကလေးဆန်တတ်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ခြိမ့်ရယ်၊ ညည်း ထင်သလို မဟုတ်ရပါဘူး။ ညည်းထက် နှစ်နှစ်ပဲကြီးတဲ့ လူပျိုချောချောလေးပါဟဲ့"

"ဟာက် ... No Way ပဲ။ အဲဒီလိုလူမျိုးက ခြိမ့်ကို တကယ်ချစ်တယ်ဆိုရင် သူ့ဟာသူ လူငယ်ရင်ခွင်နဲ့ try မှာပေါ့။ ဘာလဲ လူကြီးတွေနဲ့ နားဖောက်တယ်တဲ့။ ဟင်း Romantic မဆန်လိုက်တာ"

"ဟဲ့ ... သူက Romantic ဆန်ဖို့ အချိန်မရှိဘူးတဲ့။ ပြီးတော့ နင့်ကိုလည်း ငါနဲ့ပတ်သက်ပြီး သိတာဆိုတော့။ သူ့ဟာသူ ချဉ်းကပ်ဖို့ကို ငါက အခွင့်အရေးမပေးတော့တာ။ နင့်ကို တခြားသူတွေလို Romantic ဆန်ဆန် ပိုးပန်းရအောင် နင်က အိမ်ထဲကအိမ်ပြင် ထွက်လို့လား ...

လူကြီးတွေနဲ့ အသိအမှတ်ပြုပြီးတော့မှ အိမ်ကို ဝင်ထွက်ခွင့် ရှိမှာပေါ့။ ကဲ ... ဘာမှငြင်းဖို့ ကြိုးစားမနေနဲ့တော့ မိခြိမ့်။ နောက်တစ်ပတ် စနေနေ့မှာ ဖေယု ပြန်လာတော့မယ်။ တနင်္ဂနွေနေ့မှာ တွေ့ရမယ် ... အဲဒါပဲ"

"ဟင် ... ပြန်လာမယ်ဆိုတော့ ... သူက ..."





ခြိမ့်ရဲ့ခေါင်းထဲတွင် အချက်ပေးခေါင်းလောင်းသံတွေ ညံသွားသည်။ မျက်လုံးထဲတွင် မမကြီး၏ခင်ပွန်း ဦးသက်၏ ရေကြောင်းအရာရှိယူနီဖောင်းကြီးနှင့် ပုံစံကို ချက်ချင်းပြေးမြင်လိုသွားသည်။

"ဖေယုက သင်္ဘောတက်နေတာလေ၊ ကိုသက်တို့ ကုမ္ပဏီကပဲ၊ Chief Mate နော်။ ဟင်း ... ဒါပေမဲ့ ငယ်ငယ်လေးပဲ ရှိသေးတာ"

ချက်ချင်းပဲ ခြိမ့်က စားပွဲမှ ဝုန်းခနဲ ထရပ်မိသွားသည်။ မေမေက ခြိမ့်ကို "ဟဲ့" ဆိုကာ အလန့်တကြား မော့ကြည့်သည်။

"မမကြီး ဒါတော့ လွန်သွားပြီ။ မမကြီးဘာသာ အိမ်တွေခြံတွေ ပွဲစားလုပ်ချင်လုပ်ပေါ့။ ရေထဲမှာပဲ အနေများတဲ့ သင်္ဘောသားတွေအတွက်တော့ ကိုယ့်ညီမကိုယ် လူပွဲစားလာမလုပ်ပါနဲ့"

"ဟဲ့ ... ဘာလူပွဲစား လုပ်တာလဲ။ ငါ ဘာလူပွဲစားမှမလုပ်ဘူး။ ဒီလိုမျိုး လုပ်တယ်လို့ နင် ဘယ်နှခါ ကြားဖူးလို့လဲ။ ဖေယုက ကိုသက်ရဲ့တပည့် လူရင်း၊ ပြီးတော့ အဝေ

www.burmeseclassic.com



အရာရာ ဘယ်ဘက်ကမှ ပြောစရာ မရှိတဲ့သူမို့ နင့်အတွက် စိုးစဉ်တာ"

"အို ... မမကြီး သိလို့လား။ မမကြီးရဲ့တင်သာ ကောင်းရင် ကောင်းနေမှာပေါ့။ သဘော်သားဆိုတာ နိုင်ငံတကာ ရောက်နေတာ ...

သူများနိုင်ငံမှာ သူတို့ ဘာတွေလုပ်ခဲ့တယ်ဆိုတာ မမကြီးကို အမှန်အတိုင်း ပြောပြမှာမို့လို့လား ... ဟင်း"

"ဟဲ့ ... ဟဲ့ ... နင် ဘယ်လိုပြောလိုက်တာလဲ။ နင့်ခဲအို တစ်ယောက်လုံးက သဘော်သားဆိုတာကို သတိရဦးလေ"

"ရတယ်လေ၊ ဦးသက်ဘာသာ သဘော်သားပဲဖြစ်ဖြစ် ဆရာဝန်ပဲဖြစ်ဖြစ် အဲဒါ မမကြီးကြိုက်လို့ ကိုယ့်စိတ်ကြိုက် ရွေးယူထားတဲ့ ယောကျ်ားပဲ ...

မမကြီးဘာသာ ယုံတာ မယုံတာ မမကြီး အပိုင်းပဲ ခြိမ့်ကတော့ မယုံဘူး ... ဟွန်း"

နှုတ်ခမ်းတလန် ပန်းတလန်ဖြင့် ပြောနေသော ခြိမ့်ရဲ့ကလေးဆန်ဆန် အပြောကို မိခင်ဖြစ်သူနှင့် သိမ့်တို့က မျက်လုံးအပြူးသားဖြင့် ကြည့်နေမိသည်။





ဘာပြောရမှန်းမသိ ဖြစ်နေပြီးတော့မှ မမကြီးက စကားလုံးရှာတွေ့သွားသလို ထပြောသည်။

"ဟဲ့ ... နင် အဲဒီလောက် ဇီဇာကြောင်မနေနဲ့။ တွေ့လား အသက်ကဖြင့် ငယ်ငယ်လေး ရှိသေးတယ်။ အပျိုကြီးဖြစ်မယ့် ဇီဇာကြောင်မယ့် လက္ခဏာတွေကစပြီး ပြနေပြီ ...

လူရှုပ် လူပွေဆိုတာ သဘော်သားတွေထဲမှ ရှိတာ မဟုတ်ဘူးဟဲ့။ ဒီမှာနေပြီး ရှုပ်ပွေနေတာတွေလည်း တစ်ပုံတစ်ခေါင်းပဲ။ ဟိုဟာတွေကမှ ကမ်းကပ်တုန်းလေး ကဲခွင့် ရှိသေးတာ။ အဲ ... ဒါကလည်း စကားအဖြစ် ပြောတာနော် ...

ကဲတဲ့သူရှိမယ် မကဲတဲ့သူရှိတယ်။ အားလုံးသိမ်းကျုံး ပြောလို့ မရဘူး။ လူတစ်ယောက်ရဲ့အကျင့်စာရိတ္တဆိုတာ ရှိသေးတယ်။ တချို့ သဘော်သားတွေက ကိုယ့်ရဲ့ကိုယ်ကျင့်သိက္ခာကို တန်ဖိုးထားတဲ့သူတွေ အများကြီးပဲ ...

နင် သူများကို ဘာမှလျှောက်ပုတ်ခတ်မနေနဲ့"

"မသိဘူးကွာ ... အဲဒါတွေကို ..."



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့်ရဲ့စကားတောင် မဆုံးသေးဘဲ မေမေက စကားကို ဖြတ်ပြောသည်။

"ကဲ ... ဒီလိုတွေ မျက်စိစုံမှိတ်ပြီး သူများအပြစ်တွေ လျှောက်ရှာမနေနဲ့ သမီးလေး။ လုပ်သင့် လုပ်ထိုက်တာကို လုပ်ရမယ် ...

သေချာတာကတော့ သမီးလေး စိတ်ဆင်းရဲရမယ့် လမ်းမျိုးကိုတော့ မေမေတို့က ဖွတ်လျှောက်ခိုင်းမှာ မဟုတ်ဘူး။ ဒါပေမဲ့ အရာအားလုံး အဆင်ပြေချောမွေ့နေတဲ့လမ်း ဆိုရင်တော့ သမီး လျှောက်သင့်ရင် လျှောက်ရမှာပဲ ...

ဒါကိုတော့ မငြင်းနဲ့တော့။ ဟုတ်ပြီလား"

ခြိမ့်က စိတ်ပျက်စွာဖြင့် ခေါင်းတွေစုံကုတ်မိသည်။ မမကြီးက ခြိမ့်ရဲ့ပုံစံကို တစ်ချက် အကဲခတ်ကာ ...

"ရော့ ... အဲဒါ ဇေယျရဲ့ဓာတ်ပုံပဲ။ ဒီတစ်ခေါက် ကိုသက် ပို့ပေးလိုက်တဲ့ CD ဓာတ်ပုံတွေထဲကနေ သူ့ပုံကို သပ်သပ် ကူးလာခဲ့တာ"

ခြိမ့်က အဲဒီပုံကို မကြည့်ဘဲ ဖျတ်ခနဲ ကောက်ယူလာကာ စားပွဲဝိုင်းမှ ထထွက်လာခဲ့သည်။ အခန်းထဲရောက်တော့မှ





အိပ်ရာပေါ်သို့ ဗုန်းခနဲ ပက်လက်လှန် လှဲချရင်း ဘေးနားက ဓာတ်ပုံကို မျက်နှာတည့်တည့်မှာယူပြီး ကြည့်မိလိုက်လျှင် အကျယ်ကြီးပဲ လန့်အော်မိတော့သည်။

"အမယ်လေး"



www.burmeseclassic.com

www.burmeseclassic.com



## ၂

ဇေယျသည် နောက်ပါက ဝင်ရောက်လာသောခြေသံကြောင့် လှည့်ကြည့်လိုက်လျှင် သူတို့သင်္ဘောရဲ့သူကြီး(ကပ္ပတိန်)ဖြစ်နေတာကို တွေ့ရသဖြင့် ကမန်းကတန်းထကာ မတ်တတ်ရပ်ပြီး Respect ပေးမိသည်။ အရင်တည်းက အရမ်းရင်းနှီးသော ဆရာလို အစ်ကိုလို ပုဂ္ဂိုလ်မျိုး ဖြစ်ပေမယ့် ရင်းနှီးမှုကြောင့် ရှိသေမှုကိုတော့ ဘယ်တုန်းကမှ အလျှော့နည်း မခံခဲ့ချေ။ ဒါကြောင့်လည်း သူ့ကိုဆိုလျှင် လူကြီးတွေက သဘောကျနှစ်ခြိုက်ကြတာလည်း ဖြစ်သည်။

"ထိုင်ပါကွ ... မင်းကလည်း"





သူကြီးက ကော်ဖီတစ်ခွက်ကို ကိုင်လာကာ သူ့သောကခုံမှာ ဝင်ထိုင်သည်။ ဒီအချိန်က သူ့ရဲ့ဂျူတီချိန်ဖြစ်သည်။ သင်္ဘောက မလေးရှားမှာ Cargo လာတင်နေတာမို့ ကမ်းကပ်ထားသော်လည်း ဂျူတီချိန်မှာတော့ သူက ထုံးစံအတိုင်း သင်္ဘောအပေါ်က Bridge ထဲမှာ ရောက်နေရသည်။

"ဆရာသက် ... မအိပ်သေးဘူးလား"

သူက ဆရာသက်ဟု ချစ်စနိုးခေါ်ရသော သူတို့သူကြီးက ကော်ဖီကို တစ်ချက်မော့ရင်း သူ့ကို ပြုံးပြသည်။ အဲဒီအပြုံးကြီးက အဓိပ္ပာယ်တစ်မျိုး ပါဝင်သော အပြုံးမှန်းသိတာမို့ သူက ဟက်ခနဲ တစ်ချက်ရယ်မိသည်။

"ဘာရယ်တာလဲကွ ... မင်းရာ"

"မဟုတ်ပါဘူး ဆရာသက်က ကျွန်တော့်ကို ပြုံးပြနေတာကို:"

"အေးလေ ... ပြုံးပြတာပဲ ဆန်းလား။ ဘယ်လိုလဲ နောက်တစ်ပတ်နေရင် တွေ့ရတော့မှာမို့ ရင်တွေခုန်နေတာလား"

ဇေယျက ဟဲခနဲ တစ်ချက်ရယ်ကာ သူ့ စိတ်ကျဉ်းကျပ်လျှင် လုပ်တတ်သည့်ပုံစံအတိုင်း နားထင်ကို လက်ညှိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



အသာကုတ်မိသည်။ နောက်တစ်ပတ်နေလျှင် လက်ရှိတာဝန်ထမ်းဆောင်နေသော ဒီသင်္ဘောကြီးထံမှ သူရော၊ ဆရာသက်ရော ကန့်ထရိုက်စာချုပ်သက်တမ်းစေ့သဖြင့် ဆင်းရတော့မည်ဖြစ်သည်။ သင်္ဘောသားတိုင်း၏ ထုံးစံအတိုင်း အိမ်ပြန်အနားယူရဦးမည်ဆိုပါတော့။

အဲဒီအခါမှာ သူဟာ ခြိမ့်ဆိုသော စာရေးဆရာမလေးတစ်ယောက်နှင့် တွေ့ဆုံရတော့မည်။ မိုးခြိမ့်မဒီဟု အမည်တွင်သော အဲဒီမိန်းကလေးကို သူ တစ်ခါမှ မဆုံဖူးပါ။ ဓာတ်ပုံတောင်မှ ပြီးခဲ့တဲ့တစ်ခေါက်ကမှ မြင်ဖူးခဲ့ခြင်းဖြစ်သည်။ ဆရာသက်နဲ့ ပတ်သက်ပြီး ဆရာသက်ရဲ့ဇနီး မမသီမ့်နဲ့ပါ သိကျွမ်းခင်မင်ခဲ့ရသည်။ သူ စာမေးပွဲဖြေခါနီးတော့လည်း ဆရာသက်ကပဲ မသိနားမလည်တာတွေ ရှင်းပြပေး၊ သင်ပြပေးရတာကြောင့် ဆရာသက်ရဲ့အိမ်သို့ အမြဲတစေ ဝင်ထွက်ရင်းမှ မိသားစုဝင်တစ်ဦးလိုရင်းနှီးမှု ပိုခဲ့ရခြင်းဖြစ်သည်။

နောက်တော့ သူ့အမေနဲ့ပါ ဆရာသက်တို့ ဇနီးမောင်နှံနဲ့ သိကျွမ်းခဲ့ရပြီး ဘယ်ကနေ၍ ဘယ်လိုတွေ ဓာတ်လမ်းတွေ စတင်လိုက်လဲတော့မသိ။ သူ့အမေနှင့် မမသီမ့်တို့ ပူးပေါင်း





သွားမိကာ သူ့ကို ခြိမ့်ဆိုသော မိန်းကလေးနှင့် စီစဉ်ပေးချင်သည်ဟူ၍ ဖြစ်လာတော့တာဖြစ်သည်။ သူ့မှာကလည်း ဟိုလိုလိုဒီလိုလို အိစီကလီလေးတွေ ရှိပေမယ့် ဘယ်ဟာကမှ အတည်တကျမဟုတ်ချေ။ တချို့ဆို သူ သင်္ဘောပြန်တက်တုန်း ယောကျ်ားရသွားတာတွေတောင် ရှိသည်။ သူ့အနေနဲ့ကလည်း ဘယ်သူ့ကိုမှ နှစ်နှစ်ကာကာ မချစ်မိသေးသည်မို့ ဘယ့်နှယ်မှုလဲ မနေခဲ့ပါ။

ငယ်ငယ်တည်းက ကျွမ်းကျင်သော သင်္ဘောအရာရှိတစ်ယောက်ဖြစ်ဖို့ ရည်မှန်းချက်ထားခဲ့သော သူသည် ဒီလို ရေပျော်ငှက်တစ်ကောင် ဖြစ်ရတာကို ဂုဏ်ယူကျေနပ်ပါသည်။ သူ့ရဲ့ ဗီဇကိုက တစ်နေရာတည်းမှာ ရပ်တန့်မနေဘဲ လေ့လာစူးစမ်းနေရတာကို ကြိုက်တာဖြစ်သည်။ ဒါကြောင့် သင်္ဘောပေါ်မှာလည်း ပျော်သည်။

သင်္ဘောကပြန်ဆင်းတဲ့ နှစ်လတာ သုံးလတာအတွင်းမှာလည်း ခရီးတွေထွက်၊ ဝါသနာပါတာလေးတွေနဲ့ အချိန်ဖြုန်းရင်း သူ့ဘဝကိုတော့ သူ့ဟာသူ ကျေနပ်နေခဲ့တာပဲဖြစ်သည်။

အိမ်ထောင်ရေးဆိုတာလည်း သူနဲ့မဆိုင်သလို နေခဲ့သော်လည်း ခုချိန်မှာတော့ သူ့ကို မိဘတွေကအစ အိမ်ထောင်ပြု



www.burmeseclassic.com

www.burmeseclassic.com



စေချင်ခဲ့ပြီ။ မမသိမ့်ဆိုတာလည်း သူ့ညီမကို သူနဲ့လဲပြီး ဘယ်သူနဲ့မှ မပေးစားနိုင်တော့သယောင်ယောင် မြှောက်ပေးထားသည်မို့ သူလည်းပဲ ခြိမ့်နဲ့တွေ့ဖို့ စိတ်ဝင်စားခဲ့ပါသည်။ အခုမှ အသက်က နှစ်ဆယ့်ခုနစ်နှစ် ရှိသေးသော ခေတ်လူငယ်တစ်ယောက်မို့ လူကြီးတွေ စီစဉ်သော အိမ်ထောင်ရေးဆိုတာကို မဖြစ်စေချင်သော်လည်း ကိုယ့်မှာလည်း လောက်လောက်လားလား နှစ်သက်မြတ်နိုးသူမှ မရှိပဲလေ။ ဒီတော့ ခြိမ့်ကို တွေ့ရတော့မှာပေါ့။

"ငါ့ကို အားနာပြီးတော့ မိန်းမတစ်ယောက်တော့ ကောက်မယူပါနဲ့ကွာ"

ဆရာသက်က နောက်တာလား၊ အတည်လား ခွဲခြား၍မရသော မျက်နှာပေးမျိုးဖြင့် ပြောသည်။

"ခြိမ့်က ဘယ်လိုမိန်းကလေးမျိုးလဲ ဆရာသက်"

"အင်း ... မင် မေးတော့မှပဲ ငါ့ခယ်မလေးအကြောင်း သေချာစဉ်းစားကြည့်ရဦးမယ် ... (ဆရာသက်က မေးစေ့ကို လက်နှင့်ပွတ်ကာ ...)

ခြိမ့်က အေးတော့ အေးပါတယ်"

"အင်းပေါ့။ ဒါကြောင့်လည်း စာရေးဆရာမဖြစ်တာကိုး"





"အဲဒီလိုတော့ သိပ်မဆိုင်ဘူးနဲ့ တူတယ်။ ခြိမ့်ပုံစံက အေးတယ်ဆိုပေမယ့် အေးစက်စက်ကြီးတော့ မဟုတ်ဘူးကွ။ အေးတယ် ဆိုတာထက် ငါပြောချင်တာက အနေအထိုင် တည်ငြိမ်တယ်ပေါ့ကွာ ...

ပြောရရင် ငါ့မိန်းမလောက်တောင် လမ်းမှုများဘူးကွ။ တော်တော်အိမ်ခင်တယ်လို့ ပြောတယ်။ သူ့ဟာသူ စာဖတ်မယ်၊ စာရေးမယ်၊ အဲဒီဘဝမှာပဲ ပျော်နေတဲ့ကောင်မလေးပဲ။ ခုခေတ် မိန်းကလေးတွေထဲမှာ နည်းနည်းရှားသွားပြီဖြစ်တဲ့ ပုံစံမျိုးပေါ့"

"ဆရာမကြီး အထာလားဗျာ"

"အဲလိုလည်း မဟုတ်ဘူးကွ။ ခြိမ့်က တစ်ခါတလေ ကလေး နည်းနည်းဆန်ချင်တယ်။ သိမ့်နဲ့တောင်ဆယ်နှစ်ကွာတာဆိုတော့ သူ့အိမ်မှာ ကလေးလိုဖြစ်နေတာပေါ့။ စာရေးဆရာမဆိုပြီး ဆရာမကြီးဒီဇိုင်း မဟုတ်ဘူးကွ ...

ငါလည်း သိပ်မသိပါဘူးကွာ။ ငါ့မိန်းမကတော့ သူ့ညီမကို အားမရကြောင်း ပွစိ ပွစိ ပြောနေတာပါပဲ။ ငါ့မိန်းမကတော့ သိတယ်မဟုတ်လား။ A to Z ဘာကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



မဆို သူပဲ အရာရာဦးဆောင်ချင်တာ။ သူ့စိတ်နဲ့နှိုင်းပြီး တော်တန်ရုံ အေးဆေးတဲ့သူဆိုရင် အားမလိုအားမရဖြစ်နေတာပေါ့ကွာ”

သူက ခေါင်းတစ်ချက်ညိတ်ပြမိကာ မျက်လုံးထဲတွင် ဆရာသက်ကတော် မမသိမ်၏ Ever Active ပုံရိပ်ကို ပြေးမြင်သည်။ မျက်မှန်ကို နဖူးပေါ်တင်ကာ MARK II ကားကို ခပ်ကြမ်းကြမ်းမောင်းတတ်သော မမသိမ့်၏ညီမက်ရော ဘယ်လိုစိတ်နေစိတ်ထား ရှိမလဲ။ ခြိမ့်ရဲ့ဝတ္ထုတွေဟာ အချစ်ဝတ္ထုတွေဟု သိထားရပြီး သူကတော့ တစ်ခါမှ မဖတ်ဖူးပါ။ အချစ်ဝတ္ထုတွေကို ခံစားရေးဖွဲ့တတ်သော စာရေးဆရာမငယ်လေးဟာ ရုပ်ရည်လေးလည်း ရှိပါလျက်နှင့် ရည်းစားသနာတော့ မရှိဘူးတဲ့လား။ စဉ်းတော့ စဉ်းစားစရာပဲဖြစ်သည်။

“ဆရာသက်ရဲ့ခယ်မလေးဟာ ငယ်လည်းငယ်တယ်၊ အောင်မြင်လည်း အောင်မြင်နေရဲ့သားနဲ့ ချစ်သူရည်းစားမရှိဘူးဆိုတာတော့ ပုံမှန်မဟုတ်ဘူးလားလို့”

“ဟား ဟား ... အဲလိုပြောစတမ်းဆို မင်းကျတော့ရော”

“အာ ... ဆရာသက်ကလည်း”





“ဟုတ်တယ်လေ။ ဆရာသက်က မလည်းနဲ့။ ဒီလိုပဲပေါ့ကွာ၊ မင်း ကိုယ်ချင်းစာတတ်အောင် ယှဉ်ပြတာပါ။ အစစ အရာရာ ပြည့်စုံနေရဲ့သားနဲ့ ဘာကြောင့် ချစ်သူရည်းစားမရှိဘူးလို့ တစ်ထစ်ချ မသတ်မှတ်နဲ့လေကွာ ...

ကိုယ့်အကြိုက်နဲ့ မတွေ့သေးတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ခြိမ့်က အေးဆေးသမားကွ။ ရိုးရိုးအေးအေးကြီးကိုလည်း ပြောတာမဟုတ်ဘူး။ ငါ ပြောချင်တဲ့ပုံစံကို မင်း သိတယ် မဟုတ်လား”

သူက ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။ သူ့မျက်လုံးထဲတွင် မမသိမ့် ပြဖူးသော ခြိမ့်ရဲ့ဓာတ်ပုံကို ဖျတ်ခနဲမြင်ယောင်လာသည်။ ခါးထိလုသော ဆံပင်ရှည်တွေနှင့် လက်ပြတ်ဂါဝန်ရှည်ကို ဝတ်ဆင်ထားပြီး အဝေးတစ်နေရာသို့ မေးထောက်ပြီး ငေးနေဟန် ဓာတ်ပုံဖြစ်သည်။ ခပ်ဆွေးဆွေးပုံစံလေး ရိုက်ထားတာမို့ ဘယ်သူ့ကိုများ လွမ်းနေသလဲလို့ ထင်မိစရာဖြစ်သည်။

အဲဒီတစ်ယောက်ဟာ အေးရာအေးကြောင်းလား၊ အေးစက်စက်လား၊ အေးအေးဆေးဆေးလား။ တစ်ခုချင်းဆီ သူက ခွဲခြားစိတ်ဖြာပြီး တွေးနေမိသည်။ အဲဒီအဓိပ္ပာယ်တွေဟာ တစ်ခုနဲ့တစ်ခု မတူကြဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ထင်တာတော့ အနုပညာသမားတွေဟာ နည်းနည်း နားလည်ရခက်မယ် ထင်တယ်နော်။ ဘာလို့လဲဆိုတော့ သူတို့က သူတို့စိတ်ခံစားမှုအတိုင်းပဲ နေတယ်လို့ ကြားဖူးတယ်။ မင်းသား မင်းသမီးတွေကတော့ Team weak မို့ ထားပါဦး။ စာရေးဆရာ၊ ပန်းချီဆရာကတော့ ပိုဆိုးမယ် ထင်တယ်"

"အင်း ... သိပ်တော့ ပြောလို့မရဘူးကွ။ ခယ်မလေးကတော့ ခွကျတဲ့အထဲမှာ မပါဘူး။ ဒါပေမဲ့ ငါကလည်း သူနဲ့ အနီးကပ်ပေါင်းမကြည့်ဖူးတော့ မသိဘူးလေ ...

သိပ်ဆိုးဆိုးဝါးဝါးကြီးတော့ မဟုတ်ပါဘူးကွာ။ မင်းကလည်း။ အဲဒီလောက် ကြောက်မနေစမ်းပါနဲ့။ ဘာလဲ ကြောက်နေတာလား။ မင်းကြည့်ရတာ ကြောက်နေတဲ့ပုံပဲ။ ဟား ဟား"

"မဟုတ်ပါဘူး ဆရာသက်ရာ။ ဆရာမဆိုတော့ နည်းနည်း လန့်နေတာပါ ... ဟဲ ဟဲ"

"ဘာမှလန့်မနေနဲ့၊ ခြိမ့်က သဘောကောင်းပါတယ်။ ဒါကတော့ မင်းတို့ချင်း ညှိကြည့်ရမယ့် ကိစ္စပေါ့ကွာ။ ဘယ်သူကမှတော့ မင်းတို့စိတ်မပါတဲ့ကိစ္စကြီးကို ဇွတ်ကြီးမစီစဉ်ပါဘူးကွာ ...

မင်းတို့နှစ်ယောက်က ရွက်ပုန်းသီးတွေလို ဖြစ်နေတာမို့ မင်းတို့ကို တွေ့ပေးတဲ့ သဘောပါ။ ကျန်တာတော့ မင်းတို့အပိုင်းပါကွာ။ ဟုတ်ပလား"

သူက ခေါင်းတစ်ချက်ညိတ်ပြလိုက်ရင်းမှ စိတ်ထဲတွင် သူမအတွက် ဘာလက်ဆောင်ဝယ်သွားရင် ကောင်းမလဲဟု စဉ်းစားမိသည်။ သူတို့က စင်ကာပူက ပြန်မှာမို့ သိပ်မကြာခင်မှာ အသစ်ထပ်ထွက်တော့မည့် i Phone 5 ဝယ်သွားရင် ကောင်းမလား။ တော်ကြာ တန်ဖိုးကြီးလက်ဆောင်ဆိုပြီး မယူဘဲနေရင်ရော။ မယူရင်တော့ ကိုယ့်ဟာကိုယ်ပဲ ကိုင်မှာပေါ့။

အင်း ... i Phone 5 ပေးတာက အရေးမကြီးသေး။ တော်ကြာ သူမကို ကြိုက်လွန်းလို့ ပိုးကြေးပန်းကြေးပေးတယ်လို့ သူက အထင်မခံနိုင်ချေ။ တစ်ယောက်နဲ့တစ်ယောက်က စောင့်ကြည့် အကဲခတ်ကြရဦးမှာဆိုတော့ လက်ခံနိုင်လောက်မည့် လက်ဆောင်ဖြစ်ဖို့က လိုသေးသည်။ ဘာပေးရမှန်းလဲ မသိပါ။ မိန်းကလေးတစ်ယောက်ကို လက်ဆောင်ပေးဖို့ ဦးနှောက်ခြောက်…







www.burmeseclassic.com

စဉ်းစားနေရသော သူ့အဖြစ်သူ ပြန်စဉ်းစားမိလျှင် မိန်းမတွေ အကြိုက်ကို သိပ်မသိသေးပါလားဟု ဆင်ခြင်မိရသည်။

အင်း ... ဒါကြောင့်လည်း ရုစ်ရှိရေလျှံတဲ့ သဘော်သား ဖြစ်နေတာတောင် ချစ်သူရည်းစားလေး တစ်ယောက်သော်မှ မယ်မယ်ရရ မရှိတာပေါ့လေ။





## ၃

"ကြည့်စမ်းပါဦး ... မိရယ်။ ဒါ ငါ ယူရမယ့်ယောကျ်ားတဲ့။ ငါတော့ ရူးချင်တာပဲ။ ဘာကြီးလဲ။ သဘော်သား မဟုတ်ဘဲ ပင်လယ်စားပြလား မသိပါဘူးဟယ်"

မိက သူငယ်ချင်းဖြစ်သူ အူယားဖားယားနှင့် ပြေးလာသောကြောင့် မလာစဖူး အလာထူးရဲ့ဟု ဝမ်းသာအားရဖြစ်မည့် မကြံသေး။ အကျိုးအကြောင်းပြောပြကာ ခြိမ့်ပြသောဓာတ်ပုံကို ကြည့်ပြီးနောက် "အယ်"ဟု မြည်တမ်းပြီး မျက်ခုံးပင့်သွားသည်။ "အယ်"ရဲ့နောက်ကွယ်၌ စိတ်ထဲမှ ဆက်ပြောမိသည်မှာ "မိုက်လှချည်လား"ဟူ၍ ဖြစ်သည်။ ဒီလောက်မိုက်တဲ့ရုပ်ကိုများ ဘာကြောင့် ခြိမ့်က အသည်းအသန် ခါးနေရတာလဲ။

www.burmeseclassic.com



အကြွင်းသူ၏ ရုပ်ပုံလွှာမှာ သဘော်ကုန်းပတ်ပေါ်မှာ ရိုက်ထားတာဖြစ်ပြီး နောက်က ပင်လယ်ပြာကြီးနောက်ခံနှင့်ဖြစ်သည်။ ဆံပင်တွေက အဆိုတော် Rစာနည်လို အရှည်မျိုးဖြစ်ကာ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေက တမင်,မရိတ်ဘဲထားထားတဲ့ပုံစံဖြစ်သည်။ ဂျင်းရှပ်အင်္ကျီလက်ရှည်ကို လက်ခေါက်ဝတ်ထားပြီး ကင်မရာကို ခပ်မော့မော့ကြည့်နေပုံက လုံးဝအမိုက်စားဖြစ်သည်။

ယောက်ျားဆိုလျှင် ဒီလိုယောက်ျားပီပီသသပုံစံကို သဘောကျသော မီအတွက်တော့ ခြိမ့်ရဲ့သတို့သားလောင်းပုံစံက အလန်းဇယားပဲ ဖြစ်နေသည်။

"ဟဲ့ ... နင့်ဘဲက အမိုက်စားကြီးပါဟယ်"

"ဟာ ... ဘာနင့်ဘဲကြီးလဲ ... မီနော်။ ဘာမှ ငါ့ဘဲမဟုတ်ဘူး။ နေစမ်းပါဦး ဒီရုပ်ကြီးကို နင်က မိုက်တယ် ! ။ ဘယ်နားက မိုက်နေတာလဲ ...

မိုက်တယ်ဆိုတာ မူရင်းစကား မှန်တယ်ဆိုရင်တော့ တကယ်ကို လူမိုက်ရုပ်။ ဟွန်း"





ခြိမ့်က မတျေမနှပ်နှင့် ရေရွတ်လျှင် မီက တဟားဟားနှင့် အော်ရယ်သည်။ သူငယ်ချင်းအကြောင်း အသိဆုံးမို့ ရယ်ခြင်းဖြစ်သည်။ မီရဲ့သူငယ်ချင်းလေး ခြိမ့်ဟာ ယောက်ျားနှင့် ပတ်သက်ဖို့ဆိုလျှင် ကျားဆိုလျှင် အစင်းကြားအင်္ကျီတောင် စိတ်မဝင်စားတတ်သူဖြစ်သည်။ ယောက်ျားလေးတစ်ယောက်နှင့် ပတ်သက်ပြီး တော်တော်ကို စိတ်ဝင်တစား မရှိသူမို့ ပုံမှန်ရောဟုတ်ရဲ့လားဟု သံသယတောင် ဝင်ချင်စရာဖြစ်သည်။

မီကမူ ရည်းစားလေး ဘာလေး ထားဖူးသေးပြီး ခြိမ့်ကတော့ ရည်းစားထားဖို့လည်း စိတ်မဝင်စား။ ယောကျ်ားလေးတွေကိုလည်း စိတ်မဝင်စားတာဖြစ်သည်၊ ရှေ့ဆက်ပြီး စိတ်ဝင်စားဖို့လည်း လမ်းမမြင်ပေ။ ဒီကလေးမဟာ အိမ်ထဲမှာသာ အောင်းနေတာများလှပြီး သူ တကယ်ကို အရေးကြီးကိစ္စရှိမှသာ အပြင်သို့ ထွက်တတ်သူဖြစ်သည်။ မဟုတ်လျှင် စာအုပ်တောင် ထွက်မဝယ်တတ်ပဲ ဆိုင်တွေကသာ လာဖို့ရတာဖြစ်သည်။

"နင်ကလည်းဟာ။ ဒီရုပ်က မိုက်တာပေါ့ဟ။ ဘယ်လောက် ယောကျ်ားပီသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာယ် ... နင်က ဒီရှမ်ကို ကြိုက်နေတာပေါ့ ဟုတ်လား။ အံ့ဩတာပဲ။ နင်ကြိုက်ရင်လည်း ကောင်းတာပဲ။ နင်ပဲ ယူလိုက်ပါလား။ သူကလည်း မိန်းမဆိုရင်ပြီးရော၊ ဘယ်သူ့ ရရ ယူမှာပဲ"

"ဟဲ့ ... ဘယ်လိုပြောလိုက်တာလဲ။ နင့်အစ်မက နင်နဲ့ စီစဉ်တဲ့ကိစ္စကို နင်ကလည်း ဘာကြေးများနေတာလဲ။ နင့်ပုံစံက လူကြီးတွေစီစဉ်ပေးမှ ယောကျ်ားရတော့မှာ။ ဒီတော့ ကောင်းရင် ကိုယ့်ကံ၊ မကောင်းရင် လူကြီးတွေကို လှည့်ချပေးလိုက်"

"အမယ်လေး။ တော်စမ်းပါဟယ်။ ကောင်းတာ မကောင်းတာကို ပြောနေတာ မဟုတ်ဘူး။ သူ ကောင်းကောင်း၊ မကောင်းကောင်း ငါက ယောကျ်ားကို မယူချင်သေးတာ ...

ငါ့အသက်က အစိတ်တောင် မပြည့်သေးပါဘူး ဟယ်။ အလျင်စလို ယူစရာလား။ နင်ကတော့ လှတပတ လေး အပျိုလုပ်ပြီး ငါကတော့ ယောကျ်ားကြီးတစ်ယောက် နဲ့ ဘာလုပ်နေရမှာလဲ"

"ဟစ် ... ဟစ် (ရယ်သံ) နင်က ဘာမှမလုပ်ချင်ဘူးလား"





"ဟာယ် ... ငါ ပြောလိုက်ရ မကောင်းဘဲ ရှိတော့မယ်။ မီရယ် ... ငါ စိတ်ညစ်လိုက်တာဟာ။ ငါက နင့်ဆီက အကြံကောင်း ဉာဏ်ကောင်းလေးများ ရမလားလို့ ... ... အားကိုးတကြီးနဲ့ ပြေးလာတာနော်။ နင်က ငါ့ကို တိုက်တွန်း မနေနဲ့ဟဲ့"

"သြော် ... ကောင်းတာဆိုရင်တော့ တိုက်တွန်းရမှာပေါ့။ ဘာလဲ ... ငါက နင့်ဝတ္ထုတွေထဲကလို ယောကျ်ားမယူချင် တာနဲ့ အိမ်ကထွက်ပြေးတာတို့ ဒါမှမဟုတ် ဟို ခပ်ပေါပေါ ဗီဒီယိုကားတွေထဲကလို အ,အဟန်ဆောင်နိုင်းတာတို့၊ နား လေးဟန်ဆောင်ခိုင်းတာတို့ အဲဒီမျိုးတွေလုပ်လို့ အကြံပေး ရမှာလား ...

ဟူး ... ပျင်းစရာ ကောင်းလိုက်တာ"

"သေလိုက်ပါလား။ တိုက်တွန်းရအောင် သူ ကောင်းတယ် ဆိုတာ နင်က ဘယ့်လိုလုပ်သိလဲ"

"ပေးပါ စာရေးဆရာမရာ။ နင့်အစ်မကိုယ်တိုင် ရှာဖွေ လာတဲ့ သတို့သားလောင်းဆိုမှတော့ ရှင်ဘုရင့်ပုဆိုး မိုး ချည်းပဲပေါ့ဟ ...



www.burmeseclassic.com

www.burmeseclassic.com



နှင့်အစ်မက ဒီလောက် ဂရုဂကြောင် အကောင်းကြိုက်ဦးစွာ။ တချို့သောစိသူငွေးတွေတောင် သူ့စိတ်ကြိုက်တွေ့လို့လား။ နှင်တောင် မသိရဘဲ သူကြားထဲက ငြင်းထုတ်ပစ်တာတွေကို အများကြီးပဲ ...

သူ့စိတ်ကြိုက်တွေ့တယ် ဆိုကတည်းက ဒီလူဟာ နှင့်ကို ဆွဲဆောင်နိုင်မယ့် Attrection တစ်ခုရှိလို့ နေမှာ အသေအချာမို့လို့ပေါ့"

"ဟွန်း ... ဒီရုပ်ကြီးလား Attrection ရှိတာ"

ခြိမ့်က စားပွဲပေါ်မှာ ချထားသော ဓာတ်ပုံဆီသို့ ဖျတ်ခနဲ အကြည့်ရောက်သွားကာ ရှုံ့မဲ့ပြောဆိုမိသည်။ ကြည့်ပါဦး သဘော်သားတဲ့။

သူ့အနေအထားဟာ ပထမအရာရှိ(Chief mate) တစ်ယောက် ဖြစ်နေရဲ့သားနဲ့ အာလို့ တည်တည်ကြည်ကြည်ပုံစံ မဖမ်းထားရတာလဲ။ အသက်ငယ်ငယ်လေးနဲ့ အရာရှိဖြစ်တယ် ဆိုပြီး ငယ်ပုံကို တမင်မဖျောက်ထားတာပဲ ဖြစ်နိုင်သည်။

ဆံပင်ရှည်၊ မုတ်ဆိတ်မွေး၊ ဂျင်းရှပ်ကို လည်ပင်း ဟဟဝတ်ထားပြီး တကာယ်ကို မိုက်ကာယ်စတိုင်လ်ကြီးအား ခြိမ့်က မနှစ်သက်လှပါ။ ရင်ထဲမှာ ဘယ်လိုကြီးခံစားနေရမှန်းကို မသိချေ။





"ငါ ယောကျ်ားမယူရအောင် နင် အကြံဉာဏ်ကောင်းလေးများ မပေးနိုင်တော့ဘူးလား"

ခြိမ့်ရဲ့စိတ်ဓာတ်ကျသလို ညှိုးညှိုးငယ်ငယ်အပြောကို မိက သွေးအေးအေးဖြင့် ပြုံးကြည့်ကာ တစ်ခွန်းတည်းသောစကားကို မေး၏။

"ဒီတစ်သက် နင် ယောကျ်ားလုံးဝမယူတော့ဘူးလို့ ဆုံးဖြတ်ထားပြီးပြီလား"

"အို ... အဲဒီလိုတော့ ဆုံးဖြတ်ချက် မချထားသေးဘူးပေါ့။ ဒါပေမဲ့ ငါ့ဘာသာ ငါကြိုက်တဲ့သူလည်း ပေါ်ချင်ပေါ်လာမှာပေါ့ ...

ခုလို လူကြီးတွေပေးစားစီစဉ်တဲ့ လူကိုတော့ မယူချင်တာ အမှန်ပဲ။ စာရေးဆရာမ သိက္ခာကျတယ်"

အဆုံးသတ်မှာ ပြောလိုက်သော ခြိမ့်ရဲ့ တီးတိုးစကားသံကို မိက မုန်းစရာကောင်းသော သူမရဲ့မူပိုင်ရယ်သံကြီးဖြင့် ဟာဟာစ်ဟာစ် ရယ်သည်။

"နင်ပြောတဲ့ပုံစံအရဆို စာရေးဆရာမတွေကပဲ ရှယ်ရိုမန့်တစ် အချစ်ဇာတ်လမ်းတွေ မကြာခဏ တွေ့ဆုံနေရသလိုနဲ့။ ဟာစ် ... ဟာစ် (ရယ်သံ) ...



www.burmeseclassic.com

www.burmeseclassic.com



အခုကိုပဲ နင့်အသက် နှစ်ဆယ့်လေးလေ။ ရည်းစား တစ်ယောက်တောင် ဖြစ်မြောက်အောင် ထားခဲ့ဖူးလို့လား။ ဘာစရိုမန့်တွေများ ရှိလို့လဲ။ အလကား"

"ဟာ ... မီ။ နင် တော်တော်လွန်နေပြီနော်။ နင်က ငါ့ သူငယ်ချင်းဖြစ်ပြီး ဘာလို့ ငါ့ဘက်ကို မပါရတာလဲ။ ဘာကြောင့် ဒီယူဖို့ဘက်ကိုပဲ ဖွတ်ခေါင်းပေးနေရတာလဲ"

မကျေနပ်တော့သဖြင့် အဆုံးသတ်မှာ အော်ထည့် ပစ်လိုက်တော့သော ခြိမ့်ကို မီက မျက်လုံးပြူးပြီး ပြန်ကြည့်ကာ ...

"နင်ကရော ဘာလို့ အသိဉာဏ်မရှိတဲ့သူလို မျက်စိစုံမှိတ် ငြင်းနေရတာလဲ၊ တွေ့ကြည့် ... စကားပြောကြည့် ... လေ့လာ အကဲခတ်ကြည့်ပေါ့၊ သူ ဘယ်လိုလူဆိုတာ နင် သိလို့လား။ လူတစ်ယောက်ကို စကားပြောမကြည့်ရသေးဘဲနဲ့၊ သူ့စိတ်ဓာတ်ကိုမသိရသေးဘဲနဲ့ ဘာကြောင့်ဖွတ်ငြင်း ဇွတ်ချင်နေရတာလဲ။ အဲဒါ နည်းလမ်းမှန်မှမဟုတ်တာ ...

ငါက နင့်သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးဆို ပေမယ့် နင် လုပ်ပုံတွေက မဟုတ်ရင်တော့ ပြောမှာပဲ ခြိမ့်။ နင်နဲ့ငါဟာ တစ်ယောက်အကြိုက် တစ်ယောက်လိုက် ပေါင်းနေတဲ့ သူငယ်ချင်းတွေလား"



ခြိမ့်က စိတ်ပျက်စွာဖြင့် ကျစ်ခနဲ စုတ်သပ်မိကာ မမကြီးနှင့် ဟိုသဘော်သား ဂျစ်မစီမိုးတိမ်ကိုသာ ဒေါသတွေ အလိမ့်လိုက် ထွက်လာမိတော့သည်။ သင်းတို့နှစ်ယောက် ဖယား ရှမ်လို့ ငါ ဒီလိုပျားတုပ်ရတာ။

"ကဲ ... ခြိမ့်။ နင် ဘာမှဒေါသတွေထွက်ပြီး လျှောက်စဉ်း စားမနေနဲ့။ နင်က တစ်နှစ်နေ့လို့မှ တစ်ခါတောင်ဒေါသ ထွက်တဲ့သူ မဟုတ်ပါဘူးဟာ။ ဒါကြောင့် ရှိရင်းစွဲအသက် ထက်တောင် အများကြီးနုပျိုနေတာ။ ဒီအဆင်လေးကို အပျက်စီးမခံစမ်းပါနဲ့ ...

နောက်ဆို သဘော်သားတွေက ဈေးကွက်ဝင်သတို့ သားလောင်းတွေ ဖြစ်လာတော့မှာ။ အရင်လို ကားသွင်းခွင့် ပါမစ်တွေ ဘာတွေတောင် ပြန်ရနေပြီလေ။ ဟာစ် ... ဟာစ် အဲဒီကျရင် ငါ့ဖို့ သဘော်ကျကားအသစ်လေးတစ် ..."

မီရဲ့စကားက မဆုံးသေး။ ခြိမ့်က ဘာမှမပြောတော့ ဘဲ ငေါက်ခနဲထကာ ထွက်လာခဲ့တော့သည်။ ဩော် ... လောက မှာ လိုတာလည်းဒုက္ခ၊ ပိုတာလည်းဒုက္ခပါလား အရှင်ဘုရားရယ်။

❥ ✧ ❥

www.burmeseclassic.com

www.burmeseclassic.com



# ၄

"သား … ဘာအင်္ကျီဝတ်သွားမလဲဟင်။ အဲဒီ မုတ်ဆိတ်တို ကိုလည်း ရိတ်သွားပါ သားရယ်။ မကောင်းပါဘူး …

ဆံပင်ကရော မညှပ်တော့ဘူးလား။ နည်းနည်းများ ညှဉ်းသိုးသိုး ဖြစ်မနေဘူးလား"

ဧယက သူ့အမေပြောသော စကားများကြောင့် ဟက်ခနဲ ရယ်မိကာ ဗီရိုဖွင့်ပြီး အဝတ်အစားရွေးနေရာမှ ခုတင်ပေါ်သို့ ဘုန်းခနဲ ထိုင်ချမိသည်။ သူ့အမေက သူ့ကို ဘာဖြစ်လို့လဲဟူသော မုံစံဖြင့် မျက်နှာမင့်ကြည့်သည်။

"မေမေ … သား အလုပ်သွားလျှောက်မှာ မဟုတ်ဘူးနော်"





"ဟဲ့ … ဒါက အလုပ်သွားလျှောက်မှာထက် အရေးကြီးတဲ့ ကိစ္စမို့ ပြောနေတာပေါ့၊ သားပုံစံကြီးက နည်းနည်းဂျစ်ပစီဆန်နေသလားလို့ပါကွယ် …

ဟိုက စာရေးဆရာမဆိုတော့ ဒါတွေကိုမြင်ပြီး ပြောမှာပေါ့ သားရဲ့"

"အဲဒီလို ဘာပြောမလဲ သိချင်လို့ကို တမင်ဗီအတိုင်းသွားတာ"

သူ့စကားကြောင့် သူ့အမေက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းယမ်းသည်။ ဒီနေ့ဟာ သူ ပြန်ရောက်ပြီး တပတ်မြောက်ရက် ဖြစ်ပါသည်။ မဓသိမ့်က ဆရာမခြိမ့်တို့အိမ်မှာပဲ ထမင်းစားဖို့ ဖိတ်ထားပြီး အဲဒီကျမှပဲ ခြိမ့်နဲ့ မိတ်ဆက်ပေးမှာဖြစ်သည်။ ခြိမ့်နဲ့သွားတွေ့ဖို့အရေးကို သူက ဘယ်နှယ်မှမနေပေမယ့် သူ့အမေကတော့ ကြားထဲက ရင်ခုန်နေသလားတော့မပြောတတ်ပါ။

"သားရယ် … မင်းဟာက မဟုတ်သေးပါဘူး။ သူ့မိဘတွေလည်း ရှိမှာဆိုတော့ ဒီပုံနဲ့ဆို တော်ကြာ မလေးစားရာရောက်နေမလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေရာ … ပုဆိုးနဲ့တိုက်ပုံ ဝတ်လာပါဆိုတဲ့ခေတ် မဟုတ်တော့ပါဘူး။ ပြီးတော့ ဒါက သားနဲ့ရည်းစားဖြစ်နေတဲ့ ကောင်မလေးအိမ်ကိုသွားပြီး သူ့မိဘတွေနဲ့ တွေ့မှာမျိုးမှ မဟုတ်တာ …

သူတို့က ထမင်းစားဖိတ်ထားတာ။ သား ကြိုက်သလို သွားခွင့်ရှိတယ်။ စိတ်ပူမနေပါနဲ့ မေမေရာ။ သားလည်း ဒါကြီးကို အမြဲထားဖို့ အစီအစဉ်မရှိပါဘူး။ ဆံပင်လည်း ညှပ်မှာ။ မုတ်ဆိတ်လည်းရိတ်မှာ။ ဒါပေမဲ့ ဟိုဆရာမက သားကို ဘာပြောမလဲဆိုတာ သိချင်သေးလို့ပါ …

ကဲ … သား အဝတ်စားလဲတော့မယ် မေမေ။ တော်ကြာ နောက်ကျနေရင် မေမေ့အပြစ် ဖြစ်နေဦးမယ်"

"အမယ်လေး … ပြောကာမှပဲ ပိုဆိုးနေပြီ။ ကဲ … လုပ်ပါ ကိုယ်တော်ချောရယ် … လုပ် … လုပ်"

သူ့အမေက အခန်းထဲက ထွက်သွားတော့မှပင် သူက လေလေးတချွန်ချွန်ဖြင့် သူဝတ်မယ့် အဝတ်အစားကို အပြီးသတ်ရွေးချယ်ရသည်။ ခဲနှင့်အဖြူအစင်းကြား ကွမ်းရိုးစင်း ရှပ်လက်ရှည်ကို လက်ခေါက်၍ ဝတ်ဆင်လိုက်ပြီး အနက်ရောင်





Body Fit ဘောင်းဘီရှည်ကို ဝတ်လိုက်သည်။ ယောကျ်ားတစ်ယောက်ရဲ့အဓိက အဆင်တန်ဆာဖြစ်သော နာရီပတ်ပြီးသည့်အချိန်မှာတော့ သူ့ပြင်ဆင်မှုက ပြီးဆုံးသွားပြီဖြစ်ပါသည်။

အနည်းငယ်ရှည်နေသည့် သူ့ဆံပင်တွေကိုတော့ ဂျယ်လ်လိမ်းပြီး နောက်သို့ သပ်သပ်ရပ်ရပ် ဖြီးသင်ပြီး ပို့ထားလိုက်သောအခါ ဂျယ်လ်ပြောင် နောက်လှန်ဆံပင်ကေနှင့် မုတ်ဆိတ်ငုတ်စိတို့က သူ့ကို ယာကူဇာဂိုဏ်းဝင်တစ်ယောက်နှင့် တူသွားလေသည်။

သူက Polo ရေမွှေးကို လည်ပင်းနှင့် လက်ကောက်ဝတ်မှာ ဆွတ်ပြီးသွားလျှင် အပြင်သွားဖို့ ရယ်ဒီဖြစ်သွားပြီ။ နောက်တော့ ဆရာမတို့အိမ်အတွက် လက်ဆောင်ပဏ္ဏာတွေကို ယူကာ သူ့အမေကို နှုတ်ဆက်ပြီး ထွက်လာခဲ့တော့သည်။

ကားမောင်းရင်းမှ နာရီကို တစ်ချက်ကြည့်မိလျှင် သူ့ကိုချိန်းထားတာက ဆယ့်တစ်နာရီဖြစ်ပြီး အခုက ဆယ်နာရီခွဲဖြစ်သည်။ လမ်းမှာ ပို့ဂျင်က ဆက်တိုက်မိတာရော၊ သူကလည်း ကားကို မြန်မြန်မမောင်းရဲတာကြောင့်ရော ထိုအိမ်သို့ ဆယ့်တစ်နာရီ ငါးမိနစ်စွန်းမှ ရောက်သွားလေသည်။ မကျဉ်းမကျယ်သော ခြံဝင်း

www.burmeseclassic.com



လေးထဲသို့ သူက ကားမောင်းဝင်သွားပြီးနောက် ခြံထဲမှာ လှပစွာ စိုက်မျိုးထားသော သစ်ပင်ပန်းမန်မျိုးစုံကို တွေ့ရလျှင် သဘောကျသွားသည်။ သူကလည်း သစ်ပင်စိုက်တာ ဝါသနာပါသူ မဟုတ်လား။ ဆရာမကလည်း အိမ်ခြံကာ အပင်စိုက်ဝါသနာပါပုံရသည်။

သူက အတွေးနှင့်အတူ ပေါ်တီကိုအောက်မှာ ကားရပ်ပြီးဆင်းလိုက်လျှင် မမသိမ့်က အဆင်သင့် စောင့်ကြိုနေတာကို တွေ့ရသည်။ သူက ကားပေါ်မှ အရင်ဆင်းကာ နှုတ်ဆက်လိုက်သည်။

"နေကောင်းတယ်နော် ... မမသိမ့်"

"ကောင်းပါ ... ကောင်းပါ။ ဖေယုတောင် အသားတွေဖြူပြီး ဝလာတယ်"

"ဟုတ်တယ် မမသိမ့်။ ဒီတစ်ခေါက် ချိပ်ကွင်းက တော်တော်အချက်အပြုတ် ကောင်းတယ်။ ဆရာသက်လည်း ဝလာတာပဲလေ"

"ဟုတ်ပါ့ ... နင်တို့ ဆရာတပည့်နှစ်ယောက်ကတော့ လိုက်လည်း လိုက်တယ်။ ကဲ ... လာ ... ဝင်"

"ခဏလေး မမသိမ့်"





သူက နောက်ခန်းတံခါးကိုဖွင့်ကာ လက်ဆောင်ထုပ်တွေကို ယူလိုက်သည်။

"ကြည့်စမ်း ... နင်ကလည်းဟယ်။ အဲဒါတွေ မလိုပါဘူး"

မမသိမ့်က ဦးဆောင်ပြီး သူ့ကို ဧည့်ခန်းထဲသို့ ခေါ်လာသည်။ ဧည့်ခန်းထဲတွင် မမသိမ့်ရဲ့အမေက အဆင်သင့် စောင့်ကြိုနေကာ သူ့ကို ပြုံးပြနှုတ်ဆက်သည်။

"ဖေယု ... ဒါ မေမေလေ။ မေမေ ဒါကတော့ ဖေယုပေါ့။ နာမည်အပြည့်အစုံကတော့ ဖေယုနိုင်တဲ့။ ကိုသက်ရဲ့ Chief Mate ပေါ့"

"ဟုတ်ကဲ့ ... အန်တီ။ တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ။ ကျွန်တော်ရဲ့အမှတ်တရ လက်ဆောင်လေးကို လက်ခံပေးပါ ခင်ဗျ"

"ကြည့်စမ်း ... ရပါတယ် သားရယ်။ ကျေးဇူးပါပဲ ... ထိုင်ပါ ... ထိုင်ပါ ... ဟိုဒင်း ... မြိမ့်ရော၊ ဘယ်ရောက်နေလဲ ... ခေါ်ဦးလေ"

အဲဒီလို ပြောလိုက်လျှင် သူက နည်းနည်းတော့ မျက်နှာပူသွားသည်။ ဘာအတွက် လာရတယ်ဆိုတာ ကိုယ့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် သိထားတာမို့ စိတ်ထဲမှာ တစ်မျိုးကြီးတော့ ဖြစ်မိလေသည်။ ဆရာမကရော ဘာအထာလဲ။ သူလာမယ်ဆိုတာ သိရဲ့သားနဲ့ အဆင့်သင့်တောင် ထွက်ကြိုမနေ။ အခေါ်စောင့်နေသေးသည်။ အင်း … ဆရာမက ဆရာမပဲပေါ့လေ။

သူ တွေးနေတုန်းမှာပဲ တစ်စုံတစ်ယောက်က နောက်က အခန်းတစ်ခုထဲမှ ထွက်လာသည်။ ဟင် … ဒါဟာ ခြိမ့်တဲ့လား။ သူက အမှတ်တမဲ့ကြည့်နေရာမှ ရုတ်တရက် ငေးစိုက်သွားရသည်။ မရယ် မပြုံးဘဲ ခပ်တည်တည်ကြီး ဝင်လာသော ခြိမ့်သည် သူတို့အားလုံးကို ဝေ့ဝဲကြည့်ကာ သူနဲ့မျက်နှာချင်းဆိုင်က ခုံမှာ ဝင်ထိုင်သည်။ ခါးထိသော ဆံနွယ်ညိုတွေဖြင့် ကြိုးတစ်ချောင်း စပန့်ဂါဝန်ရှည်ကြီးကို ဝတ်ဆင်ထားသော ခြိမ့်၏အသားအရေသည် ရက်ရက်စက်စက် လှလေသည်။ လှထက် အသားအရေက လှနေသဖြင့် သူက အံ့ဩမင်သက်နေခြင်းဖြစ်သည်။

သူလည်း နိုင်ငံစုံရောက်ခဲ့ဖူးပါသည်။ အသားဖြူသော မိန်းမအများအပြားကို တွေ့မြင်ခဲ့ဖူးသော်လည်း ဒီလိုတော့ အံ့ဩမင်သက်ပြီး မငေးစိုက်မိခဲ့ချေ။ ခြိမ့်ရဲ့ဖြူဝင်းလှပပုံဟာ စာဖွဲ့လို့ပင် မမီသော လှပပုံမျိုးမို့ သူက အံ့ဩနေခြင်းဖြစ်သည်။ ဘယ်လိုများ





ဂရုတစိုက် ထိန်းသိမ်းပြုစုထားတာပါလိမ့်။ သူမရဲ့အမေရော မမသိမ့်ရော ဖြူစင်လှပကြသည်ဟု စာရင်းဝင်သော်လည်း သူမရဲ့ အသားအရေလှပမှုကို ထပ်၍စာဖွဲ့မပြချင်တော့ပါ။

ရှားလားလား … တကယ်လှတဲ့ အသားအရေပါလား။

“ခြိမ့် … ဒါ ဗေယုလေ။ နှုတ်ဆက်လိုက်ဦး”

“ဘယ်လို နှုတ်ဆက်ရမှာလဲ။ နေကောင်းလားလို့ နှုတ်ဆက်ရမှာလား။ တွေ့ရတာဝမ်းသာပါတယ်လို့ နှုတ်ဆက်ရမှာလား”

ဟမ် …။ အဲဒီလို ပြန်မေးလိုက်ပုံက အေးအေးဆေးဆေး ဖြစ်သော်လည်း သူက မျက်လုံးပြူးသွားသည်။ ဘယ်လိုကြီးပါလိမ့်။

မသိလျှင် ရွဲ့နေသလား ထင်ရသည့်ပုံစံ ဖြစ်သော်လည်း သူက ရွဲ့နေသည်ဟုတော့ မထင်ပါ။ တကယ်ကို မသိလို့ ပြန်မေးတဲ့ပုံစံမို့ တအံ့တဩနှင့် ကြည့်နေမိသည်။ ဒီဆရာမဟာ ခွကျကျ ဆရာမတဲ့လား။

အင်း … [illegible] လျှောက်ကျတော့ စိတ်ဝင်စားစရာတွေနဲ့ တွေ့ရဦးမည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... အဲဒါကတော့ နင် နှုတ်ဆက်ချင်သလို နှုတ်ဆက်ပေါ့။ ဒုက္ခပဲ ... အဲဒီလိုပဲ ဖေယုရေ။ သူက သူများနဲ့သိပ်မတူဘူး"

အဲဒီလို ပြောလိုက်လျှင် ကာယကံရှင် နှစ်ယောက်က တစ်ယောက်မျက်နှာကို တစ်ယောက် ဖြေးကြည့်မိကြမည်ဟု သူက မျှော်လင့်ထားစွာဖြင့် သူမထံသို့ ကြည့်လိုက်သော်လည်း သူမက သူ့ကိုမကြည့်ဘဲ မမသိမ့်ကိုသာ အကြိတ်ပြတာကို တွေ့မြင်လိုက်ရသဖြင့် သူက ရယ်ချင်သွားသည်။

ဘယ်လိုလေးမှန်းဇာ မသိပါ။ ပြောလိုက်တဲ့စကား၊ လုပ်လိုက်တဲ့အပြုအမူတိုင်းက သူ့အတွက်တော့ မျက်နှာပင့်စရာဖြစ်ပါသည်။

"တွေ့ရတာ ဝမ်းသာပါတယ် မခြိမ့်။ ဒါ မခြိမ့်အတွက် လက်ဆောင်တွေပါ။ လက်ခံပေးပါ"

သူက အထုပ်တစ်ထုပ်ကိုယူကာ သူမရှေ့သို့ ချပေးလိုက်လျှင် သူမက သူ့ကို မကြည့်မဖြစ် ကြည့်လာရသည်။ လုံးဝမရယ်ပြပါ။ ပြုံးသည်လည်း မပြည့်သော နှုတ်ခမ်းနှစ်ပက်ကို ဘေးသို့ဆွဲဆန့်လိုက်ကာ ခေါင်းတစ်ချက်ဆတ်ပြီး အသိအမှတ်ပြုသည်။





"ကျေးဇူးတင်ပါတယ်"

"ဟဲ့ ... ဖေယုရယ်။ ငါ့ညီမကို မခြိမ့်လို့တော့ မခေါ်ပါနဲ့။ နားထဲမှာ ကြားရတာ တစ်မျိုးကြီးပဲ။ ခြိမ့်လို့ပဲ ရင်းရင်းနှီးနှီးခေါ်ပါ။ အားလုံးလည်း ခြိမ့်လို့ပဲ ခေါ်ကြတာ"

"ဟုတ် ... နောက်တော့ ခေါ်တာပေါ့ မမသိမ့်ရယ်။ ခြိမ့်က စာရေးတယ်ဆိုတော့ စာဖတ်တာလည်း ဝါသနာပါမှာပေါ့"

"ဟုတ်ကဲ့"

"အမယ်လေး ... စာဖတ်တာကတော့ ပြောမနေနဲ့တော့။ တစ်အိမ်လုံး သူ့စာအုပ်တွေချည်းပဲ။ ဒီအိမ်က သူနဲ့မေမေ နှစ်ယောက်တည်း နေလို့သာ တော်တော့တယ်"

မမသိမ့်က ဝင်ပြောတာဖြစ်သည်။ သူမကတော့ တင်းမာရုပ်တာလည်းမဟုတ်။ နွေးထွေးပျူငှာတာလည်းမဟုတ်၊ ဘာခံစားချက်မှ မရှိသော အေးဆေးမျက်နှာထားနှင့် နေလည်း နေတတ်ပါပေသည်။ ခပ်တောက်တောက် မျက်လုံးတွေကတော့ တစ်ချက် တစ်ချက်မှာ သူ့ကို လှေလာအကဲခတ်နေတယ်ဆိုတာ ရိပ်မိနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာစာအုပ်တွေဖတ်လဲ။ ကျွန်တော်လည်း စာဖတ်ဝါသနာ ပါတယ်"

"ကျွန်မ အစုံဖတ်တယ်"

ပြောတဲ့ပုံစံကတော့ သံတမန်ဆန်ဆန်ပင်။ ကြည့်ရတာ သူမရဲ့စာဖတ်ပရိသတ် မဟုတ်လို့ မကြည်တာလားတော့ မသိပေ။ ခက်တာက သူကလည်း စာရေးဆရာမ မိုးခြိမ့်မဒီ ဆိုတာကို မကြားဖူးချေ။ မမသိမ့်ရဲ့ညီမဟာ စာရေးဆရာမဟု သိထားရပြီး အမှတ်တမဲ့သာ ဖြစ်သည်။ အချစ်ဝတ္ထုတွေရေးသော စာရေးဆရာမမို့လည်း သိပ်စိတ်မဝင်စားတာ ဖြစ်နိုင်သည်။ သူကလည်း ဟိုးအရင်တည်းက ယောက်ျားစာရေးဆရာတွေကိုသာ စွဲလမ်းနှစ်ခြိုက်ခဲ့သူ ဆိုတော့လည်း ... ... ...။

"အပြန်ကျရင် ခြိမ့်ရဲ့စာအုပ်တွေ လက်ဆောင်ပေးလိုက်မယ်လေ။ ဖတ်ကြည့်ပြီး လိုအပ်တာ ဝေဖန်ပေးလိုက်ပါဦး ဖေယုရယ်"

"အို ... မမကြီးကလည်း။ သူများက မတောင်းဘဲနဲ့ ခြိမ့်ရဲ့ စာအုပ်တွေကို လျှောက်‚လျှောက်ပြီး မပေးပါနဲ့။





ဖတ်ချင်မှန်းမသိ မဖတ်ချင်မှန်းမသိ။ အားနာလို့ ယူသွားရပြီး ချောင်ထိုးထားမှာကို ခြိမ့် စိတ်အပျက်ဆုံးပဲ"

"ဟဲ့ ... နင် ဘယ်လိုပြောလိုက်တာလဲ"

"သြော် ... ရပါတယ်။ ဟုတ်ပါတယ် မမသိမ့်။ သူ ပြောတာကို ကျွန်တော် နားလည်ပါတယ်။ စာရေးဆရာမတစ်ယောက်ရဲ့ ခံစားချက်ကတော့ အဲဒီလိုပဲ ရှိမှာပေါ့ ...

ဒါပေမဲ့ ခြိမ့် လက်မှတ်ထိုးပေးတဲ့ စာအုပ်ကို ကျွန်တော်ယူမှာပါ၊ တကယ်လည်း ဖတ်ချင်ပါတယ်"

သူမက "ဟုတ်လို့လား"ဟူသော ပုံစံဖြင့် မျက်လုံးတစ်ချက် လှန်ကြည့်လိုက်လျှင် သူနဲ့ အကြည့်ချင်း တန်းတန်းဆုံသွားသည်။ အင်း ... ရင်ထဲမှာတော့ တစ်မျိုးလေး ဖြစ်သွားသလိုပဲ ခြိမ့်ရေ။ လူကြီးတွေက ဆုံစည်းစေချင်တဲ့သူဆိုပြီး (ကိုယ်တိုင်ကသည်း အရွယ်ရောက်နေပြီလို့ ယူဆတဲ့အတွက်) တွေ့ဆုံဖို့ သက်ခံခဲ့တယ် ဆိုပေမယ့် ခံစားချက်ပလိန်း ဖြစ်နေတာတော့ မဟုတ်ဘူးလေ။ ခံစားချက်လေး တစ်ခုတော့ ရှိနေတယ်။ အဲဒါကိုက သူ့ကိုယ်သူတော့ ထူးဆန်းနေတာပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သမီးကြီး။ နောက်ထဲမှာ အဆင်သင့်ဖြစ်ပြီနဲ့တူတယ်။ ထမင်းစားကြရအောင်။ မောင်ဖေယုက ဘာကြိုက်တတ်မှန်း မသိတော့ အသားစုံတော့ ချက်ထားတယ် ကွယ် ...

မြန်မာထမင်းဟင်း မစားရတာ ကြာနေပြီဆင်လို့ မြန်မာဟင်းတွေပဲ လုပ်ထားတယ်"

"ဟုတ်ကဲ့ အန်တီ၊ ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"လာ ... ဖေယု။ ထမင်းစားကြစို့"

မမသီမ့်ရဲ့စကားသံအဆုံးတွင် ခြိမ့်ကပါ မတ်တတ်ထရပ်သည်။ အရပ်ကမနိမ့်မှုလွန်း မမြင့်လွန်းသော အနေအထားမှာ မပိန်လွန်း မဝလွန်းသော ခန္ဓာကိုယ်ပေါ်မှာ အသားအရေက တူမတူအောင် လှပနေသူမို့ သူက တစ်ချက်ထပ်ကြည့်မိသည်။ သူမကတော့ သူ့ကိုမကြည့်ပါ။ အင်မတန် နူးညံ့ပျော့ပျောင်းနေသော ဆံနွယ်ညိုတွေကို တစ်ချက်ပင့်သပ်တင်ရင်း ရှေ့ကထွက်သွားသည်။ ထမင်းစားပွဲရောက်တော့ ခမ်းနားလှပစွာ ပြင်ဆင်ထားသော ဟင်းပွဲတွေက သူ့ကို ဘယ်လောက်ကြိုဆိုကြောင်း ဖော်ပြနေသလိုပဲဖြစ်သည်။





"ဟင်းတွေက အများကြီးပဲ မမသီမ့်။ နှစ်ခွက် သုံးခွက်ဆို ရပါပြီ မမသီမ့်ရယ်။ အားနာစရာကြီး အန်တီ"

"အို ... အားနာစရာ မလိုဘူး သား။ စား ... စား ...။ စားစေချင်လို့ကို တမင်ချက်ထားတာ။ ဒါက ငါးရှူးစင်းကော ရဲယိုရွက်နဲ့ ချက်ထားတာ။ ဒါက ဝက်သားနီချက် ...

ဟော်ဒါလေးက ပဲတီချဉ်ကို အုပ်ထားတာ။ မြန်မာ့ခလေ့စစ်စစ်တွေပဲ သားရေ့ အဝသာ စားပေတော့"

"ဟုတ်ကဲ့ ... အန်တီ"

သူက မမသီမ့် ထည့်ပေးသော ဝက်သားနီချက်ကို၊ နွှန်းခက်ရင်းနှင့် တစ်ဖဲ့ လှမ်းဖဲ့လိုက်ကာ လျှာပေါ်တင်လိုက်လျှင် အရသာက လျှာလည်သွားသည်။ ခြိမ့်ထံ တစ်ချက်ကြည့်လိုက်တော့ သူမက ငါးခူစင်းကော်ဟင်းနှင့် စားနေတာ တွေ့ရသည်။ အံ့သြစရာပါပဲလား။ ညှော်သည့်ရှေ့မှာ စားပါဦးနော် မပြောဘဲ အေးအေးဆေးဆေး ထိုင်စားနေသော ပုံစံကိုတော့ သဘောကျလှသည်။ ကြည့်ရတာ သူ့ကို မလိုလားသောသဘောဟု ထင်ပါသည်။ အင်း ... အဲဒီလို မလိုလား မကြိုဆိုဘူးဆိုတဲ့ သဘောကိုမှ သူက နှစ်သက်သွားတယ် ဆိုရင်ရော ? ။



www.burmeseclassic.com

www.burmeseclassic.com



"ဝက်သားနီချက်က ဇော်ဇော်ကောင်းတာပဲ။ ဘယ်သူချက်တာလဲ မသိဘူး"

မမသိမ့်က တစ်ချက်ရယ်ကာ သူ့ပန်းကန်ထဲသို့ ကြက်သားဟင်းတစ်တုံး ထပ်ထည့်ပေးရင်း ဖြေသည်။

"ဒီဟင်းတွေအားလုံးကို မေမေ ချက်တာ၊ ခြိမ့်ရဲ့လက်ရာကတော့ တစ်ခုမှ မပါဝေါင်"

သူက မျက်ခုံးပင့်ပြီး သူမထံသို့ လှမ်းကြည့်လိုက်လျှင် မရွှေရောက အေးဆေးဆေးဆေးပဲ ဝက်သားဟင်းတစ်တုံးကို ခပ်ထည့်ပြီး စားနေသည်။ ဘာမှတောင် ပြန်မပြော။ သူမအကြောင်းပြောနေတာ မဟုတ်တဲ့အလားပင်။ အင်း ... ပုံစံနှင့်အချိုးအချိတ်ကတော့ စိတ်ဝင်စားအောင် တမင်လုပ်နေသလားထင်ရပါသည်။

တမင်လုပ်ထားတာ မဟုတ်မှန်း သိရတော့ သူ့အတွက်က စိတ်ဝင်စားဖွယ်ရာ အပြည့်ပဲ ဖြစ်တော့သည်။

"ဆရာသက်လည်း မတွေ့ဘူးနော် မမသိမ့်"

"အင်း ... သူ့သူငယ်ချင်းတစ်ယောက်က ကားပြချင်တယ်ဆိုပြီး ဖွတ်လာခေါ်သွားလို့လေ။ တစ်ရက်လောက် အပြင်





မှာ ဒင်နာသွားစားမယ်လို့ ပြောလိုက်ပါဦးတဲ့။ အိမ်လာဦးမယ် မဟုတ်လား ဖေယု"

"ဟုတ် ... လာဦးမှာပါ မမသိမ့်။ ဆရာသက်နဲ့က ပြောစရာတွေရှိနေဦးမှာ။ ချန်ပီယံလိဂ်တွေ စ,နေပြီဆိုတော့ ကျွန်တော်တို့ အကြိုက်ပဲလေ"

"ဟုတ်ပါ ... ဟုတ်ပါ ...။ အဲဒါကိုတော့ အိမ်ပြန်မလာခင် သဘော်ပေါ်ကနေ ဖုန်းဆက်တည်းက ပြောနေတာ။ မိန်းမကို တွေ့ချင်တာ မဟုတ်ဘူး။ မိန်းမကိုတွေ့ရတော့မှာမို့ ဝမ်းသာတာ မဟုတ်ဘူး ...

ဘောလုံးပွဲကြည့်ရတော့မယ်ဆိုပြီး ဝမ်းသာအားရနဲ့ ပြန်လာတာ။ ပြောမနေနဲ့ ရောက်ကတည်းက TV အသစ်ဝယ်ချင်တာနဲ့၊ Sky Net တပ်ချင်တာနဲ့ ရှုပ်နေတာလေ"

"Sky Net ကပဲ ပြမယ်လို့ ပြောတယ်နော်"

"ဟုတ်တယ်။ ဟဲ့ ... ခြိမ့်။ အမယ်လေး ... ထမင်းကို မစားဖူးတာ ကျနေတာပဲ။ ခေါင်းမဖော်စတမ်း ငုံ့စားနေလိုက်တာ။ ညွှံ့သည်ကို ဟင်းလေး ဘာလေးထည့်ပေး။ စကားလေး ဘာလေး ပြောဦးမှပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောရမှာလဲ မမကြီးရဲ့"

သူမအသံက ကလေးတစ်ယောက်နှယ် ခပ်ဆောင့်ဆောင့် ထွက်လာသည်။ ကြည့်ပါဦး လုံးဝကို ဟန်ဆောင်ပန်ဆောင်လေးနဲ့ လောကွတ်လုပ်ဖော်မရသော ဆရာမပါလား။ သူက သဘောကျစွာဖြင့် ပြုံးကြည့်နေမိသည်။

"တွေ့လား ... ဒီကောင်မလေးကတော့။ ကိုယ့်အိမ်ကို ထမင်းစားဖိတ်ထားတဲ့ ဧည့်သည်ပဲဟာ။ ဘာပြောရမယ်ဆိုတာကအစ ငါက သင်ပေးနေရဦးမှာလား ...

နင့်ဝတ္ထုထဲမှာ ဧည့်သည်အိမ်လာရင် ဘယ်လိုရေးသလဲ"

"သိဘူးလေ။ မရေးဖူးပါဘူး"

"အဲဒါသာကြည့်တော့ ဖေယုရယ်။ စာရေးဆရာမသာပြောတာ ဘာလူမှုရေးမှလဲ နားမလည်ဘူး။ ဘာမှလဲ မကျေညက်ဘူး ...

တစ်နေ့ တစ်နေ့ အိမ်ထဲမှာပဲနေပြီး လူတွေနဲ့ မဆက်ဆံတာကြာလေ စကားပြောတာ အချိုးမပြေလေပဲ"

"မမကြီးက ခြိမ့်ကို ဒေါက်ဖြုတ်နေတာလား"





"တုတ်တယ်လေ။ နင် လုပ်နေတဲ့ပုံစံက အချိုးမှမပြေတာ"

ညီအစ်မနှစ်ယောက်က ကြာရင် ထသတ်တော့မှာမို့ သူကပဲ ကြားထဲက ဝင်ရောက်ဖျန်ဖြေလိုက်ရသည်။

"ရပါတယ် မမသိမ့်။ စိတ်ထဲရှိတဲ့အတိုင်းပဲ နေပါစေ။ ကျွန်တော်က ဘာမှမဖြစ်ပါဘူး။ နားလည်ပါတယ်"

သူ့အပြောကို သူမက နှုတ်ခမ်းလေးတွန့်ရုံ လှောင်ပြုံးပြုံးလိုက်တာကိုလည်း သူက မြင်ဖြစ်အောင် မြင်လိုက်သေးသည်။ သူကတော့ စိတ်ထဲမှာပဲ အသာကျိတ်ပြုံးမိပါသည်။ အဲဒီနောက် ထမင်းစားသောက်ပြီးသောအခါ အိမ်ရှေ့မှာ အချိုပွဲဆက်စားရပြန်သည်။ အဲဒီအချိန်မှာတော့ မမသိမ့်တို့အမေက အေးအေးဆေးဆေး စကားပြောကြဆိုကာ မမသိမ့်ကိုခေါ်ပြီး မေါ်တင်ပဲ ရှောင်ပေးသွားသည်။ ဧည့်ခန်းထဲတွင် သူနဲ့ ခြိမ့်သာ နှစ်ယောက်တည်း ကျန်ခဲ့လေသည်။

သူက နဂါးမောက်သီးစိတ် တစ်စိတ်ကို ခက်ရင်းဖြင့် ထိုးကော်စားရင်းမှ သူမရဲ့ပုံစံကို အကဲခတ်ကြည့်လိုက်တော့လည်း အေးအေးဆေးဆေးပဲဖြစ်သည်။ စိတ်လှုပ်ရှားနေတာမျိုး၊ ရှက်ရွံ့နေတာမျိုး လုံးဝမတွေ့ရချေ။ အိုခေ ... ကိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ခြိမ့်ရဲ့စာအုပ်တွေ ကျွန်တော့်ကို လက်ဆောင်ပေးဦးနော်"

"ဖတ်ချင်စိတ် မရှိဘဲနဲ့ မတောင်းပါနဲ့၊ ကျွန်မတို့နှစ်ယောက် စကားပြောဖြစ်ဖို့က ကျွန်မစာအုပ်တွေ ဖတ်ပြီးမှ ပြောလို့ဖြစ်တာ မဟုတ်ပါဘူး"

"ဟာ ... အဲဒီလို မဟုတ်ပါဘူး။ ကျွန်တော့်စိတ်ကကိုက လိုလိုလားလား ဖတ်ချင်တာပါ။ ကျွန်တော်လည်း စာအုပ် ဖတ်ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းကျတော့ လုံးချင်းဝတ္ထု တွေ သိပ်မဖတ်ဖြစ်တော့တာတော့ ဝန်ခံရမှာပဲ ...

သဘောတကျ်တာရယ်၊ ပြန်ရောက်တော့လည်း စာအုပ်ရယ်လို့ သီးခြားမငှားဖြစ်တော့ဘဲ ဆိုင်တွေကသာ အပိုင်ဝယ်လိုက်တော့တာကိုး ...

ခုတော့ ခြိမ့် ရေးထားတဲ့ စာအုပ်တွေ ဖတ်ချင်ပါတယ်"

"ပြီးရောလေ။ ဒါဆိုလည်း ပေးရတာပေါ့"

မေးစေ့ကို လှန်တင်ပြီး ပြောပုံကိုက ရိုက်ပေါက်ဖြစ်သော်လည်း သူ့မှာ စိတ်မဆိုးရက်နိုင်ပါ။ ခပ်ပြုံးပြုံးပဲ သူမပုံစံကို သဘောကျလျက်သာရှိသည်။





"ခြိမ့်ကို တစ်ခုလောက် မေးချင်တယ်။ စိတ်တော့မဆိုးရဘူးနော်"

သူ့စကားကြောင့် သူမက ဖျတ်ခနဲ မျက်လုံးလှန်ကြည့်လာသည်။ အဲဒီမျက်လုံးလေးတွေဟာ လက်ခနဲတောက်ပ လင်းလက်သွားတာမို့ သူ့စကားကို သူမစိတ်ဝင်စားနေပြီဆိုတာ သိလိုက်ရ၏။ အိုခေ ... မေးပြီ။

ဒါပေမဲ့ သူ မမေးရသေးခင်မှာပဲ သူမဆီက စကားသံထွက်ပေါ်လာသည်။

"ဘာမေးမှာလဲ။ စိတ်ဆိုးစရာစကားဆိုရင်တော့ ဆိုးမှာပဲ။ အာမတော့ မခံနိုင်ဘူး"

"အင်း ... စိတ်ဆိုးချင်တယ်ဆိုလည်း ဆိုးပေါ့ဗျာ။ ဒါပေမဲ့ မမေးပဲမှ မနေနိုင်တာ"

သူက ပြုံးစိစိ ပြောလိုက်လျှင် သူမက မျက်မှောင်ကြုတ်ကြည့်သည်။ စိတ်ဝင်စားမှု ဒီဂရီတွေကတော့ အရမ်းကိုမြင့်တက်နေပြီဆိုတာ သဘောပေါက်လိုက်ရသည်။ ဒါပဲလေ တော်တန်ရုံ အရည်အချင်းနဲ့တော့ ဆရာမရဲ့အနားကို ဘယ်ကပ်လာခဲ့ပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ခြိမ့်ရဲ့အသားအရေဟာ သူ့မတူအောင်ကို လှတယ်။ လုံးဝကို မမြင်ဖူးဘူး။ မမသိမ့်ရော အန့်တီရော အသားဖြူတဲ့ အမျိုးသမီးတွေပါ။ ဒါပေမဲ့ ခြိမ့်နဲ့ကျတော့ ဘာမှမဆိုင်တော့လောက်အောင်ပဲ ...

အဲဒီလို လှပနေရခြင်းရဲ့ လျှို့ဝှက်ချက်ကို သိချင်တာပါ"

သူ့စကားအဆုံးတွင် သူမရဲ့မျက်နှာသို့ အရိပ်တစ်မျိုးဖြတ်ပြေးသွားသည်။ အဲဒီအရိပ်ထဲတွင် ရှက်သွားခြင်း၊ အနေရခက်သွားခြင်းတို့အပြင် သူ ဒီလိုပြောလိမ့်မည်ဟု လုံးဝထင်မထားသဖြင့် အံ့တိုးအမ်းတမ်း ဖြစ်သွားခြင်းများ တန်းစီ၍ ပါဝင်နေလေသည်။

"ကျွန်တော်မေးတာ စိတ်ဆိုးသွားလား"

"နေစမ်းပါဦး။ ရှင်က ယောက်ျားကြီးတန်မဲ့နဲ့ အဲဒါကို ဘာကိစ္စ စိတ်ဝင်စားနေရတာလဲ"

"ဪ ... ယောက်ျားကြီးလည်း စိတ်မဝင်စားရဘူးလို့ ဘယ်သူပြောလဲ။ ဒါမျိုးက သိသင့် သိထိုက်တာပဲဥစ္စာ။ ပြောမပြချင်ဘူးလား"





"ကျွတ် ... ရှင် ဘာတွေမေးနေတာလဲ။ လာလုပ်မနေနဲ့။ အဲဒီလို မြှောက်ရုံနဲ့ မြောက်သွားမယ့် အထဲမှာ မိုးခြိမ့်မဒီတို့ မပါဘူး"

သူက ဆိုဖာနောက်မှီသို့ ခပ်ရှိုရှိုဖြင့် မှီချလိုက်ကာ သူမကို မျှောလွင့်နေသော မျက်လုံးများဖြင့်ကြည့်ကာ ပြောလိုက်သည်။

"ကျွန်တော် မြှောက်နေတာလား၊ တကယ်ပြောနေတာလားဆိုတာ ခြိမ့်ကိုယ်တိုင် အသိဆုံးပဲလေ။ ဟုတ်တယ်မှုလား"

သူ့စကားက ချက်ကောင်းကို ထိသွားသောကြောင့် သူမက ဘာမှပြန်မပြောနိုင်ဘဲ ဖြစ်သွားသည်။ သူက သူမကို အေးအေးဆေးဆေးလေး ပြုံးကြည့်နေသောအခါ သူမက သူ့ကို တည့်တည့်ပြန်စိုက်ကြည့်ပြီး တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် ခေါ်သည်။

"ဒီမှာ"

"အင်း ... ပြောလေ ခြိမ့်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နဲ့ ကျွန်မ ပွင့်ပွင့်လင်းလင်းပဲ စကားပြောကြရအောင်။ ကျွန်မက သိပ်ကွေ့ဝိုက်ပြီး မပြောတတ်ဘူး။ ရှင်နဲ့ကျွန်မကို လူကြီးတွေက စီစဉ်ချင်ကြတာကို ရှင် သိမှာပေါ့ ...

အဲဒါ ရှင် ဘယ်လိုသဘောရသလဲ"

"ကျွန်တော်နဲ့ ခြိမ့်က အခုမှ စတွေ့ကြတာလေ။ ခြိမ့်ကို သဘောထားတစ်ခု သတ်မှတ်ပေးဖို့ဆိုတာ စောသေးတယ်လို့ မထင်ဘူးလား"

သူမက ဟာသတစ်ပုဒ်ကို ကြားရသည့်အလား ရိုးခနဲ နှာခေါင်းထဲမှ လေထွက်ရုံရယ်သည်။ အဲဒီမိုစ်လေးက စွဲမက်ဖို့ကောင်းတာမို့ သူက ငေးစိုက်မိသွားသည်။ ခြိမ့်ရယ် ... မင်းမှာ ဆွဲဆောင်မှုတစ်ခုခု ရှိနေတယ်။ အဲဒီ Attraction လေးနဲ့ပဲ ကိုယ် မင်းနဲ့လက်ထပ်ချင်စိတ်တွေ ပေါက်လာတယ်ဆိုရင် မင်း ရယ်နိုင်ဦးမလား။

"ဆိုလိုချင်တာက ရှင်က ရှေ့ဆက်ပြီး ပတ်သက်သွားဦးမယ်ဆိုတဲ့ သဘောလား။ အဲဒါကတော့ ရှင့်ကိစ္စပဲ။ ကျွန်မ သဘောထားကတော့ ရှင်းတယ် ...





ရှင်နဲ့ မတွေ့ခင်ကရော တွေ့ပြီးသွားတဲ့ အချိန်မှာရော သဘောထားက တစ်ထပ်တည်းပဲ။ ကျွန်မ ရှင့်ကို လက်မထပ်ချင်ဘူး"

"အဲဒီလိုတော့ ချက်ချင်းကြီး မဆုံးဖြတ်ပါနဲ့ ခြိမ့်"

"ဘာပြောတာလဲ။ ကျွန်မက ရှင့်ကို စောင့်ကြည့်အကဲခတ်ရဦးမယ်ပေါ့၊ ဒီမှာ ရှင်သိထားဖို့ကလေ။ ကျွန်မက ရှင့်ကိုမှ မယူချင်တာ မဟုတ်ဘူး။ ဘယ်သူ့ကိုမှ မယူချင်တာ။ ကျွန်မဘာသာ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်နေချင်တယ်။ ဒီဘဝလေးကိုပဲ ကျွန်မ မက်မောတယ် ...

ကျွန်မရဲ့ တစ်ကိုယ်ရေဘဝလေးကို အဆုံးရှုံးမခံချင်ဘူး။ မခံနိုင်ဘူး ... ဒီတော့ ရှင် ကျွန်မနဲ့လက်ထပ်ဖို့ကို ငြင်းဆန်ပေးပါ"

သူမက ခံစားချက်အပြည့်နှင့် တရစပ်ပြောနေသောကြောင့် သူက အဲဒီမျက်နှာကို အံ့ဩမင်သက်ပြီး ငေးကြည့်နေမိသည်။ ကြည့်ပါဦး ... သူ့ကို မယူချင်သဖြင့် အားတက်သရော ပြောနေလိုက်တဲ့မျက်နှာ။ အဲဒီ မျက်နှာလေးကိုကြည့်ပြီး သူကတော့ သူမကို လက်ထပ်ချင်တဲ့စိတ်တွေ တဖွားဖွားဆိုလျှင် သူမ



www.burmeseclassic.com

www.burmeseclassic.com



ဘာပြောမှာတဲ့လဲ။ ခြိမ့်ရေ ... မင်းကို စတွေ့လိုက်ကတည်းက ဒါဟာ ငါ့ရဲ့ဖူးစာရှင်လို့ ထင်မိသွားတာလေ။ ငါ့ရဲ့ဘ၀လက်တွဲ ဖော်ဟာ ဒီမိန်းကလေးပဲလို့ သတ်မှတ်လိုက်တဲ့အထိ မင်းကို ရင်းနှီးနေခဲ့တယ်ဆိုရင် ဒါဟာ ရှေးရေစက်ပဲ မဟုတ်လား ခြိမ့်။

"ခက်တော့နေပြီ ခြိမ့်ရေ"

သူက ရင်းနှီးနွေးထွေးဟန်ဖြင့် ဆိုလိုက်လျှင် သူမက ဘာလဲဟူသောပုံစံဖြင့် မျက်မှောင်ကြုတ်ကြည့်သည်။ သူက ခြိမ့်ရဲ့မျက်နှာကို တည့်တည့်ပြူးကြည့်မိကာ ပြောလိုက်သည်။

"ကျွန်တော်ကတော့ ခြိမ့်ကို လက်ထပ်ချင်စိတ် ဖြစ်နေတယ်"

"ဘာ ..."

ခြိမ့်ရဲ့အသံကြီးက အကျယ်ကြီးပဲ ဟိန်းထွက်သွားကာ လူကလည်း ထိုင်ရာမှ ဝုန်းခနဲထရပ်သည်။ သူက မျက်ခုံးပင့်ပြီး မော့ကြည့်လိုက်လျှင် ခြိမ့်က သူ့ကို စူးစူးရဲရဲ စိုက်ကြည့်နေသည်။

သူက ခေါင်းတစ်ချက်ဆတ်ကာ ထိုင်ရာမှ ထရပ်လိုက်ပြီး ခြိမ့်နဲ့ အေးအေးဆေးဆေး မျက်နှာချင်းဆိုင်လိုက်သည်။





"ဆောရီးပါ ခြိမ့်။ ခြိမ့်ကလည်း ခြိမ့်ရဲ့ရင်တွင်းဆန္ဒကို ပွင့်ပွင့်လင်းလင်း ပြောသလို ကျွန်တော်ကလည်း တကယ့်ဖီလင်ကို ပြောလိုက်တာပါ"

ခြိမ့်က သူ့ကို မယုံကြည်နိုင်သလို စူးစိုက်အကြိတ်ကြည့်ပြီးနောက် ချာခနဲ လှည့်ထွက်သွားသည်။ သူက စိတ်ပျက်လက်ပျက်နှင့် ခေါင်းခါယမ်းနေတုန်းမှာပဲ မမသိမ့်က ရောက်လာသည်။

"ဟယ် ... ခြိမ့် ဘယ်ရောက်သွားတာလဲ။ ကြည့်ဦး ဒီကောင်မလေးကတော့လေ ထင်လို့ လာကြည့်တာ။ ခြိမ့်"

"နေပါစေ မမသိမ့်။ ခေါ်မနေပါနဲ့တော့။ သူ ကျွန်တော့်ကို စိတ်ဆိုးပြီး ထွက်သွားတာပါ။ ပြန်လာမှာ မဟုတ်တော့ဘူး"

"ဘယ်လို !"

မမသိမ့်က သူ့ကို အံ့ဩသလိုဖြင့် ကြည့်လာသည်။ သူက မမသိမ့်ကို ကျေနပ်စွာဖြင့် ပြုံးပြမိကာ ...

"မမသိမ့် ... ကျေးဇူးပဲဗျာ။ ခြိမ့်ကို ကျွန်တော်နဲ့ တွေ့ဆုံခွင့်ပေးတဲ့အတွက် !။ ခြိမ့်က ကျွန်တော့်ကို လက်မထပ်ချင်တဲ့အကြောင်း ပွင့်ပွင့်လင်းလင်း ပြောတာပါ။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း သူ့ကို လက်ထပ်ချင်စိတ် အပြည့်အဝရှိတဲ့ အကြောင်း ပြန်ပြောလိုက်တဲ့အတွက် စိတ်ဆိုးသွားတာ...

မမသိမ့် (သူက လက်မတစ်ချက်ထောင်ပြပြီးနောက်) အိုခေနော်"

"အိုခေပေါ့ပါယ်"

ဝင်းပသွားသော မမသိမ့်ရဲ့မျက်နှာတွင် ကျေနပ်ခြင်းက အပြည့်အသိပ်ဖြင့် နေရာမဆုံ ဖြစ်သွားသည်။ ဆန္ဒမဲတွေက တော့ ကိုယ့်ဘက်မှာ အလေးသာနေခဲ့ပြီ။ ကိုယ့်ကို လက်မထပ်ချင်တဲ့ မင်းနဲ့ မင်းကို လက်ထပ်ချင်တဲ့ ကိုယ်တို့ ဘာတွေရှေ့ဆက်ဖြစ်ကြမယ်ဆိုတာ မင်းရော စိတ်မဝင်စားဘူးလား။

ဝေယံစာ၊ အကြည်ဖြူစာ၊ စိတ်သစ်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





## ၃

ခြိမ့် တော်တော် စိတ်လေနေသည်။ ခြိမ့်တစ်ယောက်တည်းက တစ်ဖက်ဖြစ်ကာ ကျန်တဲ့လူတွေက တစ်ဖက်သက်သက် ဖြစ်နေသောအခါ ပိုဆိုးတော့သည်။ အထူးသဖြင့် ကာယကံရှင် မေယုနိုင်ကပါ ခြိမ့်ကို လက်ထပ်ဖို့ လက်ခံခေါင်းညိတ်လိုက်တယ် ဆိုသောအခါ ဘယ်လိုမှ နားမလည်နိုင်တော့ဘဲ ခြိမ့် တော်တော် ဒေါသထွက်ရတော့သည်။ အစချိန်က ဝါဝင်တော့မည်မို့ မင်္ဂလာ လက်ထပ်ပွဲကို စတင်စီစဉ်ကာ ဆွဲစပ်ထားတော့မှာဖြစ်ကြောင်း၊ ဝါကျွတ်လျှင် မင်္ဂလာပွဲကို ကျင်းပမှာဖြစ်ကြောင်း မမကြီးနှင့် မေမေကပြောလျှင် ခြိမ့် ထိုင်သာငိုတော့ချင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ။ ခြိမ့် ဒီလောက် ငြင်းနေတဲ့ဟာကို မေမေနဲ့ မမကြီးက ဘာဖြစ်လို့ ဇွတ်ပေးစားချင်ကြရတာလဲ"

"အေး ... နင်ကရော ဘာကြောင်းပြချက်မှ မရှိဘဲနဲ့ ဘာဖြစ်လို့ ယောက်ျားမယူချင်ကြောင်း ဇွတ်ငြင်းဆန်ချင်ရတာလဲ"

"ဟာ ... မယူချင်တာဟာ မယူချင်တာပဲပေါ့။ မယူချင်တဲ့အတွက် ဘာကြောင့် မယူချင်တာလဲဆိုတာတော့ Reason မလိုဘူး ထင်ပါတယ် ...

အဲဒီလူက ကောင်းရင် ကောင်းမယ်။ ဒါပေမဲ့ ခြိမ့်မှ ယောက်ျားမယူချင်တာ၊ ခြိမ့်ဆိုတာ ယောက်ျားယူဖို့ မပြောနဲ့ ရည်းစားထားဖို့တောင် စိတ်မဝင်စားဘူးဆိုတာ မေမေတို့ သိလျက်နဲ့ ..."

အဲဒီအခါမှာ မေမေက ဘာမှမပြောဘဲ မမကြီးကသာ ဝင်ပြောပြန်သည်။

"သိတယ်လေ။ သိလို့ပဲ ပေးစားတာပေါ့မှဲ့။ နင် ဒီအရွယ်တောင် ရည်းစားထားဖို့ မစဉ်းစားချင်တာ ဒီ့ထက်ကြီးလေ ပိုဆိုးလေပဲ ဖြစ်တော့မှာပေါ့ ...





ဖေယုက နင့်အတွက် အသင့်တော်ဆုံးပဲ ခြိမ့်။ နင် သူ့ကိုပဲ ယူရမှာ။ ဒါကြောင့် ခုကတည်းက တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးအောင် နေထားကြ ...

ဒီမှာ မိခြိမ့်။ နင့်ကို သဘောသားနဲ့ ပေးစားတာတောင် ကျေးဇူးတင်စမ်းပါနော်။ နင့်ယောက်ျား သဘောတက်နေရင် နင် အေးဆေးနေလို့ ရတာပဲ"

"ဘာဆိုင်လဲကွာ။ သူ့ဟာသူ သဘောတက်တက် မတက်တက်၊ ယောက်ျားယူရမှာ ယူရမှာပဲဥစ္စာ၊ ဒီယောက်ျားကြီးကို ပေါင်းရမှာပဲ မဟုတ်လား ...

အဲဒီလိုကို မပေါင်းချင်တာဗျာ။ သိလား ... လူကိုလာပြီးထိမှာ ကိုင်မှာတောင် မကြိုက်တာ ...

ယောက်ျားတစ်ယောက်နဲ့ တစ်ခန်းထဲလည်း အတူတူ မနေနိုင်ဘူး။ တစ်ခုတင်ထဲမှာလည်း တူတူမအိပ်နိုင်ဘူး"

ခြိမ့်ရဲ့ ရဲရဲတောက်စကားသံတွေကို မမကြီးက မျက်လုံးပြူး ရင်ဘတ်ဖိကာ အော်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဟယ် ... နင် ဘာတွေဖြစ်နေတာလဲ။ ဘာဖြစ်လို့ အဲဒီလောက် အကြမ်းပတမ်းတွေ အော်ဟစ်ပြောနေရတာလဲ။ ကျွတ် ... ခြိမ့်နော်။ နင် ကလေးလည်း မဟုတ်တော့ဘူး။ အဲဒီလောက်ထိ လက်ပေါက်ကပ်တဲ့စကားတွေ လျှောက်ပြောမနေနဲ့ ...

မေမေ ... မေမေ့သမီးကိုလည်း ကြည့်ပြောဦး"

"ဟုတ်သားပဲ သမီးရယ်။ ဘာဖြစ်လို့ ဒီလောက် ခါးခါးသီးသီး ဖြစ်နေရတာလဲ။ မေမေ ဆိုလည်း အသက်နှစ်ဆယ်မှာ လူကြီးတွေ စီစဉ်လို့ သမီးဖေဖေနဲ့ လက်ထပ်ခဲ့ရတာပဲ။ အိမ်ထောင်ရေးဆိုလည်း သာယာတာပဲလေ ...

ကံမကောင်းခဲ့လို့သာ မုဆိုးမ ဖြစ်ခဲ့ရတာကလွဲပြီး ဘဝတစ်လျှောက်လုံး သမီးဖေဖေကြောင့် စိတ်ဆင်းရဲခဲ့ရတယ်ဆိုတာ ရှိမှမရှိခဲ့တာပဲ။ အဲ့ဘက်ဘက်က သင့်တော်နေတဲ့လူမို့ လက်ခံလိုက်ပါကွယ် ... နော်"

"ဟာ ... အံ့ဩတယ် မေမေရာ။ ယောကျ်ားတစ်ယောက်ကိုယူမှ သမီးအခြေအနေက ရပ်တည်နိုင်မှာ မို့လို့လား။ ဒီအတိုင်းလည်း သမီး လက်မထောင်နိုင်တယ်လေ"





"ခက်လိုက်တာ သမီးရယ်။ ဘာကြောင့်ဆိုတာ သမီးကို အကျိုးအကြောင်း ခိုင်လုံစွာ ရှင်းပြပြီးပြီလေ။ မေမေဆိုတာ သမီးထက် အရင်သေမှာ ...

သမီး မမကြီးကလည်း သူ့မိသားစုနဲ့သူ။ ကဲ ... မေမေ သေသွားရင် တစ်ယောက်တည်း အမျိုးကြီးလုပ်မယ့် သမီးလေးက သမီး မမကြီးနဲ့ရော သွားပေါင်းနေမယ့် လူစားမျိုးလား ... ပြော"

အဲဒီလို မေးလိုက်လျှင် ခြိမ့်က မျက်နှာကိုတောင် အရုပ်ဆိုးအောင် မဲ့ရွဲ့ပြလိုက်သေးသည်။ နေစရာမရှိလျှင် အဆောင်မှာ သွားနေမည်ဖြစ်ပြီး မမကြီးဆီမှာတော့ တစ်သက်လုံးနေမှာ မဟုတ်ဆိုတာကို မေမေလည်း သိနေပြီးသားဖြစ်သည်။ မမကြီးရဲ့ အမြဲယောက်ယက်ခတ်နေသော ဒီဇိုင်းနှင့် ခြိမ့်ရဲ့နားအေးပါးအေး နေချင်သော ဒီဇိုင်းတို့ဟာ ဘယ်လိုမှ တွဲဖက်၍ရမည် မဟုတ်ပါ။

"အဲဒါပဲ ကြည့်လေ။ အဲဒီတော့ ဒီလောကထဲမှာ သမီးတစ်ယောက်တည်း ကျန်နေရစ်ခဲ့မှာကို မေမေက လုံးဝမလိုလားတာ သမီး။ မေမေ စိတ်မဖြောင့်ဘဲနဲ့ သမီးအနားမှာပဲ ပြိတ္တာမကြီး ဖြစ်နေမှာကို သမီး ကြည့်ရက်နိုင်လား"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... မေမေက မိုင်တွေပိုပြီး လမ်းလျှောက်ပြီကွာ။ မေမေလည်း အလတ်ကြီး ရှိသေးတယ် ... နော်။ ဘာမှ မဖြစ်နိုင်သေးဘူး။ သမီးလည်း အငယ်လေးပဲ ရှိသေးတယ်။ ခုချိန်မှာတော့ မယူချင်သေးဘူး။ အသက်သုံးဆယ်လောက် မှယူမယ် မေမေရာ ... နော်"

"ဟဲ့ ... ဘာသုံးဆယ်လဲ။ သုံးဆယ်မှယူရင် ဘာသွားလုပ်တော့မှာလဲ။ ဖေယုက အသက်ကြီးသွားမှာပေါ့"

"အို ... ကြီးကြီးပေါ့။ သူ ကြီးသွားရင် တခြားသူကိုယူမှာပေါ့။ ယောက်ျားများ ဘယ်သူ့ယူယူပေါ့"

"မိခြိမ့်နော် ... ငါ့ကို ဒေါသထွက်အောင် လုပ်မနေနဲ့။ နင် ဖေယုနဲ့ပဲ ယူရမှာ။ အေး ... ယူမယ့်အချိန်ကာလည်း အရ ဝါကျွတ်ကို ယူရမှာ ...

နင့်အတွက် Family Plan ကအစ မေမေနဲ့ ငါနဲ့ ဆွဲပြီးသား။ လက်ထပ်ပြီး နှစ်,နှစ်လောက်အထိ နင်တို့ကို ရင်းနှီးမှုရအောင် ဒီအတိုင်းပဲ လွှတ်ထားဦးမှာ။ နှစ်နှစ်နေမှ နင်တို့ချင်း တော်တော်ဟုတ်နေပြီဆိုမှ ကလေးတွေ ဘာတွေ ယူခိုင်းမှာ၊ အချိန်ကာလတစ်ခုကို တည်ဆောက်ယူ





ရမှာမို့ ခုချိန်တည်းက လက်ထပ်ထားမှ အတော်ကျမှာ ... နားလည်လား"

မမကြီးရဲ့စကားသံအဆုံးတွင် ခြိမ့်က နားနှစ်ဖက်ကို ပိတ်ပြီးနောက် တူးတူးခါးခါးပဲ အာခေါင်ခြစ်ကာ အော်ဟစ်မိသည်။ စိတ်တိုလိုက်သည်မှာ ဒေါသထွက်လိုက်သည်မှာ ပြောဖွယ်ရာမရှိချေ။ စိတ်ကုန် စိတ်ပျက်လွန်းသောကြောင့်လည်း စကားဆက်ပြောချင်စိတ် မရှိတော့ပေ။ သူတို့နဲ့ ဆက်ပြောနေလို့လည်း ဘာမှမထူး။ ဒီတော့ ကာယကံရှင် နောက်တစ်ယောက်နဲ့သာ စကားပြောရတော့မည်။

အကျေအလည်ကို ဆွေးနွေးရတော့မည်။ ရင်မောစရာကောင်းတဲ့ မိန်းမတစ်ယောက်အဖြစ်ို သင်း မြင်ယောင်သွားပြီဆိုပါက ခြိမ့်ကို လက်ထပ်ဖို့ သူ စိတ်ဝင်စားပါဦးတော့မလား။ ဟင်း ... ဟင်း ...။

ခြိမ့်က လှို့ဝှက်စွာ ပြုံးလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရင်ခုန်နေတုန်းပဲ xxx ရင်ခုန်နေတုန်းပဲ xxx ပျော်ပါစေ အချစ်ရေ"

ဇေယုက လှိုင်ဦးမော်ရဲ့သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး လိုက်ညည်းမိကာ ရှပ်အင်္ကျီကြယ်သီးကို တပ်နေမိသည်။ မှန်ထဲ ကြည့်လိုက်သောအခါ သူ့ရုပ်သွင်က မုတ်ဆိတ်မွေးစစနှင့် သပ်ရပ်ခန့်ညားနေသည်။ အဖြူခံပေါ်မှာ ချယ်ရီရောင် ပန်းနွယ်အခက် အလက်တွေ ပါဝင်သော Alter Shirt ကို လက်ခေါက်ဝတ်ဆင်ကာ (501)ဂျင်း(န်)ကို ဝတ်ဆင်လိုက်သည်။ အင်း ... ဒီပုံလောက်ဆို ခြိမ့်နဲ့တွေ့ဖို့ ရယ်ဒီပါပဲ။

ထူးဆန်းအံ့သြစရာကောင်းတာက သူ့ကို ခြိမ့်ကိုယ်တိုင် ဖုန်းဆက်ပြီး စိမ်းလန်းစိုပြည်ထဲက Zephyr ဆိုင်လေးမှာ နံနက်ဆယ်နာရီ ချိန်းထားတာဖြစ်သည်။ ဘာအတွက်ဆိုတာ





မသိပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် သူ ပျော်ရွှင်ကျေနပ်သည်။ ခြိမ့်နဲ့ သာယာသောနေရာလေးတစ်ခုမှာ နှစ်ယောက်တည်း စကားပြောရမှာမို့ ကြည်နူးသည်။

လှပလွန်းသော ခြိမ့်ရဲ့အသားအရေဟာ နေရောင်အောက်မှာ ဘယ်လောက်များ တောက်ပစိုလက်နေလိမ့်မလဲဟု တွေးကာ စိမ်းလန်းစိုပြည်ထဲသို့ ဆယ်နာရီမတိုင်းတင်းထဲက ရောက်ရှိနေခဲ့သည်။

ခြိမ့်ရဲ့အရိပ်ရောင်ကတော့ မမြင်ရသေးချေ။ သူက ကော်ဖီတစ်ခွက်နှင့် ရေသန့်တစ်ဘူးပဲ မှာထားကာ ဟိုဟိုဒီဒီကြည့်ရင်း ခြိမ့်ကို စောင့်ရသည်။ ရောက်နေပြီဟု Message ပို့ချင်ပေမယ့် လောရာကျမှာစိုးသဖြင့် မပို့ဖြစ်တော့ပါ။ အဲဒီလိုနှင့် ကော်ဖီတစ်ခွက်ကုန်ကာ၊ ရေသန့်ဘူးလည်း တစ်ဝက်ကျိုး သူလည်းပဲ ဝိတ်လျှော့ချင်လာသည်။ ဒါကြောင့် ဝိတ်တာကို ခဏစောင့်နိုင်းကာ တွိုင်းလက်သို့ အမြန်ပြေးရသည်။ တော်ကြာ မချွေချောက ရောက်လာလို့ သူ မရှိလျှင် ပြန်သွားမှာစိုးသဖြင့် သူ့မှာ တွိုင်းလက်ဝင်တာတောင် စိတ်မဖြောင့်ဘဲ ကိစ္စကို မြန်မြန်ရှင်းကာ ပြန်ထွက်လာရသည်။ ဒါပေမဲ့လည်း မချွေခြိမ့်က မရောက်သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



နာရီကို ကြည့်လိုက်သောအခါ ဆယ့်တစ်နာရီထိုး တော့မည်။ ကဲ … ရှိပါစေတော့။ ဆယ့်တစ်နာရီထိုးပြီးမှ မရောက် လာသေးရင်တော့ သူက ဖုန်းဆက်ရတော့မည်။ ခက်တာက သူ့ ကို ဒီလိုအကြာကြီး စောင့်ခိုင်းထားသော ခြိမ့်ကို သူ စိတ်မဆိုး စိတ်မှတိုမိချေ။

နည်းနည်းလေးသော်မှ စိတ်အနှောင့်အယှက် မဖြစ် မိတာကတော့ သူ့ကိုယ်သူ အံ့သြမိပါသည်။ ဘာဖြစ်လို့လဲဆိုတော့ အရင်ကထားခဲ့သော ရည်းစားတွေကိုတောင် စောင့်ရတာ စိတ်မ ရှည်တဲ့သူလေ။

သူက ဆောင်းဘီအိတ်ထဲမှာထည့်ထားသော i Phone ကိုထုတ်ကာ နာရီကို တစ်ချက်ထပ်ကြည့်မိသည်။ ဆယ့်တစ်နာရီ ထိုးနေပါပြီ။ တစ်မိနစ် နှစ်မိနစ်လောက်သာ လိုတော့သည်။ အဲဒီအချိန်မှာပဲ အာရုံခံစားမှုသိစိတ်အရ ရှေ့တူရှူသို့ ဖျတ်ခနဲ မော့ကြည့်မိလျှင် သူ့စိတ်ထဲမှာ ဟောခနဲ ဖြစ်သွားသည်။ ဟော… လာပါပြီပေါ့။ အင်းလျားလေပြည်တွေက သူမကို သယ်ဆောင်လာ သလို လွင့်မျောရောက်ရှိလာသည့် သူမသည် ဖူးအစ်နေသောမျက်နှာ ဖြင့် အိပ်ရေးမဝသူလို ရောက်လာတာဖြစ်သည်။ ပါးပြင်နှစ်ဖက်





မှာတင်းပြီးပေါက်တော့မလား ထင်ရအောင် ဖောင်းအိနေသည်။ ချစ်စရာကောင်းလိုက်တာ ဆရာမရယ်။

ခါတိုင်းလို သူမနဲ့ လိုက်ဖက်လွန်းသော စပန့်ဂါဝန် ရှည်ကြီးတွေကို ဝတ်ဆင်မလာဘဲ Crazy စိမ်းရောင်နုနု တီရှပ် ကို ဂျင်း(န်)ပန်တစ်ထည်ဖြင့် ဝတ်ဆင်လာသဖြင့် သူ့မျက်လုံးထဲ ၌ အသစ်ဖြစ်နေသည်။ ကြည့်ရတာ ကမန်းကတန်းဖက်ရှင် ဖြစ် နိုင်သော်လည်း သူမနှင့် အတော်ကျပါသည်။

"ဆောရီး … ကျွန်မ တော်တော်နောက်ကျသွားတယ်"

သူမက သူ့ရှေ့က ခုံတစ်လုံးမှာ ဝင်ထိုင်ရင်းပြော သည်။ အခုမှ ရေချိုးလာသလားဟု ထင်ရသော အသားအရေဟာ စိမ်းဝါရောင်အင်္ကျီနှင့်ဟပ်ပြီး ဝင်းဝင်းမွတ်နေသည်။ နဖပ်နေသည် မှာ နေရောင်ပြင်းပြင်းနှင့် ထိလိုက်လျှင်တောင် ချက်ချင်းလောင် သွားမလား ထင်ရလောက်သူဖြစ်သည်။

"ကိစ္စမရှိပါဘူး။ ကြည့်ရတာ အခုမှ အိပ်ရာထလာတာနဲ့ တူတယ်"

"ဟုတ်တယ်။ ကျွန်မ အစောဆုံးနိုးရင် ဆယ်နာရီပဲလေ။ အခုလည်း ဆယ်နာရီခွဲမှ နိုးတာနဲ့ နောက်ကျသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာမရှိပါဘူး။ ခြိမ့် ဘာမှာမလဲ"

"မမှာဘူး။ ကျွန်မက ရှင်နဲ့ စကားပြောချင်လို့ လာခဲ့တာ။ ဒီမှာ ကိုဇေယျနိုင်"

သူမက အပီအပြင် ပြောတော့မည့်ဟန်ဖြင့် သူ့နာမည်ကို ခေါ်လိုက်လျှင် သူက "ဟုတ်ကဲ့"ဟု ခေါင်းညိတ်လိုက်ရသည်။ သူမရဲ့မျက်နှာကတော့ အပြတ်ပြောတော့မည့်ဟန်ဖြင့် မာန်ချီထားသည်။

"ရှင် ကျွန်မကို ဘာဖြစ်လို့ လက်ထပ်ချင်ရတာလဲ"

"ဗျာ ... အင်း ... ဘယ်လိုပြောရမှာလဲ၊ လူကြီးတွေက လည်း စီစဉ်တယ်။ ကျွန်တော်ကလည်း လက်ခံနိုင်တယ်လေ။ ခြိမ့်နဲ့ လက်ထပ်ရင် အဆင်ပြေမယ်လို့ ထင်လို့ပါ"

"လုံးဝအဆင်မပြေနိုင်ဘူး"

"ဗျာ"

"ဟုတ်တယ် ကိုဇေယျနိုင်။ ကျွန်မက ရှင် မျှော်လင့်ထားသလို အိမ်ထောင်ရှင်မကောင်းတစ်ယောက် ဖြစ်မှာမဟုတ်ဘူး။ ကျွန်မနဲ့ လက်ထပ်ရင် ရှင်ပဲစိတ်ညစ်ရလိမ့်မယ်။





ကျွန်မက တစ်ကိုယ်ကောင်းသမား။ အိမ်ရှင်မတာဝန် အိမ်ထောင့်ဝတ္တရား ဆိုတာတွေလည်း ဘာမှမသိ နားမလည်ဘူး ...

လုပ်ပေးမှာလည်း မဟုတ်ဘူး။ ကျွန်မ ထမင်းဟင်းလည်း မချက်တတ်ဘူး။ ကော်ဖီလည်း ကောင်းကောင်းမဖျော်တတ်ဘူး။ ညဆိုလည်း အိပ်ချင်တဲ့အချိန်မှ အိပ်တာ။ မနက်ဆိုလည်း ထချင်တဲ့အချိန်မှ ထတာ။ နေ့ခင်းဘက်ဆိုလည်း ထမင်းကို စားချင်တဲ့အချိန်မှ စားတာ။ အို ... ကုန်ကုန်ပြောရရင် နေချင်သလို နေတာ ...

ကျွန်မ Mood ဝင်ပြီး စာရေးနေတဲ့အချိန်ဆို ဘယ်သူမှ စကားလာပြောတာလည်း မကြိုက်ဘူး။ အဲဒီတော့ ရှင်နဲ့ ကျွန်မနဲ့က ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

"ဖြစ်နိုင်ပါတယ်"

သူက အေးအေးဆေးဆေး ပြန်ပြောလိုက်လျှင် သူမက မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ကြည့်လာသည်။

"ခြိမ့် ... ပြောတဲ့အရာတွေအားလုံးကို ကိုယ် လက်ခံနားလည်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ရှင် ဘယ်လိုလုလဲ။ ကျွန်မက ရှင့်ကို တမင်ရွဲ့ပြောတယ်များ ထင်နေလား။ ကျွန်မပြောတာ အမှန်တွေချည်းပဲနော် ...

လျော့နေတာပဲ ရှိရင် ရှိမယ်။ ပိုနေတာ တစ်ခုမှ မပါဘူး။ ကျွန်မက ရှင့် ဝေယျာဝစ္စတွေလည်း ဘာမှလုပ်ပေးနိုင်မှာ မဟုတ်ဘူး။ လုပ်ပေးချင်စိတ်လည်း မရှိဘူး"

"ရပါတယ်။ ကိုယ်ကပဲ ခြိမ့်ကို ပါရမီဖြည့်ပေးမှာပါ။ ခြိမ့်ကို လင့်ဝတ္တရားငါးပါးနဲ့အညီ ပြုစုပေးဖို့ ဆုံးဖြတ်ထားပြီးသားပါ"

"ဟင် ... ရှင် ... ရှင်"

သူမက ဘာပြောရမှန်း မသိစွာဖြင့် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်နေပုံကို သူက သဘောတကျ ပြုံးကြည့်နေမိသည်။ လူတွေမှာ မသိစိတ်ဆိုတာ ရှိတယ် မိုးခြိမ့်မဒီ။ အဲဒီ မသိစိတ်ထဲမှာကို မင်းဟာ ကိုယ့်ရဲ့တန်ဖိုးရှိသော ဇနီးမယားလေး ဖြစ်လာမယ်ဆိုတာ အလိုလို ကြိုသိနေခဲ့တယ်ဆိုရင် မင်း ကိုယ့်ကို ကြောင်လို့ ပြောဦးမလား။





"ခြိမ့်ကို ကိုယ် လက်ထပ်ချင်တယ်။ ခြိမ့်နဲ့အတူ သာယာတဲ့မိသားစုဘဝလေးကို တည်ဆောက်ချင်တယ်။ အဲဒါ ကိုယ့်ရဲ့လတ်တလော အကြီးမားဆုံးဆန္ဒပဲ"

"တိတ်စမ်း။ ရှင် ရူးနေလား။ ရှင်နဲ့ ကျွန်မနဲ့တွေ့တာ ဒါပါနဲ့မှ နှစ်ကြိမ်ပဲရှိသေးတာ။ ဒီနှစ်ခါလေးအတွင်းမှာ ရှင်က ကျွန်မအပေါ် နားလည်မှုအပြည့်နဲ့ သည်းခံနိုင်တဲ့ စွမ်းအင်တွေ ရှိတယ်ဆိုတာ ကျွန်မက အရူးမို့ ယုံရမှာလား ...

လုံးဝမဖြစ်နိုင်ဘူး။ ရှင့်ကို ကျွန်မ လက်မထပ်နိုင်ဘူး"

"ဆောရီးပဲ ခြိမ့်။ မင်းရဲ့အဲဒီဆန္ဒကလွဲပြီး ကိုယ် ဘာမဆို ဖြည့်ဆည်းပေးနိုင်ပါတယ်။ နှစ်ခါတည်း တွေ့ရုံနဲ့ဆိုတဲ့ စကားနဲ့တော့ ကိုယ့်ဆန္ဒကို မင်း အထင်မသေးနဲ့လေ ...

မင်းလည်း စာရေးဆရာမတစ်ယောက်ပဲ။ တစ်ကြိမ်တည်း တွေ့ဖူးရုံနဲ့ ရင်ထဲကို ပြင်းပြင်းပြပြ လှုပ်ခတ်သွားစေတဲ့ အချစ်မျိုး စာထဲမှာမရေးဖူးဘူးလား"

"ရှင် ဘာမှ အပိုတွေ လျှောက်ပြောမနေနဲ့။ နေစမ်းပါဦး ရှင့်အသက်အရွယ်၊ ရှင့်ရာထူးနဲ့ ရည်းစားတစ်ယောက်ရဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ခဲယဥ်းတဲ့ကိစ္စ မဟုတ်ပါဘူး။ ရှင့်မှာ ရည်းစားရှိမှာပဲ။ ရှင့်ရည်းစားပဲ ရှာပဲ ရှဖ်ယူပေါ့”

“ကိုယ် အရင်ကတော့ ရည်းစားတွေ ထားခဲ့ဖူးပါတယ်။ ဒါပေမဲ့ လက်ရှိမှာတော့ တစ်ယောက်မှ မရှိတော့ဘူး”

“အို ... အဲဒါဆိုလည်း ရှင့်ရည်းစားတွေထဲက အဆင်ပြေမယ့် တစ်ယောက်ယောက်ကို ပြန်ချိတ်ပြီး သူနဲ့ပဲယူပေါ့ ...

ဘာဖြစ်လို့ ကျွန်မကိုပဲ ဒုက္ခပေးချင်နေရတာလဲ”

အဲဒီအပြောနဲ့ အမူအရာဟာ ကလေးဆန်လွန်းအားကြီးသဖြင့် သူသည် ခြိမ့်ကို ချစ်စနိုးနဲ့သာ ပြုံးပြီးငေးကြည့်နေမိတော့သည်။ ခြိမ့်ရယ် ... အိမ်ထောင်ရေးဆိုတာကို ကလေးကစားသလို ဟိုလူ့ယူ ဒီလူ့ယူနဲ့ ပေးလို့ရစတမ်းတဲ့လား။ အဲဒါကြောင့် မမှသီမ့်က ပြောတာဖြစ်သည်။ ခြိမ့်ဟာ အရွယ်နဲ့မမျှအောင်ကလေးဆန်တတ်သည်တဲ့။ တစ်ခါတလေမှာ သူရေးတဲ့စာတွေဟာ သူရေးတာမှ ဟုတ်ရဲ့လားလို့တောင် သံသယဝင်ချင်စရာတဲ့လေ။

“အဲဒါတွေ ကိုယ်မပြောတတ်ဘူး ခြိမ့်။ သေချာတာကတော့ ကိုယ် ခြိမ့်ကို လက်ထပ်ချင်ပါတယ်။ လက်ထပ်ချင်စိတ်ရှိ





တာ တစ်ခုတည်းနဲ့တင် လက်ထပ်ဖို့က လုံလောက်တဲ့အကြောင်းပဲ မဟုတ်ဘူးလား”

ခြိမ့်က သူ့ကို စူးစူးရဲရဲ စိုက်ကြည့်ကာ တောက်တစ်ချက်ကို ပြင်းထန်စွာ ထိုင်ရာမှ ထရပ်သည်။ အထူအပါးနားလည်သော မိန်းကလေးသည် သူ့ဘက်က လုံးဝနောက်မဆုတ်တော့ဘူး ဆိုတာကို ရိပ်မိသွားဟန်ဖြင့် ဆက်ပြောနေလည်း အပိုပဲဟု သဘောပေါက်သွားဟန် ရှိပါသည်။

“ဆောရီး ခြိမ့်ရယ်။ ကိုယ် စိတ်မကောင်းပါဘူး၊ ကိုယ် ကတိပေးနိုင်တာ တစ်ခုက ...”

သူ့စကားတောင် မဆုံးသေးချေ။ ခြိမ့်က ဘာမှမပြောတော့ဘဲ ချာခနဲ ကျောခိုင်းပြီး လှည့်ထွက်သွားတာ ဖြစ်တော့လျှင် သူက အသာအယာပြုံးကာ ခေါင်းယမ်းပြီး ကျန်ရစ်ခဲ့လေသည်။ ရှေ့ဆက်၍တော့ စိတ်ဝင်စားစရာတွေ ဆက်ဖြစ်ဦးတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



## ၆

"ဟယ် ... သမီး နှုချိန့်ထိ ရေမချိုးရသေးဘူးလား။ ခဏနေဆို ဖေယု ရောက်လာတော့မယ်လေ။ ထ ... ထ ... ရေချိုးတော့"

ခြိမ့်က စာရေးနေရာမှ ဘောပင်ကို ကျစ်ကျစ်ပါအောင်ဆုပ်ဖြီး အံကိုတင်းတင်းကြိတ်မိသည်။ ဖြစ်နိုင်လျှင် အဲဒီသခေါ်သံနဲ့တွဲပြီး ဘယ်ကိုမှ မသွားချင်ပါ။ တခြားကိစ္စတွေမှာ တတ်နိုင်သလောက် ခေါင်းရှောင်လို့ ရပေမယ့် မင်္ဂလာဝတ်စုံအုပ်သည့် အချိန်မှာတော့ ဘယ်လိုမှ ရှောင်လွှဲ၍ မရတော့ပေ။ ဒါတောင် သွားအပ်ခါစက ခြိမ့် မပါခဲ့။ မမကြီးနဲ့ မေမေနဲ့ စိစဉ်တာဖြစ်ပြီး ကိုယ်တိုင်းပေးရတော့မယ့် အချိန်ကျမှ ခြိမ့်ကသွားကိုသွားပေးရတော့မည်။





"အာ ... ခြိမ့် မအားသေးဘူး မေမေ။ ဒီမှာ ဝတ္ထုက Climax ရောက်နေပြီ။ သူ့ဟာသူပဲ သွားလိမ့်မယ်။ ကိုယ်တိုင်း ထည့်ပေးလိုက်ပေါ့"

"ဟဲ့ ... အဲဒီလိုလုပ်လို့ ဖြစ်မလား။ ခြိမ့်နော် ... မေမေ့ကို ဒေါသထွက်အောင် မလုပ်နဲ့။ ဒီအခြေအနေကိုပဲ ရောက်နေပြီ။ ဖြစ်သင့် ဖြစ်ထိုက်တာကို လက်ခံပြီး အေးအေးဆေးဆေး လုပ်ပေါ့ ...

ကဲ ... ထ ... ထ ...။ ရေချိုး"

"ကျွတ် ... ဝဋ်ပဲကွာ"

ခြိမ့်က ဘောပင်ကို ပစ်ချပြီးနောက် ရေချိုးခန်းထဲသို့ ဝင်လာခဲ့သည်။ ရေပန်းကို ဖွင့်ချပစ်ရင်း ရေပန်းအောက်ကို ဝင်ကာ "အား" ခနဲပဲ အော်ဟာစ်ပစ်မိလိုက်လေသည်။ ဒီမင်္ဂလာဆောင်ကိစ္စကို ခြိမ့်က ဘယ်လိုမှ လက်မခံနိုင်ကြောင်း အတန်တန်ငြင်းခဲ့ပေမယ့် တကယ်လက်ထပ်ဖို့က အတည်ဖြစ်လာခဲ့ပြီတည်း။ ခြိမ့်တစ်ယောက်တည်းက ကွဲလွဲနေခဲ့ပြီး ကျန်တဲ့သူတွေက အသည်းအသန် ဖြစ်နေကြသောအခါ ဒီလိုဖြစ်လာရတာလည်း အဆန်းတော့ မဟုတ်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



အခုဆိုလျှင် နှစ်ဖက်မိဘ တွေ့ဆုံပြီး စေ့စပ်ကြောင်းလမ်းလည်း လုပ်ခဲ့ပြီးပြီ။ ဟိုတယ်လည်း Booking လုပ်ပြီးပြီ။ ဝတ်စုံနှင့် မိတ်ကပ်ကိစ္စတွေ စီစဉ်ကာ သီတင်းကျွတ်တာနဲ့ ဖိတ်စာရိုက်တော့မည်ဖြစ်သည်။ ဒီလို အားလုံးအစီအစဉ်တကျ ဖြစ်နေချိန်တွင် ခြိမ့်၌ နေစရာမရှိပါ။ မကြိုက်ပါဘူး၊ မယူချင်ပါဘူးဟု ဖွင့်ပြောနေတာတောင် ဖွတ်လက်ထပ်ချင်နေသော သဘောသီးကိုလည်း လုံးဝကြည့်မရပေ။

ဒီတော့ ခြိမ့်တစ်ယောက်မှာ နေရင်းထိုင်ရင်းဖြင့် အိမ်ထောင်ကျရတော့မည်။

ခြိမ့်က ရေချိုးခန်းထဲမှ ပြန်ထွက်လာသောအခါ စိတ်မပါ လက်မပါဖြင့် အပြင်ထွက်ဖို့ ပြင်ဆင်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။ မျက်နှာကို နို့ရည်လိမ်းပြီး Two Way ရိုက်လိုက်ကာ နှုတ်ခမ်းနီဖျော့ဖျော့လေး ဆိုးလိုက်ရုံမျှဖြင့် အပြင်ထွက်ဖို့က Ready ဖြစ်သွားပြီ။ အပေါ်အောက် တွဲဖက်ရခြင်းကို သိပ်စိတ်မရှည်သော ခြိမ့်က ဂါဝန်အတို၊ အရှည် စတာတွေကိုသာ အများဆုံး ဝတ်ဆင်တတ်သူမို့ အခုလည်း ဘောလုံးပြောက်အနက်



ရောင်ဂါဝန်တိုနှင့် ဆင်းလာခဲ့သောအခါ ကိုယ်တော်ချောက ဧည့်ခန်းမှာ အဆင်သင့် ရောက်နေခဲ့ပြီ။

"ဟော ... ခြိမ့်တောင် ပြီးလာပြီ။ သမီးရေ ... ဒီဖိုင်နာဆီက အပြန်ကျရင် ဖိတ်စာတိုက်ကိုဝင်ပြီး ဖိတ်စာရွေးခဲ့နော်။ နောက် ပန်းအလှပြင်တဲ့ နေရာကိုလည်း စရန်သွားချခဲ့ရဦးမယ် ... သိလား ...

ဧယုကိုတော့ အကုန်မှာပြီးသားပါ။ တော်ကြာ သမီးက ဂဂျီဂျောင်ကျနေမှာစိုးလို့"

"အာ ... မေမေကလည်း။ တော်ပြီပေါ့ တစ်နေရာဆိုရင် ...။ ကျန်တဲ့ဟာ သူ့ဟာသူ သွားပစေပေါ့"

"ခြိမ့်နော် ... နည်းလမ်းမဟုတ်တာတွေ လျှောက်ပြောမနေနဲ့၊ ကဲ ... ကဲ ... သွား၊ နေ့လယ်စာကို ဧယုက အပြင်မှာပဲ စားမယ်ပြောတယ် ...

သွားတာ လာတာက နေ့ခင်းစာစားတဲ့ အချိန်ထိ ရောက်သွားမှာ။ မစားဘဲ ပြန်မလာနဲ့။ အပြင်မှာပဲ စားခဲ့ကြားလား"

www.burmeseclassic.com

www.burmeseclassic.com



ခြိမ့်က စိတ်ကုန်လွန်းသဖြင့် ဘာမှပြန်မပြောတော့ဘဲ လှည့်ထွက်လာခဲ့တော့သည်။ ပေါ်တီကိုအောက်မှာ ရပ်ထားသော သူ့ကားကို ရှေ့ခန်းမှာ မထိုင်ဘဲ နောက်ခန်းထဲက ဝင်ထိုင်လိုက်လျှင် အိမ်ရှေ့အထိ လိုက်လာသော မေမေ့ထံမှ အသံထွက်လာသည်။

"ဟဲ့ ... ရှေ့က ထိုင်လေ။ နင့် ဒရိုင်ဘာများ မှတ်နေလား။ ကျွတ် ... ဒီကောင်မလေးတော့နော်"

"အို ... ချေချင်တဲ့စိတ်နဲ့ ထိုင်တာမဟုတ်ဘူး။ ဘယ်ဘက်အခြမ်းက နေပူနေလို့။ ကဲ ... မောင်းတော့လေ ရှင်ကလည်း"

သူက အသာပခုံးတွန့်မိကာ ခြိမ့်ရဲ့အမေကို နှုတ်ဆက်ပြီး ကားကိုမောင်းထွက်လာခဲ့သည်။ နောက်ကြည့်မှန်က တစ်ဆင့် သူမကို အကဲခတ်ကြည့်တော့ မရွှေချောက မျက်နှာထားတည်တည်နှင့် လက်ကိုပိုက်ကာ ကုမ္ပဏီပိုင်ရှင်သူဌေးမစတိုင်လ်ဖြင့် လိုက်ပါလာသည်။

"ဒီစိုင်နာဆီကိုပဲ အရင်သွားလိုက်မယ်နော်"



"ကြိုက်သလိုသာလုပ်"

"မျက်နှာကြီးကို အဲဒီလောက် တင်းမထားပါနဲ့ကွာ။ လူတွေက တစ်မျိုးထင်မှာပေါ့"

"ထင်ပစေပေါ့။ ဘာကို ဂရုစိုက်နေရဦးမှာလဲ။ ကျွန်မသဘောမတူပါဘူးဆိုတဲ့ ကိစ္စကို ရှင်တို့ ဘာဖြစ်လို့ ဇွတ်စီစဉ်လဲ"

"မင်းဘဝရှေ့ရေး ကောင်းစားဖို့ပါ"

"ဘာ ... အပေါက်။ ရှင်က ဘယ်လောက်ချမ်းသာနေလို့လဲ ရှင့်ဝင်ငွေနဲ့ ကျွန်မဝင်ငွေနဲ့ ယှဉ်ကြည့်လိုက်ဦး သိလား။ ရှင့်ကိုယူမှ ကျွန်မက ထမင်းနပ်မှန်မှာလား။ တိုက်နဲ့နေရမှာလား၊ ကားစီးရမှာလား ... ဟင်း"

ကဲကဲဆတ်ဆတ် မြန်လည်ရန်တွေ့နေသော ခြိမ့်ရဲ့စကားတွေကြောင့် သူက သဘောကျစွာ တဟင်းဟင်းနဲ့ ရယ်ရသည်။ လူကသာ စာရေးဆရာမ၊ ပြောတဲ့စကားတွေတာတော့ မြီးကောင်ပေါက်မလေး အတိုင်းလားပင်။

"မင်း ဝင်ငွေကောင်းတာ ကိုယ် သိပါတယ်။ ကိုယ်ဆိုလိုတဲ့ သဘောက ကိုယ်နဲ့လက်ထပ်မှ မင်းဘဝက ရပ်ဝန်း

www.burmeseclassic.com



တွေ မြင့်မားလာမှာကို ပြောတာမဟုတ်ပါဘူး။ မင်းရှေ့က နေ မားမားမတ်မတ် ကာကွယ်ရပ်တည်ပေးမယ့် ခင်ပွန်း ကောင်းတစ်ယောက်ကို ရမှာဖြစ်လို့ ကောင်းစားဖို့ဆိုတဲ့ စကားကို သုံးလိုက်တာပါ ...

ဒါမျိုးဆိုတာက ပိုက်ဆံရှိတိုင်း ခင်ပွန်းကောင်းကို ရတာမဟုတ်ဘူးလေ"

ဒီတစ်ခါတော့ ဟားတိုက်ရယ်မောသူမှာ ခြိမ့် ဖြစ် သည်။ ရယ်ပါစေ။ ခြိမ့် စူပုပ်နေတာနဲ့စာလျှင် ဘယ်လိုပဲရယ်ရယ် ရယ်မောနေတဲ့ မျက်နှာလေးက ပိုပြီးစိတ်ချမ်းသာဖို့ ကောင်းတယ် မဟုတ်လား ...။

"ရှင်ကများ မားမားမတ်မတ် ရပ်တည်ပေးမတဲ့။ ဟာဟာ ... တောမှာသွားပြောလိုက်။ သဘော်သားမိန်းမတွေလောက် ကိုယ့်ပြဿနာ ကိုယ်ဖြေရှင်းရတာ မရှိဘူး။ ရှင့်အလုပ် အကိုင်ကပဲ ရှင့်စကားကို သက်သေပြနေပြီ"

"သြော် ... ဒါက လွယ်ပါတယ်။ ခြိမ့်ကသာ အဲဒီလိုအမြဲ ရပ်တည်စေချင်တဲ့ စိတ်မျိုးရှိရင် ကိုယ် သဘော်မတက် တော့ဘဲ နေလိုက်မှာပေါ့ ...





ခြိမ့်က စာရေး၊ ကိုယ်က ခြိမ့်အနားမှာ ရေပူရေချမ်း ကမ်းလှမ်းပြီး ပါရမီဖြည့်ပေးမယ်။ မကောင်းဘူးလား ခြိမ့်"

"ဟင်း ... ရှင့်အကြံ ဒါအကုန်ပဲလား။ ဒီမှာ ... ရှင့်ကို စကားအဖြစ်ပြောနေတာ သိလား။ ရှင့်ဟာရှင် ရပ်တည် ပေးပေး မပေးပေး ကျွန်မ လုံးဝစိတ်မဝင်စားဘူး။ ရှင် တစ်သက်လုံး သဘော်တက်နေရင် ပိုတောင်ကောင်းသေး တယ် ...

ဝေးလေ ကောင်းလေပဲ"

သူက ခီခနဲ တစ်ချက်ရယ်ကာ လည်တုပ်ကို အသာပိကိုင်ရင်း အိုဗာအိုက်တင်ဖြင့် ရေရွတ်မိသည်၊

"ဟာ ... လည်ကုပ်ကို တံတွေးစင်လိုက်တာကွာ၊ တော် သေးတာပေါ့၊ မျက်နှာချင်းဆိုင်ဆို အာပုပ်နံ့ပါ ရမှာ"

ခြိမ့်ထံမှ တက်ခေါက်သံပြင်းပြင်း ထွက်ပေါ်လာပြီး နောက် ဘာစကားမှ ထပ်မပြောတော့ချေ။ ဒီလိုနှင့် ဒီဖိုင်နာထံ ရောက်သွားသည်။ ဒီဖိုင်နာဆီရောက်တော့လည်း သူမက အချိုး

www.burmeseclassic.com



မပြေပေ။ ဝတ်စုံရဲ့အရောင်နှင့် ဒီဇိုင်းက မမသိမ့် ရွေးထားပြီးသားမို့သာ တော်တော့သည်။ ဒီဇိုင်နာဆီက အပြန်မှာ မန်းအလှပြင်သမားထံ သွားရသည်။ အဲဒီမှာလည်း သူမက ကားပေါ်မှမဆင်းဘဲ ပေကတ်ကတ် လုပ်နေသဖြင့် သူပဲ သွားရသည်။ သူ့ကိုစိတ်ကုန်စိတ်ပျက်အောင် လုပ်နေသော်လည်း ဒီထက်ဆိုးသည့် အခြေအနေတွေကို မျှော်လင့်ပြီးသားမို့ သူကတော့ အေးဆေးပဲဖြစ်သည်။

ပန်းအလှပြင်နေရာ ပြီးတော့ ဖိတ်စာရွေးဖို့ ဖြစ်လာသည်။

ဖိတ်စာရွေးတဲ့နေရာမှာလည်း သူမက မဆင်းချေ။ ဒီတစ်ခါတော့ သူက အလျှော့မပေးတော့ဘဲ ခပ်တည်တည်နဲ့ပဲ ဖိနှိပ်လိုက်တော့သည်။

"ဒီတစ်ခါ မင်း မဆင်းလို့ကတော့ အန်တီနဲ့ မမသိမ့်ကို ကိုယ်က ပြောလိုက်မှာပဲ။ အဲဒီခါကျမှ နောက်တစ်ခေါက် ထပ်လာနေရမယ်နော် ခြိမ့် ...

မင်း ကြိုက်တဲ့ အစီအစဉ်ကိုရွေး"





"တောက် ... ရှင် သက်သက်ညစ်တာပဲ။ မသိဘူး ရှင့်ဟာ ရှင် ကြိုက်တဲ့ဟာရွေးပေါ့။ ရွေးပြီးရင် ပြီးတာပဲ မဟုတ်လား။ ကျွန်မက ဘာပါဓရာလိုလို့လဲ"

"လိုတာပေါ့၊ ခြိမ့် ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ တစ်ခုခုကို ရွေးချယ်ရမှာပဲ။ ကိုယ်က ခြိမ့် ရွေးတာမဲ့ လိုချင်တာ"

သူမက နှုတ်ခမ်းကိုကိုက်ပြီး ဘာမှမပြောတော့ပေ။ ဖိတ်စာတိုက်ကို ရောက်သောအခါ ဟိုကပြသော ဖိတ်စာတွေထဲမှ မျက်စိထဲတွေ့ရာတစ်ခုကို ကောက်ကိုင်ပြီး "ဒါ ယူမယ်"ဆို၍ ကိစ္စပြတ်လိုက်သည်။ ဖိတ်စာဒီဇိုင်း ရွေးပြီးသွားသောအခါ သတို့သား၊ သတို့သမီး အသိုင်းအဝန်းအမည်တွေ စာစီထားတာကို ပေးရသည်။ အဲဒါလည်း သူမက တစ်ခွန်းမှ ဝင်ရောက်ပြောဆိုခြင်း မရှိဘဲ နှုတ်ပိတ်ကြီး လုပ်နေသဖြင့် သူကပဲ ရှေ့ကဦးဆောင်ပြီး ပြောရသည်။ အားလုံးပြီးသွား၍ ကားဆီသို့ ပြန်လာလျှင် ...

"ကဲ ... ရှင့်ကိစ္စတွေ ပြီးပြီမဟုတ်လား။ အိမ်ပြန်မယ်"

"မပြန်သေးဘူးလေ။ နေ့လယ်စာ တစ်ခါထဲ သွားစားကြမယ်။ ဆယ့်နှစ်တောင်ခွဲနေပြီဥစ္စာ။ ဘယ်မှာစားချင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာမှ မစားချင်ဘူး၊ ကျွန်မကို အိမ်ပဲပြန်ပို့"

"မရဘူး ခြိမ့်။ အန့်တီကလည်း အပြင်မှာစားလာဖို့ ပြော ပြီးသား။ ကိုယ် ဗိုက်ဆာနေပြီ။ ခြိမ့်လည်း ဆာနေမှာပဲ။ ဘာစားချင်လဲ"

"မစားချင်ပါဘူး ဆိုနေမှ။ ကျွန်မက တစ်နာရီ နှစ်နာရီ လောက်မှ နေ့ခင်းစာစားတတ်တာ။ စားချင်ရင် ရှင့်ဟာရှင် စားတော့။ ကျွန်မ Taxi နဲ့ပဲ ကိုယ့်ဟာကိုယ်ပြန်မယ်"

"အဲဒီလို ဘယ်ဖြစ်မလဲ ခြိမ့်။ အဲဒီလို ကလေးအတွေးတွေ မတွေးစမ်းပါနဲ့ကွာ။ မင်းနဲ့ ကိုယ်နဲ့ဟာ မကြာခင် လက် ထပ်တော့မယ့် သတို့သား သတို့သမီးလောင်းတွေ ဆိုတာ လည်း သတိရဦး ...

ကဲ ... ဗိုက်မဆာလည်း Light food တစ်ခုခုတော့ စားလို့ရတာပဲ။ နီးတဲ့ ပန်းစွယ်တော်ကိုပဲ သွားလိုက်မယ်။ နော်"

"သွား ... သွား ... ရှင့်ဟာရှင် ကြိုက်တဲ့နေရာသွား"

သူမက ဆောင့်ကြီးအောင့်ကြီးပြောလျှင် သူက ကျိတ်ပြုံးကာ ကားကို အလုံလမ်းရှိ ပန်းစွယ်တော်သို့ ဦးတည်





ပြီး မောင်းလိုက်သည်။ ပန်းစွယ်တော်က ကြက်ကင်ကောင်းတာ မို့ ဗိုက်မဆာသော သူမဟာ ကြက်ကင်မွှေးမွှေးရဲ့ရနံ့ကို ရလာ လျှင်တော့ ဆာလာမည်ဟု ထင်သည်။

ပန်းစွယ်တော်သို့ ရောက်လျှင် သူက ဝိတ်တာကို စားစရာတွေမှာသည်။

"ကြက်ကင်တစ်ပွဲ၊ ထမင်းကြော်က ဝက်သားနဲ့၊ အင်း ... ပြီးတော့ ကင်းမွန်းအစပ်သုပ်ပေး၊ ရေသန့်တစ်ဘူးချမယ် နော် ... ခြိမ့်ရော"

"မစားဘူး"

သူမရဲ့ စုပုပ်ပုပ်အပြောကြောင့် ဝိတ်တာစောင် ပြုံးစိစိ ဖြစ်သွားသည်။ သူက အဲဒါကို အခွင့်ကောင်းယူကာ သူမ ကို ဝိုကျပ်လိုက်သည်။

"ခြိမ့်ကလည်းကွာ။ အဲဒီလို မလုပ်ပါနဲ့။ ခြိမ့်မစားရင် မောင် ဘယ်မျိုကျပါ့မလဲ။ ကြက်ဆီထမင်း စားမလား။ ဒီက ကြက်ဆီထမင်း ကောင်းတယ်"

"ဒီမှာ ... ရှင် မပြောလည်း စားဖူးတယ်။ ဆရာကြီးလာ လုပ်မနေနဲ့။ ဟိတ် ... ဝက်အူကြော်တစ်ပွဲ၊ ထမင်းဖြူတစ်



www.burmeseclassic.com

www.burmeseclassic.com



လုံး၊ ပင်လယ်စာတုန့်ယမ်းရည်၊ နောက် ကြက်သွန်နီကို အကွင်းလှီးပြီး ခရမ်းချဉ်သီးနဲ့ အချဉ်လုပ်ပေး၊ သံပရာရည် ဆမ်းနော်။ ဖရဲသီးဖျော်ရည်တစ်ခွက် ...

မှတ်မိတယ်နော်။ အဲဒါတွေ အမြန်ဆုံး လာချပေး"

ဝိတ်တာက ပြုံးစိစိဖြင့် မှတ်ပြီးနောက် ခေါင်းညိတ်ကာ ထွက်ခွာသွားသည်။ သူမ မှာတာတွေကို သူက မျက်လုံးပြူးပြူး ...

"ဟား ... မစားဖူးဆိုပြီး မှာတော့လည်း ရှယ်တွေပါလား။ ခြိမ့် မှာထားတာတွေလည်း ကိုယ့်အကြိုက်တွေချည်းပဲ ...

ခြိမ့်ကလည်း အစားကောင်းကောင်း ကြိုက်တတ်တယ်နဲ့တူတယ်နော်"

"အစားကောင်း မကြိုက်တဲ့သူလို့ ရှိလား။ အပိုတွေပြောပြီး ဖောမနေစမ်းပါနဲ့၊ ရှင် စားသောက်နေတဲ့အချိန်မှာ ကျွန်မက ငုတ်တုတ်ထိုင်မနေချင်လို့ မှာစားတာ ...

ဒါပေမဲ့ ရှင် ကျွေးတာတော့ မစားဘူး။ ကိုယ့်ပိုက်ဆံနဲ့ကိုယ်စားမှာ။ အမေရိကန် စစ်စတမ်ပဲ"





ကျလည်း ကျလောက်သော ဆရာမကို သူကတော့ ဘာမှမပြောတော့ဘဲ ပန်းသာတွန့်ပြုံးမိသည်။ အဲဒါကြောင့် ပြောတာပေါ့။ ခြိမ့်ဟာ သူ့အတွက်တော့ တကယ်ကို Attrection ရှိတဲ့သူပါလို့။ ဘယ်လိုပဲဖြစ်ဖြစ် ခြိမ့်နဲ့နေရတာတော့ သူ ပျင်းမှာမဟုတ်ချေ။ တစ်နည်းတစ်ဖုံတော့ ပျော်စရာကောင်းမည်ဟု ထင်ပါသည်။

"မင်္ဂလာပွဲနဲ့ပတ်သက်ပြီး ခြိမ့်ရဲ့ဆန္ဒအနေနဲ့ ဘာတွေထပ်လုပ်ချင်တာ ရှိသေးလဲ"

"ရှင် ရွဲ့မေးနေတာလား"

"မဟုတ်ပါဘူး။ အကောင်းမေးနေတာ။ ပန်းကိစ္စတို့ လက်ဆောင်ပြန်ကမ်းတဲ့ကိစ္စတို့ အဲဒါမျိုး ဘာတွေလုပ်ချင်သေးလဲလို့ မေးတာ"

"ဘာမှမလုပ်ချင်ဘူး။ စိတ်လည်း မဝင်စားဘူး။ ဒီမှာ ရှင့်ကိုလေ ကျွန်မ ဘယ်လိုမှ နားမလည်ဘူး။ ရှင့်အနေနဲ့ မိန်းမတစ်ယောက်ရဖို့ဆိုတာ ခဲယဉ်းတဲ့ကိစ္စ မဟုတ်ပါဘူး ...

ရှင် တခြားမိန်းမတစ်ယောက်ကို ရွေးချယ်သင့်တယ်၊ ကျွန်မလို အိမ်ထောင်ရှင်မကောင်း မဖြစ်နိုင်တဲ့ မိန်းမတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကိုယ့်ရင် ရှင်ပဲ စိတ်ဆင်းရဲရမှာ။ ရှင့်သဘောထား တွေကို ပြောင်းလိုက်ရင် ခုချိန်မှာ အချိန်မီသေးတယ်”

“အဲဒါကိုက မဆိုးသေးဘူး”

သူက ပထမဆုံး လာချပေးသော ကြက်ကင်ကို ကောက်ဝါးရင်းမှ အဲဒီစကားကို အေးအေးဆေးဆေး ပြန်ပြောမိလျှင် ခြိမ့်က မျက်မှောင်ကြုတ်ကြည့်သည်။ ဘာလဲ ? ဆိုသောသဘော ! ။

“ဟုတ်တယ်လေ။ ခြိမ့်မှာ ကိုယ့်ကို မိန်းမရတာ ကံဆိုးလိမ့်မယ်နော်ဆိုတဲ့ စိတ်ပူပေးတဲ့ စေတနာလေးရှိတာကိုက ကောင်းနေတဲ့အချက်ပဲ ...

ကိစ္စမရှိပါဘူး ခြိမ့်။ ခြိမ့်ဟာ ကိုယ့်ကိုသစ္စာရှိရှိနဲ့ ပေါင်းသင်းသွားမယ့် မိန်းမတစ်ယောက် ဖြစ်နေရုံနဲ့တင် ကိုယ့်အတွက်က ကျန်တာအားလုံး ပြည့်စုံပါတယ်”

“ရှင် တော်တော်လည်း တတ်နိုင်တဲ့သူပဲ။ သစ္စာရှိရှိပေါင်းတယ်ဆိုတာနဲ့ပဲ သာယာတဲ့အိမ်ထောင်ရေးမျိုး ဖြစ်မတဲ့လား”

“ကိုယ် ကြိုးစားမှာပေါ့ ခြိမ့်”





သူက တကယ်ကို လေးနက်သောမျက်လုံးများဖြင့် ခြိမ့်ရဲ့မျက်ဝန်းတွေထဲသို့ တည့်တည့်ဆုံအောင်ကြည့်ပြီး ပြောလိုက်လျှင် ခြိမ့်က စူးစိုက်စွာကြည့်ပြီးနောက် မျက်နှာလွှဲသွားသည်။

တစ်စုံတစ်ယောက်ရဲ့အချစ်နဲ့ မေတ္တာဓာတ်က အရမ်းအင်အားကြီးနေခဲ့တယ်ဆိုရင် ရန်သူတောင်မှ လည်ပြန်ကြည့်လာတတ်တာပဲ မဟုတ်လား ခြိမ့်ရယ်။ မင်းနဲ့ ကိုယ်နဲ့က ရန်သူတွေမှ မဟုတ်ကြတာ။ တစ်အိမ်တည်းမှာပဲ နေ့ရှိသရွေ့ အတူတူနေကြမယ့် အနီးဆုံးလူတွေပဲ။ ချစ်ခြင်းမေတ္တာဆိုတာ ရယူချင်တယ်ဆိုရင် လက်တစ်ကမ်းအကွာမှာပဲ ရှိတာပါ။

ခဏနေသောအခါ မှာထားသော စားစရာတွေရောက်လာသဖြင့် သူမက တစ်စက်လေးမှ ရှိုးတိုးရှန်းတန်း မဖြစ်ဘဲ အားပါးတရ စားသောက်သည်။ သူမ စားနေပုံလေးကို သူက ချစ်စနိုးပြုံးကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်၍ ...

“ခြိမ့်က ထမင်းဟင်း မချက်တတ်ဘူးဆိုတော့ ကိုယ်တို့ လက်ထပ်ပြီးသွားရင် ဒီလိုပဲ မကြာခဏ အပြင်ထွက်စားကြတာပေါ့ ခြိမ့်။ နော်”



www.burmeseclassic.com

www.burmeseclassic.com



သူမက ဘာမှပြန်မပြောချေ။ စားစရာရှိတာကိုစားလိုက်၊ ဖရဲဖျော်ရည်ကို မော့လိုက်ဖြင့် ဟုတ်နေသည်။

"ကိုယ်တို့ လက်ထပ်ပြီးသွားရင် မေမေတို့လက်ဖွဲ့တဲ့ ဗဟန်းကအိမ်မှာ နေရမှာနော် ခြိမ့်။ အိမ်က အားလုံးတော့ ပြင်ဆင်ပြီးပါပြီ။ တကယ်လို့ ခြိမ့်စိတ်ကြိုက် ထပ်ထည့်ချင်တာရှိရင် ..."

သူ့စကားတောင် မဆုံးသေးချေ။ သူမက လက်ကာပြကာ ...

"တော်ပြီ။ ထပ်လည်း မထည့်နဲ့၊ စိတ်မဝင်စားဘူး"

"အိုခေပါ ... ဒါပေမဲ့ ခြိမ့်အတွက် စာကြည့်ခန်းတစ်ခုကိုတော့ ကိုယ် ကောင်းကောင်းလုပ်ပေးထားတယ်။ ဒါနဲ့ ခြိမ့်ဝတ္ထုတွေထဲက ကံ့ကော်ပွင့်လေး ဝင်စားတဲ့ညနေဆိုတဲ့ စာအုပ်က တော်တော်ကောင်းတယ်နော်။ အဲဒါ ဗီဒီယိုမရိုက်ဘူးလား"

"ဒီမှာ ရှင် စကားတွေ သိပ်မများရင် ကောင်းမယ်။ ပြီးတော့ တစ်ခု ပြောရဦးမယ်။ စာရေးဆရာမနဲ့ ရောချင်





ရင် သူ့စာအုပ်တွေဖတ်ပြီး ရောလို့ရတယ်ဆိုတဲ့ အတွေးကနှောင်းခေတ်မှာ ကျန်ခဲ့ပြီ ...

လာလုပ်မနေနဲ့။ စာအုပ်အကြောင်းလည်း ဆွေးနွေးဖို့ စိတ်ကူးမရှိဘူး"

သူမက ပြတ်ပြတ်သားသားပင် ပြောဆိုလေသည်။ သို့သော်လည်း သူက မဖြုံပါ။

သူမက ဝက်အူတစ်ဖတ်ကို အချည်ရည်ဖြင့် သွားတို့ရင်းမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် သူ့ကို ကောက်ကာငင်ကာ ထ,မေးသည်။

"ဒါနဲ့ ... နေပါဦး။ ရှစ် ဘယ်တော့ သင်္ဘောပြန်တက်မှာလဲ"

"မပြောတတ်သေးဘူး။ အေးအေးဆေးဆေး နေဖြစ်ဦးမှာပေါ့"

"ဟင် ... ဘယ်လို အေးအေးဆေးဆေး နေမှာလဲ။ ဦးသက်တောင် နှစ်လ သုံးလလောက်ပဲ နားတဲ့ဟာ။ ရှင့်ကိုယ်ရှင် မပျော်ခြောက်လ၊ ပျော်ရင်တစ်သက်လုပ်လို့ ရမလား"



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့စကားပုံကို သူက သဘောကျသဖြင့် ပြုံးမိသွားရသည်။ ဒီဆရာမဟာ မြန်မာစာကို ဝါသနာပါသောသူပီပီ စကားပြောလိုက်လျှင်လည်း ဥပမေ ဥပမာ၊ စကားပုံတွေနဲ့မှပြောတတ်သူ၊ ချက်ကျလက်ကျ ပြောတတ်သူဟု သူက သိပြီးသားဖြစ်သည်။

"ရတာပေါ့။ ခြိမ့် မကြားဖူးဘူးလား၊ CDC လက်မှတ်ကိုင်ထားပြီး သင်္ဘောမတက်တဲ့သူတွေလည်း အများကြီးရှိတာပဲ ...

ကိုယ့်သူငယ်ချင်းတွေထဲမှာဆို သင်္ဘောတက်ပြီးပြန်လာ၊ လက်ထဲမှာပါလာတဲ့ပိုက်ဆံ ကုန်သွားပြီဆိုမှ ပြန်တက်တဲ့သူတွေတောင် ရှိသေးတယ်။ တချို့ကောင်တွေဆို စိတ်ကူးပေါက်တဲ့အချိန်မှ ထ,တက်ကြတာ"

"အိုး ... အဲဒါက လူပျို့လူလွတ်တွေပဲ ဖြစ်နိုင်မှာပေါ့။ အိမ်ထောင်သည်တွေကတော့ စိတ်ပါမှ တက်မယ်လို့ ဘယ်ရပ့ါမလဲ ...

ရှင်လည်း အိမ်ထောင်ကျသွားပြီဆိုရင် အဲဒီလိုလုပ်လို့ ဘယ်ရမလဲ"





စကားအရာမှာ ကျွမ်းကျင်လိမ္မာသော ခြိမ့်ကို သူက ချစ်စနိုးဖြင့် ပြုံးကြည့်မိသည်။ ကြီးလေးလှတဲ့ အိမ်ထောင်ဆိုတဲ့စကားလုံးကြီးကို ဖန်းပြပြီး သူ့ကို သူမအနားမှာ မရှိစေချင်တာသူ သဘောပေါက်ပါသည်။

"ခြိမ့်က ကိုယ်ရှာတဲ့ပိုက်ဆံတွေ အားလုံးကုန်အောင် သုံးနိုင်ရင် ကိုယ် သင်္ဘောတက်မှာပေါ့။ ခုတောင် ကိုယ်ကျွေးတဲ့ထမင်းကို မစားဘူးဆို ...

အဲဒီအတွက် ကိုယ်သင်္ဘောတက်ပြီး အလုပ်လုပ်တော့ရော ဘာထူးမှာလဲ"

သူ့ရဲ့ချက်ကျလက်ကျစကားကို ခြိမ့်က ဘာမှမပြောနိုင်ဘဲ စူးစူးစိုက်စိုက်ကြည့်ကာ ငြိမ်သွားသည်။

"ကိုယ်ပြောတာ ဟုတ်တယ်မှုလား ခြိမ့်"

"ဘာဆိုင်လဲ။ ရှင် ရှာတာ ကုန်အောင်သုံးပစ်မှ ရှင်သင်္ဘောတက်မယ်ဆိုတာ အဓိပ္ပာယ်မှ မရှိတာ။ ကုန်အောင်မသုံးလည်း အဲဒီပိုက်ဆံတွေက စုထားလို့ရတာပဲ။ ကဲ ... ထားပါ၊ ရှင်ကတော့ စကားတတ်တိုင်း ရှင်လိုသလိုလှည့်ပြောနေမှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ ရှင့်ဟာရှင် ဇာက်ချင်တက် မတက်ချင်နေ။ ကျွန်မ စိတ်မဝင်စားဘူး။ ဟော့ ... ဒီမှာ ဘီလ်ရှင်းမယ်။ ဒီဘက်ကဟာတွေကို သပ်သပ်တွက်ပေး"

"ရှင်းချင်တယ်ဆိုလည်း ကိုယ့်အတွက်ပါ ရှင်ပေးပေါ့"

"မရှင်းဘူး။ အမေရိကန် စစ်စတမ်ပဲ"

မြို့မ်က ပိုက်ဆံရှင်းပြီးသွားတာနှင့် ဆိုင်ထဲကနေ၍ အရင်ထ,ထွက်သွားသည်။ သူကတော့ ကျန်တဲ့ပိုက်ဆံကို ထပ်ရှင်းကာ နောက်ကနေ၍ လိုက်ပါလာရလေသည်။ အရာအားလုံးအတွက် အခြေအနေတွေကတော့ မဆိုးသေးဟု မှတ်ယူရပါမည်။





၇

"ဟော့ကောင်ကြီး ... ချစမ်းပါဦးကွာ၊ နောက်တစ်ခွက်လောက်"

"အာ ... မလုပ်နဲ့ တော်ပြီ ... တော်ပြီ။ အိမ်ကို ကားမောင်းပြန်ရမှာ မဖြစ်ဘူး"

"ဟား ... ဟား ... အဲဒါကြောင့် မဟုတ်ပါဘူးကွာ။ မင်းရဲ့အသစ်စက်စက်ဇနီးချောလေးကို ကြောက်ရင် ကြောက်တယ် ပြောစမ်းပါ"

အဲဒီစကားကြောင့် သူက ကိုယ့်ဝမ်းနာ ကိုယ်သာသိစွာဖြင့် ပြုံးမိသည်။ တကယ်တမ်းပြောရလျှင် မြို့မ်က သူ့လူမှန်းသူမှန်း မသိအောင် မူးလာပါက ပိုတောင်ကြိုက်ဦးမည် မဟုတ်ပါလား။ အချိန်တွေဟာ နာရီလက်တံတွေကို ခပ်မြန်မြန်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲလှည့်ပစ်လိုက်သလို ကုန်သွားခဲ့ပြီး သူနဲ့ခြိမ့်ရဲ့ လက်ထပ်မင်္ဂလာပွဲသည် ဒီနေ့မနက်မှာပဲ အောင်အောင်မြင်မြင်ကြီး ပြီးဆုံးခဲ့ပြီဖြစ်သည်။ လက်ထပ်မင်္ဂလာပွဲသာ လုပ်ခဲ့ပြီး ရင်းနှီးသောမိတ်ဆွေများကို Dinner လုပ်မည့်အစီအစဉ်အား ခြိမ့်က အကြီးအကျယ်ကန့်ကွက်ခဲ့တာဖြစ်သည်။

မလုပ်မဖြစ် လုပ်ရသော မင်္ဂလာဆွမ်းကျွေးခြင်းနှင့် လက်မှတ်ထိုးသည့်နေ့မှာ တစ်ရက်တည်းဖြစ်ပြီး ဧည့်ခံပွဲကတော့ Sedona Hotel မှာ ဒီနေ့မနက်ကပဲ ပြီးခဲ့သည်။ ညဘက် Dinner ကိုတော့ ခြိမ့်က လုံးဝမလုပ်ချင်ကြောင်း ခါးခါးသီးသီးကို ငြင်းဆန်သဖြင့် ခြိမ့်အမေနဲ့ အစ်မကတောင် လက်လျှော့ပေးခဲ့ရတာဖြစ်သည်။

ဧည့်ခံပွဲပြီးကတည်းက ရှုံ့မဲ့နေသော ခြိမ့်ဟာ Hotel ကပေးသော တစ်ညတာတည်းခိုခွင့် လက်ဖွဲ့ကိုတောင် လက်မခံခဲ့ပေ။ Hotel မှာ မအိပ်နိုင်။ ကိုယ့်အိမ်မှာပဲ နားမည်ဟုဆိုကာ ဇွတ်ပြန်တာဖြစ်သည်။ ရှုံ့မဲ့တွန့်လိမ်နေသော ခြိမ့်ကို သူမရဲ့အမေကိုယ်တိုင်က ဆေးတိုက်နေသဖြင့် သူကတောင် စိတ်ပူပြီး မေးမြန်းခဲ့ရသေးသည်။





"ခြိမ့်က မရွှေနဲ့ မေယုရေ။ နောက်ကျရင် အကြောင်းသိလာပါလိမ့်မယ်။ သူက အိမ်ထဲကအိမ်ပြင် သိပ်မထွက်တော့ အပြင်သွားတာများရင် လူရှုပ်ရှုပ်နေရာ ရောက်ပြီးပြီဆိုရင် ခေါင်းတွေ ထိုးကိုက်လာရော ...

လူများများရှိတဲ့နေရာမှာကို သူ မနေတတ်တာ"

အဲဒါကြောင့်လား။ တခြား ဘာအကြောင်းကြောင့်လည်းတော့ မသိပါ။ ခြိမ့်က Dinner လုပ်ဖို့ကို ငြင်းဆန်သဖြင့် နောက်ဆုံးတော့ သူဟာ သူငယ်ချင်းတွေနဲ့ပဲ စားသောက်ဆိုင်တစ်ခုမှာ လူပျိုညကို ဖြတ်ကျော်လိုက်ရသည်။ တခြားဧည့်သည် ဘယ်သူမှမပါဘဲ သူ့ရဲ့အရင်းနှီးဆုံး သူငယ်ချင်းတွေနဲ့သာ ဘတ်ချလာနိုက်ကို ကျော်ဖြတ်နေရခြင်းဖြစ်သည်။ သူ့သူငယ်ချင်းတွေတော်တော်များများက သူ့လိုပဲ သဘောသားတွေမို့ ဆုံတဲ့လူကလည်းရှိ၊ မဆုံတာတွေလည်းရှိ။ တချို့တွေက သင်္ဘောတက်နေကြတာ များတာမို့ ဒီမှာရှိသလောက်ကိုပဲ ဆုံတွေ့ရသည်။ သူ့ရဲ့အရင်းနှီးဆုံးဘော်ဒါ ငမျိုးဆိုလျှင် မင်္ဂလာဆောင်နှင့်ကွက်တိ မနေ့ကမှ ပြန်ရောက်တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဘာပြောကောင်းမလဲ။ အရိုပ်မြွက်လေးတောင် မသိရအဲ ကောက်ကာငင်ကာ မိန်းမယူသွားသလို ဖြစ်နေတဲ့သူ့ကို အင်တာဗျူးကြဲတော့တာပေါ့။ ခြိမ့်ရဲ့ဖုံစံကို မြင်လိုက်တာနှင့် လက်ထပ်ပွဲကို စိတ်မပါကြောင်း သိသာနေတာမို့ ကိုယ့်ကို မလိုလားသော မိန်းကလေးတစ်ယောက်ကို ဘာကြောင့်လက်ထပ်ရသလဲဆိုတာ စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်နေသည်။ အလောတကြီး လက်ထပ်ရအောင်လည်း သူတို့အသက်တွေက သုံးဆယ်ပြည့်ဖို့တောင် နှစ်နှစ် သုံးနှစ် လိုသေးရဲ့။

"ကဲ ... ရှင်းစမ်းပါဦး။ နောင် မရတော့မယ့်အလားအရေးတကြီး မိန်းမကောက်ယူလိုက်တဲ့ အကြောင်းရင်းက ဘာများဖြစ်မလဲ ...

မင်းဆရာမက မလှဘူး မဟုတ်ဘူး။ လှပါတယ်။ ဒါပေမဲ့ ရူးသွားလောက်တဲ့ အလှမျိုးမဟုတ်သလို မင်းအသက်ကလည်း ရူးရတော့မယ့် အသက်မျိုး မဟုတ်ဘူးလေ။ မင်း အရင်ထားခဲ့တဲ့ ရည်းစားတွေမှာလည်း ဒီ့ထက်လှတာတွေတောင် ပါသေးတာပဲ"





"အေးလေ ... ပြီးတော့ ဟိုက မင်းကို မယူချင်ဘူးဆို။ ကိုယ့်ကို မယူချင်တဲ့ မိန်းမတစ်ယောက်ကိုများ မင်းမို့ယူတယ် ...

ဘာလဲ ? မင်းက သူ့ကို မြင်မြင်ချင်းပဲ Crazy ဖြစ်သွားတာပေါ့ ဟုတ်လား"

"မင်းတို့ ပြောတာတွေ အားလုံးမှန်ပါတယ်။ ဒါပေမဲ့ တစ်ခု ပြောရရင် သူ့ကို စတွေ့လိုက်တတည်းက ငါ့စိတ်ထဲမှာ ဒါ ငါလက်ထပ်ရမယ့် မိန်းကလေးဆိုပြီး တထစ်ချပဲ ယုံကြည်နိုင်မာသွားတယ်။ သူ့အလှကို ယစ်မူးတာလည်း မဟုတ်ဘူး။ အဲ ... ဒါပေမဲ့ သူ့အသားအရေက တော်တော့်လှတာကိုတော့ သဘောကျတယ်။ တစ်ခြားဟာတွေကတော့ ရှင်ခုန်တာ ဘာညာ မရှိဘူး ...

သူနဲ့ စကားပြောရတာ စိတ်ဝင်စားဖို့ကောင်းတယ်။ သူက ဆရာမ မဟုတ်လားကွာ။ ဉာဏ်ရည်ကတော့ သာမန်မိန်းကလေးတစ်ယောက်နဲ့ ဘယ်တူမလဲ။ အဓိက, က စာဖတ်တဲ့သူဆိုတော့ သူနဲ့စကားပြောရတာ စိတ်ဝင်စားဖို့ ကောင်းတယ်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဟား ... အဲ့ဒါလေးတစ်ခုနဲ့ မင်းက မိုက်မိုက်မဲမဲကြီး လက်ထပ်ပစ်ခဲ့တယ်ပေါ့။ တစ်ယောက်နဲ့ တစ်ယောက် တကယ်ချစ်ပါတယ်ဆိုပြီး ကြည်ကြည်ဖြူဖြူ ယူခဲ့တဲ့စုံတွဲတွေတောင် အဆင်မပြေတာတွေက အများကြီးဥစ္စာ ...

မင်းတို့က အချစ်လည်းမပါ။ ဟိုတစ်ယောက်ကဆိုတာ မင်းကို ကြည့်တောင် ကြည့်ချင်တာ မဟုတ်ဘူး"

သူက ဘဲကင်တစ်ဖတ်ကို ပါးစပ်ထဲ ထည့်မြှုပြီးတော့မှ ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြန်ဖြေမိသည်။

"မင်းစကားထဲမှာပဲ အဖြေက ပါပြီးသားပဲကွာ။ အချစ်ကို အခြေခံပြီး တည်ထောင်ထားတဲ့ အိမ်ထောင်ရေးတွေမှာတောင် အဆင်ပြေမယ်လို့ အာမ,မှုမခံနိုင်တာ။ သိပ်ချစ်လေ ပြဿနာတက်လေပဲကွ။ တကယ်တမ်း အဆင်ပြေစေတာ မေတ္တာတရားပဲ"

သူ့စကားကို ငမျိုး၊ စည်သူနှင့် သီဟတို့မှာ အူလှိုက်သည်းလှိုက် ရယ်မောကြလေသည်။ ရယ်ပါစေ ... လူဆိုတာ ကိုယ်ယုံကြည်ရာကို ကိုယ်လုပ်ကြသည်မို့ သူကတော့ ခုချိန်မှာ ရယ်မောလှောင်ပြောင်တာကိုလည်း ခံဝံ့လေ၏။





"ဟား ဟား ... ဒီနေ့အဖို့တော့ ရယ်ရတာနဲ့တင် မူးမှာ မဟုတ်တော့ဘူး၊ ဒီနေ့မှ အသစ်စက်စက် သတို့သားက မေတ္တာတရားအကြောင်း လာပြောနေတယ် ...

မင်းတို့အိမ်ကို လိုက်တောင်ကြည့်ချင်လိုက်တာကွာ။ နေပါဦး ... မင်းတို့က နှစ်ယောက်တည်း သပ်သပ်နေမှာဆို"

"ဟုတ်တယ်။ ဗဟန်းက အိမ်မှာလေ။ ငါတို့နှစ်ယောက်ပိုပြီး Close ဖြစ်အောင် အိမ်အကူတောင် မထားဘူး"

"ဟ ... တယ်ဟုတ်ပါလား။ မင်းရဲ့ဆရာမက ဒီခေတ်ထဲမှာ ရှာမှရှားတဲ့ အိမ်ထောင်ရှင်မကြီးနဲ့တူတယ်။ ငါတို့ကို ထမင်းတွေ ဘာတွေ ဖိတ်ကျွေးလေကွာ ...

မင်းတို့နှစ်ယောက်တည်း နေတာဆိုတော့ မင်းတို့အိမ်ကို ငါတို့ ဘီအဖြစ် စခန်းချရမယ်။ ဟဲ ... ဟဲ"

ငမျိုးရဲ့စကားကို သူက ပြုံးစိစိဖြင့် ပခုံးတွန့်ပြမိသည်။ ခြိမ့်ရဲ့အကြောင်းကို သူက အသိဆုံးလေ။

"လာခဲ့ကြပေါ့ကွာ။ ဆရာမကလည်း အေးဆေးပဲဟာ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"နေကြဦးကွ။ ဒီကောင့်ပုံစံက တစ်ခုခုကို ဂဏာန်းငြိမ်နေသလို အရှိမ်းအေးဆေးဖြစ်နေတယ်။ ဘာတွေ ကျိတ်ကြံထားလဲ မသိဘူး။ ဟေ့ကောင် ...

မင်း အဲဒီလိုတော့ မလုပ်နဲ့ကွာ။ ငါ့ကိုလည်းနည်းနည်းပါးပါး ပြောပြဦး။ ငါက နောက်တစ်ခေါက်ဆိုရင် မိန်းမယူတော့မှာ။ မင်းသိတဲ့အတိုင်း ငါ့ကောင်မလေးနဲ့ ငါနဲ့ကလည်း ဝေးနေတာတောင် တခြိမ်းခြိမ်းသတ်နေကြတာ။ ယူရမှာတောင် ခပ်လန့်လန့်ပဲ။ ယူပြီး သတ်နေရင်လည်း ဒုက္ခ"

"အဲဒါပြောတာပေါ့။ လောကမှာ ဘယ်အရာမှ မသေချာဘူးလို့။ ဘာကိုမှ အတပ်မပြောနိုင်ဘူး ...

ငါက ဂဏာန်းငြိမ်နေတာတော့ မဟုတ်ပါဘူးကွာ။ ငါလည်း အခုမှ စမ်းသပ်မှာပါ"

"ဟေ ... ဘာကို စမ်းသပ်မှာလဲ"

"ဟေ့ကောင်တွေ ... ပေါက်ကရ လျှောက်တွေးမနေနဲ့။ ငါ ပြောချင်တာ အဲဒါ မဟုတ်ဘူး။ မင်းတို့ကို ငါကြားဖူးတဲ့ ပုံပြင်တစ်ပုဒ် ပြောပြမယ်။ သေရာနားထောင်"





သူက လေးနက်စေလိုသောဆန္ဒဖြင့် စကားစကို ခေတ္တဖြတ်ကာ ကြည့်လိုက်လျှင် သူငယ်ချင်းတွေက သူ့ကို စိတ်ဝင်တစားဖြင့် စိုက်ကြည့်နေတာကို တွေ့ရသည်။ သူက ခေါင်းတစ်ချက် ညိတ်ပြီးတော့မှ သူ ကြားဖူးသော အင်္ဂလိပ်ပုံပြင်လေးကို စတင်ပြောပြသည်။

"ဒီလိုကွာ ... နိုင်ငံ နှစ်နိုင်ငံရှိတယ်။ A နိုင်ငံနဲ့ B နိုင်ငံဆိုပါတော့။ အဲဒီနိုင်ငံနှစ်ခုဟာ စစ်ဖြစ်ကြတယ်။ စစ်ဖြစ်တော့ A နိုင်ငံက စစ်ရှုံးသွားတယ်။ A ရဲ့ဘုရင်ကို ရန်သူတပ်တွေကဖမ်းပြီး အကျဉ်းချထားလိုက်တာ။ သိပ်မကြာပါဘူး B နိုင်ငံရဲ့ဘုရင်က သနားသောအားဖြင့်ဆိုပြီး အင်မတန်ခက်တဲ့မေးခွန်းကို ဖြေနိုင်ရင် လွှတ်ပေးမယ်လို့ A ဘုရင်ကိုပြောတယ် ...

အဲဒီအဖြေကို အချိန်ယူပြီး ရှာပါ။ ရှာဖို့ အချိန်တစ်နှစ်ပေးမယ်လို့ ဘုရင်က ပြောလိုက်တယ်။ မေးခွန်းကတော့ "မိန်းမတွေ အမှန်တကယ်လိုချင်တာ ဘာလဲ" တဲ့။ A ဘုရင်ဟာ သူ့နိုင်ငံမှာရှိတဲ့ အမျိုးသမီးထုတစ်ရပ်လုံးကို တစ်နှစ်လုံးလုံး အဲဒီမေးခွန်းမေးတယ်။ ဘယ်သူမှမဖြေ

www.burmeseclassic.com



နိုင်ကြဘူး။ နောက်ဆုံးကျတော့ အိမ်မင်းရင့်ရော်နေတဲ့ စုန်းမကြီးပဲ ဖြေနိုင်မယ်လို့ သူ့ကိုပြောတယ်၊ ဒါပေမဲ့ အဲဒီအတွက် တန်ဖိုးကြီး ပေးရလိမ့်မယ်တဲ့ ...

ဘုရင်ကြီးမှာ ရွေးစရာလမ်း မရှိတော့ဘူးကွာ။ နောက်ဆုံးတော့ စုန်းမကြီးဆီသွားပြီး ဘာလိုချင်လဲလို့ မေးရတယ်။ စုန်းမကြီးက A ဘုရင်ရဲ့စစ်သူကြီးနဲ့ လက်ထပ်ချင်တယ်လို့ ပြောလိုက်တယ်။ စုန်းမကြီးရဲ့ဒီဇိုင်းက ကွာ ဖော်တော် အော်ဂလီဆန်စရာကောင်းတဲ့ ရုပ်မျိုးပေါ့။ ရုပ်က ရွံစရာကောင်းသလို စိတ်ကလည်း ပုပ်တယ်။ သွားတောင် တစ်ချောင်းတည်း ရှိတော့တာဆိုတော့ စဉ်းစားကြည့်ပေါ့ ...

ဒါကြောင့် A ဘုရင်က ထက်မြက်ချောမောတဲ့ စစ်သူကြီးနဲ့ စုန်းမကြီကို မပေးစားရက်ဘူး။ သူပဲ အသေခံတော့မယ်လို့ ဆုံးဖြတ်လိုက်တယ် ...

ဒါပေမဲ့ သစ္စာတော်နာခံတဲ့ စစ်သူကြီးကလည်း ဘုရင်ကြီးကို အဲဒီလိုလုပ်ဖို့ ခွင့်မပြုဘူး။ စုန်းမကို သူ ယူမယ်ပေါ့။ အဲဒီလို ကတိပေးလိုက်တော့မှပဲ A ဘုရင်သိချင်





နေတဲ့ အဖြေကို စုန်းမကြီးက ပြောပြတယ်။ အဖြေက တော့ 'ကိုယ့်ဘဝကိုယ် မိန်းမတွေ ကိုယ့်ဘာသာဖန်တီးကြတယ်'တဲ့ ..."

သူက စကားအရှည်ကြီး ပြောလာရသောကြောင့် မောသွားသဖြင့် ရေတစ်ခွက်ကို မော့သောက်မိလျှင် ငမျိုးက "အဲဒါ ဘာအဓိပ္ပာယ်လဲ"ဟု ထမေးသည်။ သူက ရေခွက်ကို ပြန်ချလိုက်ရင်းမှ ...

"လာမယ်လေကွာ။ ပုံပြင်က မပြီးသေးဘူး။ ဆက်နားထောင်။ အဲဒီအဖြေဟာ လုံးဝမှန်တော့ A ဘုရင်ဟာ အပြီးအပိုင် လွတ်လာတယ်။ စစ်သူကြီးနဲ့ စုန်းမကြီးတို့ကတော့ လက်ထပ်ပွဲ ဆင်နွှဲရတာပေါ့၊ တက်ရောက်လာတဲ့ ပရိသတ်တွေအားလုံးက စစ်သူကြီးကို လူကြီးလူကောင်းပီသတယ်လို့ ချီးမွမ်းကြတယ်။ သတို့သမီးကိုတော့ အမြင်ကတ်ကြတာပေါ့ ...

အဲ ... နောက်တော့ မင်္ဂလာဦးညကို ရောက်လာတယ်။ စစ်သူကြီးက ရင်တထိတ်ထိတ်နဲ့ အခန်းထဲဝင်လာရတာပေါ့ကွာ။ အဲဒီမှာပဲ ခုတင်ပေါ်မှာ ထိုင်နေတာက



www.burmeseclassic.com

www.burmeseclassic.com



သူ လုံးဝမမြင်ဖူးတဲ့ မိန်းမချောလေးတစ်ယောက်ကို တွေ့လိုက်ရတာပဲ။ ဒါနဲ့ မေးတာပေါ့။ အဲဒါနဲ့ မိန်းမချောက ပြောပြတယ် ...

သူဟာ စုန်းမကြီးပါပဲပေါ့။ ရုပ်ဆိုးပြီး စိတ်ထားမကောင်းတဲ့ သူ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံတဲ့အတွက် ကျေးဇူးတင်မိတယ်။ ရှင့်စိတ်ဓာတ်ကို လေးစားတယ်ပေါ့။ ဒါကြောင့် အချိန်တစ်ဝက်မှာ မိန်းမချောအသွင်၊ နောက်အချိန်တစ်ဝက်မှာ စုန်းမကြီးအသွင်နေဖို့ သဘောတူတယ်တဲ့။ ဘယ်အချိန်မှာ သူ့ကို စုန်းမအဖြစ် မြင်ချင်လဲ၊ ဘယ်အချိန်တွေမှာ မိန်းမချောအဖြစ် မြင်ချင်လဲ ရွေးခိုင်းတယ် ...

စစ်သူကြီးက ခဏလောက်တော့ စဉ်းစားပြီးမှ ပြန်ဖြေတယ်။ မင်းဟာမင်းပဲ ဆုံးဖြတ်ပါ As u like ပေါ့။ အဲဒီစကားလည်းကြားရော အဲဒီမိန်းမချောလေးက ဝမ်းသာအားရ ပြန်ပြောတယ်။ ကျွန်မဘာဝကို ကျွန်မကိုယ်တိုင် ဆုံးဖြတ်ခွင့်ရတဲ့အတွက်ကြောင့် မိန်းမချောအဖြစ်နဲ့ပဲ တစ်ချိန်လုံး နေပါတော့မယ်တဲ့။ ပုံပြင်ကတော့ အဲဒီမှာ ဆုံး





သွားပြီ။ ဒါပေမဲ့ ပုံပြင်အောက်မှာ မှတ်ချက်လေး ထပ်ပါသေးတယ် ...

ခင်ဗျားရဲ့မိန်းမဟာ ရုပ်ချောသူ ဒါမှမဟုတ် ရုပ်ဆိုးတဲ့သူ၊ ဉာဏ်ကောင်းတဲ့သူ ဒါမှမဟုတ် ထုံထိုင်းတဲ့သူ၊ သဘောကောင်းသူ ဒါမှမဟုတ် စိတ်ပုပ်သူ အမျိုးမျိုးဖြစ်နိုင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ဆီမှာ စုန်းမဗီဇရှိနေတယ်ဆိုတာ အမြဲသတိရပါတဲ့။ ဒီပုံပြင်ရဲ့ Main Point က အဲဒါပဲကွ။ မိန်းမတွေဟာ သူတို့ဆန္ဒအတိုင်းပဲ အရာအားလုံးကို ဖြစ်ချင်တယ်။ အဲဒါ မိန်းမတွေ အလိုချင်ဆုံးအရာပဲ”

စကားဆုံးသွားတာနှင့် သူ့က အချိုရည်ကို တစ်ရှိန်ထိုး မော့သောက်ပစ်တော့သည်။ အရက်က ဟိုကောင်တွေ ဖွတ်တိုက်သောကြောင့် တစ်ဖက်လောက်ပဲ သောက်ထားသဖြင့် ဘယ့်နယ်မှမနေချေ။ ထပ်သောက်ဖို့လည်း စိတ်ကူးမရှိတော့။ အိမ်မှာ မြီမ့်တစ်ယောက်တည်း ကျန်နေရစ်ကာ သူ့ကို တံခါးထဖွင့်ပေးမှာလည်း မဟုတ်သဖြင့် ကိုယ့်အခြေအနေ ကိုယ်သိရမည်ဖြစ်သည်။

“ဒါဖြင့်ရင် မင်း ဆိုလိုချင်တာက ! ”



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အိမ်ထောင်ရေးကို သာယာချမ်းမြေ့တဲ့ အိမ်ထောင်တစ်ခုဖြစ်အောင် တည်ထောင်သွားဖို့ ဆန္ဒရှိတယ်။ ငါက အိမ်ထောင်ဦးစီးဆိုတော့ ငါ့မှာ တာဝန်အရှိဆုံးပဲ ...

ဘယ်လိုပဲဖြစ်ဖြစ် ခြိမ့်ဟာ ငါ့အပေါ်မှာတော့ သစ္စာရှိရှိ ပေါင်းသင်းမယ့်မိန်းမ၊ ဣန္ဒြေသိက္ခာ အပြည့်ရှိတဲ့ မိန်းမဆိုတဲ့ အချက်တွေနဲ့တင် သူ့အပေါ်မှာ ငါ့ဘက်ကစပြီး ဖြည့်ဆည်းပေးဖို့ စိတ်ကူးပြီးသားပါ။ ငါပြောတဲ့ မေတ္တာတရားဆိုတာ အဲဒါပေါ့ကွာ"

"ဟူး ... မင်းတို့ ဇာတ်လမ်းက စိတ်တော့ ဝင်စားစရာပဲကွာ။ ဘယ်လိုပဲဖြစ်ဖြစ်ပါ။ ဒီနေ့ညအတွက်တော့ ဒီကောင်ကြီးကို ဆုတောင်းပေးကြတာပေါ့။ ချီးယားစ်"

ခွက်တွေမြှောက်ပြီး တိုက်လိုက်ကြပြီးနောက် ဆက်လက်စားသောက်၊ စကားအနည်းငယ်ပြောကာ သူက အိမ်ပြန်ဖို့ ခွင့်တောင်းလိုက်သည်။ သူ့သူငယ်ချင်းတွေကလည်း အကြောင်းသိတွေဆိုတော့ နားလည်ပေးကြပါသည်။ ထို့ကြောင့် သူက သိပ်မိုးမချုပ်ခင် ဆယ်နာရီလောက်မှာပဲ အိမ်သို့ အရောက်ပြန်လာနိုင်ခဲ့သည်။ အိမ်ရှေ့ရောက်လျှင် ခြံတံခါးကို ကိုယ်တိုင်ဆင်း





ဖွင့်၊ ကားဝင် ပြီးနောက် တံခါးကိုပြန်ပိတ်၊ ကားကို ဂိုဒေါင်ထဲထည့်၊ အိမ်ရှေ့တံခါးမကြီးကို ကိုယ်တိုင်ဖွင့်၊ ပြန်ပိတ် အစရှိသဖြင့် ဖွင့်ခြင်းနှင့် ပိတ်ခြင်းကို တရစပ်လုပ်ဆောင်ပြီးမှ အိမ်ပေါ်သို့ ရောက်လေသည်။

တစ်အိမ်လုံးကတော့ ညအိပ်မီးရောင် ဖျော့ဖျော့လေးဖြင့် တိတ်ဆိတ်ငြိမ်သက်နေကြသည်။ သူက မင်္ဂလာအခန်းရှေ့မှာ ခြေစုံရပ်မိသောအခါ နည်းနည်းတော့ ရင်ခုန်သွားသည်ကို ဝန်ခံပါသည်။ တံခါးကို ယဉ်ကျေးမှုအရ နှစ်ချက်ခေါက်ပြီးသောအခါ ခဏစောင့်ကြည့်သည်။ တုံ့ပြန်မှုမရှိ။ ထို့ကြောင့် ထပ်ခေါက်သည်။ နောက်တော့ ဘာမှမတုံ့ပြန်သည်မို့ တံခါးကိုသာဖွင့်၍ ဝင်လာခဲ့သည်။ အခန်းသည် မှောင်မည်းနေသည်။ သူက မျက်မှောင်တစ်ချက်ကြုတ်၍ မီးခလုတ်ကိုစမ်းကာ ဖွင့်လိုက်လျှင် လင်းသွားသောအခန်းထဲ၌ ဘယ်သူမှ ရှိမနေတာကို တွေ့လိုက်ရသဖြင့် ချက်ချင်း ထူပူသွားသည်။

ခုတင်နားသို့ အပြေးအလွှား ကပ်လာမိလျှင် ခေါင်းအုံးတစ်လုံးပေါ်၌ တင်ထားသော စာရွက်ခေါက်လေးကို တွေ့လိုက်ရသည်။ ဖွင့်ဖတ်လိုက်လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ နေမကောင်းလို့ ဆေးသောက်ပြီး အိပ်နှင့်ပြီ။
ဓားခန်းမှာ လော့ချပြီး အိပ်ပါတယ်။
ကျေးဇူးပြုပြီး မနှောင့်ယှက်ပါနဲ့။

မိုးခြိမ့်မဒီ"

သူ့မှာ စာရွက်ခေါက် လွတ်ကျသွားရင်း ခုတင်ပေါ်မှာ ပက်လက်လန်လေသည်။ ဟိုကောင်တွေသာ သိပါက ဘယ်လောက်များ ဟားလိုက်မလဲ၊ ခြိမ့်ရယ် ... လုပ်ရက်ပါပေ့ကွာ၊ ဒါလား မင်္ဂလာဦးည။

✦ ✧ ✦





## ၈

BURMESE CLASSIC .com

ညက ဆေးသောက်ပြီးအိပ်ခြင်း၊ တံခါးကိုလော့ချပြီးအိပ်ခြင်းတို့ကြောင့် ခြိမ့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့သည်။ သို့သော် အကျင့်ပါနေသော မျက်လုံးတွေက စောစောမနက်အဲကိုးနာရီလောက်မှ နိုးလာသည်။ နိုးလာလာခြင်းပဲ မျက်လုံးအကြောင်သားဖြင့် အခန်းတွင်းသို့ ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ကာ "ငါ ဘယ်ရောက်နေပါလိမ့်"ဟု ပထမဆုံး တွေးမိသည်။ ပြီးတော့မှ ဘယ်ရောက်နေတယ်ဆိုတာကို သတိရသည်။

အဲဒီလို သတိရရခြင်း ခေါင်းတော့ ငိုင်သွားရသည်ပင်။ မနေ့ကနဲ့ ဒီနေ့က မတူသောဖြစ်ရပ်မှာ ခြိမ့်သည် အိမ်ထောင်ရှင်မတစ်ယောက်အဖြစ်သို့ ပြောင်းလဲသွားပြီတည်း။ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ရှင်ဆိုတာ ဘာလဲဟု အူကြောင်ကြောင် တွေးနေမိတုန်းမှာပဲ ခြိမ့်ရဲ့အခန်းကို တံခါးခေါက်သံ ထွက်ပေါ်လာသည်။

"ဘယ်သူလဲ"

ယောင်ပြီး ပါးစပ်က လွှတ်ခနဲ ထွက်သွားတာဖြစ်သည်။ ဘယ်သူဖြစ်နိုင်မှာလဲ ဒီအိမ်မှာ ဟိုဘုရားဒကာရယ်၊ ခြိမ့်ရယ်ပဲရှိတာကို။ သူဟာ သူ့မိဘတွေရဲ့ဇာတိရပ်ရွာမှာ အိပ်မက်ပေးလို့ ဘုရားပျက်တစ်ဆူကို ထူးထူးခြားခြား အသစ်မွမ်းမံပြင်ဆင်ပေးရဖူးတယ်ဆိုပဲ။ ခြိမ့်လည်း အတိအကျတော့ မသိပါ။ မမသိမ့်နှင့် မေမေ ပြောတာကို ကြားဖူးတာဖြစ်ပြီး အဲဒီကစလို့ ဒင်းကို ဘုရားဒကာဟု နာမည်ပေးမိတော့တာပဲဖြစ်သည်။

"ခြိမ့် ... ကိုယ်ပါ၊ နိုးပြီ မဟုတ်လား။ Breakfast စားဖို့လာခေါ်တာ"

"လာခဲ့မယ်"

"ဟုတ်ပြီ။ ဆင်းခဲ့တော့နော် ကိုယ် စောင့်နေမယ်"

ခြိမ့်က ဘာမှပြန်မပြောမိချေ။ သူ လှည့်ထွက်သွားသောခြေသံကို ကြားရသည်။ ခြိမ့်က မျက်နှာသစ်ပြီးတာနှင့် မှန်ထဲမှာ ကိုယ့်ကိုယ်ကိုယ် တစ်ချက်ပြန်ကြည့်မိသည်။ ဘဂျားမား





ညအိပ်ဝတ်စုံနှင့် ပုံစံကြီးက ကပိုကရို ဖြစ်နေသည်။ ဒီပုံစံနဲ့တော့ ဘုရားဒကာရှေ့ကို မသွားချင်သည်မို့ အဝတ်အစားလဲဖို့ ဆုံးဖြတ်လိုက်သည်။ အဝတ်အစားတွေက ဒီအခန်းထဲမှာမရှိ။ ခြိမ့်တို့အတွက် ပြင်ဆင်ထားသော အခန်းကြီးထဲမှာပဲ အားလုံးပြောင်းရွှေ့ပြင်ဆင်ထားတာမို့ ခြိမ့်က အဲဒီအခန်းထဲသို့ ဝင်လာခဲ့ကာ စပန့်ဂါဝန်ရှည်တစ်ထည်ကို လဲလှယ်ဝတ်ဆင်ပြီး ဆင်းလာခဲ့သည်။

အောက်ထပ်မှာ သီချင်းသံသဲ့သဲ့ ကြားရပြီး တစ်အိမ်လုံးကလည်း ပြတင်းပေါက်တွေ ဖွင့်ထားကာ လင်းချင်းတောက်ပနေသည်။ ခြိမ့်က ဧည့်ခန်းရဲ့နောက်ဘက်မှာရှိသော ထမင်းစားခန်းထဲသို့ ချိုးကွေ့ပြီး ဝင်လာခဲ့လျှင် ဘုရားဒကာကို တီရှပ်အဖြူကျွာတားဘောင်းဘီတို့ဖြင့် ရှပါပါးသွက်လက်စွာ တွေ့ရသည်။ ခြိမ့်ကို မြင်သောအခါ ဧည့်သည်အလား ဖြိုးပြကြိုဆိုသည်။

"ခြိမ့် ... လာလေ။ ဒီမှာ ခြိမ့်အကြိုက် Active က မြီးရှည်နဲ့ လက်ဖက်ရည်ချိုဆိမ့်။ စား ... ခြိမ့်"

ခြိမ့်က စားပွဲမှာဝင်ထိုင်ပြီး ပြင်ဆင်ထားသည်ကို တစ်ချက်ဝေ့ဝဲကြည့်လိုက်သည်။ ခြိမ့်ကြိုက်သော Active က မြီးရှည်ကို ဖန်ပန်းကန်လုံးထဲမှာ လှပစွာ ပြင်ဆင်ထားပြီး လက်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ရည်ခွက်၊ ဟင်းချိုပန်းကန်၊ ရှမ်းချဉ်ပန်းကန်၊ ရေသန့်ဘူး၊ တစ်ရှူးဘောက်စ် စသဖြင့် စနစ်တကျ ပြင်ဆင်ထားတာကို တွေ့ရသည်။ ခြိမ့်အကြိုက်တွေကို သိနေတာ သိပ်တော့ အံ့သြစရာ မရှိပါ။ မေမေ ပြောပြထားတာ နေမှာပေါ့။

ခြိမ့်က မြီးရှည်ကို စတင်နယ်နေချိန်မှာပဲ သူ့ထံက မေးသံထွက်လာသည်။

"ညက ကောင်းကောင်း အိပ်ပျော်ရဲ့လား ခြိမ့်"

"အင်း"

"ဒီညတော့ အဲဒီအခန်းထဲ သွားမအိပ်တော့နဲ့နော် ခြိမ့်"

အဲဒီစကားကြောင့် ခြိမ့်က သူ့ကို စူးစနဲ မော့ကြည့်မိသည်။ သူက ခြိမ့်ကို အသာပြုံးပြကာ "စား ... စား"ဆိုသော သဘောဖြင့် မေးဆတ်ပြသည်။ ခြိမ့်က တင်းသွားသောစိတ်ကို လျှော့ချရင်း မုန့်စားလိုက်သည်။ သူကလည်း စားသောက်ရင်းမှ ခြိမ့်ကို စကားဆက်ပြောလာသည်။

"အိမ်မှာတော့ မီးဖိုချောင်ပစ္စည်းတွေက အပြည့်အစုံပဲရှိပါတယ်။ ဒါပေမဲ့ ခြိမ့်ကတော့ ထမင်းဟင်းချက်ဖို့ စိတ်မဝင်စားလောက်ဘူးနဲ့ တူတယ်နော်"





"သိပ်သေချာတာပေါ့"

"အင်း ... ကိုယ်ကလည်း ဟင်းမချက်တတ်ဘူး။ ထမင်းကတော့ Rice cooker နဲ့ ချက်တော့ ထားပါတော့၊ ဟင်းကတော့ မချက်တတ်ဘူး ...

ကိုယ်တို့ အပြင်ထွက်စားကြမယ်လေ၊ မကောင်းဘူးလား"

"မကောင်းပါဘူး။ နေကပူကပူနဲ့ အစားတစ်လုတ်စားဖို့ အပြင်မထွက်နိုင်ဘူး"

"ဟင် ... ဒါဖြင့်ရင် ဘယ်လိုလုပ်မှာလဲ။ ခြိမ့် ချက်မှာလား"

"မချက်ပါဘူး။ ကျွန်မမှ မချက်တတ်တာ"

"ဒီလိုဆို ကိုယ်တို့က နေ့ခင်းစာ ဘာသွားစားကြမှာလဲ"

သူ့စကားကြောင့် ခြိမ့်က အ,လိုက်တာ ဟူသော အကြည့်မျိုးဖြင့် မျက်လုံးတစ်ချက် လှန်ကြည့်ဖြစ်သည်။ ပြီးတော့ မြီးရှည်တစ်လုတ်ကို အေးအေးဆေးဆေးဝါးကာ မျိုချပြီးတော့မှ...



www.burmeseclassic.com

"ချိုင့်ဆွဲဖို့တဲ့ ထမင်းဆိုင်တွေများ ပေါလွန်းလို့။ ခိုင်ခိုင်ကျော်က မှာလိုက်၊ ရှင် နေ့ခင်းကျ ပါဆယ်သွားဝယ်ရင်းနဲ့ တစ်ခါတည်း စုံစမ်းပြီး ပိုက်ဆံပေးခဲ့ပေါ့ ...

ကျွန်မကတော့ အစုံစားတယ်။ ဒါပေမဲ့ ညနေစာတော့ ကျွန်မ မစားတတ်ဘူး"

"ဪ ... ဟုတ်ပါပြီ ... ဟုတ်ပါပြီ။ အဲဒီလောက်သိတာပဲ မဆိုးပါဘူး၊ ကောင်းပြီလေ ကိုယ် သွားလိုက်ပါ့မယ်။ ခြိမ့်က ညနေစာ မစားဘူးဆိုတော့ ကိုယ်လည်း မစားတော့ပါဘူး။ မယူတော့ဘူး"

အဲဒီစကားကြောင့် ခြိမ့်က သူ့ကို မျက်လုံးလှန်ကြည့်မိလျှင် သူ ဆက်ပြောသောစကားကြောင့် မျက်စောင်းထိုးမိတော့မလို ဖြစ်သွားသည်။

"ညနေစာကတော့ အပြင်ကပဲ အဆင်ပြေတာလေး သွားစားတော့မယ်။ ကြေးအိုးလေးဖြစ်ဖြစ်၊ အကင်လေးပဲဖြစ်ဖြစ်ပေါ့"

ခြိမ့်က ဘာမှပြန်မပြောမိပေ။ ထူးခြားတာ တစ်ခုကတော့ စိတ်ကျဉ်းကျပ်သလို ဖီလင်မျိုး မခံစားရခြင်းပဲဖြစ်သည်။





ကိုယ့်ရဲ့ဗီဇကပဲ အေးအေးဆေးဆေး နေတတ်လို့လား၊ ဒါမှမဟုတ် ဘုရားဒကာကိုပဲ ကြောက်စိတ်မရှိလို့လားတော့ မပြောတတ်ချေ။ စိတ်ထဲမှာ တစ်ခုခုကို အလိုမကျသော ဝမ်းနည်းနာကျင်စရာမျိုးမရှိဘဲ သက်သောင့်သက်သာ ဖြစ်နေတာတော့ ထူးဆန်းလှသည်။ ပြီးတော့ ခြိမ့်ရဲ့လုပ်ငန်းကလည်း မကြာခင် စတင်တော့မည်လေ။

ခြိမ့် စာရေးမည်။ စာဖတ်မည်။ အခွေတွေကြည့်မည်။ နေ့လယ်နေ့ခင်းမှာ **Facebook** ကို ဆော့ကစားသုံးတတ်သေးသည်။ အဲဒီလို လုပ်နေရလျှင် အရာအားလုံးကို မေ့နေတတ်သည် မဟုတ်ပါလား။ တစ်လောကလုံးကိုတောင် မေ့နေနိုင်သည့် ခြိမ့်ဟာ လူတစ်ယောက်လောက်ကိုတော့ ဘာဖြစ်လို့ မမေ့နိုင်ရမှာတဲ့လဲ။ ကဲ ... ဒီလိုဆိုတော့ ခြိမ့်ဟာ ယောကျ်ားရတယ်ဆိုသော်ငြား အရင်လိုပဲ အရင်အတိုင်းပဲ မဟုတ်ပါလား။ အဟောသုခံ ချမ်းသာလေစွ။

"ခြိမ့် ... ဒီနေ့ ဘာအစီအစဉ်တွေရှိလဲ"

"မရှိပါဘူး"

"ဟုတ်လား ... ဒါဆိုရင်"



www.burmeseclassic.com

www.burmeseclassic.com



သူက ဝမ်းသာအားရ တစ်ခုခုပြောဖို့ ပြင်စဉ်မှာပဲ ခြိမ့်က ကမန်းကတန်း ဖြတ်ပြောလိုက်သည်။

"နေဦး ... ကျွန်မ ပြောတာက အတွေ့အထူး မရှိဘူးလို့ ပြောတာ။ ကျွန်မရဲ့ ပုံမှန် Schedules တွေအတိုင်းပဲ သွားမှာပေါ့"

"ဟုတ်လား ... ခြိမ့်ရဲ့ Schedules တွေက ဘာတွေလဲ"

"စာရေးမှာပေါ့ ရှင့်"

"စာက တစ်နေကုန်ကြီး ထိုင်ရေးမှာမို့လား"

"ရေးတယ်"

"ဒါဆို ညဘက်ရော"

"ဘာလုပ်မလို့လဲ ရှင်က"

"သြော် ... မေးကြည့်နေတာလေ။ ခြိမ့်ရဲ့ Schedules တွေမှ ကိုယ်မသိတာ"

"ညဘက်လည်း ရေးတယ်။ ကျွန်မက တစ်နာရီ နှစ်နာရီလောက်ထိ ရေးတယ်"





"ဟာ ... နေ့လည်းရေး၊ ညလည်းရေးနဲ့ ခြိမ့်စာအုပ်တွေ တော်တော်ပြီးမှာပေါ့၊ အမယ်လေး ... ပိုက်ဆံတွေဆိုတာ ထားစရာနေရာတောင် ရှိမှာမဟုတ်တော့ဘူး ...

ဒီအတိုင်းဆို ကိုယ် သဘောတာက်ဖို့တောင် မလိုတော့ဘူးပေါ့"

"ဘာပြောတာလဲ။ ရှင့်ကို ဘယ်သူက လုပ်ကျွေးမယ် ပြောနေလို့လဲ"

"မဟုတ်ရင် ခြိမ့်ရဲ့ ပိုက်ဆံတွေက ဘာလုပ်မှာလဲ။ ခြိမ့်မှာ တစ်နေ့ တစ်နေ့ အိမ်ထဲက အိမ်ပြင်လည်း ထွက်တာ မဟုတ်ဘူး။ အသုံးအဖြုန်းကြီးတယ်လို့လည်း ကိုယ်မကြားဖူးဘူး။ အဲဒီတော့ ပိုက်ဆံတွေ မှိုတက်တုန်ပါဦးမယ်"

"စာက်မစေပေါ့။ အဲဒါ ရှင့်အလုပ် မဟုတ်ပါဘူး။ ဟင်း"

ခြိမ့်က မျက်စောင်းတစ်ချက်ကဲကြည့်ကာ စားပြီးသားပန်းကန်ကို ဆေးဖို့မတ်တတ်ထရပ်စဉ်မှာပဲ သူ့ဖုန်းက မြည်လာသည်။ ဒါကြောင့် လှည့်ထွက်သွားဖို့ပြင်တုန်းမှာပဲ သူ့အသံကြောင့် ခြေလှမ်းတ တုံ့မလိုဖြစ်သွားသည်။

www.burmeseclassic.com



"ဟယ်လို ... ဪ ... အန်တီ။ ဟုတ် ... နိုးပါပြီ။ ဟုတ် ... Breakfast စားနေတာပါ။ ဟုတ်ကဲ့ ... ရှိပါတယ် ...

ဪ ... အဆင်ပြေပါတယ်။ ဟုတ် ... အပြင်ကပဲ ဝယ်စားတယ်ခင်ဗျ။ ဟုတ် ... ဟုတ် ... ခဏလေးနော်။ ခြိမ့် ... ဒီမှာ အန်တီက ဖုန်းပြောမလို့တဲ့"

ခြိမ့်က ဆောစင်မှာ ပန်းကန်ကို ချထားပြီးနောက် ပြန်လှည့်လာခဲ့ရသည်။ မေမေ ဆက်တာဆိုတော့ အခြေအနေကို လှမ်းပြီးစနည်းနာတာ ဖြစ်နိုင်သည်။ ဒီလောက်မှ စိတ်မချရင်လည်း ဘာဖြစ်လို့ ယောက်ျားပေးစားနေသေးလဲဟု ခပ်ချဉ်ချဉ် တွေးလိုက်ကာ ဖုန်းကိုင်လိုက်သည်။

"သမီး နိုးပြီဆို"

"ဟုတ် ... ခုပဲ Breakfast စားပြီးတာ"

"Breakfast က အပြင်က ဝယ်စားတာဆို။ ဖေဖေပဲ ဝယ်ခြမ်းလာပြီး ပြင်ဆင်ခူးခပ်ကျွေးမွေးရတာ မဟုတ်လား။ စောစောထလေ ခြိမ့်။ သမီးက အရင်လို မဟုတ်တော့ဘူးနော်။ အိမ်ထောင်ရှင်မတစ်ယောက် ဖြစ်သွားပြီ။ အိမ်ရှင်မတစ်ယောက်ဟာ နေဖင်ထိုးအောင် အိပ်နေလို့ဖြစ်မလား ...

ကိုယ့်တာဝန် ကိုယ်ယူရမှာလေ"





"အံမယ်လေး ... ပြောတတ်လိုက်တာ မေမေရယ်။ ခြိမ့်က အဲဒီတာဝန်တွေ ယူပါ့မယ်လို့ အားလုံးကို ကတိပေးခဲ့ဖူးလို့လား ...

ခြိမ့် အဲဒီကိစ္စတွေ စိတ်မဝင်စားလို့ ရည်းစားတောင် မထားဘဲ နေတာကို မေမေတို့ပဲ ဇွတ်အတင်း ယောက်ျားပေးစားခဲ့တာပဲ မဟုတ်လား"

"အဟမ်း ... အဟမ်း"

အဲဒီလို တမင်တကာလုပ်သော ချောင်းဟန့်သံကြီးက နောက်ပါးဆီက ထွက်ပေါ်လာသဖြင့် ခြိမ့်က နောက်သို့ လှည့်ကြည့်ကာ မျက်စောင်းထိုးမိသည်။ မေမေ့ထံမှာတော့ အလန့်တကြား အသံကြီး ထွက်ပေါ်လာသည်။

"ဟဲ့ ... နင် ဘာတွေပြောနေတာလဲ။ အနားမှာ ဖေယု ရှိနေတယ် မဟုတ်လား။ ခြိမ့်တော့နော် ... နင့်ကိုတော့ ဒီအတိုင်းလွှတ်ထားလို့ မဖြစ်တော့ဘူး"

"ခြိမ့်ကလည်း မေမေ့ကို အဲဒါပြောမလို့ပါပဲ။ အိမ်ဖော်တစ်ယောက်လောက်ရှာပြီး ပို့ပေးဖို့ စီစဉ်ဦး မေမေ။ အခုကိုပဲ ခြိမ့်စားပြီးသားပန်းကန်ကို ဆေးရတော့မယ်။ ကိုယ့်အဝတ် ကိုယ်လျှော်ဝတ်ရမယ်။ မီးပူတိုက်ရမယ် ...



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့် အဲဒါမျိုးတွေ မလုပ်နိုင်ဘူး။ ကိုယ့်အတွက် ကိုယ်တောင် မလုပ်ချင်တာ သူများအတွက်ဆိုလို့ကတော့ ဝေးပဲ မေမေရေ”

“ဟယ် ... ဒီကောင်မလေးတော့ ပြောလေကဲလေ ဖြစ်နေပြီ။ နင်တို့နှစ်ယောက်တည်းနေတာ အိမ်ဖော်လိုသေးလားဟဲ့”

“အမယ်လေး ... ပြောထွက်ပါပေ့ မေမေရယ်။ အရင်အိမ်မှာတုန်းကရော အမေနဲ့သမီး နှစ်ယောက်တည်းနေခဲ့တာ မဟုတ်လို့လား ...

ဒေါ်စိန်နဲ့ အေးအေး နှစ်ယောက်တောင် ဘာလို့ခေါ်ထားလဲ။ ဒရိုင်ဘာတဖြစ်လဲ ခြံစောင့် ဦးဖိုးပါ ကရော ဘာလဲ ...

တရားကျစရာ ကောင်းလိုက်တာ။ မေမေက ခြိမ့်ကိုတော့ ဒီမှာ အိမ်မှုကိစ္စလုပ်ပေါ့ ... ဟုတ်လား။ အဲဒီအတွက် ခြိမ့်ကို ယောက်ျားပေးစားတာလား”

ပြောရင်းနဲ့မှ ခြိမ့်အသံတွေက တုန်ခါလို့လာလျှင် မေမေက တစ်ဖက်ကနေ၍ စကား,စကို အမြန်ဖြတ်တော့သည်။

“ဟော့ ... ဟော့ ... တော်ပြီ မိခြိမ့်။ ဆက်မပြောနဲ့တော့။ မေယုကို ဖုန်းပြန်ပေးလိုက်တော့”





“မေမေ့ဘာသာ ပြောချင်ရာပြော။ ခြိမ့်ကတော့ အိမ်ဖော် တစ်ယောက် အမြန်ဆုံးရှာရမှာပဲ ... ဟင်း”

ခြိမ့်က မကျေမချမ်း ရေရွတ်ကာ သူ့လက်ထဲသို့ ဖုန်းကိုပြန်ထည့်ပေးရင်း လှည့်ထွက်လာခဲ့သည်။ ပန်းကန်ဆေးနေရင်းမှ နားစွန်နားဖျားတွေ ကြားနေရသော်လည်း ဘာတွေပြောနေမှန်းတော့ မသိရပါ။ ပန်းကန်ဆေးအပြီး ထမင်းစားခန်းထဲမှ ပြန်ထွက်တော့မည့် ခြိမ့်ကို သူက ရှေ့မှပိတ်ရပ် တားဆီးကာ ...

“ခြိမ့် ... အိမ်ဖော်ခေါ်မယ့် အစီအစဉ်ကို ဖျက်လိုက်ပါ”

“ဘာဖြစ်လို့လဲ။ ရှင်လည်း သက်သာမယ့်ကိစ္စပဲ။ ရှင်တို့အိမ်မှာရော အိမ်ဖော်မရှိလို့လား”

“ရှိပါတယ်။ ဒါပေမဲ့ ကိုယ်က နှစ်ယောက်တည်းပဲ သီးသန့်နေချင်တယ်”

အဲဒီစကားကြောင့် ခြိမ့်က နှုတ်ခမ်းကိုမဲ့မိကာ တစ်ခုခုပြန်ပြောဖို့ ပြင်နေတုန်းမှာပဲ သူ့ထံက စကားသံထွက်ပေါ်လာသည်။

“ဒီ့ထက်ရှင်းရှင်းပြောရရင် ကိုယ့်ဘဝမှာ တွေးထားခဲ့ဖူးတာ တစ်ခုရှိတယ် ခြိမ့်။ အိမ်ထောင်ကျလို့ မိန်းမရတဲ့အခါ ကိုယ့်မိန်းမရဲ့ take care လုပ်တာကိုပဲ ကိုယ်လိုချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ ထမင်းဟင်းချက်ကျွေးတာ၊ ချူးခပ်ပြင်ဆင်ပေးတာ စသဖြင့် သူ့လက်နဲ့ထိတွေ့ပြီး လုပ်ပေးတာတွေပဲ လိုချင်တယ် ...

အဲ ... သူ လုပ်မပေးနိုင်လို့ တခြားမိန်းမတစ်ယောက်က ဝင်လုပ်ပေးတာမျိုးကိုတော့ မလိုလားဘူး ...

ကိုယ့်အယူအဆက သူ မလုပ်ပေးနိုင်ရင် ကိုယ်လုပ်ပေးမယ်။ ဟုတ်တယ်လေ တစ်ယောက်မလုပ်နိုင်ရင် တစ်ယောက်က လုပ်ရမှာပဲ။ ခြိမ့် ပန်းကန်မဆေးချင်ရင် အဝတ်မလျှော်ချင်ရင် ရပါတယ်။ ထား ... ထားလိုက်ပါ။ အဲဒါတွေ ကိုယ်လုပ်ပေးမယ်။ ကိုယ်က သင်္ဘောမတက်တဲ့ အချိန်ဆိုတာ အားလပ်နေတာပဲ။ ကိုယ် ဒီမှာရှိတုန်း ခြိမ့်ကို ပြုစုပါ့မယ် ...

ဒါကြောင့် အိမ်ဖော်ခေါ်မယ့် အစီအစဉ်ကို ဖျက်လိုက်ပါ ခြိမ့်"

ရွဲ့ပြောနေသလားလို့တောင် ထင်ရသည့် စကားတွေကို ခြိမ့်က နားစိုက်ထောင်ပြီးနောက် ဘာမှမပြောတော့ဘဲ လှည့်ထွက်လာခဲ့တော့သည်။ အဲဒီနေ့က စာသာရေးနေရတယ် စိတ်က မဖြောင့်ချေ။ မဖြောင့်ဆို ဘုရားဒကာသည် နေ့ခင်းစာ ထမင်း





ဟင်းများကို အပြင်ထွက်ပြီး သွားဝယ်ကာ ခြိမ့်ကို ချူးခပ်ကျွေးမွေးသည်။

ခြိမ့်က မကောင်းတတ်သဖြင့် ကိုယ့်ပန်းကန် ကိုယ်ဆေးသော်လည်း သူက ကျန်သမျှ ပန်းကန်တွေအားလုံးဆေးသည်။ အိမ်ကိုသန့်ရှင်းရေးလုပ်သည်။

နေ့ခင်း ခေတ္တတဖြုတ် စာရေးနားကာ စာဖတ်နေသော ခြိမ့်အနားသို့ ခါးဆိမ့်မွှေးပျံ့သော ကော်ဖီတစ်ခွက် လာချပေးသွားသည်။ ခြံဝမှာ သတင်းစာနှင့် ဂျာနယ်သွားကောက်ကာ ခြိမ့်ကို လာပေးသည်။ ညနေခင်း၌ ခြံထဲကအပင်တွေ ရေလောင်းသည်။ ခြိမ့်သည် စာတောင်ဖြောင့်ဖြောင့်မရေးနိုင်ဘဲ ဘုရားဒကာ နိုင်ငံခြားသင်္ဘောအရာရှိကြီးကို လိုက်လံ အကဲခတ်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၉

အိမ်ရှင်ထိုးကြီး ဖေယုသည် အစုဆိုလျှင် မနက်ကို ခုနစ်နာရီခွဲ ရှစ်နာရီလောက်မှာထကာ ခြံထဲဆင်းပြီး သွေးပူလေ့ကျင့်ခန်းလုပ်သည်။ ပြီးလျှင် ပန်းပင်တွေရေလောင်း အိမ်ထဲပြန်ဝင်လာပြီးနောက် အိမ်သန့်ရှင်းရေးလုပ်သည်။ နောက်တော့ ရေချိုးပစ်လိုက်ရော။ ရေချိုးပြီးလျှင် Breakfast ထွက်ဝယ်ဖို့ အပြင်ထွက်သည်။ ခြိမ့်က လက်ဖက်ရည်ဆိုင်မှာရောင်းသော အစားအသောက်မျိုးစုံကို ကြိုက်နှစ်သက်သောသူ ဖြစ်တာကြောင့် သူမအတွက်က တစ်နေ့တစ်မျိုး မရိုးရအောင် ဝယ်ပေးနေရှုပင်။

တစ်ခါတလေတော့လည်း အိမ်မှာပဲဖြစ်သလို Butter cake နှင့် ကော်ဖီနဲ့ပဲ ပြီးလိုက်တာမျိုးလည်း ရှိတာပေါ့။ ခြိမ့်က ချစ်စရာတော့ကောင်းသည်။ သူ ဝယ်ပေးတာ ရှိရင်လည်းစားသည်။





သူ ဝယ်မပေးဘဲ "ခြိမ့်ရေ ... ဒီနေ့တော့ ကိတ်လေးနဲ့ ကော်ဖီနဲ့ပဲ မျှောလိုက်ပါ" ဆိုလည်း ဘာမှမပြောဘဲ သူမဘာသာ ကော်ဖီဖျော်သောက်တတ်သည်။ ပြီးလျှင် ရေမိုးချိုး၊ ဘုရားရှိခိုးကာ စာရေးတော့သည်။ သူမ စာရေးတဲ့နေရာကလည်း အဆန်းသားပဲ။ အိမ်အပေါ်ထပ် ဘုရားခန်းမှာ စားပွဲဝိုင်းချလျက် တင်ပျဉ်ခွေထိုင်ကာ အေးအေးဆေးဆေး ရေးတတ်သူဖြစ်သည်။ ဘေးနားမှာလည်း ကက်ဆက်ချကာ FM တေးသံသာတွေလည်း နားဆင်ရင်းပေါ့။

သူသည် တစ်နေ့ တစ်နေ့ ခြိမ့်ကို လေ့လာကြည့်ရှုပြီးနောက် ဒီခေတ်ကြီးထဲမှာ တော်တော်ရှားသွားပြီဖြစ်သော မိန်းကလေးဟု သတ်မှတ်မိလေသည်။ အပြင်ထွက်ဖို့ဆိုတာ ယောင်၍တောင် စိတ်မကူးဘူးဟု ထင်သည်။ တစ်နေ့ တစ်နေ့ အိမ်ထဲမှာပဲ စာရေးသည်။ စာဖတ်သည်။ ရုပ်ရှင်ကြည့်သည်။ ညနေပိုင်းလောက်တွင် သူက မှတ်ခေါ်မှသာ အပြင်သို့ တစ်ခါတစ်ရံလိုက်တတ်ပြီး စာအုပ်တို့ အခွေတို့ ဝတ်တတ်ကာ အချိန်တော်တော်များများကို အိမ်ထဲမှာပဲ မြှုပ်နှံထားသူ ဖြစ်လေသည်။ နေတတ်လျှင် ကျေနပ်စရာဆိုသည်မှာ ခြိမ့်ကို ပြောတာဖြစ်နိုင်သည်။ ဒါကြောင့်လည်း ခြိမ့်ဟာ အိမ်ထောင်ပြုဖို့ စိတ်မဝင်စားခဲ့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ်ပါလေ သူကတော့ ခြိမ့်ကို လက်ထပ်ခွင့်ရခဲ့သည့်အတွက် ကျေနပ်သည်။ ခြိမ့်ကို သူ ချစ်သလား၊ မချစ်ဘူးလား ဆိုတာတော့ တစ်ခါမှ မစဉ်းစားဖူးချေ။

ဒါပေမဲ့လည်း ဘယ်လိုပဲဖြစ်ဖြစ် ခြိမ့်ကို အရိပ်တကြည့်ကြည့်နေကာ သူမ စိတ်ချမ်းသာသလို နေစေချင်တာကိုက အချစ်နဲ့တောင် နှိုင်းယှဉ်လို့မရသည့် မေတ္တာတွေပဲ ဖြစ်တော့မည်။ မေတ္တာဆိုတာ အလျားအနံမရှိပေမယ့် အသွားအပြန်တော့ ရှိတယ်လို့ လူတိုင်း ကြားဖူးကြတာပဲ မဟုတ်လား။ သူ့ကို စိတ်ညစ်အောင် ဘာမှမလုပ်ဘဲ အေးအေးဆေးဆေး နေတတ်သော ခြိမ့်ကို သူကတောင် ကျေးဇူးတင်နေတော့တာပါ။

သူတို့ကသာ ကိုယ့်ဟာကိုယ် ဟုတ်နေပြီ ထင်ပေမယ့် သူတို့ကို စိတ်ဝင်တစား စောင့်ကြည့်နေသူတွေ ရှိတယ်ဆိုတာတော့ သတိမရခဲ့။ ပထမဆုံး ရောက်လာတာက ခြိမ့်အမေနဲ့အစ်မဖြစ်သူ မမသိမ့်တို့ဖြစ်သည်။ လာမယ်ဟု ကြိုမပြောဘဲ သူတို့ ထမင်းစားပြီးခါစမှာ ရောက်လာတာမို့ သူက ပန်းကန်တွေဆေးနေချိန်ဖြစ်ပြီး ခြိမ့်ကတော့ ဧည့်ခန်းမှာ ဂျာနယ်တစ်စောင်နှင့် နဂါးမောက်သီးစားကာ အချိုတည်းနေချိန်ဖြစ်သည်။ သူက





တံခါးသွားဖွင့်ပေးပြီး သူ့ရှေ့ကအရင် ကားမောင်းဝင်သွားသော မမသိမ့်နှင့် ခြိမ့်မှာ စကားတွေ အပြန်အလှန် ပြောနေကြချိန်ဖြစ်သည်။

"အံ့ပါ့ရဲ့ ခြိမ့်ရယ်။ မေယုကတော့ စားပြီးသောက်ပြီးသား ပန်းကန်တွေဆေးလို့။ နင်ကတော့ သစ်သီးပွဲနဲ့ငြိမ့်လို့ ... ဟုတ်လား။ ဟား ...

မေယုအမေသာ သိလို့ကတော့ ရင်ကျိုးမှာပဲ။ နင် မရှက်ဘူးလား ... ဟမ် ... ခြိမ့်"

"အို ... ဘာကိစ္စရှက်ရမှာလဲ။ ဒါ ရှက်စရာကောင်းတဲ့ ကိစ္စလား။ မမကြီးတို့က စကားပြောတာ တအားတစ်ဖက်စွန်း ရောက်တာပဲ ...

ခြိမ့်ကိစ္စတွေ ခြိမ့်ဘာသာ လုပ်နေတာပဲ။ ကျန်တဲ့ဟာတော့ ခြိမ့်မလုပ်နိုင်ဘူး ရှင်းရှင်းပြောတာ။ ကိုယ့်ကိစ္စကိုယ် ကြည်ကြည်ဖြူဖြူနဲ့ လုပ်နေတာတောင် လွန်လှပြီ။ အရင်ကဆို အကျီဆိုတာ ဝတ်ပြီးသွားရင် လျှော်တောင်းထဲပစ်ထည့်ရုံပဲ။ အချိန်တန်ရင် မီးပူတိုက်ပြီးသား ကော့ပျံနေတာတွေက အခန်းထဲ အဆင်သင့် ရောက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပြီးရင် ထမင်းစားပွဲက ထထွက်လာရုံပဲ။ အခု ကိုယ့်ပန်းကန် ကိုယ်ဆေးရသေးတယ်။ တစ်ခုခုစားချင်ရင် ကိုယ့်ဟာကိုယ် ထလုပ်ရသေးတယ်။ မမကြီးတို့ပဲ စဉ်းစားကြည့်ကြစမ်းပါ။ ခြိမ့် ဝင်ငွေရော၊ သူ့ဝင်ငွေရော ဟာ အိမ်ဖော်ဆယ်ယောက်လောက်တောင် ခေါ်ထားလို့ရတဲ့ အနေအထားမျိုးပါ။ ဒါတောင် ဘယ်သူ့မှမခေါ်ဘဲ ကိုယ့်ဟာကိုယ် လုပ်နေရတာယ်ဆိုတာ ဖြစ်သင့်တဲ့ နည်းလမ်းလာလို့"

ခြိမ့်က တရစပ်ပြောသွားတာကို သူမရဲ့အမေနှင့် မမသိမ့်တို့မှာ မျက်လုံးအပြူးသားဖြင့် နားထောင်နေကြသည်။ နောက်ဆုံးတော့ သူ့ဝင်မှ ရတော့မည်ဟု သဘောပေါက်လိုက်ကာ ...

"ဟုတ်ပါတယ် မမသိမ့်။ ခြိမ့်ပြောတာတွေက တကယ်တမ်းတော့ နည်းလမ်းကျပါတယ်။ ကျွန်တော်နဲ့အတူ နေရလို့ သူ့ဝေယျာဝစ္စတောင် သူ့ဟာသူ လုပ်နေရတာလေ။ အဲဒီအတွက်တောင် ကျွန်တော်က သူ့ကို အားနာနေတာပါ ...





အိမ်ဖော်ကတော့ ကျွန်တော်က မခေါ်စေချင်တာပါ။ အဲဒီအတွက် ကျွန်တော်တို့မှာ ဘာပြဿနာမှ မရှိပါဘူး"

သူ့စကားကြောင့် အန်တီနှင့် မမသိမ့်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ခေါင်းခါယမ်းကြသည်။ မမသိမ့်က ဆိုဖာပေါ် ဆောင့်ဆောင့်အောင့်အောင့် ထိုင်ချကာ ...

"မပြောနဲ့တော့ မေမေရေ။ မိခြိမ့်ရဲ့ကံဇာတာကိုက ကောင်းနေတာ။ သူကြိုက်လို့ယူထားတဲ့ ယောကျ်ားတောင် ဒီလောက်ကောင်းချင်မှ ကောင်းမှာ ...

တကယ်ပဲ လိုက်လည်း လိုက်ပါ့"

သူက အသာရယ်ကာ ခြိမ့်ကို တစ်ချက်လှမ်းကြည့်လိုက်လျှင် သူမတော ဘယ်လိုမှ ခံစားချက်ရှိဟန် မပြဘဲ မထုံတက်တေး မျက်နှာဖြင့် ရှိနေသည်။

"မမသိမ့် ကော်ဖီသောက်မယ် မဟုတ်လား။ ကျွန်တော် သွားဖျော်လိုက်ဦးမယ်"

"အမယ်လေး ... နေပါ မောင်ရယ်။ နေပါ။ ငါတို့က ဧည့်သည်တွေ မဟုတ်ပါဘူး။ အိမ်ကို ဧည့်သည်လာလည်း

www.burmeseclassic.com



အဲဒီလိုပဲ နှင်က အိမ်ရှင်မကြီးလုပ်ပြီး ဧည့်ခံနေတာပေါ့လေ ... ဟုတ်လား"

"အဟင်း ... ဧည့်သည်က ဘယ်သူမှ မလာဖူးသေးပါဘူး မမသိမ့်ရဲ့။ ဪ ... ခြိမ့် ဧည့်သည်တွေတော့လာတယ်။ မဂ္ဂဇင်းတိုက်ကတို့၊ စာအုပ်တိုက်ကတို့၊ အဟင်း ... ကျွန်တော်က တံခါးဖွင့်ပေးရုံပါ ...

အအေးကတော့ ခြိမ့်ပဲ တိုက်တာ"

"ဟင် ... ဒါတောင် မျော်တိုက်တာ ဟုတ်မယ် မထင်ပါဘူး။ ဘူးထဲကဟာတွေ လောင်းထည့်တာ နေမှာပေါ့။ ခက်တာပဲ ... မိခြိမ့်နဲ့တော့"

"ကဲ ... လုပ်ငန်းပြန်စတော့မယ်ဗျို့၊ ဧည့်သည်တွေရေ ဆောရီးနော်။ စာတ်ကောင်တွေက ခေါ်နေပြီ။ စာသွားရေးလိုက်ဦးမယ်"

ခြိမ့်ကား အဲဒီလိုပင် ပြောင်ပြောင်တင်းတင်း နှုတ်ဆက်ကာ ထထွက်သွားတော့သည်။ သူ့မှာသာ ငိုမြဲရမလို ရယ်ပြရမလို မျက်နှာနှင့် ကျန်ခဲ့ရသည်။ ခြိမ့်ရဲ့အမေနှင့် မမသိမ့်က သူ့ကို အင်မတန် အားနာနေသော မျက်လုံးများဖြင့်ကြည့်ကာ ...



"ဧယုရေ ... နှင့်ကိုတော့ ငါ သက်သက်ဒုက္ခပေးမိပြီနဲ့ တူတယ်။ ခြိမ့် ဒီလောက်ထိ ခေါင်းမာမယ်လို့ ထင်မထားဘူး။ ခုတော့ နှင့်မှာ သဘောကဆင်းတုန်းလေး ဖိမ်နဲ့နေရမယ် မရှိဘဲ ဖတ်သီ ဖတ်သီ ဖြစ်နေပါလားဟယ်"

"ကိစ္စမရှိပါဘူး မမသိမ့်။ တစ်သက်လုံးကြီး ဒီလိုဖြစ်သွားမှာမှ မဟုတ်တာ။ ကျွန်တော်က ခြိမ့်အပေါ်မှာ မေတ္တာစစ်စစ် ထားတဲ့အတွက်၊ သူ့ စိတ်ချမ်းသာရာကို ရှေးရှုတဲ့အတွက် တစ်နေ့မှာ ခြိမ့်ရဲ့သဘောထားတွေ အရောင်ပြောင်းလဲလာမှာပါ ...

အဲ ... မပြောင်းလဲဘူးဆိုလည်း ပြဿနာမရှိဘူးနော်။ ဘာလို့လဲဆိုတော့ 'ကျွန်တော်က သူ့ဆီက ဘာမျှော်လင့်ချက်မှ မထားလို့ပါပဲ'"

"ကျေးဇူးတင်ပါတယ် သားရယ်။ သားက ခြိမ့်အတွက် တကယ့်ခင်ပွန်းကောင်း တစ်ယောက်ဆိုတာ အန်တီယုံကြည်ပါပြီ။ ခြိမ့်အတွက်လည်း တကယ်ကို စိတ်အေးရပါတယ်"

www.burmeseclassic.com



"ဖေယု အတွက်သာ စိတ်မအေးရတာ မေမေရေ။ ဒီပုံ အတိုင်းဆို ခြိမ့်က ယောက်ျားရတာ ကံကောင်းပြီး ဖေယု က မိန်းမရက်ဆိုးနေပြီ ...

ဟင်း ... ပြောရင်လည်း ကိုယ့်အကျိုးအတွက် ကိုယ်ပြောတာ ဖြစ်ဦးမယ်။ ဘာပဲဖြစ်ဖြစ် ခြိမ့်ကို သည်းခံ ပေးပါ ဖေယုရယ်။ နော် ... ခြိမ့်ကလေ ဒီနေ့ ဒီအချိန် အထိ ဘယ်ယောက်ျားနဲ့မှလဲ မပတ်သက်ဖူးတဲ့သူ၊ ဘာမှလဲ မသိတဲ့ ကောင်မလေးပါ။ သူ့စာအုပ်တွေကလွဲရင် ဘာကို မှ စိတ်မဝင်စားတဲ့သူပါ။ သူ့မှာ အဲဒီလို သူ့အတွက်ပဲ သူကြည့်တဲ့ စိတ်ကလေးကလွဲလို့ ကျန်တာတွေက အပြစ် ရယ် ဘာမှမရှိပါဘူး။ ဖေယုကသာ သူ့နှလုံးသားကို လှုပ်နှိုးနိုင်ရင်တော့ ဖေယုအတွက် တကယ်ကံကောင်းလာ မှာပဲ"

"စိတ်ချပါ မမသိမ့်။ ကျွန်တော်လည်း အဲဒီလိုစဉ်းစားထား ပါတယ်။ ဒါကြောင့် သဘောတူကိုတောင် အေးရာအေး ကြောင်းပဲ လုပ်နေတာလေ"





"အင်း ... ကောင်းပါတယ်။ ကောင်းပါတယ်။ တို့တော့ ရင်တမမနဲ့ စောင့်ကြည့်နေရဦးမှပဲ"

"အိုခေပါ မမသိမ့်ရဲ့။ Don't worry anything "

သူက မမသိမ့်ကို လက်ညှိုးနှင့်လက်မ ဝိုင်းပြကာ ရွှင်ပြုံးစွာ ပြောလိုက်သည်။ ဘယ်သူတွေက ဘာပဲပြောပြော သူ ကတော့ ကိုယ် ယုံကြည်ရာလမ်းကို ဆက်လျှောက်မှာပင်။ မိန်း ကလေးတွေ အလိုချင်ဆုံးအရာဟာ ဘာလဲဆိုတဲ့ ခက်ခက်ခဲခဲ အဖြေကို သိနေပြီးမှတော့ မိန်းကလေးတစ်ယောက်နဲ့ သာယာလှပ တဲ့ အနာဂတ်တစ်ခုကို တည်ဆောက်ဖို့ဆိုတာ သိပ်မဝေးတော့ဘူး မဟုတ်လား။

ကဲ ... ဒီတော့ ပရိသတ်ကြီးရေ။ ဆက်လို့သာ အားပေးရှုစားတော်မူပါဦးခင်ဗျာ။

❥✧❥



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

ညတုန်းက ခြိမ့် ဝတ္ထုတစ်ပုဒ် ပြီးခဲ့သည်။ ညရှစ်နာရီလောက်က ပြီးသွားတာမို့ စောစောအနားယူကာ စောစောအိပ်ဖြစ်ခဲ့၍ မနက်ကျတော့လည်း စောစောနိုးနေခဲ့လေသည်။ ခါတိုင်းစောစောဆိုတာလည်း ရှစ်နာရီသာသာကို ဆိုလိုတာပါ။ ခါတိုင်းက ခြိမ့်ရဲ့အိပ်ရာထချိန်ဟာ နံနက်ဆယ်နာရီပုံမှန်ပဲ မဟုတ်လား။

မျက်နှာသစ် ကိုယ်လက်သန့်စင်ကာ အောက်ထပ်သို့ ဆင်းလာခဲ့လျှင် ကြားနေကျ သီချင်းသံခပ်သဲ့သဲ့ကို ကြားရပြီးနောက် ဘုရားဒကာကိုတော့ မတွေ့ရချေ။ ဧည့်ခန်းနားက မှန်ချပ်တွေကတစ်ဆင့် အပြင်သို့ လှမ်းကြည့်မိတော့မှ သူ့ကို ခြံ





ထဲမှာ ပန်းပင်တွေ ရေလောင်းနေတာ တွေ့ရသည်။ ရောက်ခါစက ဆံပင်ရှည်၊ မုတ်ဆိတ်မွေးငုတ်စိနှင့် ဖြစ်သော်လည်း အခုတော့ ဒီနိုင်းတွေပြောင်းပစ်လိုက်ပြီဖြစ်သည်။ ဆံပင်က ဘာပုံမှန်းတော့ မသိ။ ဒါပေမဲ့ ခေတ်ပေါ်ပုံစံ ဆိုတာတော့ သိသည်။ အံမယ် ... သင်းရဲ့ဆံပင်ဟာ ဂျယ်တွေ ဘာတွေနဲ့များ အကျအန လိမ်းထားရင် တော်တော်ပုံစံလှတာကိုး။

ခုတော့ အိပ်ရာနိုးကာစ ရှုပ်ပါမဖွင့်ရသေးလို့လားတော့ မသိ။ ဆံပင်က ပွယောင်းယောင်း၊ စွပ်ကျယ်အဖြူ၊ ကမ်းခြေဝတ် ကြောင်ကြောင်ကျားကျား ရှော့ပင်န်အတိုဖြင့် ရေလောင်းနေသောသူ့ကို ခြိမ့်သည် ဘာရယ်မဟုတ်ဘဲ ခဏကြာကြာတော့ စိုက်ကြည့်နေမိသည်။ ဒါဟာ ငါ့ယောကျ်ားပါလားဟူသော အသိဝင်လာသောအခါ ထိုအဖြစ်အပျက်ကြီးကို တော်တော်အံ့သြမိလေသည်။ ခြိမ့်နဲ့ဘယ်တုန်းကမှ မရင်းနှီးခဲ့ဖူးသော၊ ချစ်ကြိုက်ခြင်းသည်း မရှိခဲ့သော အနီးယောကျ်ားသားတစ်ယောက်ကို ဘယ်လိုများ ယောကျ်ားတော်မိခဲ့ပါလိမ့်ဟု မကြာခဏ ပြန်စဉ်းစားကြည့်မိသေးသည်။ ဘယ်လိုပဲဖြစ်ဖြစ် ခြိမ့်ရဲ့စိတ်ချမ်းသာမှုကို ရှေးရှု



www.burmeseclassic.com

www.burmeseclassic.com



သော ဘုရားဒကာရဲ့ စေတနာကိုတော့ လေးစားမိသည်သာဖြစ်သည်။ ခြိမ့် ကြည့်နေတုန်းမှာပဲ သူက ဆဋ္ဌမအာရုံရနေသည့်အလား ဒီဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်သည်။ ခြိမ့်ကို မြင်သောအခါ အံ့ဩဟန်ဖြင့် လက်လှမ်းပြသည်။ ကိုယ်က သူ့ကိုချောင်းချောင်းနေသလိုဖြစ်တာမို့ မျက်နှာပူမိသလိုဖြစ်ကာ ချာခနဲပဲ ထမင်းစားခန်းထဲသို့ လျှောက်ဝင်လာခဲ့သည်။

ခဏနေတော့ ဘုရားဒကာ,ကပါ ရောက်လာသည်။ ရေတစ်ခွက်မော့နေသော ခြိမ့်က သူ့ကို မမြင်ချင်ယောင်ဆောင်တုန်းမှာပဲ သူ့ထံက စကားသံထွက်လာသည်။

"ခြိမ့် အစောကြီး နိုးနေတယ်၊ ကိုယ်က Breakfa… တောင် ဘာမှမစီစဉ်ထားရသေးဘူး။ ဘာဖြစ်လို့လဲ နေမ… ကောင်းဘူးလား"

"ကောင်းပါတယ်။ ညက စောစောအိပ်လို့ စောစောနိုးလာတာ"

"ဟုတ်လား ... ဗိုက်ဆာနေပြီလား၊ ဘာစားမလဲ"

"ရှိတာပဲ စားပါ့မယ်"





"အာ ... မစားပါနဲ့။ ခြိမ့် စားချင်တာကိုပြောလေ။ ခုပဲ သွားဝယ်လိုက်မယ်"

"မဝယ်ပါနဲ့ ရှင့်ကိစ္စတွေသာ လုပ်စရာရှိတာ လုပ်ပါ။ ကော်ဖီနဲ့မုန့်နဲ့ပဲ စားလိုက်တော့မယ်"

"ခြိမ့် ဗိုက်ဆာနေပြီ ဆိုရင်တော့ စားချင်စားလေ။ ဪ ... ခြိမ့် နိုးလာတာနဲ့ အတော်ပဲ။ ဒီနေ့ည အိမ်မှာကိုယ့်သူငယ်ချင်းတွေနဲ့ ဆုံဖို့ချိန်းထားတယ် ...

နည်းနည်းပါးပါး သောက်ကြ စားကြမယ်။ ဟို ... မူးရူးကြမှာမျိုး မဟုတ်ပါဘူး။ ကိုယ့်ဘော်ဒါတွေ အားလုံးက အေးဆေးတွေပါ။ အဲဒါ ခြိမ့်ကို ကြိုပြောထားတာ"

"ဒါပဲ မဟုတ်လား။ ပြီးရော"

ခြိမ့်က တစ်ဖက်သို့ ပြန်လှည့်ကာ ကော်ဖီမစ်ထုပ်ကိုဖောက်၍ ကြွေမတ်ခွက်ထဲသို့ ထည့်ဖို့ဟန်ပြင်နေတုန်းမှာပဲ သူ့ထံက ခေါ်သံထွက်ပေါ်လာသည်။

"ခြိမ့်"

"ပြော"



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့်က လှည့်မကြည့်ဘဲ ထူးလိုက်လျှင် သူ့ထံမှ
အသံထွက်လာသည်။

"ကိုယ် အရက်နည်းနည်းသောက်မှာနော်၊ ဖြစ်တယ်မဟုတ်
လား"

အဲဒီအပြောဟာ ပထမတော့ ဘာမှမဟုတ်ဘူ
ထင်ရပေမယ့် နောက်တော့ တစ်စုံတစ်ခုကို စဉ်းစားမိကာ ခြိ
ရဲ့ကျောထဲ၌ စိမ့်ခနဲ ဖြစ်သွားသည်။ ကမန်းကတန်းပဲ နောက်သို့
လှည့်ကြည့်မိတော့မလို ဖြစ်သွားပြီးမှ ကိုယ်ရှိန်သတ်ကာ ဘရိ
အုပ်လိုက်ရသည်။

"ဟင် ? ခြိမ့်။ ရတယ် မဟုတ်လားလို့"

"ရှင့်ဟာရှင် သောက်တာ ကျွန်မနဲ့ ဘာဆိုင်လို့လဲ"

အဲဒီလို ပြန်မေးလိုက်သံတွေဟာ အဖျားခတ်
တုန်သွားသလားဟုတောင် ထင်ရသည်။ တကယ်ဆို ကော်ဖီဖျော်
ဖောက်ထည့်၊ ရေနွေးထည့်ကာ ကော်ဖီကို အေးအေးဆေး
ဖျော်နေရမှာ မဟုတ်လား။ ခုတော့ မတ်တတ်ကြီး ဘာလုပ်
တာလဲ။





ခြိမ့်က ကိုယ့်ကိုယ်ကိုယ် သတိပေးကာ ရေနွေး
ဓာတ်ဘူးရဲ့ခလုတ်အောက်မှာ ခွက်ကိုထိုးခံရင်း ခလုတ်ကိုဖိနှိပ်
လိုက်သည်။

"မသိဘူးလေ။ ခြိမ့်က အရက်သောက်တာ မကြိုက်ဘူး
လားလို့ပါ။ ကိုယ်က အများကြီးမသောက်တတ်ပါဘူး။
ပြီးတော့ အမြဲတမ်းလည်း မသောက်တတ်ဘူး၊ လူစုံမှပါ"

ခြိမ့်က နှုတ်ခမ်းကို တစ်ချက်မဲ့ရွဲ့မိသည်။ ကော်ဖီကို
မွှန်းနှင့် ခလောက်နေတုန်းမှာပဲ သူ့ထံက စကားသံထွက်လာသည်။

"ညနေ ဘာစားမလဲ ခြိမ့်"

"မစားပါဘူး။ ဘယ့်လိုဖြစ်လို့ ဒီအစားအကြောင်းပဲပြော
နေရတာလဲ။ ဘာမှမစားဘူး။ သိပြီလား"

"မစားဘူး ဆိုပေမယ့် ကိုယ်လာကျွေးတာတော့ နည်းနည်း
စားဦးပေါ့၊ ပြီးတော့ ကိုယ့်သူငယ်ချင်းတွေနဲ့ မိတ်ဆက်
ပေးဦးမှာမို့ လှလှပပလေး ဝတ်စားထားဦးနော်"

"ဒီမှာ ဘုရားဒကာ။ ရှင် တောင်းဆိုတာတွေကလည်း
ပြီးပဲ မပြီးနိုင်တော့ဘူးလား။ ရှင့်သူငယ်ချင်းတွေ လာလာ
မလာလာ ကျွန်မပုံစံက ဒီပုံစံပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ ... နေစမ်းပါဦး အခု ရှင်မြင်တွေ့နေရတဲ့ ကျွန်မပုံစံက သိပ်စုတ်ပြတ်နေလို့လား"

"ဟာ ... မပြတ်ပါဘူး ... မပြတ်ပါဘူး။ အရမ်းလှပါတယ်။ ဒါပေမဲ့ ပြင်လိုက်ရင် ပိုလှသွားမှာလေ။ အဲဒါကြောင့် ..." ကိုယ့်သူငယ်ချင်းတွေက ခြိမ့်ကို မင်္ဂလာဆောင်တုန်းကပဲ မြင်ဖူးတာလေ။ အဲဒါက သတို့သမီးမိတ်ကပ်နဲ့မို့ လှတာပါ လို့ ပြောနေလို့။ အခု ကိုရီးယားမိတ်ကပ်လေးနဲ့ တကယ် လှကြောင်းပြချင်လို့ ... ဟဲ ဟဲ"

ခြိမ့်က မျက်စောင်းတစ်ချက် ထိုးမိသွားလျှင် သူက အဲဒါကို မြိုးမြိုးကြီး စိုက်ကြည့်နေသည်။ အဲဒီအကြည့်ထဲက အရိပ်အယောင်တွေဟာ အင်မတန် ရွှန်းလက်နေတာမို့ ခြိမ့်ရင် ထဲမှာ တစ်မျိုးကြီးဖြစ်သွားသည်။ အို ... ဘယ်လိုကြီး ကြည့်တာ ပါလိမ့်။ ခြိမ့်ဟာ သူ့ရဲ့တရားဝင်ဇနီးမယားဆိုပြီး ဒီယောကျ်ားရဲ့ အကြည့်တစ်ချက်ကို ရင်တုန်ပန်းတုန် ဖြစ်ရတာ မဟုတ်ပါ။ သူ နဲ့ ခြိမ့်ဟာ တစ်အိမ်ထဲမှာ အတူနေတဲ့၊ တစ်ခုတင်ထဲမှာ အတူ အိပ်တဲ့ လင်မယားတွေ ဆိုပေမယ့် သူဟာ ခြိမ့်ကိုလက်ဖျားနဲ့ တောင် ထိဖူးတဲ့ယောကျ်ား မဟုတ်ဘူးလေ။





ခုလို အကြည့်မျိုးနဲ့တောင် ကြည့်ခဲ့ဖူးတာမှ မဟုတ် တာ။ ခြိမ့်သည် စပါးကြီးမြွေတစ်ကောင်ရဲ့ ညို့ယူခြင်းကို ခံနေရ သူလို သူ့ရဲ့အကြည့်အောက်မှာ တောင့်တောင့်ကြီး ဖြစ်နေသည်။ သူက အဲဒါကို သဘောကျသလိုဖြင့် အသာအယာပြုံးကာ ခြိမ့်ရဲ့ အနားသို့ တိုးကပ်လာလေသည်။

"ခြိမ့်"

သူ့ကို ခြိမ့်က မျက်တောင်မခတ်စတမ်း ပြန်ကြည့် နေတုန်းမှာပဲ တစ်စုံတစ်ရာသော အသံက ထွက်ပေါ်လာသည်။ ထိုအသံကတော့ လူခေါ်ဘဲလ်သံပဲ ဖြစ်လေသည်။

"တင်းတောင် ... တင်းတောင် ... တင်းတောင် ... တင်း တောင်"

အဲဒီအသံကြောင့် ခြိမ့်က လိုက်ခနဲမျော့်ရွှင်သွားကာ သူကတော့ ရှုံ့မဲ့သွားသည်။ သူ ရှုံ့မဲ့သွားပုံကိုကြည့်ပြီးတော့လည်း ခြိမ့်က ကျိတ်ရယ်ချင်သွားသည်။

သူ ရှုံ့မဲ့နေတုန်းမှာပဲ ခြိမ့်က အဲဒီနေရာမှ ခွာထွက် လာကာ ညှော်ခန်းထောင့်မှာ ထား,ထားသော ရုပ်မြင်မော်နီတာ လေးရှေ့ကို ရပ်ကြည့်လိုက်သည်။ ကိုရီးယားကားထဲကလို အိမ်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ ခြံဝကညှေ့သည်ကို ဘယ်သူလဲလို့ ကြည့်လိုက်တာပင်။ ရုပ်မြင်ရသောအခါ အံ့ဩသွားသည်။ လုံးဝထင်မထားသော သရဲမ မိပါလား။ သူငယ်ချင်းဖြစ်သူ မို့ကို ယောကျ်ားယူရေး ကြိုးပမ်းရာ၌ သစ္စာဖောက်ခဲ့သောလူအဖြစ် ခြိမ့်က စိတ်ကောက်ပြီး စကားကောင်းကောင်းမပြော၊ အဆက်အသွယ် မလုပ်ခဲ့တာ မင်္ဂလာ မဆောင်တည်းကဖြစ်သည်။

ခုတော့ ဒီသရဲမက ခြိမ့်ဆီ စောစောစီးစီး ဘာလာ လုပ်တာပါလိမ့်။

"တင်းတောင် ... တင်းတောင်

ခြိမ့်တွေးနေတုန်းမှာပဲ ဘဲလ်သံက ထပ်မြည်လာ သည်။ ဘုရားဒကာကပါ အနားသို့ ရောက်လာကာ "ဘယ်သူ လဲ ခြိမ့်"ဟု လာမေးသည်။

"ကျွန်မသူငယ်ချင်း လာတာပါ"

"ဩော် ... ချိန်းထားတာလား။ ညှေ့သည်ကို တစ်ခုခုကျွေး ရမှာပေါ့။ ဘာကျွေးမလဲ"

"မကျွေးပါဘူး။ ညှေ့သည် မဟုတ်ဘူး။ ကဲ ... ရှင်ကဘာ လုပ်နေတာလဲ၊ ရေချိုးမှာဖြင့် သွားချိုးတော့လေ"





အဲဒီလိုပြောမှပင် ဘုရားဒကာက ထွက်ခွာမသွား သေးဘဲ ခြိမ့်ကို ရှန်းရှန်းစားစားပြုံးပြီး စိုက်ကြည့်ကာ ခပ်တိုးတိုး ကပ်ပြောသည်။

"ခြိမ့် အဲဒီလို ပြောလိုက်တာ ကိုယ့်ရဲ့တကယ့်မိန်းမနဲ့တူ သွားထယ်။ နောက်ကို ခြိမ့်ကို မိန်းမလို့ပဲ ခေါ်တော့မယ်။ နော်"

"ဘာမှလာမခေါ်နဲ့။ ကျွန်မ မကြိုက်ဘူး"

"ခြိမ့်ကလည်းကွာ"

"တင်းတောင် ... တင်းတောင်"

ဘဲလ်သံက အဆက်မပြတ် ထွက်ပေါ်လာပြီမို့ ခြိမ့် က သူ့ကို မျက်စောင်းတစ်ချက် ထိုးကြည့်ကာ အိမ်အပြင်ဘက် သို့ ထွက်လာခဲ့သည်။ ခြံဝတွင် သရဲမ မိကို တကယ်ပဲ တွေ့ရ ပါသည်။ ခြိမ့်က မျက်နှာကို တမင်စူပုပ်ထားကာ ...

"ဘာလာလုပ်တာလဲ"

"ဟာ ... အိမ်ရှင်က လေသံကလည်း ဖော်ရွေလှချည်လား။ အိမ်ရှင်မကြီးကို သတိရလို့ လာတာလေ။ ကဲ ... တံခါး ဖွင့်စမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့်က မျက်စောင်းတစ်ချက် ထိုးပြီးနောက် လှဝင်ပေါက်တံခါးငယ်ကို ဖွင့်ပေးလိုက်သည်။ မီက အထုပ်တွေဆွဲပြီး ဝင်လာသည်။

"ဒီမှာလေ ... နင်ကြိုက်တဲ့ Active က မြီးရှည်။ နင် Breakfast မစားရသေးဘူး မဟုတ်လား။ နင့်ယောကျ်ားအတွက်ပါ ဝယ်လာတာနော်။ တို့သုံးယောက် အတူစားရအောင်လို့ ... ဟစ် ... ဟစ်"

"နေစမ်းပါဦး၊ နင်က စောစောစီးစီး ဘာထွင်တာလဲ။ ဒီအချိန် ငါ ဘယ်တုန်းက အိပ်ရာထဖူးလို့လဲ"

"ဩော် ... ယောကျ်ားရတော့ အရိုးတွေပြောင်းသွားပြီ ထင်လို့ပါ"

"မီနော် ... နင် ငါနဲ့ရန်ဖြစ်ဖို့ လာတာလား"

"ဟစ် ... ဟစ် (ရယ်သံ)။ စတာပါဟာ နင်ကလည်း စိတ်တိုဖို့ချည်းပဲ၊ နင့်အရိုးတွေ မပြောင်းမှန်း သိပါတယ် မိခြိမ့်ရယ်။ ဒီနေ့က နင် စာအုပ်ပြီးထားလို့ စောစောစီးစီး ထ,တာ။ ဟုတ်တယ်မှုလား ... ဟင်း ...





ငါက အစောကြီးတည်းက လာချင်နေတာ။ နင်အထာကျအောင် စောင့်ချင်တာရော ဘာအလုပ်မှ မရှိဘဲ အေးဆေး စကားပြောချင်တာရောကြောင့် နင် စာအုပ်ပြီး မယ့်နေ့ကို စောင့်နေတာ။ အန်တီ့ကို မေးထားတာ သိပြီလား။ ဟယ် ... နင်တို့အိမ်က ပန်းပင်တွေ တယ်စုံတာပဲ။ ကြည့်ပါဦး စောစောစီးစီး ရေတောင်လောင်းပြီးနေပြီ။ ဘယ်သူလောင်းတာလဲ၊ နင် လောင်းတာလား"

ခြိမ့်က မျက်ခုံးတစ်ချက်ပင့်ကာ ပခုံးတွန့်ပြမိသည်။ ခြိမ့်နှင့် မီ လျှောက်ဝင်လာရာ လမ်းတစ်လျှောက်မှာ သစ်ပင်ပန်းမန်တွေက လှပစွာ ဖူးပွင့်နေကြတာမို့ မီက နှစ်သက်သဘောကျဟန်ဖြင့် ချီးကျူးခြင်းဖြစ်သည်။

"နင်တို့အိမ်လေးက ချစ်စရာလေး။ ခြံဝင်းက သိပ်မကျယ်တာကို နေရာယူခေါက်ပုံတော်တော့ ခြံကျယ်သလိုလေး ဖြစ်သွားတာနော် ...

နင့်ယောကျ်ား သဘော်ာတက်သွားရင် နင် ဒီမှာ ဆက်နေမှာလား"

"ဘာလို့ နေရမှာလဲ၊ ငါ တစ်ယောက်တည်းကို"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒီအိမ်က ဘယ်လိုလုပ်မှာလဲ"

"ဘယ်သိမလဲ"

ဘုဘောက်တွေချည်း ဖြေနေသော ခြိမ့်ကို မိက မျက်လုံးပြူးကြည့်သည်။ အိမ်ထဲသို့ ရောက်လာသောအခါ ဧည့်ခန်းကို ကျော်ဖြတ်လျက် ထမင်းစားခန်းထဲသို့ ရောက်လာကြသည်။ မိ ဝယ်လာသော မြီးရှည်တွေကို ပန်းကန်တွေထဲသို့ထည့်ရင်း ဘုရားဒကာအတွက်ပါ တစ်ပွဲပြင်ပေးရတာမို့ တစ်မျိုးကြီးဖြစ်ရသေးသည်။ ခြိမ့်အတွက် ကော်ဖီက ဖျော်ပြီးသားဖြစ်သော်လည်း သူ့အတွက်တော့ ထည့်မဖျော်ရသေး။ မိအတွက်လည်း မဖျော်ရသေး။ ဖျော်ပေးရင် ကောင်းမလား၊ မကောင်းဘူးလားစဉ်းစားနေတုန်းမှာပဲ ကိုယ်ဝယ်လာသောမြီးရှည်ကို ကိုယ့်ဟာကိုယ်အားရပါးရ ပြန်နှယ်ဖပ်နေသော မိုထံမှ စကားသံထွက်ပေါ်လာသည်။

"ဟဲ့ ... နင့်ယောက်ျားရော"

"နင့်ယောက်ျား နင့်ယောက်ျားလို့ မပြောစမ်းပါနဲ့။ ဘာကြီးမှန်း မသိဘူး။ ရိုးရိုးမေးလည်း ရပါတယ်။ ဧယုဘယ်မှာလဲဆိုလည်း ပြီးနေတာပဲ"





"အမယ်လေးတယ် ... သူ့ယောက်ျားမို့လို့လည်း နင့်ယောက်ျားလို့ ပြောရသေးတယ်။ ဘာမှမဟုတ်တာကို လိုက်ပြီးကပ်နေတယ်။ ငါ ကြားပါတယ်နော်။ ကိုဧယုက နင့်ကို တော်တော်အလိုလိုက်တယ်ဆို"

"ဘာကို အလိုလိုက်တာလဲ။ ငါက ဘာတွေများ တောင်းဆိုနေလို့ သူက ဘာတွေလိုက်လျောနေရလို့လဲ။ ငါကသာ သူ့ကို လိုက်လျောရတာ ... ဟင်း"

ခြိမ့်က မြီးရှည်တစ်လုတ်ကို ပါးစပ်ထဲသွင်းစဉ်မှာပဲ မိုထံမှ ဟာစ်ဟာစ်ဟူသော အထာပေါက်ရယ်သံ ထွက်ပေါ်လာသည်။

"ဟဲ့ ... နင်က ဘာရယ်တာလဲ"

"သိဘူးလေ။ နင်က လိုက်လျောတယ်ဆိုတော့ နင် ဘာလိုက်လျောသလဲဆိုတာ နင့်ဟာနင်ပဲ သိမှာပေါ့ ... ဟာစ်ဟာစ်"

"မိနော် ... ငါ့ကို စိတ်တိုအောင် လာမလုပ်နဲ့။ ငါပြောတာက ရိုးရိုးပြောတာ။ ဒီအိမ်မှာ အိမ်ဖော်မရှိဘူး။ ငါက ခေါ်ချင်တယ်။ သူက မခေါ်ရဘူးတဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



အေး ... မခေါ်ရတော့ ငါ့အဝတ်အစား ငါ့ဟာငါ လျှော်ရတယ်။ ငါစားပြီးသားပန်းကန် ငါ့ဟာငါ ဆေးရတယ်။ ကျန်တဲ့အိမ်မှုကိစ္စကတော့ ငါမလုပ်နိုင်ဘူး ပြောပြီးသား။ သူ အိမ်ဖော်မခေါ်ချင်တာ သူ့ဟာသူလုပ်ပေါ့"

"ဟယ် ... ဒါဆို နင်က ဘာလုပ်လဲ"

"ငါ့အလုပ် ငါလုပ်တယ်လေ။ အရင်တုန်းက နင် သိထားတဲ့ ပုံစံအတိုင်းပဲ"

"ဟယ် ... သဘောသီးတော့ ကံဆိုးတာပဲ။ ရေထဲမှာလည်း ရေထဲမှာမို့၊ ပင်ပင်ပန်းပန်း အလုပ်လုပ်ရ၊ အိမ်ရောက်တော့လည်း အိမ်မှုကိစ္စအဝဝကို တာဝန်ယူရ၊ အမယ်လေး ... အဲဒီလိုယောကျ်ားမျိုး နောက်တစ်ယောက်လောက် မရှိတော့ဘူးလားဟင်။ ငါလည်း လိုချင်လိုက်တာ"

"တကယ်ယူမှာလား။ သိပ်ရှိတာပေါ့"

အဲဒီစကားက ခြိမ့် ပြောလိုက်ခြင်းမဟုတ်ပါ။ ခြိမ့်နောက်က ဝင်လာသော ဘုရားဒကာထံက ထွက်လာသောအသံဖြစ်သည်။ ဘုရားဒကာက ခုမှ ရေမိုးချိုးပြီးစ ရှင်းသန့်နေသော ဒီဇိုင်းဖြင့် ဝင်လာသည်။ ဒေါ်နစိမ်းရောင်တီရှပ်နှင့် ကာကီရောင်





သရီးကွာတား ဘောင်းဘီတိုကို ဝတ်ဆင်ထားကာ သူ သုံးနေကျ Polo ရေမွှေးရနံ့ကလည်း မွှေးပျံ့နေသေးသည်။ ဟင်း ... အဲဒီလို အိမ်နေရင်းတောင် ပဲများတာတွေကို မကြိုက်တာပေါ့။

သူက ထမင်းစားပွဲတွင် ခြိမ့်ရဲ့ဘေးက ဝင်ထိုင်ကာ မိကို အနှစ်နှစ်အလလကို ရင်းနှီးနေခဲ့သူအလား ပြောသည်။

"ကျွန်တော့်သူငယ်ချင်းတွေထဲမှာ လူပျိုတွေ အများကြီးပဲ ရှိတယ်။ ရာထူးအစုံပဲ။ Chief ကြိုက်လား၊ သူကြီးကြိုက်လား ကြိုက်တာပြော"

"ဘာသူကြီးလဲ ... လှေသူကြီးလား ... ဟစ် ဟစ်"

မိ ဆိုသော မိန်းမကလည်း မနိုင်စိန်ပင်။ ဘုရားဒကာကို ပြန်နောက်အားဆေးသည်။ ခြိမ့်က ဘာမှဝင်မပြောဘဲ မြီးရှည်ကိုသာ တိတ်တဆိတ် စားနေမိသည်။

"အေးပေါ့ဗျာ ... အဲဒီသဘောပဲပေါ့။ ကျွန်တော်တို့လောကမှာ ကပ္ပတိန်ကို သူကြီးလို့ခေါ်တာယ်လေ၊ သူကြီးဆိုလို့ ဘူတားကြီးတွေ ထင်မနေနဲ့နော်။ တချို့သူကြီးတွေက ငယ်ငယ်လေးပဲ ရှိသေးတာ။ ဘယ်လိုလဲပြော။ ရှာပေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟစ် … ဟစ် … ရှာပေးလေ။ ဒါပေမဲ့ အိမ်ထောင်မှု နိုင်နင်းတဲ့ သဘော်သီးမျိုးမှုဖြစ်မှာ။ ကျွန်မကလည်း ခြိမ့် သူငယ်ချင်းဆိုတော့ ခြိမ့်လိုပဲ …

ကဲပါ … ကျွန်မကို ရှာပေးတာက နောက်မှပေါ့။ ခုလောလောဆယ် Breakfast စားလိုက်ဦး"

"ညီ့သည်က ပြန်ဝယ်လာရတာပေါ့။ ဆောရီးဗျာ မမိ လာမယ်မှန်းသိရင် ကျွန်တော် စီစဉ်ထားမှာပေါ့။ ခြိမ့်နဲ့ ချိန်းထားကြတာလား …

ခြိမ့်က ကျွန်တော့်ကို ဘာမှပြောမထားဘူးလေ"

"ကျွန်မလည်း လာမယ်လို့ သူ့ကို ကြိုပြောမထားပါဘူး။ ခြိမ့် စာအုပ်ပြီးတဲ့နေ့မို့ တမင်လာခဲ့တာ။ မိခြိမ့်ရဲ့ ဝတ္ထု တစ်အုပ်ပြီးရင် အေးရာအေးကြောင်းပဲလေ။ အငြိမ်နပ်တော့ တာ။ ဟစ် … ဟစ် …

အံမယ် … အရင်ကဆို သူ့ဝတ္ထုတစ်အုပ်ပြီးရင် အပြင်မှာ လိုက်ကျွေးတာနော်။ ရှော့ပင်းထွက် မုန့်စား၊ စာအုပ်တွေ အခွေတွေဝယ် အဲလိုမျိုး"





"ဟုတ်လား။ ခြိမ့်မှာ အဲဒီလို အထာလေးတွေ ရှိတယ်ပေါ့၊ ခုလည်း ကိုယ့်ကို ဘာကျွေးမှာလဲ ခြိမ့်"

"မကျွေးပါဘူး"

"တွေ့တယ် မဟုတ်လား။ အဲဒီလို ကပ်စေးနဲတာ။ မမိတို့ သူငယ်ချင်းက အဲဒီလိုပဲဗျ။ ကျွန်တော့်ကို ဂရုမစိုက်ပါဘူး ဗျာ"

အဲဒီစကားကြောင့် မိက ခွီးခနဲရယ်သည်။ ခြိမ့်က သူ့ကို မျက်စောင်းတစ်ချက်ထိုးကာ …

"ရှင်နော် … ဘာတွေလျှောက်ပြောနေတာလဲ"

"ဟုတ်တာ ပြောတာပဲဟာ။ ကဲပါ … လူကိုမျက်ထောက် နီကြီးနဲ့ ကြည့်မနေပါနဲ့၊ မမိ အိမ်မှာ အေးဆေးနေမှာ မဟုတ်လား။ ထမင်းစားပြီးမှ ပြန်လေ။ ဘာကြိုက်တတ် လဲ။ ကျွန်တော်ကတော့ မချက်တတ်ဘူး။ အပြင်ကပဲသွား ဝယ်ပေးရမှာ …

အိမ်မှာ ပုံမှန်မှာစားတာတော့ ခိုင်ခိုင်ကျော်ကလေ"

"ရပါတယ် ဘာမှတကူးတက မဝယ်ပါနဲ့။ ရှိတာနဲ့ပဲစား မှာပေါ့။ ဒီမိန်းမနဲ့က မတွေ့တာကြာပြီဆိုတော့ စကား ထောင် ပြောလို့ဝမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ၊ အိမ်ကို တကူးတက လာလည်တဲ့ညှိသည်ကို။ ရှိနိုင်စေ ကြိုက်တယ် မဟုတ်လား"

"ဟုတ် ... ဟုတ် ... ရပါတယ်၊ အဆင်ပြေသလိုသာ စီစဉ်ပါ"

"အိုခေ ... အိုခေ၊ သူငယ်ချင်းတွေ စကားပြောကြဦးပေါ့။ မြိမ့် ခဏနေ ကိုယ် အပြင်ခဏသွားမယ်။ ကိစ္စလေးတစ်ခု ရှိတာနဲ့ တစ်ခါတည်း အပြင်ထွက်ရင်း City Mart ဝင်ပြီး အိမ်အတွက် လိုအပ်တာလေးတွေ ဝယ်လာခဲ့မယ် ...

နေ့ခင်းစာလည်း အပြင်ကပဲ နည်းနည်းပါးပါးထပ်ဝယ်လာခဲ့မယ်။ ထမင်းချိုင့်လာပို့ရင် ယူထားဦးနော်"

"အင်းပါ ... သိပါတယ်"

သူက မိုကို နှုတ်ဆက်ပြီးနောက် ထမင်းစားပွဲမှ ထသွားသည်။ သူ ထွက်သွားတော့မှပင် မိုက ဘယ်ဘဝက ပြောချင်နေသော စကားတွေမှန်းမသိ တရစပ်ပင် ပြောဆိုလေသည်။ မြိမ့်သည် မိုကို ဧည့်ခန်းထဲခေါ်ရင်း ကော်ဖီတစ်ခွက်ဖျော်ပေးကာ အေးအေးဆေးဆေးပြောဖို့ ပြောရသည်။ မိုက မော်ဒန်နိုက်စ်ဖြစ်





သော ဧည့်ခန်းလေးရယ်၊ ခြံထဲကို လှမ်းမြင်နေရသော ပန်းပင်များတွေကို သဘောကျသလို ငေးကြည့်နေရင်းမှ ...

"ဘယ်လိုလဲ မိမြိမ့်။ နင့်ရဲ့အိမ်ထောင်သည်ဘဝ အတွေ့အကြုံရှင်းလင်းပွဲ လုပ်စမ်းပါဦး။ ပြော ... ကိုကိုက ဘယ်လိုကြင်နာ ဂရုစိုက်လဲ"

"ဘယ်လိုမှ မကြင်နာဘူး"

"ဟင် ... ဘာလို့မကြင်နာရမှာလဲ။ နင့်ကိုကြည့်တဲ့ သူ့မျက်လုံးတွေထဲမှာ ချစ်ခင်ကြင်နာတဲ့ အရိပ်ယောင်တွေ၊ အလိုလိုက် အကြိုက်ဆောင်တဲ့ အရိပ်ယောင်တွေ ပြည့်နေတာပဲ။ နင် ကံကောင်းပါတယ် မိမြိမ့်ရာ။ နင့်ယောကျ်ားက နင့်ကို တော်တော့်ချစ်ရှာတာပါ"

အဲဒီစကားကြောင့် မြိမ့်နားထဲတွင် တစ်မျိုးဖြစ်သွားသည်။ ဘုရားဒကာက မြိမ့်ကို ဘယ်နားက ချစ်တာလဲ။ မဖြစ်နိုင်ပါ။ မြိမ့်တို့ရဲ့အိမ်ထောင်ရေးဟာ ဒီလိုကြီးပဲ သွားမည်ဟု ထင်သည်။ ရင်ခုန်တာတွေ၊ စိတ်လှုပ်ရှားတာတွေ၊ ကြည်နူးပီတိဖြစ်ရတာတွေ ဘာတစ်ခုမှ မရှိဘဲ ရိုးရိုးကြီးသာ ဖြတ်သန်းသွားရလိမ့်မည်။ ရိုမန့်တစ် အချစ်ဝတ္ထုတွေရေးသော စာရေးဆရာမတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရဲ့ကိုယ်ပိုင်အချစ်ဇာတ်လမ်းဟာ ဤမျှ ရိုးစင်းနေတာတော့ ကံဇာတ်ဆရာရဲ့ ကြည်စယ်မှုပဲ ဖြစ်လိမ့်မည်။

"သူ ငါ့ကို ချစ်တယ်လို့ တစ်ခါမှ မပြောဖူးပါဘူး"

"ဪ ... နှင့်ပုံစံကြီးကလည်း ပြောချင်စရာလားဟဲ့။ ဒီလောက် အပေါက်ဆိုးတဲ့ မိန်းမကြီးကို ဟိုကသာ နှင့် မျက်နှာကိုကြည့်နေရတာ ...

နင်ကလည်းဟာ ကိုယ့်ယောက်ျားတောင် ဖြစ်နေပြီပဲ။ ချစ်တဲ့စိတ်ကို တမင်မွေးထည့်ပြီး တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင် နေကြပေါ့ ...

ငါ သိပါတယ်။ နင်က နင့်ဟာနင် စာရေးမယ် စာဖတ်မယ်၊ သူလည်း ဂရုမစိုက်ဘူး။ ကိုယ့်ဟာကိုယ်နေမယ်၊ အဲဒီလို လုပ်နေတာမှလား။ မလုပ်ပါနဲ့ဟာ"

"အောင်မယ် ... မိန်းမ။ ဟိုက ရှိုင်စာဝယ်လာမယ်ဆိုတာနဲ့ Flow တွေက ဟိုဘက်ကို ပြောင်းသွားလိုက်တာ ...

ဘာဖြစ်လဲဟာ နတိုင်းက မကောင်းဘူးလား။ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြတယ်ဆိုပြီး သတ်နေကြတယ်ဆိုရင် ပိုစိတ်ညစ်စရာကောင်းတယ်"





"ချစ်ကြတယ်ဆိုပြီး မသတ်ကြတာတွေလည်း အများကြီးပါ။ နင်နော် ယောက်ျားကို အဲဒီလောက် ဂရုမစိုက်လုပ်မနေနဲ့။ ဟိုက လူချော။ ခုခေတ်က အိမ်ထောင်ရှိတာတွေ မရှိတာတွေ သိပ်အုံးစားနေတာ မဟုတ်ဘူး။ တော်ကြာ ... ပါသွားဦးမယ် ...

သူ ကိုယ့်ကို ဂရုစိုက်နေတုန်းမှာ ကိုယ်က အထက်စီးကနေ နေလိုက်ပြီးတော့ ပြန်ရောတာက ကိုယ့်အတွက် ပိုကောင်းတယ်ဟ။ သူ လိုက်နေတုန်းမှာ ကိုယ်ကချုပ်ထားလိုက်တော့။ ကိုယ့်ကို မလိုက်တော့တဲ့ အချိန်ကျမှ ကိုယ်က ပြန်လိုက်ရရင် ကိုယ့်က ပိုအောက်တယ်။ သိရဲ့လား ...

ဟင်း ... သင်ပေးနေရတယ်၊ စာရေးဆရာမကလည်း"

မိစဖားတွေက မြိမ့်အတွက် အခိပ္ပာယ်ရှိသည်။ သူ ဘာကိုဆိုလိုတယ်ဆိုတာသိပေမယ့် နက်နက်နဲနဲတော့ မစဉ်းစားချင်ပေ။ မြိမ့် ခေါင်းရှုပ်သည်။

"ဟင်း ... ဘာတွေမှန်းလဲ မသိပါဘူးဟာ။ တော်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"နင် မွန်မွန်ပြောစမ်း ခြိမ့်။ နင် ကိုဇေယျနဲ့ နေရတာ မပျော်တောင် စိတ်မညစ်ရဘူး မဟုတ်လား။ သူက နင် စိတ်ညစ်အောင် ဘာမှမလုပ်ဘူး မဟုတ်လား"

"အင်း ... ဆိုပါတော့"

ခြိမ့်က ပြုံးစိစိဖြင့် ပြန်ဖြေလျှင် ဒီတစ်ခါ မျက်စောင်းထိုးသူက မီ ဖြစ်သည်။

"ဒါနဲ့များ ခြိမ့်ရယ်။ နင့်သဘောထားတွေကို ပြောင်း လိုက်ပြီး Romantic ဇာတ်လမ်းလေးတစ်ပုဒ်ဖြစ်အောင် လုပ်လိုက်စမ်းပါ ...

နင်တို့လင်မယားက အထူးအဆန်းပဲ။ မင်္ဂလာဆောင် ပြီးမှ သမီးရည်းစား ပြန်လုပ်ကြမှာ ... ဟစ် ... ဟ ဟဲ့ ... နေပါဦး။ အရေးကြီးတာ မေးရဦးမယ်၊ နင်တို့ မင်္ဂလာဆောင်ပြီးတာ တစ်လပြည့်ပြီဆိုတော့ နင် ဟိုဒင် တွေ ဘာတွေရော မရှိဘူးလား"

ခြိမ့်က မျက်မှောင်ကြုတ်ကြည့်ကာ "ဘာ ... ဟို ဒင်းလဲ"ဟု ပြန်မေးမိသည်။

"သြော် ... ကလေးတွေ ဘာတွေ ပြောတာပေါ့"





"ဟာ ... ဘာတွေ လာမေးနေတာလဲ။ နင် သိထားဖို့က ငါက ခုချိန်ထိ အပျိုပဲ"

မီက တအံ့တသြနှင့် မျက်လုံးပြူး ရင်ဘတ်ကိုလက်နဲ့ဖိကာ ...

"ဟင် ... တကယ် ! ။ တကယ်ကြီး ! "

"ဟုတ်ပါ့။ ငါက နင့်ကို ညာစရာလား"

"ဟင် ... ဒါဆို နင့်ယောကျာ်းက အခြောက်ပေါ့။ ဟယ် ... ဗလကြီးနဲ့ ခြောက်နေတာပေါ့။ လူပုံကြည့်တော့ ယောကျာ်း ပီပီသသနဲ့။ ခြိမ့်ရယ် ... ငါ့သူငယ်ချင်း အဖြစ်ဆိုးလှချည် လား။ ဒုက္ခပဲ ... ဘယ်လိုလုပ်ကြမလဲဟင်"

"သေလိုက် မီ။ နင်ကတော့ တွေးလိုက်ရင် အမြဲတလွဲပဲ။ ဒီမှာ ငါပြောပြမယ်။ ငါက မင်္ဂလာဦးညတည်းက သူနဲ့ အခန်းခွဲအိပ်တာ ...

နောက်ရက်တွေကျတော့ သူက အဲလိုတော့ မလုပ် ပါနဲ့တဲ့ ...

ခြိမ့် သဘောမတူတဲ့ ကိစ္စမှန်သမျှ သူ ဘာမှအတင်း အကျပ်ကြီး မလုပ်ပါဘူး၊ စိတ်ချလက်ချအိပ်ပါဆိုပြီး ကတိ ပေးလို့ နောက်မှ တစ်ခုတင်ထဲ အိပ်ဖြစ်တာ။ ဒါပေမဲ့ ငါ



www.burmeseclassic.com

www.burmeseclassic.com



အိပ်တဲ့အချိန်ကျ သူက အိပ်တောင်ပျော်နေပြီ။ မနက်ကျ
တော့ ငါ့အရင်နိုးနေပြီလေ”

“ဟယ် ... ကြုံဖူးပေါင် ဂုဏ်ထူးဆောင်တွေပါပဲဟယ်။
ဒီလိုယောကျ်ားမျိုးလည်း လောကမှာ ရှိသေးတာယ်ပေါ့။
အေးပေါ့လေ ... သူ့အတွက်က ဒီကိစ္စဟာ သိပ်ပြီးတော့
မထူးဆန်းလို့ နေမှာပေါ့ ... ဟစ် ... ဟစ်”

အဲဒီစကားကြောင့် ခြိမ့်က မျက်စောင်းထိုးမိသည်။
မီ ပြောသလို ကိုယ်လည်းတွေးမိသော်လည်း အဲဒါကသပ်သပ်
ဒါကလည်း သပ်သပ်ဟုတော့ ထင်မိပါသည်။ သူဟာသူ မထူး
ဆန်းတော့တာပဲဖြစ်ဖြစ် ကိုယ့်ကိုလာပြီး ထူးဆန်းခြင်းမပြုတာလည်း
ကျေးဇူးတော့ တင်ပေးရမည်ဖြစ်သည်။ အစဉ်သဖြင့် ကြည်လင်နေ
သော ဘုရားဒကာရဲ့မျက်နှာကို မြင်ယောင်လာမိကာ သူ့အနား
မှာနေရတာ အေးတော့ အေးချမ်းသားပဲဟု တွေးမိလာလေသည်။

“ငါ တစ်ခုတော့ စဉ်းစားမိတယ်ဟ။ သူ့ကြည့်ရတာ ငါ့
ကို မတူညီဘူးဆိုတဲ့ မေတ္တာပေး၍ မေတ္တာယူမည်ဆိုတဲ့
ပုံစံနဲ့ ဆက်ဆံနေသလားလို့ပဲ။ မေတ္တာတရားဆိုတာ ဘာသာ
တိုင်းမှာတောင်သွားတူနေတဲ့ အဓိကအချက်တစ်ချက်ပဲ
လေ ...





သူ ငါ့ကို မေတ္တာစိတ်နဲ့ ဆက်ဆံနေသလို ခံစားရ
တယ်”

“အမယ်လေး ... ဒီလင်မယားနဲ့ကျမှပဲ မေတ္တာတွေရော
သည်းခံခြင်းတရားတွေရော အထူးအဆန်းတွေ ကြားရတော့
တယ်။ တကယ်ပါပဲ ခြိမ့်ရယ်။ နင်ကတော့ ဖြစ်လိုက်ရင်
အဆန်းတွေချည်းပါပဲ”

အဲဒီနေ့က မီ တစ်ယောက် ခြိမ့်တို့နဲ့အတူ နေ့လယ်
စာထမင်းစားပြီးမှ ပြန်သွားခဲ့သည်။ ဘုရားဒကာနှင့်လည်း ထမင်း
ဝိုင်းမှာ စကားတွေဖောင်ဖွဲ့ရင်း သူ့လူ ကိုယ့်ဘက်သားဖြစ်သွား
ခဲ့သေးသည်။ ညနေဘက်ကျတော့ သူ့သူငယ်ချင်းတွေလာသည်။
ခြိမ့်ကတော့ လုပ်မှုရေးအရ နှုတ်ဆက်ရုံသာ နှုတ်ဆက်ပြီး အိမ်ပေါ်
ထပ်သို့ ရှောင်ပေးလိုက်သည်။ လက်ဖျားနဲ့မထိပါဘူးဟု ကတိ
ပေးထားသော်လည်း အရက်သောက်လာမည့် ယောကျ်ားတစ်
ယောက်ကို မယုံသောကြောင့် စောစောစီးစီး ခေါင်းမြီးခြုံ၍ အိပ်
ပစ်လိုက်လေသည်။

www.burmeseclassic.com



## ❦ ၁၁ ❦

တစ်နေ့ တစ်နေ့ ဆိုင်က Breakfast တွေကိုပဲ စား ရထား ရိုးလာသောအခါ ဖေယုသည် ဒီတစ်နေ့ Breakfast ကို တော့ ထမင်းကြော်ဖို့ စီစဉ်သည်။ ထမင်းကြော်ဖို့ကို သူတို့အိမ်မှ ဒေါ်ကြီးထံက မေးမြန်းထားအပြီး နံနက်စာကို ပဲပြုတ်နှင့်ထမင်း ကြော်သည်။ ကော်ဖီနှပ်သည်။ ခြိမ့် နိုးလာသောအခါ ကြက်ဥ ဟပ်ပ်ပ်ဖရိုက်ကြော်ပေး၍ အတူစားကြလေသည်။ စားရင်းမှ ခြိမ့်ရဲ့ မျက်နှာကို တစ်ချက်အကဲခတ်ကာ မေးရသည်။

"ဘယ်လိုလဲ ခြိမ့်၊ ကိုယ်လက်တည့်စမ်းထားတဲ့ ထမင်း ကြော်လေ။ ကောင်းရဲ့လား"

"အင်း ... ကောင်းပါတယ်"





သူမကတော့ ဆန့်ကျင်ဘက်စကားကို ဘယ်တော့မှ မပြောဘဲ ဤသို့နှယ် သံတာမန်စကားကိုသာ ပြောတတ်သည်။ ဒါကြောင့်လည်း သူတို့အိမ်ထောင်ရေးဟာ ရုပ်ရှင်တွေ ဝတ္ထုတွေ ထဲကလို ဘုဘောက်ကျလိုက်၊ ရန်ဖြစ်လိုက် ဖြစ်မလာဘဲ ခပ်အေး အေးသာ ရှိနေခဲ့တာဖြစ်သည်။ ခြိမ့်ဟာ သူနဲ့ အထူးတလည် စကားပြောစရာမရှိဘဲ သူမရဲ့အလုပ်ကို အေးရာအေးကြောင်း လုပ်နေတာကြောင့်လည်း ဖြစ်နိုင်သည်။

"ခြိမ့် ဝတ္ထုအသစ် ဘယ်တော့စ,မလဲ"

"နောက်နှစ်ရက် သုံးရက်လောက် နေရင်ပေါ့။ ဘာဖြစ်လို့ လဲ"

"ဘာမှတော့ မဖြစ်ပါဘူး။ ခြိမ့်ကို ပြောစရာရှိတယ်"

သူ့စကားကြောင့် ခြိမ့်က ထမင်းကြော်စားနေရင်းမှ မျက်လုံးလှန်ကြည့်သည်။ ခြိမ့် အဲဒီလို မျက်လုံးလှန်ကြည့်လျှင် သူ တော်တော်အသည်းယားပါသည်။ ခုလည်း ကြည့်ဦးလေ။ ဆံနွယ်ရှည်တွေကို ဘီးကုပ်အပြားကြီးတစ်ခုနဲ့ ပင့်ကုပ်တွယ်ထား ပြီး တီရှပ်အဝါနရောင်၊ စပန့်ဘောင်းဘီရှည်ကြီး ဝတ်ဆင်ထား ပြီး ဘာနဲ့သာမှ လိမ်းခြယ်ထားခြင်း မရှိတာတောင် ကြည့်လင်

www.burmeseclassic.com



တောက်ပနေသော အသားအရေနှင့် ခြိမ့်ဟာ တကယ့်ကို ကမ္ဘာ့ ငယ်တစ်ယောက်လိုပါပဲ။

ဒီလောက်တောင် အိမ်တွင်းပုန်းလုပ်ပြီး အိမ်ထဲက အိမ်ပြင်မထွက်မှတော့ ခြိမ့်ရဲ့အသားအရေဟာ ပန်းသွေးရောင်ထ နေသည်မှာ မဆန်းတော့ပြီ။ ဒီအသားအရေတွေဟာ မြင်တာနဲ့ တောင် ဒီလောက်ဝင်းမွတ်အိစက်နေမှန်း သိသာနေတာ ထိတွေ့ မိရင်တော့ တစ်ခါတည်း ပြန်လွှတ်ချင်မှာ မဟုတ်ဘူးဟု ထင် သည်။

အင်း … ဒါကြောင့်လည်း …။

"ပြောစရာရှိတယ်ဆို မပြောဘဲနဲ့ ဘာလုပ်နေတာလဲ"

"ခြိမ့်ရဲ့အသားကို မညီးအောင် ဘယ်လိုလုပ်ရမလဲ စဉ်းစား နေတာ"

"ရှင် ဒီအသားကိုပဲ တော်တော်မနာလိုဖြစ်နေတယ်နဲ့တူ တယ် … ဟုတ်လား"

ခြိမ့်က အဲဒီလို ပြုံးစိစိနှင့်ပြောတော့ ပိုပြီးချစ်စ ကောင်းသွားသည်။ အဲဒီလို ပြောပုံလေးက သူ့ဓနီးနှင့်ပိုတူသည် ဟု ထင်သည်။





"ဟုတ်တယ် … မနာလို ဖြစ်နေတာပေါ့။ ကိုယ့်ဘဝက မစားရအညှော်ခံ ဖြစ်နေတာကိုး"

ခြိမ့်က မျက်စောင်းထိုးသည်။ ပြီးတော့မှ အခုနက စကားကို သတိရသွားဟန်ဖြင့် …

"ဒါနဲ့ နေပါဦး။ အခုနက ရှင် မေးစရာရှိတယ်ဆိုတာ ဘာလဲ"

"မေးစရာ မဟုတ်ပါဘူး။ ပြောစရာပါ။ ဒီလို ခြိမ့်ရဲ့။ ကိုယ်တို့အိမ်ကို ဧည့်သည်တစ်ယောက် လာနေမယ်ဆိုရင် ခြိမ့် လက်ခံနိုင်မလား"

"ဘယ်က ဧည့်သည်လဲ။ ရှင့်ဧည့်သည်လား"

"အင်း … ဆိုပါတော့။ ကိုယ်နဲ့လည်း ရင်းနှီးပါတယ်။ အထူးသဖြင့် ကိုယ့်မိဘတွေနဲ့ ပိုရင်းနှီးတာပေါ့။ ကိုယ် ငယ်ငယ်က မော်လမြိုင်မှာ နေခဲ့တာလေ။ ကြောက်တန်း ရောက်တော့မှ ရန်ကုန်ကို ပြောင်းလာခဲ့တာ။ အခုလာမယ့် ဧည့်သည်က မော်လမြိုင်ကပေါ့"

"ယောက်ျားလား … မိန်းမလား"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမ ... အင်း ... မိန်းကလေးပေါ့။ သူ့အမေက ကိုယ့်အမေရဲ့တပည့်ပေါ့။ အဲဒီကောင်မလေးက အခု ရန်ကုန်မှာ အလှပြင်သင်တန်း လာတက်မှာ။ ပြီးရင် ဟိုမှာဆိုင်ပြန်ဖွင့်မလို့တဲ့။ အဲဒါ ကိုယ်တို့အိမ်ကနေ သင်တန်းတက်မယ်ပေါ့"

"ဘုရားဒကာရဲ့အမေအိမ်က ဘာဖြစ်လို့လဲ"

"အင်း ... မေမေတို့အိမ်က သူ့သင်တန်းနဲ့ဆို ဝေးတာကိုး။ သူ့သင်တန်းက တက္ကသိုလ်ရိပ်သာလမ်းသစ်ထဲမှာလေ။ ကိုယ်တို့အိမ်နဲ့ဆို နီးတာပေါ့"

သူ့စကားကို ခြိမ့်က တစ်ခုခုတွေးနေဟန်ရှိသည်။ သူ့မိဘတွေအိမ်က သာကေတက အိမ်ရာဝင်းတစ်ခုထဲမှာမို့ တက္ကသိုလ်ရိပ်သာလမ်းရှိ သင်တန်းကို နေ့စဉ်လာတက်ဖို့ဆိုတာ ဝေးလံမှန်း ခြိမ့်လည်း တွေးမိမှာပင်။

"ခြိမ့်အတွက် စိတ်အနှောင့်အယှက် ဖြစ်စရာရှိလား"

"မရှိပါဘူး။ ဒါပေမဲ့ ကျွန်မက ဧည့်ဝတ်ကျေနိုင်မှာမဟုတ်တော့"





"အင်း ... အဲဒါတွေ ကိုယ် ပြောပြထားပါတယ်။ အဲဒါက ပြဿနာမရှိဘူး။ အမိကျေ့က သူက နေဖို့အဆင်ပြေရင် ပြီးတာပဲ ...

ကိုယ်တို့အိမ်က လူနည်းတော့ အဆင်ပြေတယ်လေ။ ခြိမ့် လက်ခံမယ်ဆိုရင် ကိုယ့်အမေကို ပြောလိုက်ရုံပဲ။ ဒါဆို ညနေရောက်လာမှာပဲ"

"ဟာမ် ... ရောက်နေပြီလား"

"အင်း ... မနေ့ကတည်းက ရောက်နေတာလေ။ ဘယ်လိုလဲ ခြိမ့်"

"ရတယ်လေ၊ ကျွန်မကတော့ ပြဿနာမရှိပါဘူး"

"ကျေးဇူးပဲ ခြိမ့်"

သူ့ရဲ့ကျေးဇူးတင်စကားကို ခြိမ့်က မျက်ခုံးပင့်ကြည့်သည်။ ဘာကျေးဇူးတင်တာလဲ ဆိုတဲ့သဘော။ ခဏနေတော့အခါ သူမ အမေ့ကို ဖုန်းဆက်လိုက်သည်။ ညနေကျတော့ သူ့အမေနှင့်အတူ မျက်သွယ် ရောက်လာသည်။ မျက်သွယ်သည် ငယ်စဉ်ကတည်းက သူနဲ့ အိမ်နီးချင်းလို ဖြစ်ခဲ့ကာ သူ့ထက်လည်း ငယ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခြိမ့်ထက်လည်း နည်းနည်းငယ်မည် ထင်ပါသည်။ မတွေ့ရတာကြာပြီဖြစ်သော မျက်သွယ်ကို သူ့မင်္ဂလာဆောင်မှာ မတွေ့ခဲ့ရဘဲ အခုမှသာ တွေ့ရခြင်းဖြစ်သည်။ ငယ်ငယ်တုန်းက ပိန်လှီလှီ ကောင်မလေးဟာ ခုတော့လည်း မော်လမြိုင်သူစာတိပြကာ နန္ဒာလှိုင် အငယ်စားလို ဖြစ်နေသည်။

ညှိသည်လာတယ် ဆိုတော့မှ ခြိမ့်က အိမ်အပေါ်ထပ်မှ ဆင်းလာသည်။ မိန်းကလေးဝတ် လိမ္မော်ရောင်တီရှပ်အကျပ်ကို အကြေသား စကတ်အရှည်ကြီးနှင့် တွဲဖက်ဝတ်ထားကာ ခေါင်းလျှော်ပြီးစ ဆံနွယ်တွေကို မခြောက်တခြောက်ထားရင်း လွှင့်မြောစွာ ဆင်းလာသော ခြိမ့်ကို မျက်သွယ်က တအံ့တသြနှင့် ငေးကြည့်နေသည်။ လိမ္မော်ရောင်ကြောင့် ခြိမ့်ရဲ့အသားဟာ အံ့သြစရာကောင်းအောင် လှနေပါလိမ့်မည်။

"အန်တီ နေကောင်းတယ်နော်"

ခြိမ့်က သူ့အမေကို အရင်နှုတ်ဆက်သည်။ နုံးညံ့အေးဆေးသော သူ့အမေကလည်း ခြိမ့်ရဲ့အန်တီခေါ်သံကို ဘယ်နှယ်မှ နေဟန်မရှိပါ။



"အေး ... ကောင်းပါတယ် သမီးရယ်။ သမီးတို့ရော အဆင်ပြေတယ် မဟုတ်လား။ နှစ်ယောက်တည်းဆိုတော့ သမီး ပင်ပန်းမှာပေါ့။ သားကရော ကူညီရဲ့လား"

"ဟုတ်ကဲ့"

အဲဒီအမေးနဲ့ အဖြေကြောင့် သူက ရယ်ချင်သွားသည်။ သူ့အမေက မျက်သွယ်ဘက်ကို အသာလှည့်ကြည့်ရင်းမှ ...

"သမီး ... ဒါ မျက်သွယ်တဲ့လေ။ အန်တီတို့နဲ့ မော်လမြိုင်မှာတုန်းက အတူတူ နေခဲ့ကြတာပေါ့။ သူ အခု ရန်ကုန်မှာ သင်တန်းလာတက်မယ်ဆိုတော့ အန်တီတို့အိမ်က တအားဝေးလွန်းတယ်ကွယ်။ ဗဟန်းမှာကျတော့ နီးလည်းနီးတယ်၊ သမီးတို့လည်း ဒီမှာရှိတယ်ဆိုတော့ မျက်သွယ်အတွက် အဆင်ပြေနိုင်တယ်လေ။ သားကလည်း သင်္ဘောမတက်သေးဘူးဆိုတော့ မျက်သွယ် သင်တန်းတက်မယ့်သုံးလက ဒီမှာ အဆင်ပြေနိုင်မှယ်လို့ ထင်လို့ ...

မျက်သွယ် ... ဒါ ကိုဇေအမျိုးသမီးလေ။ စာရေးဆရာမ မိုးခြိမ့်မဒီ ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် မမ။ မျက်သွယ်ပါ"

"ဟုတ်ကဲ့"

မျက်သွယ်ကသာ မမဟု ခေါ်နေသော်လည်း ခြိမ့်နဲ့ မျက်နှာပင်မှာ ကြည့်လိုက်လျှင် ခြိမ့်က ပိုကြီးတယ်ဟု မထင်ရချေ။ ဒါကြောင့်လည်း ခြိမ့်က ဟုတ်ကဲ့ ပြန်လိုက်တာ ဖြစ်နိုင်သည်။ ဘယ်သူ့ကိုမှ လောကွတ်တွေချော်ပြီး ဖော်ဖော်ရွေရွေ မဆက်ဆံတတ်သော ခြိမ့်သည် အခုလည်း ဟုတ်ကဲ့တစ်လုံးပြောပြီး ပါးစပ်ပိတ်နေသည်။

"မျက်သွယ် ဘယ်နေရာမှာနေမလဲ။ အပေါ်ထပ်မှာနေချင်လား၊ အောက်ထပ်မှာ နေချင်လား။ အခန်းတွေကတော့ ရှင်းပြီးသား အဆင်သင့်ပဲ"

"အောက်ထပ်မှာပဲ နေပါ့မယ်။ အပေါ်ထပ်က ကိုဇေတို့ နေတာမဟုတ်လား"

"အင်း ... ဟုတ်တယ်။ အပေါ်ထပ်မှာ နေချင်လည်းရပါတယ်။ မျက်သွယ်သဘောပဲလေ။ ဒါဆို လှေကားထောင့်က အခန်းမှာနေပေါ့။ အဲဒီအခန်းက မှာစတာဘတ်ရွမ်းပဲ"





"ဟုတ် ... ကျေးဇူးပဲ ကိုဇေ။ အင်း ... ဒါနဲ့ ကိုဇေတို့ နှစ်ယောက်တည်း နေကြတာဆိုတော့ ထမင်းဟင်းက မမပဲ ချက်တာလားဟင်"

မျက်သွယ်က ခြိမ့်ကိုကြည့်ကာ ခပ်သွက်သွက်ပဲ မေးသည်။ အဲဒီမေးခွန်းကြောင့် သူက နည်းနည်းစိတ်ညစ်သွားသည်။ သူ့အမေရှေ့မှာ ဒီလိုမေးခွန်းမျိုးတွေ မမေးစေချင်ပါ။ သူတို့ ချိုင့်ဆွဲစားသည်မှာ သူ့အမေကို သူက ပေးသိမထားခဲ့ချေ။ သဘော်တက်နေရသော သူဟာ ပြန်ရောက်နေတဲ့ အချိန်လေးအတွင်းမှာ အိမ်ထမင်း၊ အိမ်ဟင်းကို အင်မတန်ခုံမင်သူဆိုတာ သူ့အမေက သိတာကိုး။ ဒီလိုသာ ဆိုင်ဟင်း ဆိုင်ထမင်းနဲ့ နစ်ပါးသွားနေရမှန်းသိလျှင် ဘယ်စိတ်ကောင်းပါ့မလဲ။

သူ့အတွေးတွေ ယောက်ယက်ခတ်နေတုန်းမှာပဲ ခြိမ့်က အေးဆေးသက်သာစွာဖြေသည်။

"မချက်ပါဘူး ဘာဖြစ်လို့ မေးတာလဲ။ ထမင်းစားမကောင်းမှာ စိုးလို့လား"

အဲဒီမေးခွန်းကို ဒီအတိုင်း ကြားလိုက်ရလျှင်တော့ ရိုက်ပေါက်မေးခွန်းဟု ထင်စရာအကြောင်းရှိသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့်ရဲ့မျက်နှာသွင်ပြင်ကို ကြည့်လိုက်သောအခါ ဘယ်လိုစိတ်မျိုးနဲ့မှ မေးတာမဟုတ်ဘူး ဆိုတာကို သိသာစေသော ပကတိကြည်လင်နေသည့် မျက်နှာမျိုးနဲ့ဖြစ်သည်။

"မဟုတ်ပါဘူး။ မျက်သွယ်က အချက်အပြုတ် ဝါသနာပါတယ်လေ။ အဲဒါ ဒီမှာရှိနေတုန်း ကိုဇော်တို့ကို အမျိုးမျိုးချက်ကျွေးချင်လို့ပါ ...

အန်တီခင့်ကိုတောင် စပါယ်ရှယ်ချက်ကျွေးလာတာ။ ဟာင်း ဟာင်း ... နော် အန်တီခင်။ သမီးလက်ရာ ကောင်းတယ် မဟုတ်လား"

"ကောင်းပါတယ်ကွယ်။ မူမူက အချက်အပြုတ်ပညာ အမွေပေးထားတယ်နဲ့တူတယ်"

"ဟုတ်တယ် အန်တီခင်။ မေမေက မိန်းကလေးဆိုတာ မလုပ်ချင်ရင်သာမလုပ်နဲ့၊ တတ်ကို တတ်ထားသင့်တယ် ဆိုပြီး သင်ပေးထားတာ ...

ကိုဇော က သဘောသပေါမှာ ဘိုစာတွေပဲ စားရတာဆိုတော့ လျှာလည်သွားအောင်ကို ချက်ကျွေးလိုက်ဦးမယ် ... ဟာင်း ... ဟာင်း"





အဲဒီလို ပြောလိုက်ချိန်ဝယ် သူက ခြိမ့်မျက်နှာကို မကြည့်ဖြစ်အောင် ထိန်းသိမ်းထားရသည်။ နောက်ဆုံးတော့ သူ့အမေကပဲ စကားစ,ကိုဖြတ်တော့သည်။

"ကဲ ... ဒါဆိုရင် မေမေ ပြန်တော့မယ်လေ သား။ ခြိမ့်ရေ ... သွားတော့မယ်နော် သမီး။ မျက်သွယ်လေးကိုလည်း စောင့်ရှောက် ကူညီပေးလိုက်ပါဦး သမီးရယ်။ တစ်နေ့လောက် မေမေတို့အိမ် လာခဲ့ဦး သမီး။ သမီးတို့အဖေကလည်း တွေ့ချင်နေတယ် ...

ကဲ ... မျက်သွယ်ရေ့ အန်တီ သွားပြီ။ အားလုံးပဲ တစ်ယောက်နဲ့တစ်ယောက် ကူညီစောင့်ရှောက်ပြီး နေကြပါ၊ ဟုတ်ပြီနော်"

"ဟုတ်ကဲ့ အန်တီခင်၊ မျက်သွယ့်အတွက်တော့ မပူပါနဲ့။ ဒီအိမ်ကိစ္စတွေလည်း လိုအပ်တာတွေအားလုံး ကူညီလိုက်ပါမယ်"

သူ့အမေ ပြန်သွားသောအခါ သူကပဲ မျက်သွယ်ကို အခန်းရှေ့အထိ လိုက်ပို့ရသည်။ ခြိမ့်ကတော့ နှစ်ယောက်စလုံးအား ဖုတ်လေသည့်ငါးပိ ရှိသည်ဟုတောင် သဘောမထားဘဲ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်သို့ ပြန်တက်သွားလေသည်။ မျက်သွယ်က သူ့ကိုစကား ပြောဖို့ ကြိုးစားသေးသော်လည်း သူက တမင်ပဲ စကားစ,ကို ရှောင်ဖြတ်ကာ ထွက်လာခဲ့သည်။

တစ်ယောက်က စကားနည်းသောမိန်းမ၊ တစ်ယောက်က စကားများသောမိန်းမ တွေ့ကြလေပြီ။ ဘယ်လိုပဲဖြစ်ဖြစ် ခြိမ့် တစ်ယောက် ဘယ်လိုတွေပြောင်းလဲသွားမလဲ ဆိုတာကိုတော့ သူက ရှုံ့ရှုန်စွာဖြင့် စောင့်ကြည့်ချင်သေးသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဝင်စားစရာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သာကေတမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။





## ၁၂

ညက ခြိမ့် ဝတ္ထုအသစ် စ,ရေးသည်။ ရေးကောင်းကောင်းနှင့် အချိန်ကို သတိမထားမိဘဲ ရေးလိုက်ရာ သုံးနာရီထိုးတော့မှပဲ အိပ်ရာဝင်ဖြစ်တော့သည်။ ထို့ကြောင့် နောက်တစ်နေ့ အိပ်ရာနိုးတော့ ဆယ့်တစ်နာရီထိုးနေပြီ။ ကိုယ်လက်သန့်စင်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့သော ခြိမ့်ရဲ့နှာခေါင်းဝသို့ မွှေးရနံ့ တစ်မျိုးက ဝင်ရောက်လာသည်။ ဘာနံ့ပါလိမ့်ဟု သရုပ်ခွဲနေစဉ် မှာပဲ ညှော်ခန်းထဲမှာ ပန်းအိုးထိုးနေသော မျက်သွယ်က ခြိမ့်ကို လှမ်းပြောသည်။

"မမခြိမ့် ... နိုးပြီလား။ မျက်သွယ် မုန့်ဟင်းခါးချက်ထားတယ်။ စားတော့မလားဟင် ... ပြင်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခြော် ... ရပါတယ်။ ဘာလို့ တကူးတကကြီး ချက်နေတာလဲ မျက်သွယ်ရယ်။ မုန့်ဟင်းခါးစားချင်ရင် ဘုရားဒကာနဲ့ မှာလိုက်လို့ ရတာပဲ ...

လူလေး သုံးယောက်ရှိတာ မုန့်ဟင်းခါးချက်နေရတယ်လို့၊ ပင်ပန်းတာပေါ့"

"အဟင်း ... မျက်သွယ်က ကိုယ်တိုင်ချက်ကျွေးချင်တာကိုး။ ဒါနဲ့ နေပါဦး။ ဘုရားဒကာ ဆိုတာ ဘယ်သူ့ကို ပြောတာလဲ"

"ဖေယုကိုလေ"

"ဟယ် ... ဟုတ်လား။ အဲဒီလို ခေါ်တာလား။ အဟိ ... ဆန်းတယ်နော်။ ဘာလို့ အဲဒီလို ခေါ်တာလဲဟင်"

"သူက ဘုရားတည်ဖူးတယ်လေ။ သူများခေါ်တဲ့ နာမည်မျိုးတွေ မခေါ်ချင်တာနဲ့ သူ့ကုသိုလ်ကိုလည်း အမြဲသတိရဆင်ခြင်မိနေအောင် အဲဒီလို ခေါ်လိုက်တာ ...

ဒါနဲ့ မျက်သွယ်က မုန့်ဟင်းခါးချက်ဖို့ ပစ္စည်းတွေ ဘယ်ကရတာလဲ၊ အိမ်မှာ ဘာမှရှိတာ မဟုတ်ဘဲနဲ့"





"ဒီမနက်ပဲ အစောကြီး ဈေးသွားဝယ်တာလေ။ နေ့ခင်းစာလည်း မျက်သွယ်ပဲ ချက်ထားတယ်။ မမခြိမ့် စားချင်တဲ့ဟင်းတွေ ရှိရင်လည်း ပြောလေ ... ချက်ပေးမယ်"

"နေပါစေ မျက်သွယ်ရယ်။ တို့အိမ်ကို တည်းတယ်ဆိုတာနဲ့ပဲ အဲဒီလိုတွေ လုပ်ပေးစရာ မလိုပါဘူး။ အေးအေးသက်သာပဲ နေပါ"

"ရပါတယ်။ မျက်သွယ်က နေရလို့ လုပ်ပေးတာ မဟုတ်ပါဘူး။ မျက်သွယ် ကိုယ်တိုင်ကိုက ဝါသနာပါနေတာ ...

ကဲ ... မမခြိမ့်၊ မုန့်ဟင်းခါး စားလိုက်ဦး။ ဒီမှာ ကော်ဖီ"

ခြိမ့်က ရှေ့မှာအဆင်သင့်ရောက်လာသော မုန့်ဟင်းခါးပန်းကန်ရယ်၊ ဓာတ်ဘူးထဲမှ ငှဲ့ပေးသော ကော်ဖီရယ်ကိုကြည့်ကာ တစ်ခုခု မှားနေသလို ခံစားရသည်။ ဒါပေမဲ့ ဘာမှမပြောဖြစ်တော့ဘဲ မုန့်ဟင်းခါးတစ်ဇွန်းကို စတင်စားမိသည်။ ခါတိုင်းစားနေကြ ဆိုင်ကမုန့်ဟင်းခါးနှင့်မတူသော taste အသစ်ကို ခံစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းရဲ့လား မမခြိမ့်"

"အင်း ... ကောင်းပါတယ်"

စားသာစားနေရသည်။ ခြိမ့်ရဲ့စိတ်ထဲမှာ တစ်ခုခု လိုနေသလို ခံစားနေရသည်။ သေချာသတိပြုမိတော့မှ လိုနေတာဟာ အချဉ် သို့မဟုတ် အငန် မဟုတ်ဘဲ ဘုရားဒကာ ဖြစ်တယ်ဆို တာ သဘောပေါက်လိုက်ရသည်။ နေ့စဉ်နေ့တိုင်း ခြိမ့် အိမ်ပေါ် ဆင်းလာတာနှင့် ဘုရားဒကာရဲ့မျက်နှာကို တွေ့နေကြဖြစ်သည် ခုတော့ မတွေ့ရသေး။

ဒါကြောင့် တစ်ခုခု လိုနေတယ်ဟု ခံစားရ ဖြစ်လေသည်။

"သင်တန်းမသွားဘူးလား မျက်သွယ်"

"သင်တန်းက ဒီနေ့ မရှိဘူးလေ၊ တစ်ပတ်မှ လေးရက် ရှိတာ။ တော်သေးတယ်။ သင်တန်းနဲ့ အိမ်နဲ့က နီးတ ဆိုပေမယ့် ဘတ်စ်ကားလမ်းကြောလည်းမရှိ၊ Taxi ငှ ကလည်း လမ်းမကြီးဆီ ဆယ်မိနစ်လောက် လျှောက် မှာဆိုတော့ နည်းနည်းကသီနေတာ ...





အဲဒါ ကိုဇော်ကို ပြောပြတော့ ပူစရာမလိုဘူးတဲ့။ သူက မမခြိမ့်အတွက် မနက်တိုင်း အပြင်ထွက်ပြီး မုန့်ဝယ် ပေးနေကြတဲ့။ အဲဒါ သူနဲ့လိုက်ခဲ့ရင် သင်တန်းကို ပတ်ပြီး ပို့ပေးမယ်တဲ့။ သမီးသင်တန်းက မနက်ကိုးနာရီကနေ ညနေသုံးနာရီထိလေ။ အပြန်ကတော့ ကိုဇေ လာကြိုနိုင်ရင် လည်းကြို မကြိုနိုင်ရင်လည်း Taxi ငှားပြန်လို့ ရသေးတယ်"

မေးတာက တစ်ခွန်းတည်း။ ဖြေသွားတာက တရစပ်မို့ ခြိမ့်က ဘာပြန်ပြောရမှန်း မသိပေ။ ဪ ... အေး ... ကောင်း ပါတယ်ဟုပဲ ပြောရမလား၊ အဆင်ပြေတယ်နော်ဟုပဲ ပြန်ပြောရ မလား စဉ်းစားဆဲမှာပင် မျက်သွယ်ထံမှ စကားသံထွက်လာပြန် သည်။

"လကုန်ပို့က နှစ်ရက်ပဲ လိုတော့တာလေ။ အဲဒါ သမီးက ကိုဇော်ကို ထမင်းချိုင့် မယူတော့ဖို့ ပြောထားတယ်။ ဒီအိမ် မှာ သမီး ရှိနေသမျှတော့ မိုးမိုချောင်ကိစ္စလေးတော့ တာဝန်ယူပါရစေလို့ သမီးအတွက်လည်း အပန်းကြီးတဲ့ ကိစ္စမှ မဟုတ်တာ ... နော် ... မမခြိမ့်"



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ ခြိမ့်တွင် ခြိမ့်က; ဘယ်နေရာကကြီးလို့ သူက ဘယ်နေရာကငယ်နေမှန်းတော့ မသိပါ။ မမခြိမ့်လို့ ခေါ်တာက ထားဦးတော့။ သူ့ကိုယ်သူ သမီး၊ သမီးနဲ့ ပြောထာတော့ဆိုးလှသည်။

"သဘောပဲလေ။ တို့အတွက်ကတော့ ဆိုင်က ထမင်းဟင်းပဲဖြစ်ဖြစ်၊ အိမ်ကထမင်းဟင်းပဲဖြစ်ဖြစ် ဘာမှသိပ်မထူးခြားဘူး။ အစားအသောက်ကိစ္စလည်း အဲဒီလောက်ကြီး စိတ်မဝင်စားပါဘူး။ ဒါကြောင့် ဘာမှလဲ မချက်ပြုတ်တာပေါ့ ...

ထမင်းစားဖို့ အသက်ရှင်တာမဟုတ်ဘဲ အသက်ရှင်ဖို့ ထမင်းစားတယ်ဆိုတဲ့ လူစားမျိုးထဲကပေါ့။ ဘုရားဒကာကို မေးကြည့်ပေါ့။ သူက ဒီအိမ်မှာ အိမ်ထောင်ဦးစီးပဲ။ သူ ခွင့်ပြုရင် အားလုံး လုပ်လို့ရတယ်"

"ဟယ် ... တကယ်ပြောတာလား။ မထင်ရဘူးနော်"

"ဘာကို ပြောတာလဲ"

"ဪ ... မမခြိမ့်ပုံစံက ကိုဇေကို အဲဒီလို ဦးစားပေးမယ်လို့ မထင်ရတာကို ပြောတာပါ"





အဲဒီစကားက ဘာအဓိပ္ပာယ်လဲ။ ဒီအိမ်ကို ရောက်လာတာ တစ်ရက်ပဲရှိသေးတဲ့ မျက်သွယ်ရဲ့နှုတ်ဖျားက ထွက်လာတဲ့ အဲဒီစကားရဲ့အဓိပ္ပာယ်ဟာ ဘာကိုဆောင်သလဲဆိုတာ လူတွေရဲ့ကာရိုက်တာကို မဖမ်းနိုင်ဘဲ စာမရေးတတ်သော ခြိမ့်အတွက် ဘာသာပြန်ရ မခက်ချေ။ တစ်ခုခု ပြန်ပြောဖို့ စဉ်းစားမိသော်လည်း သူမနှင့်စကားပြောနေလျှင် အမျှင်ပြတ်မှာ မဟုတ်တော့ဘူးဆိုတာ သဘောပေါက်သဖြင့် ဘာမှပြန်မပြောတော့ဘဲ ကော်ဖီခွက်ကိုယူကာ အပေါ်ထပ်သို့ ပြန်တက်ဖို့ပြင်သည်။

ဒါပေမဲ့ စိတ်ထဲမှ စနိုးစနောင့်ဖြစ်နေတာ တစ်ခုက ဘုရားဒကာကို ခုချိန်ထိ မတွေ့ရ မမြင်ရသေးတာပဲဖြစ်သည်။ ဘယ်ရောက်နေတာပါလိမ့်။ အဲဒီအချိန်မှာပဲ စာရေးစားပွဲပေါ်မှာ တင်ထားသော ခြိမ့်ရဲ့ဖုန်းမှ မြည်သံထွက်ပေါ်လာသည်။ ခြိမ့်သည် Display ပေါ်မှ ပေါ်နေသော နာမည်ကိုကြည့်ကာ တိုက်ဆိုင်လှချည်လားဟု တွေးနေမိသည်။ တစ်ယောက်စတည်းမှာပဲ စိတ်ချင်းဆက်သွယ်မှုဆိုသော စကားကို သွားသတိရပြီးနောက် ရင်ထဲမှာနွေးထွေးသွားသည်။ သူ့ကို ခြိမ့် ဘယ်ရောက်နေလဲ စဉ်းစားမိနေချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာ သူကလည်း ဖုန်းဆက်လာသည်။ ခြိမ့် နှုတ်ခမ်းတွေက ပြုံးရိပ်ဖြင့် ဖုန်းကိုဖွင့်ထူးလိုက်သည်။ သူ့အသံက ဒစ်ဂျစ်တယ်လေလှိုင်းများဖြင့် စီးမျောရောက်ရှိလာသည်။

"ခြိမ့် ... နိုးပြီလား"

"အင်း ... ဘယ်က ဆက်နေတာလဲ"

"အား ... ကိုယ် အပြင်ရောက်နေတာ။ သူငယ်ချင်းတစ်ယောက်ရဲ့ကားကိစ္စလေး နည်းနည်းလုပ်ပေးနေလို့။ ထမင်းစားချိန်တော့ အမီပြန်ရောက်မယ် ...

အဲဒါ ဘာမှာချင်လဲ၊ ဘာဝယ်ခဲ့ရမလဲ"

ပထမတော့ ဘာမှမဝယ်နဲ့လို့ ပြောဦးမလို့ပင်။ နောက်တော့ စိတ်ကူးပြောင်းသွားသည်။

"အသီးနှစ်မျိုး သုံးမျိုးလောက် ဝယ်ခဲ့လေ"

"အိုခေ ... အိုခေ။ ခြိမ့် ကြိုက်တဲ့အသီးတွေ ကိုယ်သိပါတယ်။ သြော် ... ခြိမ့် ဘာစားလဲ။ မုန့်ဟင်းခါးပဲစားလား"

"ဟုတ်တယ် ... ဒါနဲ့ သူက ထမင်းဟင်းတွေပါ နေ့တိုင်းချက်မယ် ပြောနေတယ်"





"အင်းလေ ... သူက အရမ်းချက်ချင်နေတာနဲ့ ကိုယ်လည်း ဘာမှမပြောတော့တာ။ သူ့စိတ်ထဲမှာကျတော့လည်း ဒီမှာနေပြီး တစ်ခုခု ပြန်လုပ်ပေးချင်တဲ့ဆန္ဒရှိလို့ နေမှာပေါ့ ...

ခြိမ့် အဆင်ပြေတယ် မဟုတ်လား"

"အင်း ... ပြေပါတယ်"

ပြေပါတယ် ဆိုတဲ့အသံက ဘာကြောင့် အားမရှိတာလဲတော့ ခြိမ့် ကိုယ်တိုင်လည်း အဖြေမထုတ်နိုင်သေးချေ။

"အိုခေလေ ... ဒါဆိုလည်း ပြန်လာမှတွေ့မယ်၊ ဒါပဲနော် ခြိမ့်"

သူက ဖုန်းချသွားသည်။ သူ ဖုန်းချသွားသောအခါ ခြိမ့်လည်း စာရေးဖို့ ပြင်တော့သည်။ စာရေးလိုက် တွေးလိုက်ဖြင့် အချိန်တွေကုန်လို့ ကုန်သွားမှန်းတောင် မသိဘဲ တော်တော်ကြီးညောင်းလာတော့မှပင် ထိုင်ရာမှထကာ အညောင်းဖြေအညာဖြေ လမ်းလျှောက်မိသည်။ ဝရန်တာမှာ ထွက်ရပ်ရင်း ဟိုဟိုဒီဒီ လိုက်ကြည့်မိတုန်းမှာပဲ ဘုရားဒကာရဲ့ကားက ခြံရှေ့မှာရပ်ပြီး ဟွန်းတီးတာနှင့် ကြုံရသည်။

www.burmeseclassic.com



ဟွန်းတီးသံကြားတာနှင့် အိမ်ထဲမှ မျက်သွယ်က ပြေးထွက်လာကာ တံခါးကို အပြေးဖွင့်ပေးသည်။ နောက် ပေါ်တီကိုအောက်မှ စကားပြောသံသဲ့သဲ့ကိုလည်း ကြားရသည်။

"ကိုဇေ ... မျက်သွယ်မှာတဲ့ အချဉ်ထုပ်တွေပါလား"

"ပါပါ့ဗျာ အိတ်ထဲမှာ။ ခြိမ့်ရော အပေါ်မှာလား"

"ဟုတ်တယ် ... ပေး ပေး အထုပ်တွေ၊ မျက်သွယ် သယ်လာခဲ့မယ်"

"တစ်ဝက်ပဲယူလေ ရတယ်"

ပေးပါဆို မပေးပါဘူးဆို စသော အသံတွေကို မြင်ပြင်းကတ်လာသဖြင့် ခြိမ့်က အိမ်ထဲပြန်ဝင်လာခဲ့ပြီး စာရေးစားပွဲ ပြန်ထိုင်မိသည်။ ဘောပင်ကို ကောက်ကိုင်လိုက်သော်လည်း တကယ်တမ်းမှာက စာမရေးဖြစ်ချေ။ အောက်ထပ်မှာ နှစ်ယောက်သား ဘာတွေပြောနေကြလဲလို့ စိတ်ဝင်စားနေမိသည်။ ခါတိုင်းဆို ဘုရားဒကာက အိမ်ပေါ်တက်လာတာ မဟုတ်လား။ အခုဟာက ကော်ဇောနဲ့ တက်မလာတာမို့ သွားချောင်းရင် ကောင်းမလား စဉ်းစားနေမိသည်။





ဘောပင်ကိုကိုက်လိုက်၊ မျက်မှောင်ကြုတ် စဉ်းစားလိုက်၊ အောက်ထပ်က တစ်ချက် တစ်ချက် ပျံ့လွင့်လာသော ခိုးခိုးခစ်ခစ် ရယ်သံများကို ကြားရလျှင် အံကြိတ်လိုက်ဖြင့် ခြိမ့် တစ်ယောက် ဂနာမငြိမ် ဖြစ်နေမိသည်။ ယောက်ျားတွေလား တော်တော်ပလီတာ ကြိုက်တဲ့ဟာတွေ။ ဟိုက ဟီဟီခွိခွိ လုပ်ပြပြီး ကြူဆိုလိုက်တာနှင့် အဲဒီထဲမှာ သာယာမျောပါသွားကာ ခြိမ့်ထံသို့ တက်လာဖို့တောင် သတိမရတော့ဘူး မဟုတ်လား။ အရင်ကဆို အပြင်က ပြန်လာတာနဲ့ ခြိမ့်ကို လာပြီးမော်ဖူးရတာလေ။

တောက် ...။ ခြိမ့်က တက်တစ်ချက်ခေါက်ကာ စားပွဲခုံကို လက်သီးဖြင့် ထုပစ်လိုက်သည်။

"ဒုန်း"

"ဟာ ... ခြိမ့်။ ဘာဖြစ်လို့လဲ"

နောက်ပါးဆီက ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် ခြိမ့်က လန့်ဖျပ်သွားရသည်။ ကမန်းကတန်း လှည့်ကြည့်လိုက်လျှင် ခြိမ့်ကို မျက်ခုံးအပင့်သားဖြင့် ကြည့်နေသော



www.burmeseclassic.com

www.burmeseclassic.com



ဘုရားဒကာကို တွေ့လိုက်ရသည်။ ဖဲဒါရောင်အခံမှာ အဖြူရောင်လိုင်းစင်းအသေးများပါသော ဖစ်တင်ရှပ်အင်္ကျီကို တံတောင်ဆစ်နားအထိ လက်ခေါက်ဝတ်ဆင်ထားသော ဘုရားဒကာဟာ ဒီနေ့ကျမှ ဗိုက်ရှိုင်းထားသလားလို့ပဲ။ ရင်ဘတ်က ကြယ်သီးကို နှစ်လုံးမက သုံးလုံး ဖြုတ်ထားတာတရော ဘာသဘောလဲ ? ? ။

"ကြယ်သီး ဖြုတ်ထားလို့"

"ဘာရယ်"

ဟာ ... သေစမ်း။ အယောင်ယောင် အမှားမှားဖြင့် ဘာတွေပြောမိမှန်းကို မသိပေ။ သူက ခြိမ့် မဖြေသောအခါ စိတ်ဝင်တစားဖြင့် ထပ်မေးပြန်သည်။

"ဘာကြယ်သီးဖြုတ်ထားတာလဲ ခြိမ့်။ ခုနလည်း တောက်ခေါက်ပြီး စားပွဲကို ဒုန်းခနဲ ထုလိုက်သံ ကြားလို့"

"အော် ... ဟိုဒင်း ... ဟိုဟာပါ။ မှို စတ္တုဇာကဟာကို ပြောတာ။ ကျွန်မက အဲလိုပဲ စာရေးရင်းနဲ့ Mood ဝင်လာတာပဲဖြစ်ဖြစ်၊ ကိုယ့်ကိုယ်ကိုယ် အားမလို အားမရဖြစ်တာပဲဖြစ်ဖြစ် ဒီလို ပေါက်ကွဲတတ်တယ်"





"ဟုတ်လား။ အင်း ... ဒါဆိုလည်း ပြီးတာပါပဲ။ စာရေးတာ ကြာပြီမဟုတ်လား။ နားတော့လေ။ ထမင်းစားကြစို့... ကိုယ် အသီးတွေ ဝယ်လာတယ်"

ဖြစ်နိုင်လျှင် ထမင်းကို မစားချင်ပေ။ မျက်သွယ် ချက်ထားတာတွေမို့ ပိုပြီး မစားချင်တာဖြစ်သည်။ ထမင်းစားပွဲ ရောက်သောအခါ ထင်ထားတဲ့အတိုင်း မျက်သွယ် အသံက ညံနေသည်။ ဘုရားဒကာရဲ့ ထမင်းပန်းကန်ထဲသို့ အရင်ဦးချပြီးထည့်တာ ...

"ရော့ ... ဒါက ကိုဇေ့ အကြိုက် ငါးခူစင်းကောလေ။ ဒီဘက်က ကြက်သားသုပ် ထည့်စား။ မမခြိမ့် ... ကြက်သားရင်အုပ်လေး"

အမယ်လေး အကြိုက်တွေကို ခွဲခြားသိနေလိုက်တာ။ ဟင်းတွေကလည်း ချက်ထားတာတွေက သြချယ့်ရလောက်အောင်ကောင်းသည်။ သို့သော် ခြိမ့်ကား နဂိုတည်းက အကျင့်လုပ်ထားတာကြောင့်ရော၊ သူမ ချက်တာကြောင့်ရော သိပ်စားမဝင်ချေ။ ဘုရားဒကာတို့ကတော့ ဘယ်ဘဝထဲက တောင့်တနေလဲမသိ။ ခေါင်းမဖော်စတမ်းကို အားပေးနေသည်မှာ အမြင်ကတ်စရာပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဇေ ... ထမင်း ထပ်ထည့်ဦးလေ"

"အင်း ... နည်းနည်းပဲ ထည့်တော့"

"စားပါ ကိုဇေရဲ့။ ညနေရော ဘာစားဦးမလဲ ဘာချက်ပေးရမလဲ"

"နီး ... နီး ... ရပြီ။ အရွက်လေးပဲ ထပ်ကြော်ရင်ကြော်။ Main တွေတော့ ထပ်မချက်နဲ့တော့။ ခြိမ့်ရော ထမင်းမထည့်ဘူးလား"

ဟင် ... ပြဿနာကြီး။ သူစားလို့ ဝ,တော့မှပဲ လူကိုလာသတိရတော့တယ်။ ခြိမ့်က စိတ်ထဲက ပျစ်ပျစ်နှစ်နှစ်တွေးပြီးနောက် ခေါင်းသာယမ်းပြလိုက်သည်။

"မမခြိမ့် စားမကောင်းဘူးလား။ သိပ်မစားသလိုပဲ။ ကိုဇေတောင် အရမ်းစားတဲ့ဟာ။ ကိုဇေ ဒီပုံအတိုင်းဆို တစ်လအတွင်းမှာပဲ ပေါင်နှစ်ဆယ်လောက် တက်လောက်တယ်"

"စားလို့ ကောင်းပါတယ်။ ဒါပေမဲ့ တို့က အရင်တည်းက အကျင့်လုပ်ထားတာလေ။ သိပ်များများ မစားတတ်ဘူး"

ခြိမ့်က စားပြီးသွားသော ထမင်းပန်းကန်ကိုယူကာ ဘေဇင်မှာ ဆေးလိုက်သည်။ ရေခဲသေတ္တာကို ဖွင့်လိုက်သောအခါ





ဘူရားဒကာ ဝယ်လာသော ပန်းသီး၊ လိုက်ချီသီး၊ နဂါးမောက်သီးနှ ဩစတေးလျစပျစ်သီး စတာတွေကို တွေ့ရသည်။ ဘာစားရမလဲ စဉ်းစားနေတုန်းမှာပင် ဘူရားဒကာထံမှ အသံထွက်လာသည်။ အဲဒီနောက် ချက်ချင်းဆိုသလိုပင် မျက်သွယ်ထံမှလည်း အသံလိုက်ထွက်လာလေသည်။

"ခြိမ့် ... ပန်းသီးစားမလို့လား၊ ကိုယ်ခွဲပေးမယ်"

"ရတယ် ကိုဇေ။ မျက်သွယ် ခွဲပေးလိုက်မယ်. ခဏလေး မမခြိမ့်။ ကိုဇေ စားပြီးသားပန်းကန် ထားခဲ့နော်။ ကိုဇေကရော ဘာသီးစားမှာလဲ။ လိုက်ချီးသီး နွှာပေးရမလား"

အင်မတန် နွှာရလွယ်သော လိုက်ချီးသီးကို နွှာရုံတင်မက ခွံ့ပါကျွေးလိုက်ပါလားဟု ခြိမ့်က ခပ်ချဉ်ချဉ်တွေးပြီးနောက် ဘာအသီးမှ မစားတော့ဘဲ လှည့်ထွက်လာခဲ့တော့သည်။ ချက်လုံးထဲမှာ ပိုးကောင်တစ်ကောင် ဝင်နေတယ်လို့ ခံစားနေရလေသည်။

❥✧❥



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

ဧယု နိုးလာသော နံနက်ခင်းမှာ ဘေးနားက ခြ

ကတော့ အိပ်ကောင်းတုန်းပဲ ရှိသေးသည်။ နှစ်နှစ်ခြိုက်ခြို

အိပ်ပျော်နေသော ခြိမ့်မှာ ကလေးတစ်ယောက်လိုပင်။ သူ

အဲဒီမျက်နှာလေးကို တစ်ခဏမျှတော့ စိုက်ကြည့်နေပြီးမှ အိပ်

ထဲမှ အသာထလိုက်သည်။ အိပ်ရာနိုးနိုးချင်းမှာ ရေမချိုးရလျှ

မနေနိုင်သော ထုံးစံအတိုင်း ရေကိုခပ်သွက်သွက်ချိုးအပြီး အော

ဆင်းအလာတွင် မျက်သွယ်က ဧည့်ခန်းထဲမှာ အပြင်သွား

အသင့်အနေအထားဖြင့် စောင့်နေသည်။

"ဆောရီး မျက်သွယ်။ ကိုယ် နည်းနည်းနောက်ကျသွ

တယ် ထင်တယ်။ စောင့်နေတာ ကြာပြီလား"





"မကြာသေးပါဘူး။ ကိုဧ ကော်ဖီသောက်ဦးမှာလား"

"မသောက်တော့ဘူး။ ရယ်ဒီဆိုရင် သွားကြစို့လေ၊ မျက်သွယ် နောက်ကျနေဦးမယ်"

"ရပါတယ် ကိုဧရဲ့။ နီးနီးလေးပဲဟာ"

ခဏနေတော့ သူတို့နှစ်ယောက်က ကားနှင့်ထွက်လာကြသည်။ လမ်းထိပ်ဘက်ချိုးပြီး ကားက ပွိုင့်မိနေတုန်းမှာပဲ မျက်သွယ်က စကားပြောလာသည်။

"ကိုဧနဲ့ မမခြိမ့်ကို ကြည့်ရတာ တစ်မျိုးပဲနော်"

ပထမတော့ သူက ဘာမှပြန်မပြောဘဲ နေဦးမလို့ပင်။ နောက်တော့ သူတို့နှစ်ယောက်ကို ဘေးလူတစ်ယောက်က ဘယ်လိုမှတ်ချက်ပေးမလဲဆိုတာ သိချင်သဖြင့် စကားထောက်ပေးလိုက်သည်။

"အင်း ... ပြောပါဦး၊ ဘယ်လို တစ်မျိုးလဲ"

"တစ်မျိုးကြီးပဲ။ ချက်သွယ် သိပ်တော့ မပြောပြတတ်ဘူး။ အထူးသဖြင့် မမခြိမ့်ရဲ့ပုံစံပေါ့၊ ကိုဧကို မချစ်သလိုပဲနော်"

အဲဒီစကားကြောင့် သူက မချိုပြုံး ပြုံးမိသည်။ တခြားသူတွေတောင် ရိပ်မိကုန်ပြီ ခြိမ့်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



"မျက်သွယ်က ဘာကိုကြည့်ပြီး ပြောတာလဲ"

"ဘာကိုကြည့်ပြီးပြောတာလဲဆိုတော့ အားလုံးပေါ့။ မမခြိမ့်ပုံစံက တကယ်အနုပညာသမားဆန်တယ်။ တစ်လောကလုံးမှာ သူ တစ်ယောက်တည်းပဲ ရှိတယ်လို့ ခံစားနေတဲ့ သူမျိုး။ သူ့စိတ်နဲ့ သူနေတာလေ။ အဲဒီလို လူမျိုးကို အိမ်ထောင်ဖက်တော်ထားရတဲ့ ဘယ်သူပဲဖြစ်ဖြစ် ဘယ်လောက်ပဲချစ်ချစ် စိတ်တော့ညစ်မှာပဲ"

"ကိုယ် စိတ်မညစ်ပါဘူး မျက်သွယ်ရာ"

"အင်းပေါ့ ... ကိုဇေတို့ အိမ်ထောင်သက်က ခုမှ လပိုင်းပဲ ရှိသေးတာကိုး။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ မျက်သွယ်ကြားဖူးတာက အဲဒီလိုလူတွေဟာ ချစ်ပြီဆိုရင်လည်း လုံးဝ အရူးအမူးပဲနော်။ အရမ်းကို ချစ်တတ်ကြတယ်လို့ ပြောကြတယ်၊ သူတို့ရဲ့အချစ်ကို ခံရတဲ့လူက တော်တော်ကံကောင်းတယ်တဲ့"

"အခုတောင် ကံကောင်းနေပါပြီ"

"ဟင် ... ဘာကံကောင်းတာလဲ"





"မိန်းမတွေ အများစုက ရစ်တတ်တာတို့၊ စိတ်ကောက်တတ်တာတို့၊ ဈေးဝယ်ထွက်လွန်းတာတို့၊ အတင်းတုပ်တာတို့၊ စကားများတာတို့ စသဖြင့် အဲဒီနည်းပေါင်းစုံနဲ့ နှိပ်စက်ကြတယ်လေ။ ခြိမ့်က အဲဒါမျိုးတွေ တစ်ခုမှမရှိဘူး ...

အေးဆေးပဲ။ အဲဒီတော့ ကိုယ် ကံကောင်းတာပေါ့။ အင်း ... ဒီ့ထက်ကံကောင်းရင်တော့ အတိုင်းထက်အလွန်ပေါ့"

မျက်သွယ်က သူ့ကို အဓိပ္ပာယ်ပါပါကြည့်ကာ "ကံကောင်းပါစေ"ဟု ဆုတောင်းပေးလေသည်။ အဲဒီလိုနှင့် သူက မျက်သွယ်ကို သင်တန်းရှိရာခြံရှေ့သို့ ချပေးကာ အပြန်လမ်း၌ သွားနေကျ လက်ဖက်ရည်ဆိုင်မှာ ခြိမ့်အတွက် ခုနစ်လွှာပေါက်စီ ဝယ်သည်။ သူကတော့ ဗိုက်ဆာနေသဖြင့် ဆိုင်မှာပဲ စားလိုက်သည်။ အိမ်ပြန်ရောက်တော့ ခြိမ့်က နိုးနေ၍ ထမင်းစားခန်းထဲမှာ ကော်ဖီဖျော်နေတာကို တွေ့ရသည်။ မုန့်တောင် ဆိတ်နို့ဘိစကာစ်စားမည်ပုံဖြင့် မုန့်ပွဲကိုချထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ခြိမ့် နိုးနေပြီလား။ ကိုယ်က မနိုးသေးဘူးထင်လို့ ဆိုင်မှာ မုန့်ထိုင်စားနေတာ။ ခေါ်ရီး ... ဆာနေပြီလား ... ရော့ ... ရော့ ... အဲဒီမှာ ပေါက်စီဝယ်လာတယ်။ စား ... စား"

"မစားချင်ပါဘူး။ ဘီစကစ်ပဲ စားမယ်"

သူက ခြိမ့်ကို အံ့ဩစွာကြည့်မိသည်။ ခြိမ့်ရဲ့လေသံကို ခပ်ဆတ်ဆတ်ပုံစံဖြင့် သူ ဘယ်တုန်းကမှ မကြားဖူးချေ။ ခါတိုင်းက သူ ဝယ်ပေးသမျှ နှစ်သက်ကြည်လင်စွာ စားတတ်သော ခြိမ့်ဟာ ဒီနေ့ကျမှ ဘာကြောင့် ငြင်းဆန်နေရတာလဲ။ ပြီးတော့ မျက်နှာကလည်း အိပ်ရာထကာစမို့ တင်းပြောင်နေတာထက် တကယ်ကို တင်းနေတာဖြစ်သည်။

"ဘာဖြစ်လို့လဲ ... အစုမှ ဝယ်လာတာလေ။ ခြိမ့်ကြိုက်တဲ့ ခုနစ်လွှာပေါက်စီလေ၊ ဟိုတစ်ခါကတောင် စားသေးတယ် မဟုတ်လား"

"ခု မကြိုက်ဘူး၊ မစားဘူး။ နေစမ်းပါဦး ... ရှင်က ဘာကိစ္စ ပေါက်စီဝယ်လာရတာလဲ"

"ပေါက်စီ ! အင် ... ကြိုက်လို့လေ"



"ဘာဖြစ်တယ်။ ရှင် ပေါက်စီကြိုက်တယ် ဟုတ်လား"

"အင်းလေ။ ကိုယ်လည်း ဒီမနက် ပေါက်စီပဲ စားထားတာ"

"ဘာဖြစ်တယ်။ ဘယ်သူ့ပေါက်စီလဲ"

"ဟမ် ? ဘယ်သူ့ပေါက်စီရမှာလဲ ခြိမ့်ရယ်၊ ဆိုင်ကဝယ်တဲ့ ပေါက်စီပေါ့။ ခြိမ့် ဘာဖြစ်နေတာလဲဟင်။ တစ်ခုခု ဖြစ်နေသလိုပဲ ...

ဘာလဲ အိပ်ရာနိုးလာလာချင်း ကိုယ့်ကို မတွေ့ရလို့ စိတ်မကြည်သာ ဖြစ်နေတာလား"

သူ့စကားကြောင့် ခြိမ့်ရဲ့မျက်နှာက ရဲခနဲ ဖြစ်သွားသည်။ ကြည့်ပါဦး ... ဒါလား ယောကျ်ားတစ်ယောက်ရထားတဲ့ မိန်းမ။ မျက်နှာ အဲဒီလို ရဲသွားတယ် ဆိုကတည်းက သူ့စကားဟာ မှန်သင့်သလောက် မှန်နေခဲ့ပြီဆိုတာ သိလိုက်ရသည်။ ကြည့်စမ်း ... ခြိမ့်က အဲဒီလိုတောင် ဖြစ်နေပြီတဲ့လား။ သူ့ရင်ထဲတွင် လှိုက်ခနဲ ခုန်သွားသည်။

"ရှင် ဘာစကားပြောတာလဲ။ ကျွန်မက ရှင့်ကိုမတွေ့ရတာနဲ့ပဲ စိတ်မကြည်ဖြစ်ရမယ် ... ဟက်။ ရှင်သာ ..."

www.burmeseclassic.com

www.burmeseclassic.com



အရှိန်နဲ့ပြေးနေသော ဘီးတစ်စင်း တုံ့ခနဲရပ်သွားသလိုပဲ ခြိမ့်ရဲ့စကားကလည်း လမ်းခုလတ်အရောက်မှာ ဘရိတ်အုပ်လိုက်သလို ရပ်တန့်သွားသည်။ ဒါပေမဲ့လည်း သူက အဲဒီ ရှင်သာ ... ဆိုတဲ့ စကားရဲ့နောက်က ဆက်ပြောလာမည့်စကားကို စိတ်ဝင်စားမှု အားကြီးနေသည်။

"ရှင်သာ !. ဘာဖြစ်လဲ ခြိမ့်။ ဆက်ပြောလေ"

ခြိမ့်က တော်တော်နှင့် စကားသံထွက်မလာဘဲ စကားထစ်နေသူတွေ အရှိန်ယူနေသလို တငင်ငင် ဖြစ်နေသည်။ သူက အဲဒီပုံစံကို သဘောကျသောကြောင့် ချစ်စနိုးဖြင့် ပြုံးကြည့်နေမိသည်။

"ရှင်သာ ... ရှင်သာ ... စောစောစီးစီး ပဲများနေတာ"

"ဟာ ... ကိုယ်က ပဲများတယ်။ ဘာတွေများ ပဲများလို့လဲ ခြိမ့်ရယ်။ ကိုယ် ဒီအတိုင်းပဲ ရေချိုးပြီး အပြင်သွားလိုက်တာပါ ...

ဝတ်တာလည်း တီရှပ်နဲ့ ရှော့ပန့်နဲ့ပဲလေ ခြိမ့်။ အဲဒါကိုက ရုပ်ပွင့်နေရင်တော့လည်း မွေးပေးထားတဲ့ အမေကိုပဲ အပြစ်တင်ရတော့မှာပဲ ... ဟင်း ဟင်း"





"ဟွန်း ... ဘာမှ မဆိုင်ဘူး"

ခြိမ့်က မကျေမနပ်နှင့် ပွစိ ပွစိ ပြောကာ ခုံမှာဝင်ထိုင်လျက် ကော်ဖီနှင့် ဘီစကစ်ကို စားဖို့ပြင်သည်။ သူ ဝယ်လာသော ပေါက်စီကို မျက်စောင်းတောင် ထိုးမကြည့်ပေ။

"ခြိမ့် ... ပေါက်စီ စားလေ"

"မစားဘူး။ ရှင့်ပေါက်စီ ရှင့်ဟာရှင်ပဲစား"

"ဟား ... ကိုယ့်ပေါက်စီက အပြင်မှာ စားလာခဲ့ပြီးပြီလေ"

"ဘာပြောတယ်"

"ဟုတ်တယ်လေ ခြိမ့်ရာ။ ကိုယ် မနက်က အိပ်ရာထနည်းနည်းနောက်ကျတယ်။ အောက်ရောက်တော့ ကိုးနာရီမတ်တင်း ရှိနေပြီ။ မျက်သွယ် သင်တန်းက ကိုးနာရီဆိုတော့ သူ့သင်တန်းကို အရင်ပို့ပြီးမှ ကိုယ်က လက်ဖက်ရည်ဆိုင်ကို သွားတာ။ မိုက်ဆာတာနဲ့ တစ်ခါတည်းပဲ အဲဒီမှာ စားလာခဲ့တာ ...

ခြိမ့်လည်း မနိုးလောက်သေးဘူး ထင်လို့လေ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့တရှည်တလျှား ဖြေရှင်းသံအဆုံးမှာ ခြိမ့်က မျက်နှာကြောနည်းနည်း လျှော့သွားပြီးနောက် ဘာမှမပြောတော့ ခြိမ့်ပုံစံက သူ့ကို စိတ်ကောက်နေသလိုလို စိတ်ဆိုးနေသလိုလိုပုံစံမို့ သူက တအံ့တဩနှင့် ရယ်လည်းရယ်ချင်ကာ ခြိမ့်ကို နောက်ဖို့ရာအတွက် ခြိမ့်ဆောင်ခုံမှာ ဝင်ထိုင်လိုက်သည်။ ခုံခွဲပြီး ဝင်ထိုင်လိုက်သော သူ့ကို ခြိမ့် မော့ကြည့်ပုံက မျက်လုံးပြူးနှင့်မို့ အသည်းယားချင်စရာပေ။

"ခြိမ့် ကြည့်ရတာ ကိုယ့်ကို စိတ်ကောက်နေတဲ့ပုံစံပဲ။ ဘာတွေ ကောက်နေတာလဲ ပြော၊ ကိုယ်ချော့မယ်လေ။ ပေါက်စီ စားမလား ကိုယ်ခွံ့ကျွေးမယ်"

"ရှင် ဘာဖြစ်နေတာလဲ။ တော်တော်အူမြူးနေတယ် ဟုတ်လား"

"အင်း ... မြူးတာပေါ့"

"ဟင်း (မဲ့ပြုံးဖြင့်) ရှင်တို့ယောကျ်ားတွေက အဲဒါပဲ။ နွားအိုမြက်နုကြိုက်ဆိုတာ သိပ်မှန်တယ်"

"ဘာ ... ဘယ်လို ဘယ်သူက နွားအို၊ ဘယ်သူက မြက်နုလဲ။ ကိုယ့်ကို နွားအိုလို့ ဆိုလိုချင်တာလား။ ဟာ ... ကိုယ် မအိုသေးပါဘူး ခြိမ့်ရယ်။ ကိုယ့်အသက်က သုံးဆယ်တောင် အဝေးကြီးလိုသေးတယ်။ ဘယ်နားက အိုရမှာလဲ။ ခြိမ့်ဖြင့် စမ်းမသုံးကြည့်ပဲနဲ့"

"ရှင် မိုက်ရိုင်းလှချည်လား"

"ဟာ ... ဘာရိုင်းလို့လဲ။ ဟုတ်တာ ပြောတာပဲဟာ။ ခြိမ့်နဲ့ ကိုယ်နဲ့ လက်ထပ်ထားတယ်သာပြော"

"တိတ်စမ်း ... ရှင် ဆက်မပြောနဲ့တော့။ အရှက်ကို မရှိဘူး"

"ဟာ ... ဘာတွေလျှောက်ထင်နေတာလဲ။ ကိုယ်ပြောတာက ခြိမ့် ကိုယ့်ကို ယောကျ်ားတစ်ယောက်အနေနဲ့ ဘယ်နေရာမှာ အားကိုးပြီး ခိုင်းဖူးလဲ။ ကိုယ် နွားအိုမဟုတ်ဘဲ သန်မာဖျတ်လတ်ကြောင်း ဘယ်နေရာမှာ မြင်ခဲ့ရဖူးလို့လဲ။ အဲဒါကို ဆိုလိုနေတာ"

"ဟင်း ... လျှာရိုးမရှိတိုင်း လျှောက်ပြောတတ်တယ်"

"ခြိမ့်"

သူက ခြိမ့်အနားသို့ကပ်ကြီး ညုတုတု ခေါ်လိုက်လျှင် ခြိမ့်က သာယာနာပျော်ဖွယ်ကောင်းစွာ ပြန်ထူးတတ်သည်။







www.burmeseclassic.com

www.burmeseclassic.com



"ဘာတုန်း"

"ဘာတုန်း မလုပ်နဲ့ လာဦး။ (လက်နှင့်ယမ်းခေါ်လျက်) ကိုယ့်ကို အမှန်အတိုင်းပြော၊ ခြိမ့် အိပ်ရာနိုးနိုးချင်းမှာ ကိုယ့်ကို မတွေ့တာနဲ့ စိတ်မကြည်ဖြစ်သွားတာ မဟုတ်လား"

"ဟား ဟား ... ရှင် ရှုးသွားဦးမယ်"

ခြိမ့်က သူ့ကို လှောင်ပြောင်သရော်ကာ ကော်ဖီခွက်ကို ကောက်ယူရင်း ထိုင်ရာမှထသည်။ လှည့်ထွက်သွားတော့မည့် ခြိမ့်ကို သူက ရုတ်တရက် ဖမ်းဆွဲလိုက်ရာ ခြိမ့်ကား ဟန်ချက်ပျက်ပြီး လန့်ကျတော့မလို ဖြစ်သွားသည်။ အဲဒါကို သူက ပြန်ထိန်းသည့်အထိန်းတွင် လက်ထဲမှာ ကိုင်ထားသော ကော်ဖီခွက်က ခြိမ့်ရဲ့ရင်ဘတ်ပေါ်သို့ မှောက်ကျလေတော့သည်။

အဖြူရောင်ချည်သားရှပ်အင်္ကျီ ရင်ဘတ်တွင် ကော်ဖီတွေ ရွှဲရွှဲစိုသွားကာ အသားကို ချက်ချင်းကပ်သွားသည်။ သူက ခြိမ့်အတွက် စိတ်ပူသွားပြီး ကပျာကယာပင် ရင်ဘတ်ကို ငုံ့ကြည့်ကာ ရင်ထဲမှာလည်း လှိုက်ခနဲ ဖြစ်သွားသည်။ ဒါပေမဲ့လည်း ပူနေမှာပဲဟူသော စိုးရိမ်စိတ်ဖြင့် ကမန်းကတန်း လေမှုတ်ပေးဖို့ ပြင်သည်။





"ဟာ ... ဆောရီး ခြိမ့်၊ ပူသွားလားဟင်"

ခြိမ့်ရဲ့ရင်ဘတ်နားသို့ ခေါင်းတိုးဝင်ပြီး လေမှုတ်တော့ဖို့ နှုတ်ခမ်းတပြင်ပြင် ဖြစ်နေသော သူ့ကို ခြိမ့်က စေတနာကို အသိအမှတ်ပြုသောအားဖြင့် အားကုန်ဆောင့်တွန်းပစ်လိုက်လေသည်။ သူ့မှာ ကြွေပြားခင်းထားသော အောက်ခြေသို့ လဲကျကာ ခါးထဲမှ မျက်ခနဲဖြစ်သွားသည်။

အရှက်ကြီးလှသော မချွေခြိမ့်ကတော့ လှည့်ပင်မကြည့်တော့၊ နင်သာလျှင် ဒီမှာသေရစ် ဟူသော ဒီဇိုင်းဖြင့် အိမ်အပေါ်ထပ်သို့ ပြေးတက်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၄

ရည်းစားလူလု အူနုကျဲ့ခတ် ! ။ ဟာ ... မဟုတ် သေးပါဘူး။ ရည်စားဝေးလျက် မျက်စပ်ပိုးဝင် အင်း ... အဲဒါလည်း မဟုတ်သေး။ ဆံတစ်ပင်တင်း ချစ်ခြင်း ... ဟာ ... ဘာတွေလဲ။ အဲဒီစကားပုံတွေ တစ်ခုမှ မဟုတ်သေး။ သေချာတာတော့ ခြိမ့် တော်တော်ကြီးကို မျက်စိနောက်နေတာပဲဖြစ်သည်။ မျက်စိနောက် သက်သာသော အချိန်များမှာ မျက်သွယ် သင်တန်းသွားနေတဲ့ အချိန်ဖြစ်ပြီး ခြိမ့် သူမကွယ်ရာမှာ စာရေးနေတဲ့အချိန်သာဖြစ် သည်။

သူမ သင်တန်းမရှိတဲ့ရက်တွေမှာတော့ ခြိမ့် တော် တော်ကို မျက်စိနောက်ရပါသည်။ Breakfast စားသောက်ချိန်တွေ





မှာ မျက်သွယ်ရဲ့အသံက ညံ့စီနေသည်။ ဒါက တစ်ခါတလေဆို မှ ကြားရတတ်တာမျိုး။ အများအားဖြင့်တော့ နေ့လယ်စာထမင်း စားချိန်တွေမှာ ပိုသည်းသည်းလှုပ်တာကို တွေ့ရသည်။ ငါးဆိုလျှင် အရိုးမနှင်ပေးရဲ့တမယ်၊ အသားဆိုလျှင် ဝါးမကျွေးရဲ့တမယ်မို့ ခြိမ့် တော်တော်အံ့သြရသည်။ ဘုရားဒကာ ကြိုက်တတ်သော ဟင်းအမယ်များကို သူမမို့ ရှာရှာဖွေဖွေ သိနိုင်လွန်းကာ မမောနိုင် မပန်းနိုင် ချက်ကျွေးတာဖြစ်သည်။

အကျီ အဝတ်အစားဆိုလည်း လျှော်ပြီး ဖွပ်ပြီး မီးပူတိုက်ပြီး အဆင်သင့်ပင်။ တစ်ရက်က အိမ်အပေါ်ထပ်သို့ အဝတ်ခြင်းဖြင့် တက်လာပြီး ခြိမ့်တို့ရဲ့အခန်းတံခါးကို ဖွင့်ဝင် သွားသည်။ အံ့သြကာ မနေနိုင်လွန်းသဖြင့် ခြိမ့်က မေးယူရသည်။

"အခန်းထဲကို ဘာဝင်လုပ်တာလဲ မျက်သွယ်"

သူမက တစ်စက်လေးမှ ရှိုးတိုးရှန့်တန့် မဖြစ်ဘဲ အဝတ်ခြင်းအလွတ်ကို မြှောက်ပြကာ ...

"ကိုဇေ့ အကျီတွေ လျှော်ပြီး မီးပူတိုက်ပြီးတာနဲ့ လာပို့ ပေးတာလေ။ မမခြိမ့် စာရေးနေတာနဲ့ အနှောင့်အယှက် ဖြစ်မှာစိုးလို့ မပြောတော့တာ"



www.burmeseclassic.com

www.burmeseclassic.com



"မျက်သွယ်ရယ် ဒီအိမ်လာနေပြီး ဘုရားဒကာလည်း သင်တန်းတွေ ဘာတွေ လိုက်ပို့ပေးတယ် ဆိုအောနဲ့ပဲ အိမ်ဖော်တစ်ယောက်လို လုပ်ပေးနေစရာ မလိုပါဘူး ...

တို့တွေမှာ ဘာအလုပ်မှ ရှိတာမှမဟုတ်တာ။ ကိုယ့်ဝေယျာဝစ္စ ကိုယ်လုပ်နိုင်ပါတယ်။ ဘုရားဒကာဆို အားနေတာ။ ဘာအလုပ်မှ ရှိတာမဟုတ်ဘူး။ ဒီလိုမှ ဟိုဟိုဒီဒီ မလုပ်ရရင် သူ ပျင်းပြီး သေသွားနိုင်တယ်"

"ဟင်း ... ဟင်း ... သမီးက ကိုဇေ့ကို သနားလို့ပါ"

"ဘာရယ် ... ဘာကိစ္စ သနားရတာလဲ"

ဘုရား ... ဘုရား ... အပျိုလေးတစ်ယောက်က အိမ်ထောင်သည်ယောကျ်ားတစ်ယောက်ကို သနားတယ်ဆိုတာ ဘာသနားတာလဲ။ အဲဒီလို သနားတယ်ဆိုတဲ့ စကားမျိုး ပြောသင့်သလား။ ခြိမ့်သည်လည်း အိမ်ထောင်ရေး ပါရဂူမကြီး မဟုတ်တော့ ရှင်းလင်းချက် မပေးနိုင်ချေ။ ဒါပေမဲ့ "ကိုဇေ့ကို သနားလို့ပါ"ဆိုသော စကားကိုတော့ ကြက်သီးထသွားသည်။

"ကိုဇေက သနားစရာ မကောင်းဘူးလား မမခြိမ့်ရဲ့။ သူ့ခမျာ မိဝေးဖဝေးနဲ့ ရေခြားမြေခြားမှာ လုပေါင်းများစွာ





သူ့ဘော်ဘက်နေရတာ။ သဘော်ပေါ်မှာ သူ့ကိစ္စသူလုပ်ရတာ။ ဒီပြန်ရောက်တော့ရော ဇိမ်နဲ့နေရလို့လား ...

မိန်းမသာရတယ် မိန်းမရဲ့ပြုစုယုယမှုတွေကို ဘာမှမရတော့ သနားလို့ပါ။ အဲဒါကြောင့် ဒီအိမ်မှာ နေရလို့ ကျေးဇူးတင်ပြီး လုပ်ပေးတယ် ဆိုတာမျိုးထက် စေတနာရှိလို့ လုပ်ပေးတာဆိုရင် ပိုမှန်မယ်။ ကိုဇေ့ကို စေတနာကို ရှိတာ"

ခြိမ့်သည် အဲဒီစကားကို မျက်လုံးအပြူးသားကြီးဖြင့် နားထောင်ကာ ဘာမှပြန်မပြောနိုင်ပေ။ မရွှေချောကတော့ သူမရဲ့စကားဟာ ဘာအဓိပ္ပာယ်မှ မရှိသည့်အလားပဲ၊ ခါးလေးလှုပ်ကာ လမ်းလျှောက်ပြီး အောက်ထပ်သို့ ပြန်ဆင်းသွားသည်။ ခြိမ့်မှာသာ ကျေးဇူးတင်ရမှာလား၊ ဒေါသထွက်ရမှာလား၊ ဘာမှန်းမသိသော အကြောင်းကြောင်းဖီလင်ဖြင့် ကျန်ရစ်ခဲ့ရသည်။ ဒါတွေတင်မကသေး။ ခြိမ့်ဟာ ဘယ်လောက်ပဲ အိမ်တွင်းပုန်းလုပ်လုပ် ခြိမ့်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသော ဧည့်သည်တွေဆိုတာမျိုးကလည်း ရှိသေးသည်။ မဂ္ဂဇင်းတိုက်တွေက ဝတ္ထုတိုစာမူလာတောင်းတတ်သော မိန်းကလေးများ၊ အင်တာဗျူးသူများ၊



www.burmeseclassic.com

www.burmeseclassic.com



ရှမ်ရှင် မီဒီယိုရိုက်ပို့ ဝတ္ထုလာဝယ်သော ဒါရိုက်တာများ၊ ပရိုဂျူဆာများ စသဖြင့် အဲဒီလိုလူတွေလာလျှင်လည်း သူက အိမ်ကြီးရှင်မကြီးအလား ညွှန်ကြားဆိုတတ်သည်။

အဲဒီလို ညွှန်ခံတာက အရေးမကြီး။ ညွှန်ခံရင်းမှ ဘုရားဒကာကို စကားလှမ်းပြောတာက ဗိုလ်ချအသည်းယားစရာကောင်းတာဖြစ်သည်။ ညွှန်သည်ကို ကော်ဖီချပေးနေရင်းမှ ဘုရားဒကာများ ရောက်လာလျှင် "ကိုဇေရေ ... ထမင်းစားတော့မလား၊ ဒီနေ့ ဝက်ပုန်းရည်နော်၊ ကိုဇေ့ အကြိုက်ပဲ"၊ "ဪ ... ကိုဇေရေခဲသေတ္တာထဲမှာ သဘော်သီးဖျော်ထားတယ်နော်။ ခဏနေသောက်လိုက်ဦး" ဘာတွေလုပ်ထားတယ် စားလိုက်ဦး၊ သောက်လိုက်ဦး ဆိုတာတွေက ခဏ ခဏ ပါသည်။ မသိလျှင် သူနဲ့ ကိုဇေကပဲ ဒီအိမ်ရဲ့အိမ်ရှင်တွေဖြစ်ကာ ခြိမ့်ကတော့ မနေ့တစ်နေ့ကမှ မော်လမြိုင်ကရောက်လာတဲ့ ညွှန်သည်လို ပုံစံမျိုးဖြစ်နေသည်။ မျက်သွယ်ပုံစံက အရာရာမှာ စီမံခန့်ခွဲနေတဲ့ပုံစံမျိုးဖြစ်သည်။

အိမ်ကို ဘာမှမသိဘဲ ရောက်လာသော မီပင်လျှင် မျက်သွယ်ရဲ့ပုံစံကိုကြည့်ကာ မျက်လုံးပြူးနေသည်။ ရောက်နေသော မီ့ကို သူကပဲ အိမ်ကြီးရှင်စတိုင်လ်ဖြင့် ...





"မမက ခြေလေးချောင်း စားတယ်မဟုတ်လား။ အတော်ပဲ ဒီနေ့ အိမ်မှာ ကိုဇေ့ အကြိုက် ဆိတ်သားနှပ်ထားတာ။ သီးစုံချဉ်ဟင်းရောလေ။ ထမင်းစားပြီးမှ ပြန်နော် မမ ...

ဪ ... ကိုဇေရေ (ထိုင်ရာမှ ဆတ်ခနဲထကာ ကိုဇေ့ထံသို့ လျှောက်သွားရင်း) မနက်ဖြန် တစ်ပတ်စာ ဈေးဝယ်ရမှာနော်။ စောစောထဦး၊ မျက်သွယ် ထက်နိုးရင် မမခြိမ့်ပါ အိပ်ရေးပျက်နေမှာစိုးလို့"

အဲသလို ... အဲသလိုတွေဗျ။ အိမ်မှာ အတင်းပြောရမှာ မလွတ်လပ်မှာစိုးသဖြင့် တစ်နေ့တော့ မီက ခြိမ့်ကို အပြင်က ကော်ဖီဆိုင်တစ်ခုမှာ မုန့်သွားစားရင်း အကျအလည်ပြောတော့သည်။

"ကဲ ... ရှင်းစမ်းပါဦး မီခြိမ့်။ နင်တို့အိမ်က မိန်းမရဲ့ဒီဇိုင်းက ဘာလဲ။ အရာရာမှာ သူ့ခြေ သူ့လက် ဖြစ်နေပါလား။ နင်က ဘာလဲ ... ဟမ် ? "

"မသိဘူးလေ"

"ဟာ ... မသိလို့ရမလား။ ကျွတ် ... ခြိမ့်ရာ။ နင်နဲ့တော့ ခက်တော့တာပဲ။ ငါ့စိတ်ထင်တော့ အဲဒီမိန်းမရဲ့ပုံစံက နင့်ယောကျ်ားအပေါ်မှာ မရိုးသားဘူး ထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့်လည်း အဲဒီလိုတော့ တွေးမိသည်။ ဒါပေမဲ့လည်း ကိုယ့်စိတ်နဲ့နှိုင်းကာ ဘယ်လိုမှမဖြစ်နိုင်ပါဘူးလေဟုလည်း ဖြေတွေး တွေးမိတာ ခေါင်းကိုခါယမ်းမိသည်။

"နင် ဒီကိစ္စကို ဒီအတိုင်းပဲ ကြည့်နေတော့မှာလား"

"ဒီအတိုင်း မကြည့်လို့ ငါက ဘာလုပ်နေရမှာလဲ"

"ကျွတ် ... တစ်ခုခုတော့ ကြံရမှာပေါ့။ ဒီပုံအတိုင်း ဆက်သွားနေရင် ဟာ ... ငါ ပြောရရင်တော့ မကောင်းတော့ဘူး။ ခုပုံစံတောင် နင်တို့ဟာက ဟို ... ဟို ... တစ်အိမ်ထဲမှာ အကြီးနဲ့ အငယ် အတူတူ ပေါင်းနေကြတဲ့ အတိုင်းပဲ"

"ဟယ် ... နင် ဘယ်လိုပြောလိုက်တာလဲ"

"ဟုတ်တယ်လေ။ ငါတော့ အဲဒီလိုကြီးပဲ မြင်နေတာပဲ။ ဟိုက သွက်သွက် သွက်သွက် စာစာ စာစာနဲ့ ဘာမဆို တရစပ်လုပ်ချသွားတာ။ နင်ကြီးက ပြုံးတီပြုံးကြောင်နဲ့ လိုက်ကြည့်လို့။ ခြိမ့်ရယ် ... နင် အဲဒီလိုကြီး မနေပါနဲ့တော့၊ ကြာရင် အပျက် အပျက်နဲ့ နှာခေါင်းသွေးထွက်ကုန်တော့မယ်"





"နင်ပြောမှပဲ ငါ ခေါင်းတွေ ရှုပ်လာပြီ မီရာ"

"ရှုပ်မနေနဲ့။ နင် စဉ်းစားကြည့်စမ်း။ ဟိုက အခု နင့်ယောကျ်ားရဲ့ဝေယျာဝစ္စတွေကို အကုန်တာဝန်ယူနေတာနော်။ မိုးလင်းကနေ မိုးချုပ် ကြည့်စမ်း။ မနက်ခင်း Breakfast စားဖို့ ပြင်ဆင်ပေးတယ်။ အေး ... အဲဒီအချိန်မှာ နင်က အိပ်မက်,မက်ကောင်းတုန်း။ ဟိုက ဖြီးလိမ်းပြင်ဆင်ပြီး အကြော့အမော့သားနဲ့၊ နင့်ယောကျ်ားနားမှာ မွှေးမွှေးကြိုင်ကြိုင်နဲ့ ကပ်ပြီး ပြုစုပေးနေမှာ ...

အေး ... သူတို့ နှစ်ယောက်တည်းရယ်။ ပြီးတော့ သူ့ကို သင်တန်းလိုက်ပို့၊ မပို့တဲ့နေ့ဆိုလည်း အောက်ထပ်မှာ သူတို့နှစ်ယောက်တည်းရယ်။ အရမ်းလွတ်လပ်တယ် ခြိမ့်။ ကိုဇေ့ အဝတ်တွေ လျှော်ပေးတယ်။ မီးပူတိုက်ပေးတယ်။ ကိုဇေ စားဖို့ ချက်ပြုတ်ကျွေးမွေးတယ်၊ နင်ဆိုတဲ့ ပျင်းမကာ ဒါတွေ ငါမလုပ်ရပြီးရော၊ နင်ပါ ရောင်တော်ကြီး ကျနေတာ မဟုတ်လား ...

ကိုဇေက ယောကျ်ားနော် ခြိမ့်"

"သြော် ... အဲဒါ ငါ သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ကြီးတော်မှပဲ သိနေ။ အေး ... ဟိုနှစ်ယောက်က စော စောစီးစီး မင်္ဂလာယူလို့ အားရတော့မှ နင့်က အိမ်မှုန်စုံ မွှား ခေါင်းစုတ်ဖွားနဲ့ဆင်းလာ၊ ရှိတာစားသောက်ပြီးရင် အပေါ်ပြန်တက် စာရေး။ ရေးပေတော့ ... တွေးပေတော့ တစ်နေကုန်။ ကိုယ့်ယောက်ျား ဘာဖြစ်နေလို့ ဖြစ်နေမှန်းလဲ သိမှာမဟုတ်ဘူး။ သိလည်းသိရော အားလုံးက လွန်နေပြီ ဖြစ်မှာ"

"မီရယ် ... နင် ပြောပုံအရဆို သူက ဖောက်ပြန်နေပြီပေါ့ ဟုတ်လား"

"ဖောက်ပြန်တယ်လို့ ဆိုလိုနေတာ မဟုတ်ဘူး။ အဲဒီလို ဖြစ်အောင် နင် လုပ်နေတာ၊ နင် ဒီလိုကြီးပဲ လွှတ်ထား တော့မှာလား ... ပြော"

"ဒါဆို ငါက ကြိုးချည်ထားရမှာလား"

"မနောက်နဲ့ ခြိမ့်။ ဒါ နောက်ရမယ့်အချိန် မဟုတ်ဘူး။ ကိုဖေ့အလုပ်တွေ သူ့ကို မလုပ်စေတော့နဲ့လေ။ ဒါ နင် လုပ်ရမယ့် ကိစ္စတွေပဲ"





"ဘာရယ် ... ငါက သူစားပြီးသားပန်းကန် ဆေးရမယ်။ သူ့အဝတ်တွေ လျှော်ပေးပြီး မီးပူတိုက်ပေးရမယ်။ သူစားဖို့သောက်ဖို့ ချက်ပြုတ်ပေးရမယ်ပေါ့ ... ဟုတ်လား"

"ဒါပေါ့။ နင် မလုပ်ချင်ဘူး မဟုတ်လား"

"ဟုတ်တယ်ဟာ။ ငါက ငါ့စိတ်နဲ့ ငါပဲ လွတ်လွတ်လပ်လပ် နေချင်တာ။ ငါ့ဟာငါ အိပ်ချင်တဲ့အချိန်အိပ်မယ်။ စားချင်တဲ့အချိန် စားမယ်။ ငါ ဖီးလ်လာတာပဲ ငါလုပ်ချင်တယ်ဟာ။ ငါ ... ငါ ... အဲဒီလို လူတစ်ယောက်ကို တာဝန်မယူချင်ဘူး။ တာဝန်ယူနိုင်တဲ့ အရည်အချင်းလည်း မရှိဘူး။ အဲဒါကြောင့် ငါပြောတာပေါ့။ ငါဟာ အိမ်ရှင်မကောင်းတစ်ယောက် မဖြစ်နိုင်လို့ ယောက်ျားမယူချင်ပါဘူးလို့ ပြောတာ ...

ခုတော့ ငါ စိတ်ရှုပ်တယ်ဟာ။ စိတ်တွေရှုပ်နေရပြီ တကယ်ပဲ"

ခေါင်းတွေကို ကုတ်ဖွပစ်ကာ တကယ်ပဲ ကလေးတစ်ယောက်လို အော်ဟစ်ညည်းညူလိုက်သော ခြိမ့်ကို မီက ကရုဏာသက်သလို ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မရှုပ်နဲ့ ခြိမ့်။ နင် ကလေးမဟုတ်တော့ဘူး။ နင် တည်ဆောက်ထားတဲ့ အိမ်ထောင်ရေးကို သာယာပျော်ရွှင်တဲ့ အိမ်ထောင်ရေးအဖြစ် ပြောင်းလဲယူနိုင်ရင် အဲဒါ နင့်အရည်အချင်းပဲ"

"ငါ, ... ငါက ဘယ်လိုပြောင်းလဲယူရမှာလဲ"

သနားစရာ ! ။ ဝတ္ထုစာတတ်လမ်းတွေကို ကိုယ်တိုင် ဖန်တီးရေးသားနေသူက ကိုယ့်အလှည့်ကျတော့ ဘာအိုက်ဒီယာမှ မထွက်တော့ပါလား။

"နင် ကိုဇော်ကို ချစ်ဖို့လိုတယ်"

"ဘာဖြစ်တယ် ! "

"ဟုတ်တယ် ! နင် သူ့ကို နည်းနည်းလေးဖြစ်ဖြစ် ချစ်ကြည့်စမ်းပါ။ အခု နင် သူ့ကို ဟိုဟာမလုပ်ပေးချင်ဘူး၊ ဒါ မလုပ်ပေးချင်ဘူး ဆိုတာ နင် မချစ်လို့လေ။ ကိုယ်တကယ်ချစ်တဲ့ ယောကျ်ားတစ်ယောက်ကို ဘယ်မိန်းမမဆို အကြင်နာပိုကြတာပဲလေ ...

အဲဒီတော့ နင် သူ့ကို ချစ်ကြည့်လိုက်၊ ပြီးရင် နင် ပြောင်းလဲလိုက်"





"ဟာ ... ငါ ရှက်တယ်"

မီသည် ခြိမ့်ရဲ့စကားကြောင့် ရယ်ချင်တာထက် ငိုချင်သွားသည်။ သေချာပါသည်။ ခြိမ့်သည် အိမ်ထောင်သည် အပျိုစင်သူငယ်ချင်းမပဲ ဖြစ်တော့မည်။ ဒီအတိုင်းဆို ခြိမ့်အတွက် ပိုပြီးရင်လေးစရာတောင် ကောင်းနေပြီ။ ခြိမ့်ရဲ့ယောကျ်ားကလည်း ဒီအချိန်ထိ ခြိမ့်ကို အလှကြည့်ထားသည်ဆိုလျှင် ဘုရား ... ဘုရား ... ပုံမှန်ယောကျ်ားရော ဟုတ်ရဲ့လား။ ဒါမှမဟုတ် ... ဟို တစ်ယောက်နဲ့များ ...

အမယ်လေး ... တွေးရင်းနဲ့တောင် ကြားထဲက ကြက်သီးထလာသည်။

"ခြိမ့် ... နင့်ကို ငါ တစ်ခုမေးမယ်။ နင် မညာစတမ်း အမှန်အတိုင်း ဖြေစမ်း"

"အင်း ... အင်း ..."

"နင် ... နင်လေ ... ခုချိန်ထိ အပျိုပဲလား၊ ယောကျ်ားမရခင်က အတိုင်းပဲလား"

ခြိမ့်က အနည်းငယ် မျက်နှာရဲသွားကာ ခေါင်းညိတ်သည်။ မီသည် အံ့ဩတကြီးဖြင့် ခြိမ့်မျက်နှာကို စိုက်ကြည့်နေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခြိမ့်က ဘာများလို့လဲဟူသော ပုံစံဖြင့် မီ့မျက်နှာကို ပြန်စိုက်ကြည့်သည်။

"ခြိမ့်ရယ် ... နင်တို့ အိမ်ထောင်ရေးမှာ တစ်ခုခုတော့ လွဲနေပြီနဲ့တူတယ်ဟာ"

"ဘာလွဲလို့လဲ"

"မီဘပေးစားပြီး တစ်ခါမှ မမြင်ဖူးပဲ ယူလိုက်ရတဲ့သူတွေတောင် ကလေးတွေ ဘာတွေ မွေးကြသေးတာပဲ"

"အဲဒါ ဘာဖြစ်လဲ။ သူတို့ဟာသူတို့ မွေးတာနဲ့ ငါနဲ့ဘာဆိုင်လဲ"

"ကျွတ် ... နင်ကလည်း တည့်တည့်ပြောမှ ရှင်းတော့မှာလား။ နင်တို့နှစ်ယောက်လုံး ငယ်ရွယ်နုပျိုတဲ့ လင်မယားတွေပဲ။ ဘယ်လိုပဲဖြစ်ဖြစ် သွေးနဲ့သားနဲ့ ယောကျ်ားမိန်းမပဲဟာ။ ချစ်တာ မချစ်တာထက် အတွေ့အထိက မရှောင်ရှားဘူးလေ ...

ဟို ... ဖိုမဓာတ်ဆိုတာ သံလိုက်လိုပဲ ဆွဲငင်တတ်တာပဲဟာ။ မိန်းမက ဘာမှမဖြစ်ရင်တောင် ယောကျ်ားကဒီစိတ်မရှိတဲ့ယောကျ်ားဆိုတာ ရှိမှမရှိတာ။ အဲ ... ခြောက်နေရင်တော့ မပြောတတ်ဘူး"





"အာ ... နင်ကလည်း၊ ဘုရားဒကာက မခြောက်ပါဘူး"

"ဟဲ့ ... ခြောက်,မခြောက်ဆိုတာ နင်က ဘာနဲ့သက်သေပြမှာလဲ။ နင့်ကို သူက တစ်ခါမှ ဟိုဒင်း Intro လေး ဘာလေးတောင် မဝင်ဘူးလား"

"ဘာလဲ ... ဘာ Intro လဲ"

ခြိမ့်က ရှက်လည်းရှက် စိတ်လည်းတိုစွာဖြင့် ဆောင့်အော်မီသည်။ ကြာတော့ လူက တော်တော်ဓာတ်ပျက်လာသည်။

"ဩော် ... နင်ကလည်းဟာ။ ကိုရီးယားကားထဲကလိုပေါ့ဟာ၊ အကြင်နာပေးတာပေါ့၊ ဟင်း ... အ,ပြန်ရင်လည်း နှစ်ယောက်မရှိဘူး"

"ဘာအကြင်နာမှ မပေးဘူး။ ဘာမှလဲ မလုပ်ဘူး။ လက်ဖျားနဲ့တောင် မထိသေးဘူးဟ့ော။ ရှင်းပလား"

"ဟင် ... ဒါဆိုရင်တော့ သေချာပြီ။ ကိုဇေဟာ ယောကျ်ားမပီသတဲ့ရောဂါ ရှိရင်ရှိ၊ မဟုတ်လို့ကတော့ အခြောက်ပဲ"

"ဟာ ... မဖြစ်နိုင်တာ နင်ကလည်း"



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့်က ရှေ့ကရေတာစ်ခွက်ကို သွေးရူးသွေးတန်း ကောက်မော့မိသွားသည်။ ဘုရားဒကာဟာ ဘယ်နည်းနဲ့မှ အခြောက်တစ်ယောက် မဖြစ်နိုင်ပါ။ ယောက်ျားမပီသတဲ့လူ ဆိုတာလည်း အင်း ... သိပ်မဖြစ်နိုင်ဘူးဟု ထင်သည်။ ဘုရားဒကာရဲ့ပုံစံဟာ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဘေးရန်ကာဆီးမည်ဆိုတဲ့ အစားမျိုးထဲကပဲ။ သူ့ရဲ့ပြောပုံ ဆိုပုံ အပြုအမူတိုင်းဟာ ယောက်ျားပီပီသသ ပုံစံမျိုးပဲဖြစ်သည်။ ဘယ်နေရာကမှ ခြောက်နေတာမျိုးနဲ့ မတူပါ။

"အေး ... မခြောက်ဘူး ဂန်ဒူးမဟုတ်ဘူး ဆိုရင်တော့ နင့်ယောက်ျားဟာ အဝေးကွင်းထွက်ကန်နေတာပဲ ဖြစ်ရမယ်"

"ဘာရယ် ... အဝေးကွင်း ... ဟုတ်လား"

"ဟုတ်ပါ့။ နင် စဉ်းစားကြည့်လေ၊ နင်တို့ကိစ္စကြီးက လုံးဝမှ ပုံမှန်မဟုတ်တာ။ အိမ်ထောင်ရှင်ယောက်ျားတစ်ယောက်အနေနဲ့ အိမ်ထောင်ရေးသုခကို မခံစားဘူးဆိုတာ လုံးဝယုတ္တိမရှိဘူး။ နင့်ယောက်ျားဟာ ခြောက်လည်း မခြောက်နေဘူးဆိုရင် သူဟာ အဝေးကွင်းကန်နေတာပဲ ဖြစ်ရမယ်"





"ဟာ ... မိရယ်"

ခြိမ့်က မီးမျက်နှာကြီးကို ကြည့်ပြီးနောက် စိတ်ပျက်လက်ပျက်ဖြင့် ရေရွတ်မိသည်။

"နင် အဲဒီလိုကြီး ထုံပေပေ လုပ်မနေနဲ့ ခြိမ့်။ အပျက်အပျက်နဲ့ နှာခေါင်းသွေး ထွက်နေမယ်။ နင့်ယောက်ျားကို မသိမသာ အကဲခတ်တော့။ သူ ဘယ်သွားတယ် ဘာလုပ်တယ်၊ ဘယ်သူနဲ့ ဖုန်းပြောတယ် ဆိုတာကအစပေါ့။ မျက်သွယ်နဲ့ အခြေအနေရော အပြင်က အခြေအနေရော ပေါ့"

"ရှုပ်နေတာပဲ မိရာ။ ငါ စိတ်ညစ်လာပြီ"

"မညစ်နဲ့ ခြိမ့်။ အစတုန်းက မပွေ မရှုပ်တတ်တဲ့ယောက်ျားက ကိုယ်နဲ့ရတော့မှ ဖောက်ပြန်တတ်တယ်ဆိုရင် အဲဒါ ကိုယ်ညံ့လို့ပဲ ..."

အိမ်ထောင်ရှင်မိန်းမတစ်ယောက်ရဲ့ အရည်အချင်းတွေထဲမှာ ကိုယ့်ယောက်ျားက ကိုယ့်ကို ပစ်မသွား စွဲလမ်းနေနိုင်အောင် ချုပ်နိုင်တာကလည်း အကြီးမားဆုံး အရည်အချင်းတစ်ခုပဲ။ အဲဒါက အဲဒီမိန်းမရဲ့ ဘွဲ့တွေ ဂုဏ်ထူး



www.burmeseclassic.com

www.burmeseclassic.com



တွေ အလှအပတွေနဲ့ သိပ်မဆိုင်ဘူး။ ဆရာဝန်မကြီးဖြစ်ပေမယ့် အဲဒီပညာတွေ တကယ်ချင်မှတတ်မှာ။ သာမန်မိန်းမ တစ်ယောက်က အဲဒီနေရာကျ အရမ်းတော်ချင် တော်နေနိုင်တယ် ...

နင်လုပ်ရင် ဖြစ်ပါတယ် ခြိမ့်။ စ,နိုင်ဖို့ပဲ လိုတာပါ။ စ,ပြီးသွားရင် ဆက်လျှောက်သွားလို့ရပြီ။ အိုခေ ?"

ကိုယ့်လက်ကို လာ၍ဆုပ်ကိုင်မေးမြန်းလိုက်သော မို့ကို ခြိမ့်က မျက်လုံးလှန်၍ ပြန်ကြည့်လိုက်သည်။ ကဲ ... ပျင်းနေတာကြာပြီ။ ခြိမ့်လည်း အရည်အချင်းလေးတွေ ထုတ်ပြရသေးတာပေါ့လေ။

ခြိမ့်က မိနှင်းအတူ လက်ဝါးချင်း ရိုက်ပစ်လိုက်သည်။





၁၅

"သြော် ... ဒီကောင်ကလည်း ခြေထောက်ကျ နေ့းလိုက်တာ"

သူက ဘောလုံးပွဲကြည့်ရင်းမှ အားမလိုအားမရ ရေရွတ်မိကာ အေးနားက ကော်ဖီကို ကောက်မော့မိသည်။ ခုချိန်မှာ ဘောလုံးပွဲရာသီတွေ ရောက်ပြီမို့ သူလည်းပဲ ခြိမ့်နဲ့နည်းတူ အိပ်ရေးပျက်ရပါသည်။ တစ်ခါတလေ သူ ဘောလုံးပွဲပြီးသွားတဲ့ သုံးနာရီအချိန်လောက်ဆို ခြိမ့်ကဖြင့် အိပ်တောင်နေပြီဖြစ်သည်။ အပေါ်ထပ်က TV က ခြိမ့်ကြည့်တတ်သော 5 Movice သာ တပ်ဆင်ထားသည်မို့ သူက ဘောလုံးပွဲတွေလွှင့်သော Sky Net ကို အောက်ထပ်မှာကြည့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးပွဲထဲ အာရုံနစ်နေတုန်းမှာပဲ ဘေးနားမှာ လူရိပ်တစ်ခု လာကျသောကြောင့် မော့ကြည့်လိုက်လျှင် မျက်သွယ် ဖြစ်နေသည်။

"ဟင် ... မျက်သွယ်၊ မအိပ်သေးဘူးလား"

မျက်သွယ်က ပြုံးပြုံးလေးဖြင့် ခေါင်းခါကာ သူ့ရှေ့က စားပွဲပေါ်တွင် လက်ဖက်သုပ်ပန်းကန်ကို ချသည်။ အဖြူရောင် ပိုးသားပျော့ ညဝတ်အင်္ကျီနှင့် မျက်သွယ်ရဲ့ ကမိုကရိုပုံစံကိုကြည့်ပြီး သူ နည်းနည်းစိတ်ပျက်သွားသည်။ မျက်သွယ်ရဲ့တချို့အပြုအမူများကို ဘဝင်မကျတာတွေ ရှိခဲ့ပေမယ့် သြော် ... မသိတာနေမှာပါလေဟု ဖြေတွေး တွေးပေးခဲ့သည်။ မျက်သွယ်ရဲ့အပြုအမူတွေကြောင့် ခြိမ်ရှေ့မှာ မျက်နှာပူခဲ့ရပေမယ့် ခြိမ့်က နားအေးသောမိန်းမမို့သာ တော်တော့သည်။

မဟုတ်လျှင်တော့ သူပါ ကောင်းကောင်းကြီး ပြဿနာအရှာခံရနိုင်သည်။ အခုလည်း ကြည့်လေ။ ဒီလိုပုံစံက တော့ လုံးဝမဖြစ်သင့်ဘူးဟု ထင်သည်။ ဘယ်လောက်ပဲ အောက်သက်ကြေကြော စေတနာကောင်းသည်ဟုပဲပြောပြော အိမ်ထောင်သည် ယောက်ျားတစ်ယောက်ကိုတော့ ညဆယ်နာရီခွဲထဲကာ





ညဝတ်အင်္ကျီနှင့် လက်ဖက်သုပ်ပန်းကန် ချပေးဖို့ မသင့်ဟု သူ ထင်သည်။

"အင်း ... အိပ်မပျော်သေးတာနဲ့ ကိုဇေနဲ့ ဘောလုံးပွဲကြည့်မယ်ဆိုပြီး ထွက်လာတာ။ ကိုဇေ့အကြိုက် လက်ဖက်သုပ်လာတယ်လေ။ ပုဇွန်ခြောက်များများနဲ့ ရေနွေးကြမ်းရော ခပ်ပေးရဦးမလား"

"နေ ... နေ ... မျက်သွယ်။ ရတယ်။ ကိုယ် မစားချင်ပါဘူး မျက်သွယ်ရာ။ အလကား ဒုက္ခရှာလို့။ ပင်ပန်းပါတယ်"

"အမယ်လေး ကိုဇေရယ်၊ လက်ဖက်သုပ်တာများ ပင်ပန်းတယ်ဆိုရင် ကျန်တဲ့သူတွေ ဘယ်နားသွားထားမလဲ။ မျက်သွယ်က ကိုဇေ့အတွက်ဆို ဘယ်အရာမှ ပင်ပန်းတယ် မထင်ပါဘူး။ ရော့ ... မြည်းကြည့်ပါဦး။ လိုတာပြင်ပေးမယ်"

သူတ စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းခါကာ စိတ်မပါတပါဖြင့် လက်ဖက်သုပ်တစ်ဇွန်းကို ကောက်မြည်းလိုက်သည်။ ဆားက မပါသလောက် ပေါ့ရွတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း … ဆားတော်တော်ပေါ့တာပဲ"

"ဟုတ်လား … မျက်သွယ်က ငံပြာရည်ထည့်ထားတော့ နေ့်သွားမှာစိုးတာနဲ့ ဆားလျှော့လိုက်တာ။ သွားပြင်ပေးမယ်လေ ခဏလေးစောင့်"

မျက်သွယ်က လက်ဖက်သုပ်ပန်းကန်ကို ကောက်ယူကာ နောက်ထဲသို့ ဝင်သွားပြန်သည်။ အင်း … ဒီညအိမ်ဂါဝန်ကြီး တဖားဖားနဲ့ သူ့ရှေ့ကို မျက်စိနောက်အောင် လာလုပ်နေပြန်ပြီကွာ။ စိတ်ကုန်လိုက်တာ။ အဲဒီအချိန်မှာပဲ ဘောလုံးပွဲကပထမပိုင်းပြီးသွားဖြင့် ကြော်ငြာတွေဝင်လာသည်။ သူက တခြားချန်နယ်တွေ လျှောက်ပြောင်းနေတုန်းမှာပဲ မျက်သွယ်က လင်ပန်းတစ်ချပ်နှင့် ပြန်ရောက်လာပြန်သည်။ ဒီတစ်ခါတော့ ရေနွေးကြမ်းပါ ပါလာလေသည်။

"ရော့ … ကိုဇေ၊ မြည်းကြည့်ဦး။ လက်ဖက်သုပ်က ရေနွေးကြမ်းနဲ့မှ လိုက်တာ"

သူက နောက်တစ်ဇွန်းမြည်းလိုက်သည်။ ဒီတစ်ခါတော့ အဆင်ပြေပါသည်။ မျက်သွယ်ကို ခေါင်းတစ်ချက်ညိတ်ပြပြီးနောက် ရေနွေးကြမ်းကို အသာမော့သောက်မိသည်။ ပြီးတော့



မျက်သွယ်ကို ကြည့်လိုက်သည်။ ခရမ်းတစ်မျိုးမျိုး လိမ်းထားသော မျက်သွယ်ရဲ့မျက်နှာသည် နူးညံ့ပြောင်လက်နေသည်ဟု ထင်သည်။

"မျက်သွယ်"

"ရှင် ! ကိုဇေ၊ ဘာပြောမလို့လဲဟင်"

"မျက်သွယ်ရဲ့သင်တန်းက ရှေ့လဆို ပြီးပြီမဟုတ်လား"

ထင်မထားသော စကားကြောင့် မျက်သွယ်ရဲ့မျက်နှာက ရှုံ့မဲ့သွားသည်။ ပြီးတော့ မျက်ချင်းပဲ စူပုပ်တဲ့ဘက်သို့ ပြောင်းသွားကာ …

"ဘာလဲ … ကိုဇေက မျက်သွယ်ကို ပြန်စေချင်နေပြီပေါ့ ဟုတ်လား"

"မဟုတ်ပါဘူး၊ မေးကြည့်ရုံ သက်သက်ပါ"

"ဘာမေးကြည့်ရုံ သက်သက်လဲ။ ပြီးပြီမဟုတ်လားဆိုတဲ့ စကားက စိတ်မရှည်တာကို သည်းခံပြီး စောင့်နေရတဲ့ စကားမျိုး …

ကိုဇေရယ် … မျက်သွယ် ဒီအိမ်ကို ရောက်လာတာလေ ကိုဇေ့အတွက် စေတနာသက်သက်နဲ့ ရောက်လာတာပါ။ ကိုဇေ အစစအရာရာ အဆင်မပြေဘူးဆိုတာ ကြားလို့"

www.burmeseclassic.com

www.burmeseclassic.com



“နေ ... နေပါဦး မျက်သွယ်ရဲ့။ ကိုယ် အဆင်မပြေဘူးလို့ မျက်သွယ်ကို ဘယ်သူကပြောလဲ”

“ဒီလိုပဲ ကြားတာပေါ့ ကိုဇေ။ မျက်သွယ်က ကိုဇေ့ရဲ့ သတင်းတွေကို အမြဲတမ်း စုံစမ်းနေတဲ့သူပဲ။ လူကြီးချင်း စပ်ဟပ်ပြီး ယူတော့မယ်ဆိုတဲ့ သတင်းကလည်း အရမ်းမြန်တယ်။ ကိုဇေ မိန်းမတစ်ယောက်ကို ဘာဖြစ်လို့ အဲဒီလောက် ခပ်မြန်မြန်ကြီး ယူလိုက်သလဲဆိုတာ မျက်သွယ် စဉ်းစားလို့ကို မရဘူး။ အခု ကိုဇေ ဘယ်လောက်စိတ်ပျက်ရလဲ”

“ဟာ ... မျက်သွယ် မှားနေပြီ။ ကိုယ့်အိမ်ထောင်ရေးကို ကိုယ် ဘယ်တုန်းကမှ စိတ်မပျက်ခဲ့ဖူးပါဘူး။ ကိုယ် သေချာဆုံးဖြတ်ပြီးမှ ရွေးခဲ့တဲ့လမ်းပဲဟာ”

“ကိုဇေရယ် ... ကိုဇေ့ကိုတော့ တကယ်အံ့သြတာပဲ”

သူကလည်း တကယ်အံ့သြတာပင်။ လက်ဖက်သုပ်စားပြီး မျက်လုံးကြောင်ကာ အိပ်မပျော်ဖြစ်ရမည့်အစား မျက်လုံးတွေကစင်းလာပြီး ရီဝေ ရီဝေ ဖြစ်လာသည်။

“ကိုဇေ ... ဘာဖြစ်နေတာလဲ ... ဟင်”





မျက်သွယ်က သူ့အနားသို့ တိုးကပ်လာကာ မေးတာကို ကာပြနေသော သူ့လက်တွေက အားမရှိချေ။

“ကိုဇေ အိပ်ချင်လို့လား၊ ထ ... ထ ... မျက်သွယ်လိုက်ပို့ပေးမယ်”

“အင်း ... ရတယ်။ မ ... မပို့နဲ့။ ဘောလုံးပွဲကြည့်မလို့”

“ဘောလုံးပွဲကြည့်မယ်သာ ပြောတယ်။ မျက်လုံးကဖြင့် မဖွင့်နိုင်တော့ဘူး ခစ် ခစ် ... ဘယ်လိုဖြစ်ရတာလဲ”

“အင်း ... မသိပါဘူးကွာ”

မျက်သွယ်က အသာအယာပြုံးကာ ကိုဇေ့ကို ဆွဲထူသည်။ ကိုဇေ့လက်တွေကို မျက်သွယ်ရဲ့ပခုံးအား ဖက်စေသည်။ အဲဒီအချိန်မှာပဲ မျက်သွယ် ထင်မထားတာကို ကြုံလိုက်ရတာပဲဖြစ်သည်။ ဘယ်အချိန်ကနေ၍ နောက်ကရောက်နေမှန်းမသိသော မိုးခြိမ့်မဒီကို တွေ့လိုက်ရလျှင် ထအော်မိမတတ် လန့်ဖျပ်သွားရသည်။ ဆံပင်ရှည်နှစ်ဖက်ကို ရှေ့ရင်ဘတ်ပေါ် ချထားကာ ညအိပ်ဝတ်ရုံ ဝတ်ဆင်ထားလျက် လက်နှစ်ဖက်ပိုက်ပြီး အေးစက်စက် ရပ်ကြည့်နေသော ခြိမ့်မှာ ကြောက်စရာကောင်းနေသည်။

“မ ... မမခြိမ့်”



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့်က ဘာမှမပြောဘဲ အသာစိုက်ကြည့်နေသည်။ မျက်သွယ်မှာ ကိုဇေကို ဆက်တွဲထားရတော့မလို၊ လွှတ်ချရတော့မလိုဖြင့် ဘာလုပ်ရမှန်း မသိပေ။

"လုပ်လေ ... ဘာဆက်လုပ်မှာလဲ"

"ဟို ... ကို ... ကိုဇေက အရမ်းငိုက်လာတယ် ပြောတာနဲ့ အဲ ... အဲဒါ ..."

"လက်ဖက်သုပ်စားပြီး အရမ်းငိုက်လာတယ်ဆိုတော့ အဲဒီလက်ဖက်သုပ်ကို ဓာတ်ခွဲခန်း ပို့ရတော့မယ်နဲ့တူတယ်"

"ရှင် ... ဘ ... ဘာဖြစ်လို့လဲ"

"မင်းပဲ စဉ်းစားကြည့်လေ။ ဒီလို ပုံစံကြီးက ဖြစ်သင့်သလား"

"ဟို ... မ ... မဟုတ်ပါဘူး မမခြိမ့်ရယ်။ မျက် ... မျက်သွယ်လေ"

မျက်သွယ်ရဲ့မျက်နှာက ငိုချတော့မလို ဖြစ်နေသည်။ ခြိမ့်က နှုတ်ခမ်းကို တင်းတင်းစေ့လိုက်ကာ ခေါင်းတစ်ချက်ဆတ်ပြီးမှ ...





"ကိုယ့်အကြောင်းကိုယ်သိရင် မနက်ဖြန် မနက်ခင်း ဒီအိမ်မှာ မင်းမျက်နှာကို မမြင်ချင်တော့ဘူး မျက်သွယ်။ မိန်းကလေးဖြစ်နေလို့ ခုချက်ချင်း နှင်မထုတ်တာ ...

မနက်ခင်း နေရောင်လာတာနဲ့ မင်း ထွက်သွားတော့"

မျက်သွယ်က အံကိုတင်းတင်းကြိတ်ကာ မငိုမိအောင်ထိန်းထားရင်း အနားမှပြေးထွက်သွားသည်။ ခြိမ့်သည် သက်ပြင်းတစ်ချက် ချလိုက်ရင်း ငြိမ်သက်စွာ အိပ်ပျော်နေသော ဘုရားဒကာကို ကြည့်ကာ ဆို့နင့်စွာ ခံစားမိလေသည်။ ဘုရားဒကာရယ် ... မနက်ဖြန် ရှင့်အတွက် အရာရာတိုင်းဟာ အသစ်ဖြစ်စေရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

ဖေယုသည် သူ့မျက်နှာပေါ်သို့ ပူရှိန်သော အာရုံတစ်ခုကို ခံစားမိရင်း အိပ်ရာမှနိုးလာသည်။ လူးလူးလွန့်လွန့်ဖြင့် ဟိုဟိုဒီဒီ ကြည့်လိုက်လျှင် ဧည့်ခန်းထဲက ဆိုဖာကြီးပေါ်မှာ မှောက်ခုံကြီး အိပ်ပျော်နေတာဟု သိလိုက်ရသည်။ သူ့မျက်နှာတစ်ခြမ်းကို မှန်ချပ်များမှတစ်ဆင့် ကျရောက်သော နေရောင်က နေထိုးနေသဖြင့် ပူရှိန်းရှိန်းဖြစ်ကာ နိုးလာခြင်းဖြစ်သည်။ နိုးနိုးချင်းပဲ ညက အဖြစ်အပျက်ကို သတိရကာ လန့်ဖျပ်သွားပြီးနောက် ငုတ်တုတ်ထ,ထိုင်မိသည်။

ဘုရား ... ဘုရား ... ဘာတွေဖြစ်ကုန်ပြီလဲ။ ကိုယ်ကျိုးတော့ မနည်းသေးဘူး ထင်တာပဲ။ တစ်စုံတစ်ယောက်ရဲ့





အိပ်ခန်းထဲမှာ မဟုတ်ဘဲ ဧည့်ခန်းထဲမှာဆိုတော့ အခြေအနေက သိပ်မဆိုးသေးဘူး ထင်တာပဲလေ။ သူက မျက်လုံးကိုပွတ်ရင်း ဆိုဖာပေါ်မှ လူးလဲထလိုက်လျှင် လှပဖွေသော အပြင်အဆင်ဖြင့် ခြိမ့်ကို တွေ့လိုက်ရသည်။

"ခြိမ့်"

သူကခေါ်လိုက်လျှင် ခြိမ့်က မပြုံးမရယ်ဖြင့် သူ့ကို စိုက်ကြည့်နေသဖြင့် တစ်မျိုးဖြစ်သွားသည်။ ခါတိုင်း သူတွေ့နေကျ ခြိမ့်ဟာ အိပ်မှုန်စုံမွှား မှုန်အစ်အစ်မျက်နှာဖြင့် ဘဂျားမားညဝတ်စုံဝတ်ကာ မျက်နှာသစ်ပြီး အိမ်ပေါ်က ဆင်းလာတတ်သော ပုံစံဖြစ်သည်။ အခုတော့ မရွှေခြိမ့်က အနက်ရောင်ဘလောက်စ်လှလှတစ်ထည်ကို နက်ပြာရောင်စိုရင့်နေသော Skinney ဂျင်း(န်)ဖြင့် တွဲဖက်ဝတ်ဆင်ထားကာ ကိုရီးယားမင်းသမီးတွေလို နုးညံ့မှန်လက်နေသော မျက်နှာမျိုးနဲ့မို့ သူက အံ့သြစွာ ကြည့်နေမိသည်။ ခြိမ့် သိပ်လှနေပါလား။ ဘာကြောင့် အစောကြီးနိုးပြီး လှလှပပဖြစ်နေရတာလဲ။ မျက်သွယ်ကရော ဘယ်ရောက်သွားပြီလဲ။

"ခြိမ့် ... ဘယ်သွားမလို့လဲ၊ အစောကြီး နိုးနေတယ်"

www.burmeseclassic.com



"မစောတော့ပါဘူး။ ဆယ်နာရီတောင် ခွဲနေပြီ။ ကဲ ... ထတော့လေ။ ရှင့်မလည်း မျက်နှာကို နေထိုးမှပဲ နိုးလာတော့တယ်နဲ့တူတယ်"

"နေ ... နေပါဦး။ ကိုယ့်စိတ်ထဲမှာ တစ်ခုခုကို ထူးဆန်းနေလို့ပါ။ ခြိမ့် ဘာလို့ စောစောနိုးနေတာလဲ။ ညက ကိုယ်ဘာတွေဖြစ်ခဲ့လဲ၊ ခြိမ့် သိလားဟင်"

"သိပ်သိတာပေါ့။ ကျွန်မ မကယ်ခဲ့ရင် အခုလောက်ဆို ရှင် ဒူးနဲ့မျက်ရည်သုတ်နေရပြီ"

ခြိမ့် စကားကြောင့် သူက မျက်လုံးပြူးသွားသည်။ ကမန်းကတန်းပဲ စဉ်းစားလိုက်လျှင် ညက သူ ဘောလုံးပွဲကြည့်နေတုန်း မျက်သွယ် ရောက်လာကာ၊ လက်ဖက်သုပ်ပေးတာ၊ အဲဒီလက်ဖက်သုပ်ကိုစားပြီး လူက ရီဝေဝေဖြစ်ပြီး အရမ်းအိပ်ချင်လာတာ စသဖြင့် အဲဒါတွေကိုပဲ တရေးရေးမှတ်မိပြီးနောက် နောက်ပိုင်းကိုတော့ မမှတ်မိတော့ပေ။ သူက ခြိမ့်ရဲ့လက်ကိုဆွဲကာ ဆိုဖာပေါ်မှာ ထိုင်စေပြီးနောက် ...

"ထိုင် ... ထိုင်ပါဦး ခြိမ့်ရယ်။ ညက ကိုယ် ဘာတွေဖြစ်ခဲ့လဲ၊ ပြောပါဦး"





"စားပြီးရင် မျက်စိကြောင်စေတဲ့ လက်ဖက်သုပ်ကိုစားပြီး အိပ်ချင်တယ်ဆိုကတည်းက ရှင်စားတဲ့လက်ဖက်သုပ်မှာ မကောင်းတာတစ်ခုခု ပါနေလို့ပေါ့ ...

မနေ့ညက ဘာဖြစ်လို့မှန်း မသိဘူး၊ ကျွန်မ စာရေးရင်းနဲ့ အရမ်းညောင်းလာတာနဲ့ လမ်းထလျှောက်တာ။ လျှောက်ရင်းနဲ့ ရှင် အောက်မှာ ဘောလုံးပွဲကြည့်နေတဲ့ အသံကို ကြားတာနဲ့ ဆင်းလာတာ။ ဒါပေမဲ့ မျက်သွယ် ရောက်လာတာမြင်လို့ ဆက်မဆင်းတော့ဘဲ စောင့်ကြည့်နေခဲ့တာ။ လက်ဖက်သုပ်ကို နောက်တစ်ခါထင်ပြင်တဲ့အထိပေါ့။ ရှင် အဲဒါစားပြီး အခြေအနေမကောင်းတော့တဲ့အချိန် မျက်သွယ်က ရှင့်ကိုတွဲနေတဲ့အချိန်မှာပဲ ကျွန်မ ရောက်လာခဲ့တာ ...

သူ့ကိုလည်း အဲဒီလက်ဖက်သုပ်တွေကို ဓာတ်ခွဲခန်းပို့ရမလား၊ ဒါမှမဟုတ် ကိုယ့်ဟာကိုယ် အေးအေးဆေးဆေး ထွက်သွားမလားပဲ မေးလိုက်တယ်။ မနက်ကျတော့ အစောကြီးပဲ သူ့ဟာသူ ပြန်သွားတာ။ ဘယ်သွားမလဲတော့ မသိဘူး။ သူ့ကိစ္စ သူပဲ ရှင်းလိမ့်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



သူက ခြိမ့်ရဲ့မျက်နှာကို ငေးကြည့်ကာ ရင်ထဲမှာ တစ်ခါမှ မဖြစ်ဖူးသော ခံစားချက်မျိုးတွေ ပြည့်လျှံလာသည်။ အဲဒီခံစားချက်ဟာ ဘာဆိုတာတော့ ပြောပြဖို့ ခက်ခဲသည်။ ခြိမ့်ရဲ့ နားလည်နိုင်မှုဟာ သူ့နှလုံးသားကို အရည်ပျော်စေသည်။ ဘယ်လိုထုတ်ဖော်ပြောရမှန်းကို မသိဘဲ ခြိမ့်ကို ချစ်တယ်ဆိုသော စိတ်တွေသာ နှလုံးသားထဲမှာ ပြည့်ပြည့်လျှံလာသည်။ ခြိမ့်ဟာ သူ့ကို အပြစ်ရယ်လို့ တစ်ခွန်းမှမဆိုဘဲ သူ့ရဲ့ဘက်တော်သား တစ်ယောက်လို သူ့ဘက်မှာရှိနေတဲ့အဖြစ်ကို သူ ပို၍ရင်ခုန်တာ ဖြစ်သည်။

"ခြိမ့် ... ကိုယ့်ကို စိတ်မဆိုးဘူးပေါ့နော်။ ကိုယ့်ကို နားလည်တယ်ပေါ့နော်"

"စိတ်ဆိုးစရာ ဘာအကြောင်းရှိလို့လဲ"

"မဟုတ်ဘူးလေ။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့။ ကိုယ့်ကို ခြိမ့် စိတ်ထဲမှာ ရှိနေလို့သာ ခြိမ့်အောက်ထပ်ကို ဆင်းလာခဲ့တာလေ။ ပြီးတော့ အခြေအနေကို သုံးသပ်ပြီး စောင့်ကြည့်ပေးခဲ့လို့သာ ကိုယ် ဒုက္ခမရောက်ခဲ့တာပေါ့ ခြိမ့်ရယ် ...





တစ်ခုခုသာဆိုရင် ပြဿနာတွေက ရှင်းမရအောင် ရှုပ်ဦးမှာပဲ။ ကျွတ် ... မျက်သွယ်ကွာ၊ ဒီကောင်မလေး တော်တော်မိုက်တာပဲ"

"ထားလိုက်ပါတော့။ ကဲ ... ကျွန်မ Breakfast ထွက်ဝယ်ထားတယ်။ သွားစားကြစို့"

ခြိမ့်က ဘာမှမဖြစ်တဲ့အလား အေးဆေးပြောပြီး ထိုင်ရာမှ ထလိုက်လျှင် သူက ခြိမ့်ရဲ့လက်တစ်ဖက်ကို ဖမ်းဆွဲထားလိုက်သည်။ အဲဒီလို လုပ်မယ်လို့ ခြိမ့်က ထင်မထားတာကြောင့် ကိုယ်ဟန်ချက်ပျက်ကာ လူက ယိုင်သွားပြီး လေထဲမှာ လက်က တစ်ချက် နှစ်ချက် ခတ်လိုက်ရလေသည်။ ပြီးတော့မှ ဆိုဖာပေါ်ရှိ သူ့ပေါ်သို့ ဘုတ်ခနဲ ပြုတ်ကျလေသည်။ ခြိမ့်က တဒင်္ဂတော့ ကြောင်သွားပြီးမှ သူ့ရင်ဘတ်ထဲမှနေ ရုန်းထွက်ဖို့ပြင်သည်။ သူက ဆွဲထားရင်းမှ ...

"နေပါဦး ခြိမ့်ရယ်။ ကိုယ် မေးတာကို ဖြေပါဦး"

"အို ... မေးတာကမေး၊ ရှင့်လက်ကြီးက ဘာကိစ္စ ကျွန်မကို ဖက်ထားရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဖက်လို့ မရဘူးလား။ ခြိမ့်နဲ့ ကိုယ်နဲ့ Peace မဟုတ်ဘူးလား။ ခြိမ့်ရယ် ... ခြိမ့်ကို ဒီလိုဖက်ချင်နေတာ ကြာပြီ။ ခြိမ့် အသားရေကိုမြင်တိုင်း ဖက်လိုက်ရရင် တော်တော်အိစက်နေမှာပဲလို့လည်း ခဏ ခဏ တံတွေး မျိုချခဲ့ရတာ ဂလု"

သူက တမင်ပိုပိုသာသာပင် တံတွေးမျိုချတဲ့ပုံစံ လုပ်ပြလိုက်လျှင် ခြိမ့်က ရှုံချင်စရာကောင်းသော မျက်စောင်းကို ထိုးသည်။ သူက အသည်းယားလာသောကြောင့် ခြိမ့်ကို ဖျစ်ညှစ်ကာ ကိုးဖက်ပစ်လိုက်သည်။ ခြိမ့်က ရှက်ရှက်နှင့်ရှုန်းသည်။ အဲဒီလို ရှက်နေတာကိုက သူ့ကို ပိုမို၍ အသည်းယားစေသည်။

"ရှင် ဘာဖြစ်နေတာလဲ၊ ဖယ်စမ်းပါ"

"မဖယ်ချင်ပါဘူး ခြိမ့်ရာ၊ ကိုယ်နဲ့ ခြိမ့် ပွင့်ပွင့်လင်းလင်း ရှိဖို့ အချိန်တန်ပြီ ခြိမ့်"

"ဘာ ... ဘာကို ပွင့်လင်းရမှာလဲ"

ခြိမ့် ထိတ်လန့်တုန်လှုပ်သွားတာကိုကြည့်ပြီး သူက ရယ်ချင်သွားသည်။ ခြိမ့်ရဲ့နှုတ်ခမ်းကို သူ့နှုတ်ခမ်းနှင့် မနာအောင် ဖိတိုက်ပစ်လိုက်ရင်းမှ ...





"ကိုယ်နဲ့ ခြိမ့် တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင် နေကြမယ်လို့ ဆိုလိုတာပါကွာ။ အရင်လိုကြီး စိမ်းစိမ်း ကားကား မနေပါနဲ့ ခြိမ့်ရာ။ နော် ... လင်မယားချင်း နွေးနွေးထွေးထွေး ချစ်ချစ်ခင်ခင် နေကြမယ် ...

ကိုယ့်ကို မချစ်ဘူးလား ခြိမ့် ... ဟင် ?"

"အိုး ... ဘာလို့ချစ်ရမှာလဲ"

"အင် ! ကိုယ်ကတော့ ခြိမ့်ကို ချစ်တယ်"

"တော်စမ်းပါ ... သွား။ ဘာတွေလာပြောနေတာလဲ"

ခြိမ့်က ရှက်ရှက်နှင့် သူ့ကိုတွန်းလွှတ်ကာ ရုန်းထွက်ဖို့ပြင်သည်။ သို့သော် သူက ငတုံးမို့ ဒီလိုသာယာသော အခြေအနေလေးကို ပျက်ပြားခံရမှာတဲ့လား။ သူ့ရင်ခွင်ထဲမှာ အပိုင်ရောက်နေပြီဖြစ်သော ခြိမ့်ကို လုံးဝလွှတ်မပေးတော့ပါ။ အနမ်းနဲ့ စတင်ဖွင့်လှစ်ခဲ့သော နံနက်ခင်းသည် ကမ္ဘာပေါ်တွင် အသာယာဆုံး ရာသီဥတုဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

အခုဆိုလျှင် ခြိမ့်တို့ရဲ့ အခြေအနေမှာ ရှဥ့်လည်း လျှောက်သာ၊ ပျားလည်းစွဲသာ ဖန်တီးလိုက်ပြီမို့ သူလည်းအဆင်ပြေ ခြိမ့်လည်းအဆင်ပြေ ဖြစ်သွားသည်။ ခြိမ့်အစ်မအိမ်က မန်၏မိခင်ဖြစ်သူကို ရွာကလှမ်းမှာပြီး ခြိမ့်တို့အိမ်မှာ ဒေါ်ရွှေကို ထမင်းဟင်းချက်ရာထူးခန့်ကာ မိဆင် ဆိုသော ကလေးမလေးကိုတော့ အဝတ်လျှော် သန့်ရှင်းရေးလုပ်ဖို့ ခေါ်ထားလိုက်သဖြင့် အတော်အဆင်ပြေသွားပြီဟု ပြောရှ်ရသည်။

အဲဒီတော့ သူရော ခြိမ့်ရော ဘာမှလုပ်စရာမလိုတော့။ ဘာမှလုပ်စရာမလိုသည့် ခြိမ့်က မမသိမ့် သင်ပေးသော ပညာရပ်ဖြစ်သည့် နမ်းဖြူးပညာကိုတော့ တတ်မြောက်လာရသည်။ မမသိမ့်က ခြိမ့်ရဲ့ဘာမှစိတ်မဝင်စားသော ပုံစံကို လက်ကုတ်သတိပေးကာ ...





"ဟဲ့ ... မိခြိမ့်။ အိမ်မှာ လုပ်မယ့်သူတွေ ရှိတယ်ဆိုပေမယ့် အားလုံးကိုတော့ မျက်နှာလွှဲခဲပစ် လုပ်နေလို့ မရဘူးဟဲ့။ နမ်းတော့ ဖြူးတတ်ရတယ် ...

ထမင်းချူးတာတော့ မိဆင်နဲ့ ဒေါ်ရွှေက ချူးမှာပဲ။ ဒါပေမဲ့ ယောက်ျားရဲ့ပါးစပ်က အလုပ်သမားကို တိုက်ရိုက်ခိုင်းရတာမျိုးကျတော့ အိမ်ရှင်မက ညွှန်သွားပြီ။ ကိုယ်က ရှေ့ကနေ ဖော်ရွေရာလုပ်တတ်ရတယ်။ ကိုဇေ ထမင်းစားတော့မလား၊ ဒီနေ့ ကိုဇေ ကြိုက်တဲ့ ဝက်သားမရမ်းသီးချက်လေ။ ထမင်းချူးခိုင်းလိုက်တော့မယ် ဆိုတာမျိုးပေါ့ဟဲ့။ ကိုယ်က ဘာမှလုပ်တာတော့ မဟုတ်ဘူး၊ ပါးစပ်လေးနဲ့ပဲ သိတယ် မဟုတ်လား"

သိပါသည်။ ခြိမ့်လည်း အဲဒီလောက်တော့ တုံးတုံးအအ မဟုတ်ပါ။ စိတ်မရှိ၍သာ မလုပ်လျှင် မလုပ်မည်။ မလုပ်တတ်တာတော့ မဟုတ်။ ထို့ကြောင့် မမသိမ့် ပြောသလို နမ်းဖြူးပညာရပ်လေးတွေ ထုတ်သုံးသောအခါ တော်တော်အဆင်ပြေတာ တွေ့ရသည်။ ဘုရားဒကာနှင့် ခြိမ့်မှာ အရင်ကစာလျှင်



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကြီး ဟုတ်လာသည်ဟု ပြောလို့ရပါသည်။ ဒါပေမဲ့ မြောစရာတစ်ခုရှိတာက ခြိမ့်ဘက်က ဟုတ်လာပေမယ့် သူ့ဘက်က သိပ်မဟုတ်ချင်တော့တာပဲဖြစ်သည်။

ခါတိုင်းက တစ်ပတ်နေလို့မှ နှစ်ရက်လောက်ပဲ ညနေမိုင်း အပြင်ထွက်တတ်သော ဘုရားဒကာမှာ အခုဆိုလျှင် တစ်ပတ်မှာ လေး,ငါးရက်လောက်ကတော့ ပုံမှန်ဖြစ်နေသည်။ အပြန်မှာ သိပ်မိုးမချုပ်ဘူး ဆိုသော်လည်း ဆယ်နာရီလောက်ထိတော့ ရောက်သည်သာဖြစ်သည်။ ခြိမ့်ကလည်း ကိုယ့်အထာနဲ့ကိုယ်နေတာရော၊ သူ့ကိုလည်း အရင်တည်းက စွပ်စွပ်ဖက်ဖက် မမေးဖူးတာကြောင့်ရော သိပ်ကြီးတော့ မစစ်ဆေး မမေးမြန်းခဲ့ချေ။ သို့သော် တစ်ရက်မှာတော့ မသင်္ကာစရာ အချက်တစ်ခုကို သွားတွေ့လေသည်။

အဲဒါကတော့ တခြားမဟုတ်ပါ။ သူ ရေချိုးခန်းဝင်နေတုန်း ဖုန်းလာသည်။ ခြိမ့်က အခန်းထဲကာမီရိုကို ရှင်းနေတဲ့အချိန်မို့ ဖုန်းလာသောအခါ ဖြေပေးဖို့ စိတ်ကူးပြီး ဖုန်းအနားသို့ လျှောက်သွားလိုက်သည်။ သို့သော် ဖုန်းက ကျသွားသည်။



သြော် ... ကျတော့လည်း ပြီးတာပဲဟု သဘောထားပြီး ခြိမ့်က ကိုယ့်အလုပ် ကိုယ်ဆက်လုပ်သည်။ သိပ်မကြာချေ။ အသံထပ်ကြားရတာမို့ ဒီတစ်ခါ ထ,လာတော့ ဖုန်းလာတာမဟုတ်ဘဲ မက်ဆေ့ချ်ပို့တာ ဖြစ်သည်။

နာမည်သွင်းထားသောဖုန်း မဟုတ်ဘဲ ဂဏန်းနံပါတ်နှင့် ပေါ်နေသော မက်ဆေ့ချ်ဖြစ်ကာ အခုနကဆက်သော Missed Call ဖြစ်သွားသည့် နံပါတ်ပဲဖြစ်သည်။

ဂဏန်းနံပါတ်တွေပေါ်ပြီး လာသောဖုန်းတုန်းက အဲဒီလောက် စိတ်မဝင်စားချေ။ အခုဟာက အဲဒီနံပါတ်ကပဲ မက်ဆေ့ချ်ထပ်ပို့သောကြောင့် စိတ်ဝင်စားသွားပြီး ခြိမ့်က မက်ဆေ့ချ်ကို ဖွင့်ဖတ်လိုက်သည်။ မြင်းဂလိရှ်နှင့် ရေးပို့ထားသောစာသားများမှာ အောက်ပါအတိုင်းဖြစ်လေသည်။

"ဖုန်းကိုင်ဖို့ အဆင်မပြေဘူးလား။
ညနေ လာမှာလား။
အရေးကြီးတာ ပြောချင်လို့။
အိုခေရင် ဖုန်းပြန်ဆက်နော်"

www.burmeseclassic.com

www.burmeseclassic.com



စာသားတွေကို ဖတ်ရင်းမှ မိန်းမတစ်ယောက် ပို့ထားသော မက်ဆေ့ချ်ဟု အလိုလို ခံစားသိရှိသွားလျှင် ခြိမ့်ရင်ထဲ၌ ဗုန်းခနဲ ဖြစ်သွားသည်။ ကတုန်ကယင်နှင့် ဘာလုပ်ရမှန်းမသိဘဲ ဖြစ်နေပြီးမှ ရေချိုးနေသော ဘုရားဒကာကို ချက်ချင်းပဲ သတိရကာ ဒီမက်ဆေ့ချ်ကို ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုတာ အသည်းအသန် စဉ်းစားရသည်။ သူသာ မက်ဆေ့ချ်ဘောက်စ်ကို ဖွင့်ကြည့်ခဲ့လျှင် ဒီမက်ဆေ့ချ်ဟာ သူလည်း မဖတ်ရပါဘဲနှင့် ဘယ်လိုလုပ် ရောက်နေတာလဲဟု စဉ်းစားနိုင်သည်။ စဉ်းစားကြည့်လျှင်လည်း အဖြေက ရှင်းရှင်းလေးပဲ၀်။

ဒီဖုန်းကို ဆိုင်တာဆို၍ ခြိမ့်ပဲရှိမည်။ ထို့ကြောင့် ခြိမ့်က ထိုမက်ဆေ့ချ်ကို ဖုန်းနံပါတ်မှတ်ပြီးနောက် List ထဲမှ အပြီးဖျက်ပစ်လိုက်သည်။ ပြီးတော့ ဖုန်းကို ဟန်မပျက်ပြန်ထားကာ လက်စသတ်လျက် အခန်းထဲမှ ထွက်လာခဲ့ပြီး အပြင်မှာ TV ကြည့်နေလိုက်သည်။ TV သာ ဖွင့်ထားသော်လည်း စိတ်က TV ထဲမှာ မရောက်ချေ။ အခုနက ဖတ်ခဲ့ရသော မက်ဆေ့ချ်ကသာ ခေါင်းထဲမှာ တဝဲဝဲလည်နေသည်။ ဘုရား ... ဘုရား ... ဒါဟာ မီးပြောဖူးတဲ့ အဝေးကွင်းများလား။ သူ ရေချိုးပြီး ထွက်လာတဲ့





ပုံစံကိုကြည့်ရမှာပဲ။ အပြင်သွားဖို့ အဝတ်အစားနဲ့ ထွက်လာရင်တော့ သေချာပြီ။ ငါ ... ငါ ... ဘာလုပ်ရမလဲ။ သူ့ကို လိုက်ချောင်းရမှာပေါ့။ လိုက်ချောင်းဖို့ဆိုတာ သူ ထွက်သွားတာနဲ့ ချက်ချင်းလိုက်မှ မိနိုင်မှာဖြစ်သည်။ သူ ထွက်တာကို ခြိမ့်က နောက်ကလိုက်ထွက်လျှင် သူ သိနိုင်သည်။

ခြိမ့်သည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ မီရဲ့ဖုန်းကို ဆက်လိုက်သည်။

"အေး ... ပြော မိခြိမ့်၊ ဘာကိစ္စ !"

"မီ ... ငါပြောတာ သေချာနားထောင်။ နင်လေ အခုပဲ ငါတို့အိမ်ကို ကားမောင်းပြီး ထွက်လာခဲ့စမ်းပါ။ ပြီး ... ပြီးတော့လေ ကားကို လမ်းထောင့်မှာရပ်ပြီးစောင့်နေ၊ အိမ်ကို မလာခဲ့နဲ့ ကြားလား"

"ဟဲ့ ... ဘာဖြစ်လို့လဲ။ အလန့်တကြားနဲ့ ငါ့ကိုအရင် ရှင်းပြစမ်းပါဦး"

"အို ... ရှင်းပြဖို့ အချိန်မရှိဘူး။ နင် ရောက်ရင် ငါ့ကို Missed Calls ပေးလိုက်။ လမ်းထောင့်မှာ ရပ်နေ၊ အိမ်ကို လုံးဝမလာခဲ့နဲ့။ ဒါပဲ။ အခုထွက်လာခဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဟဲ့ ... မိခြိမ့်"

ခြိမ့်က မိရဲ့ခေါ်သံကိုတောင် နားမထောင်တော့ဘဲ ဖုန်းကို ပိတ်ချလိုက်တော့သည်။ စိတ်ထဲမှာလည်း Mission တစ်ခုကို ဆင်နွဲရတော့မည့် တပ်သားတစ်ယောက်လို စိတ်လှုပ်ရှားရင်တုန်နေသည်။ တစ်ခုခုတော့ တစ်ခုခုပဲ ဆိုသည့်အသိက ခြိမ့်ရဲ့အာရုံမှာလည်း လာ၍ထင်ဟပ်လျက်ရှိသည်။ ယောက်ျားတွေအိမ်မှာသဘောကောင်းနေရင် သတိသာထားဆိုတဲ့ စကားက သိပ်မှန်ပါလားနော်။

ဘုရားဒကာတစ်ယောက် ခြိမ့်ကို ဤမျှသည်းခံခွင့်လွှတ် အလိုလိုက်နေနိုင်သည်မှာ အဓေးကွင်းကြောင့်ရယ်လားလို့ အခုမှပဲ တွေးမိတော့သည်။ ခြိမ့်က အံတကြိတ်ကြိတ် ဖြစ်နေတုန်းမှာပဲ ဘုရားဒကာက ရေမိုးချိုးပြီး ရှိုင်းနင်း ဖွိုင်းနင်း အနေအထားဖြင့် ထွက်လာသည်။ နက်ပြာရောင် ကွမ်းရိုးစင်း Alter Shirt နှင့် (501)ဂျင်း(န်)ဝတ်ကာ မွှေးကြိုင်လန်းဆန်းနေသည်ကို အော့နလုံးနာစရာ တွေ့လိုက်ရသည်။

"ခြိမ့် ... TV ကြည့်နေတာလား၊ ကိုယ် အပြင်ခဏသွားဦးမယ်။ ဘာမှာဦးမလဲ"





ခြိမ့်က နာရီကို တစ်ချက်ကြည့်လိုက်သည်။ မိုးဆီကို ဖုန်းဆက်ထားတာ မိနစ်နှစ်ဆယ်ပဲ ရှိသေးသည်။ လမ်းထောင့်သို့ မိ ရောက်ဦးမှာ မဟုတ်သေး။ မိုအိမ်နှင့် ခြိမ့်အိမ်မှာ အနည်းဆုံး နာရီဝက်တော့ ကားမောင်းရသည်။ မိ ရောက်လာလျှင် ဖုန်းဆက်မှာဖြစ်သည်။ အခု ဖုန်းကမဆက်သေး။ ခြိမ့်သည် သူ့ကို တားရဦးမယ်ဆိုတာ သဘောပေါက်လိုက်သည်။

"ခြိမ့် ... ဘာစဉ်းစားနေတာလဲ။ ဘာမှာချင်လို့လဲ"

"ဪ ... ဟိုဟာပါ။ ခု ခုနက သတိရသေးတယ်။ အခု မေ့သွားလို့။ ဒါနဲ့ ရှင်က ညစာကို အပြင်မှာစားမှာလား"

"အင်း ... စားဖြစ်မယ်နဲ့တူတယ်။ ကိုယ့်သူငယ်ချင်းတွေနဲ့ ဆိုင်တစ်ဆိုင်မှာ ချိန်းထားတာ။ ခြိမ့် ဗိုက်ဆာရင် စားနှင့်လေ"

"မဆာပါဘူး။ ကျွန်မက ဘယ်တုန်းက ညစာစားဖူးလို့လဲ"

"ဪ ... အဆာပြေစားတာကို ပြောတာပါ ခြိမ့်ရယ်။ အင်း ... ခြိမ့် မှာစရာ မရှိရင် ကိုယ်သွားတော့မယ်လေ။ ကောင်းကောင်းနေခဲ့နော် ... ခြိမ့်"



www.burmeseclassic.com

www.burmeseclassic.com



သူက နှုတ်ဆက်ရင်းမှ ခြိမ့်ရဲ့နဖူးကို ငုံ့နမ်းဖို့ပြင်သည်။ ခြိမ့်က ခေါင်းကိုဆတ်ခနဲ ရှောင်လွှဲကာ သူ့ကို မျက်လုံးများ မှေးကျဉ်းကြည့်လျက် ...

"နေစမ်းပါဦး။ ကျွန်မကို ကောင်းကောင်းနေခဲ့လို့ ပြောရအောင် ခါတိုင်းက ကျွန်မ ဘယ်လိုနေ,နေလို့လဲ"

သူက မျက်ခုံးပင့်ကာ ခြိမ့်ကို ရယ်ချင်သောပုံစံဖြင့် ကြည့်သည်။

ခြိမ့်ကတော့ မရယ်နိုင်ချေ။ သူ့ကို အသည်းတယားယား ရှိနေသည်။

"ခြိမ့် ဘာဖြစ်နေတာလဲ။ ကိုယ့်ကို စိတ်ကောက်နေတာလား"

"ဘာကိစ္စ စိတ်ကောက်ရမှာလဲ"

"မသိဘူးလေ။ ခုနက အကောင်းကြီးဟာကို။ ဘာလဲ ? ကိုယ် အပြင်ထွက်တာကို မကြိုက်လို့လား"

"အို ... ဘာဆိုင်လဲ။ ရှင့်ဟာရှင် အပြင်ထွက်ထွက် မထွက်ထွက် ကျွန်မက ဘယ်တုန်းက စိတ်ဝင်စားလို့လဲ"





"မသိဘူးလေ။ ဒါဆို ခြိမ့်က ဘာကို အလိုမကျဖြစ်နေတာလဲ။ ခြိမ့် ကြည့်ရတာ တစ်ခုခုကို အလိုမကျဖြစ်နေတဲ့ပုံပဲ"

"ဘာမှ ..."

ခြိမ့်က ပါးစပ်ဟပြီး တစ်ခုခုပြောဖို့ ပြင်လိုက်စဉ်မှာပဲ မီ့ထံက ဖုန်းသံက ထွက်ပေါ်လာသည်။ ခြိမ့်က သူ့ကို မျက်စောင်းတစ်ချက်ထိုးပြီးနောက် ထိုင်ရာမှ ထထွက်လာခဲ့သည်။ သူက ခြိမ့်ကို လှည့်ကြည့်ရင်းမှနေ၍ လှမ်းအော်သည်။

"ခြိမ့် ဖုန်းပြောဦးမှာမလား၊ ကိုယ် သွားပြီနော်"

ဟင်း ... သွား ... သွား။ အရေးမပါတဲ့လူ။ ခြိမ့်က ပွစိ ပွစိ ရေရွတ်ရင်း မီရဲ့ဖုန်းကို ဖွင့်ကိုင်လိုက်သည်။

"မီ ... နင် စောင့်နေပြီလား။ ကားမီးကိုလည်း ပိတ်ထားဦး။ ဟိုတစ်ယောက် ထွက်လာတော့မယ် သိလား။ ခဏပဲ စောင့် သူသွားတာနဲ့ ငါလည်း ထွက်လာခဲ့မယ်"

"အေး ... အေး ... ဒုက္ခပါပဲနော်၊ ဘာတွေမှန်းလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့်က မီရဲ့ညည်းညူသံတွေကို ဥပေက္ခာပြုကာ ဖုန်းပိတ်လိုက်ပြီးနောက် ဘုရားဒကာကို ချောင်းကြည့်လိုက်သည်။ မိဆင်က ခြံတံခါးကိုဖွင့်ပေးကာ သူက ကားကို ခြံထဲမှ ဝေါခနဲ မောင်းထွက်သွားလျှင် ခြိမ့်သည် အိမ်အပြင်သို့ ကမူးရှူးထိုးပြေး ထွက်လာခဲ့သည်။ တံခါးပိတ်တော့မည့် မိုဆင်က ခြိမ့်ကို အံ့အား တသင့်ကြည့်ကာ လက်ညှိုးတထိုးထိုးဖြင့် မေးသည်။

"မ ... မမခြိမ့် ဘယ်သွားမလို့လဲ"

"ဖယ် ... ဖယ် ... အပေါက်ဖွင့်။ တံခါးကို သေချာပြန် ပိတ်ထား။ ကြားလား"

ခြိမ့်က မိဆင်ကို တွန်းမတိုက်ရုံတမယ် ပြေးထွက်ကာ ထောင့်ချိုးမှာရပ်ထားသော မီရဲ့ကားဆီသို့ပြေးသည်။ စိတ်ချရသောမီက ကားကိုအဆင်သင့် စက်နှိုးထားသောကြောင့် ခြိမ့် တက်လိုက်တာနှင့် ဝေါခနဲ မောင်းထွက်သွားနိုင်သည်။ ရှေ့ခပ် လှမ်းလှမ်းမှာက ဘုရားဒကာရဲ့ကားနောက်မြီးကို မြင်တွေ့နေရ သည်။

"ဘယ်လိုဖြစ်ရတာလဲ ခြိမ့်ရယ်။ နင် လုပ်လိုက်မှဖြင့် အသည်းအသန်ချည်းပဲ"





"ဘာဖြစ်ရမှာလဲ။ သင်းက နင်ပြောတဲ့ အဝေးကွင်းထွက် ကန်နေတာလေ"

"ဘာရယ် ! အဝေးကွင်း"

မျက်လုံးပြူးသွားသော မီ့ကို ခြိမ့်က အကြောင်းစုံ ရှင်းပြလိုက်လျှင် မီက လုံးဝကို အံ့သြတကြီးမျက်နှာနှင့် ဖြစ်နေ သည်။ ရှေ့က ဘုရားဒကာရဲ့ကားကတော့ ခပ်မှန်မှန်ပဲ တစ်နေ ရာရာသို့ ဦးတည်ပြီးမောင်းနေသည်။ ညဘက်ဖြစ်တာကြောင့်ရော မီရဲ့ကားဖြစ်တာကြောင့်ရော ခြိမ့်တို့ ပါလာမှန်း ဘယ်လိုမှ မရိပ် မိနိုင်ပါချေ။

"ဟဲ့ ... သူ့ကားက 'xx'ကို သွားနေတာလား မသိဘူး။ အဲဒီဆိုင်က နာမည်ကြီးပဲ"

"ဘာနာမည်ကြီးတာလဲ"

"အဲဒီက ဆော်တွေက တောင့်တာ ဖြောင့်တာ မိုက်တာ ပေါ့ဟဲ့။ ယောက်ျားလေး တော်တော်များများ အဲဒီဆိုင်ကို မရောက်ဖူးတဲ့သူ မရှိဘူး ...

ဆော်တွေက အမိုက်စားတွေမို့ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... တ ... တကယ်လား။ ဒါဆိုရင် အခုနကတစ်ယောက်၊ မက်ဆေ့ချ်ပို့တာ အဲဒီဆိုင်က ဖြစ်နိုင်တယ်။ လာမှာလားလို့ မေးထားပုံထောက် သူက တစ်နေရာမှာရှိနေတဲ့သူမျိုးမို့ နေမှာပေါ့ ...

တောက် ... ဘုရားဒကာ ... ဘုရားဒကာ။ လက်စသတ်တော့ သင်းက အငြိမ်မို့ ငြိမ်နေတာကိုး"

"ဟဲ့ ... ဘာငြိမ်တာလဲ"

"ဘာငြိမ်ငြိမ်ပေါ့ဟာ။ မီ ... ငါ ... ငါ ဘာလုပ်ရမလဲဟင်။ တကယ်လို့ အဲဒီမိန်းမနဲ့ သူနဲ့ ဟုတ် ... ဟုတ်နေတယ်ဆိုရင် ငါ ဘာလုပ်ရမှာလဲ"

"ခြိမ့်ရယ် ... စိတ်ငြိမ်ငြိမ် ထားစမ်းပါဟယ်။ နင် ဘာဖြစ်လို့ ဒီလောက်ကြီး တုန်လှုပ်နေရတာလဲ။ ဒါ နင့်ပုံစံ ဘယ်တုန်းကမှ မဟုတ်ခဲ့ဘူးလေ။ အေးအေးဆေးဆေး စဉ်းစားရမှာပေါ့။ အဲဒီလိုကြီး အရူးမီးဝိုင်း ဖြစ်မနေစမ်းပါနဲ့"

မျက်ရည်တွေဝိုင်းကာ အတုန်တုန် အလှုပ်လှုပ်ဖြစ်နေသော ခြိမ့်ကို မီက တကယ်ပဲ ကရုဏာသက်စွာဖြင့် ပြောလိုက်





တာဖြစ်သည်။ ခြိမ့်ရဲ့စတိုင်လ်ဟာ အမြဲတမ်း အေးအေးဆေးဆေး ရှိခဲ့သည်။ ဘာကိုမှ ဂရုမစိုက်၊ မတုန်လှုပ်ခဲ့သော ခြိမ့်သည် အခု တော့ ယောက်ယက်ခတ်နေခဲ့ပြီ။

"အို ... ဖြစ်တယ် ... ဖြစ်တယ်။ သင်းက ငါ့ကို အရူး လုပ်ထားခဲ့တာကိုး။ ငါ့ကို အသေအလဲ ချစ်သလို ကြင်နာသလိုနဲ့ သိမ်းသွင်းခဲ့တာ...

ငါ့မှာတော့ အဟုတ်ကြီးကိုမှတ်လို့။ ဒီလိုကိစ္စမျိုးတော့ ငါ လုံးဝခွင့်မလွှတ်ဘူး။ ကွဲရင် ကွဲပစေ"

"ကျွတ် ... မိခြိမ့်ရယ်"

မီသည်လည်း ကားမောင်းနေရတာမို့ ခြိမ့်ကို ဂရုတစိုက်ဖြင့် မဖျောင်းဖျနိုင်ပေ။ ဒီလိုနှင့် ရှေ့ကကားက မီ ခန့်မှန်းထားသည့်အတိုင်း "xx"စင်တင်ဘေးကီတရှိရာ ဆိုင်ထဲသို့ ချိုးကွေ့ဝင်သွားသည်။ မီသည်လည်း ခြိမ့်မျက်နှာကို တစ်ချက် အကဲခတ်ပြီးနောက် ခြံဝင်းထဲသို့ လိုက်၍ချိုးကွေ့ဝင်လိုက်သည်။ ဖေယုက ကားရပ်ပြီးနောက် မော့တော့ မော့တော့နဲ့ပင် ဆိုင်ထဲ သို့ ဝင်သွားသည်။ ခြိမ့်နဲ့မီသည် ကားတွေကြားထဲမှ ပုန်းလျှိုး ကွယ်လျှိုးဖြင့် ချောင်းကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇေယျာက စားပွဲတစ်လုံးတွင် ဝင်ထိုင်ပြီးနောက် ဝိတ်တာရောက်လာသည်။ တစ်ခုခု မှာကြားနေပုံရပြီး ခဏကြာသောအခါ တကယ်ကိုပင် အမိုက်စားပြင်ဆင်ထားသော ကောင်မလေးတစ်ယောက်က ဇေယျာရဲ့စားပွဲသို့ လာထိုင်တော့သည်။ နှစ်ယောက်သား ပြုံးပြုံးရွှင်ရွှင်နဲ့ပဲ စကားတွေပြောနေကြသော မြင်ကွင်းကိုကြည့်ကာ ခြိမ့်ရင်ထဲတွင် နှလုံးသားကို မီးစနဲ့လာ ရောက်ထိုးနှက်နေသလို ခံစားလာရသည်။ အံကိုတင်းတင်းကြိတ်ထားသော်လည်း မျက်ရည်တွေက ချက်ချင်းပဲ စိမ့်အိုင်လို့လာလေသည်။

"မီ ... ဟုတ်နေတယ်နော်"

"နေပါဦးဟာ။ ဒီလောက်လေးနဲ့ ပြောလို့မရသေးပါဘူး"

ခါတိုင်းက တစ်ခုခုဆိုလျှင် မဟုတ်တဲ့နေရာကို ထိပ်ဆုံးက ပြေးထင်ခဲ့သော မီပင်လျှင် ခြိမ့်ရဲ့ငိုတော့မလို မျက်နှာကို ကြည့်ကာ ဇွတ်ငြင်းနေရသည်။

"ဘာလို့ ပြောလို့မရ,ရမှာလဲ။ ငါတို့ထင်ထားတာတွေ တကယ်ပဲ တစ်ချပြီးတစ်ခု ဖြစ်လာတာပဲ မဟုတ်လား။





ဒီဆိုင်ကို လာတယ်၊ ထိုင်တယ်၊ ဟိုကောင်မလေးကလည်း အဟုတ် ရောက်လာတယ်။ ကဲ ..."

"ကျွတ် ... ဒါ ... ဒါကတော့ ..."

"ာ ဒါကတော့လဲ မီ။ နင် စဉ်းစားကြည့်လေ။ ဒါ သူတို့နှစ်ယောက် ပတ်သက်မှု ရှိလို့ပေါ့။ သူ့ဖုန်းကိုတောင် ဆက်နေမှတော့ ဒါ ပတ်သက်မှုက ရှိရမှာပဲ။ မယုံရင် နင့်ဖုန်းနဲ့ ငါပြောတဲ့ နံပါတ်ကို ခေါ်ကြည့်"

"ခြိမ့်ရယ်"

"ခေါ်ပါဆိုနေမှဟာ။ ကိုင်ရင် သေချာပြီပဲ"

ခြိမ့်က မီရဲ့ဖုန်းနဲ့ အခုနက မှတ်ထားခဲ့သော ဖုန်းနံပါတ်ကို ခေါ်လိုက်သည်။ ခြိမ့်ဖုန်းနဲ့ မခေါ်တာကတော့ မတော်တဆ ဟိုတစ်ယောက် မြင်သွားမှာ စိုးရိမ်၍ပင်။ ဖုန်းဝင်သွားသောအခါ ခြိမ့်က အသက်အောင့်ထားမိသည်ဟု ထင်သည်။ ဇေယျာနှင့် မိန်းကလေးကို မမိုတ်မသုန် ကြည့်နေရာမှ မိန်းကလေးက စားပွဲပေါ်ချထားသောဖုန်းကို ကောက်ကိုင်လိုက်လျှင် ခြိမ့် နှလုံးသားတစ်ခုလုံး အေးခဲသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို xxx ဟယ်လို"

"အ ... ဩော် ... မီးမီးလား"

"မဟုတ်ဘူး ... ဖုန်းမှားနေတယ်"

"ဩော် ... ဆော ..."

ဂန်းနာမလေးက ဆောရီးတောင် အပြောမခံဘဲ ဖုန်းကိုချသွားသည်။ ခြိမ့်က အံတစ်ချက် ကြိတ်လိုက်ပြီးနောက် မီ့ကို ကြည့်လိုက်သည်။ မီကလည်း ခြိမ့်ကို မျက်နှာငယ်ဖြင့် ပြန်ကြည့်နေသည်။

ခြိမ့်က ဟိုအတွဲထံ အကြည့်ပြန်ရောက်သွားလျှင် ဖေယုရဲ့ပန်းကို လက်သီးနှင့်ထုကာ ညှနေသောပုံရိပ်ကို သွားမြင်သည်။ သူကလည်း ရယ်လို့ မောလို့။ ရက်စက်လိုက်တာ ဘုရား ဒကာရယ်။ ဒီကတော့ ရှင်က ခြိမ့်ကို သည်းခံတယ်၊ အလိုလိုက်တယ် ကြဇ်နာရှာတယ်ဆိုပြီး ဘဝင်တွေ လေဟပ်နေလိုက်ရတာ။

ရှင်ကတော့ ...။

တွေးရင်းနဲ့မှ ခြိမ့်ရဲ့ပါးပြင်ပေါ်သို့ ပူလောင်သော မျက်ရည်တွေက စီးကျလာသည်။ ဒါပဲလေ ... တစ်စုံတစ်ရာအတွက် ပူလောင်ရခြင်း၊ စိုးရိမ်ရခြင်း၊ ခံစားရခြင်းတို့ဟာ



ပူလောင်တဲ့အချစ်မီးတွေကြောင့်ပဲ မဟုတ်လား။ အရင်ကတော့ ခြိမ့်မှာ အဲဒီလို ဒုက္ခမျိုးတွေဆိုတာ ကြုံဖူးဟန်နဲ့လားတောင် မေးရဦးမည်။

"ခြိမ့်"

"သွားမယ် ... မီ ... လာ။ ငါ့ကို မေမေတို့အိမ် ပြန်ပို့ပေး"

"ဟယ် ... ခြိမ့်ရယ်။ စိတ်လိုက်မာန်ပါတွေ မလုပ်နဲ့လေ၊ လူကြီးတွေသိရင် အကုန်ရှုပ်ကုန်မှာပေါ့"

"အို ... ရှုပ်ရှုပ်။ သင်းမျက်နှာကိုတော့ လုံးဝမကြည့်ချင်တော့ဘူး။ အလကား သစ္စာမရှိတဲ့လူ။ သွားမယ် မီ ... လာ"

"ဟဲ့ ... ခြိမ့်"

မီ ဘယ်လိုပဲ ဖျောင်းဖျပါစေ။ ခြိမ့်က နားမဝင်တော့ချေ။ မျက်ရည်တွေက မငိုဘဲကျလာတာမို့ အံကြိတ်သုတ်ရင်း မီ့ကို မေမေ့အိမ်သာ လိုက်ပို့ခိုင်းလိုက်သည်။ မေမေတို့အိမ်ရောက်တာနှင့် အကျိုးအကြောင်း ပြောပြကာ ဖုန်းကိုပါဝါပိတ်ပြီး အခန်းတံခါးပိတ်ကာ အားပါးတရ ငိုမိတော့သည်။

www.burmeseclassic.com



ဩော် ... အချစ် ... အချစ်။ အဲဒီအချစ်ဟာ လူကို ဒီလောက်ထိ ပူလောင်ကျွမ်းရှစေမှန်း သိခဲ့ရလျှင် သူ့ကို မချစ်မိအောင် ကြိုးစားမိခဲ့မှာ အမှန်ပါ။ အခုတော့ နှလုံးသားတစ်ခုလုံး လက်လွှန်ပြီးမှ အရာအားလုံးကို သိခွင့်ရခဲ့လျှင် ခြိမ့် ဘာမှမတတ်နိုင်တော့ပြီ။ ခြိမ့်ရဲ့မနက်ဖြန်ဟာ ဘယ်လိုလာဦးမယ်ဆိုတာ ခြိမ့် ကိုယ်တိုင်ပင် မသိနိုင်တော့တာကတော့ ဘဝရဲ့အနက်ရှိုင်းဆုံးအစိမ့်ပွာယ်ပဲ ဖြစ်တော့သည်။





## ၁၈

ညက တစ်ညလုံး ဖေယု အိပ်မပျော်ခဲ့ပါ။ မိုးမြန်မြန်လင်းပါစေတော့ဟု ထိုင်ဆုတောင်းနေခဲ့ပြီး ခြိမ့်ရဲ့ဖုန်းကိုလည်း တစ်ညလုံး ထိုင်နှိပ်နေခဲ့တာဖြစ်သည်။ "ရှင်းပြပါရစေ"ဟူသော မက်ဆေ့ချ်တွေကိုလည်း ခဏခဏပို့ခဲ့သည်။ ဒီလိုဖြစ်သွားလိမ့်မယ်လို့ကို မထင်ခဲ့ချေ။ အဆင်ပြေစပြုပြီ သာယာသော အချစ်လေညင်းတွေ တိုက်လာပြီ ဆိုတော့မှ ပြဿနာက ဝင်လာတော့တာဖြစ်သည်။

ညက သူ အိမ်ပြန်ရောက်လာသောအခါ ခြိမ့်ကို မတွေ့ရချေ။ အိမ်ကလူတွေကို မေးကြည့်တော့လည်း ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



မသိကြ။ နောက်ဆုံး မိဆင်က ပြောတော့မှပင် ဖြစ်နိုင်ချေကို ဆက်စပ်စဉ်းစားကြည့်မိတော့ ဖြစ်တော့သည်။

"မမခြိမ့်က အစ်ကိုလေးကား ထွက်သွားတာနဲ့ နောက်က ပြေးလာတာ။ သမီးကိုတောင် တွန်းဖယ်ပြီး ဟိုဘက်ခြံ ထောင့်မှာရပ်ထားတဲ့ ကားပေါ်တက်ပြီး လိုက်သွားတာပဲ။ အဲဒီတည်းက ပြန်မလာတော့တာ"

သူက ခေါင်းကုတ်ကာ စဉ်းစားရသည်။ နောက်တော့ ညဆယ့်တစ်နာရီအထိ ခြိမ့် ပြန်ရောက်မလာသဖြင့် စိတ်ပူကာ ခြိမ့်အမေထံသို့ ဖုန်းလှမ်းဆက်တော့မှပဲ ယောက္ခမရဲ့ခတ်ဆတ်ဆတ် လေသံကို နားဆင်ရတော့တာ ဖြစ်လေသည်။

"သမီးက အန်တီ့အိမ်မှာ ရောက်နေပါပြီ။ ဖုန်းလည်းပိတ်ပြီး အိပ်သွားပြီ။ ဘာတွေ ဘယ်လိုဖြစ်တယ်တော့ အန်တီလည်း မသိဘူး။ ဒါပေမဲ့ ခြိမ့်က တော်တော်တော့ စိတ်ထိခိုက် ခံစားနေရတဲ့ပုံပဲ။ တစ်သက်နဲ့တစ်ကိုယ် မငိုဖူးတဲ့သမီးက ငိုလိုက်တာ မျက်ရည်ပေါက်ကြီးငယ်ကျလို့ပဲ ..."



BURMESE CLASSIC .com



မင်းပြဿနာကို မင်းဖြေရှင်းပါ"

"ဟာ ... အန်တီ။ ကျွန်တော်နဲ့ ခြိမ့်နဲ့ ရန်မဖြစ်ပါဘူး။ ပြီးတော့ ခြိမ့်ကို စိတ်ဆင်းရဲအောင်လည်း ကျွန်တော် ဘာမှမလုပ်ခဲ့ပါဘူး"

"ဒါကတော့ မင်း အပြောကိုး။ ခြိမ့်ကတော့ (xx)စားသောက်ဆိုင်မှာ မင်းကို အဲဒီဆိုင်က ကောင်မလေးနဲ့ တွေ့ခဲ့ရတာပဲ ...

မင်းတို့ချင်း ဖုန်းဆက်ချိန်းကြတာလည်း သူသိတယ်"

"ဟာ ... အဲဒါက သူထင်သလို မဟုတ်ဘူး အန်တီ"

"အေးပါ ... ထင်တာ ဟုတ်,မဟုတ်ဆိုတာတော့ မနက်ခင်းကျမှပဲ ကိုယ့်ကြောင်းနိုင်လုံစွာ ရှင်းပြပေတော့။ ခုတော့ အချိန်လည်း မစောတော့ဘူး ...

ဖေယုနိုင်ကို တစ်ခုတော့ ပြောချင်တယ်။ ခြိမ့်ဟာ အိမ်ထောင့်တာဝန်တွေ ကျေချင်မှကျေလိမ့်မယ်။ ဒါပေမဲ့ သူဟာ တကယ်ဖြူစင်တဲ့ ကလေးပါ။ မင်းကိုလည်း မေတ္တာရှိပြီး ကောင်းသောအပြောင်းအလဲတွေရဖို့ ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့အချိန်ပါ။ ဒါကြောင့် ခြိမ့်အပေါ်မှာ သစ္စာမဲ့တဲ့လုပ်ရပ်မျိုးတော့ မလုပ်ပါနဲ့ …

မအေတစ်ယောက်အနေနဲ့ မေတ္တာရပ်ခံတာပါ”

“စိတ်ချပါ အန်တီ။ ကျွန်တော် ခြိမ့်ကို သစ္စာမဲ့တဲ့လုပ်ရပ်မျိုး ဘယ်တော့မှလုပ်မှာ မဟုတ်ပါဘူး။ မနက်ခင်းကျရင် အကြောင်းစုံအို ယာပြီးရှင်းပြပါမယ်”

အဲဒီလိုညက ပြောခဲ့သော်လည်း ခြိမ့်မှ လက်ခံနိုင်ပါမလားဟုတွေးကာ တစ်ညလုံး အိပ်မပျော်ခဲ့ချေ။ တစ်ညလုံး ငုတ်တုတ်ပဲ မိုးလင်းခဲ့ရပြီး မနက်ရောက်တာနှင့် ခြိမ့်တို့အိမ်သို့ ပြေးတော့သည်။ ခြိမ့်ကို မတွေ့ရသေးဘဲ ယောက္ခမကြီးကို အရင်ဆုံး အစီရင်ခံစာတင်ရသည်။

“ဒီလိုပါ အန်တီ။ အဲဒီကောင်မလေးနဲ့ ကျွန်တော်နဲ့ သိတယ်ဆိုတာ ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ သူက ကျွန်တော့်သူငယ်ချင်းရဲ့ ဟိုဒင်းစာတ်လမ်းပါ။ အဲဒါ သူငယ်ချင်းရဲ့မိန်းမက သိသွားပြီး ကွဲမလိုဖြစ်နေတာနဲ့ သူက အကူအညီတောင်းလို့ ကျွန်တော်က ကျွန်တော်နဲ့ ပတ်သက်သယောင် ဟန်ဆောင်ပြနေရတာပါ …





သူငယ်ချင်းမိန်းမက လိုက်ချောင်းနေတာမို့ အဲဒီဆိုင်ကိုသွားပြီး ကောင်မလေးနဲ့ ထိုင်စကားပြော၊ အဲလိုလုပ်ပြနေရတာပါ။ ကျွန်တော်နဲ့ ဘာမှမပတ်သက်တာ အမှန်ပါ အန်တီ။ လိုအပ်ရင် ကျွန်တော့်သူငယ်ချင်းရော၊ ဆိုင်က ကောင်မလေးရောကို ခေါ်ပေးလို့ရပါတယ်။ မဟုတ်တာ တကယ်လုပ်ထားရင် ဖုံးထားလို့ မရပါဘူး အန်တီ …

ကျွန်တော် ပြောနေတာတွေက အမှန်တရားတွေချည်းပါပဲ”

“အမယ်လေး … မင်းနယ်ကွယ်။ အံ့ဩလိုက်တာ။ သူများလင်မယားကွဲမှာ စိုးတာနဲ့ပဲ ကိုယ့်လင်မယား ကွဲရတော့မယ့်အဖြစ်။ ဟုတ်ရော ဟုတ်ရဲ့လားလည်း မသိပါဘူး”

“ဟုတ်ပါတယ် အန်တီရယ်။ ကျွန်တော် မညာပါဘူး။ ခြိမ့်ကို တစ်ချက်လောက် တွေ့ခွင့်ပေးပါဗျာ … နော် အန်တီ”

“ကဲ … ကဲ … အပေါ်ထပ်သာ တက်သွားတော့။ မင်းတို့ချင်းသာ ပြေလည်အောင်ရှင်းကြတော့”

ယောက္ခမကတော့ လူကြီးမို့ သိပ်ရှည်ရှည်ဝေးဝေး မပြောတော့ဘဲ လမ်းကြောင်းပြောင်းပေးလိုက်သည်။ သူက အိမ်

www.burmeseclassic.com



အပေါ်ထပ်သို့ တက်လာခဲ့ပြီး My Room ဟု အရုပ်စာတန်းလေး ကပ်ထားသော ခြိမ့်ရဲ့အခန်းတံခါးကို အသာလှည့်ဖွင့်လိုက်သည်။ ခုတင်ပေါ်မှာ စောင်ခြုံပြီး လှဲအိပ်နေသော ခြိမ့်ရဲ့အနားသို့ အသာတိုးကပ်သွားပြီး ငုံ့ကြည့်လိုက်လျှင် အပြင်ကင်းစွာ အိပ်မော ကျနေသော ခြိမ့်ကို သနားစရာ တွေ့မြင်လိုက်ရသည်။

မျက်နှာလေးဟာ မို့အစ်ပြီး နှာသီးဖျားလေးတွေ ရဲနေပုံထောက် ခြိမ့် ငိုထားတာနေမှာပဲ။ ခြိမ့်ရယ် ... ဆောရီးပါ ကွာ။ သူက ရင်ထဲမှာ ဝမ်းနည်းလာစိတ်ဖြင့် ခြိမ့်ရဲ့ဆံပင်လေး တွေကို သပ်ဖွပေးချိန်မှာပဲ ခြိမ့်ရဲ့မျက်လုံးတွေက ဖျတ်ခနဲပွင့်လာ သဖြင့် ရုတ်တရက်မို့ လန့်တောင် လန့်သွားရသည်။

"ရှင် ဘာလုပ်တာလဲ"-

ခြိမ့်က ကမန်းကတန်းပဲ အိပ်ရာမှ လူးလိမ့်ထသည်။

"ခြိမ့် ... ကိုယ် ရှင်းပြပါရစေ ခြိမ့်ရယ်။ အန်တီ့ကိုလည်း ကိုယ်ရှင်းပြပြီးပါပြီ။ အန်တီက လက်ခံလို့ ကိုယ် ဒီထိ ရောက်လာတာပါ ...

အဲဒီကောင်မလေးက ကိုယ့်သူငယ်ချင်း မိုးလွင်ရဲ့ ဇာတ်လမ်းပါကွာ။ မိုးလွင် သွားရှုပ်ထားတဲ့ကိစ္စ သူ့မိန်းမ





သိသွားတာနဲ့ လိုက် Check နေတာမို့ ကိုယ်က ခဏတွဲ ပြတာပါကွာ။ တကယ်ပါ ... မယုံရင် မိုးလွင်ကိုမေး ကြည့်ပါ။ အဲဒီကောင်မလေးကို ခေါ်ပေးဆိုလည်း ခေါ်ပေး လို့ရပါတယ် ...

ကိုယ့်ကို အထင်မလွဲပါနဲ့ ခြိမ့်ရယ်။ နော် ... ကိုယ် ညကဆို တစ်ညလုံး အိပ်လို့ကိုမရဘူး။ ကိုယ် တကယ် စိတ်ညစ်ရတာပါကွာ။ ကိုယ် တောင်းပန်ပါတယ်။ ကိုယ် လုံးဝ မဟုတ်တာလုပ်ရတာ မဟုတ်ပါဘူး။ နော် ... ခြိမ့် ...

အထင်မလွဲပါနဲ့တော့ကွာ။ စိတ်ပြေပါတော့ ... နော်"

"တော်စမ်းပါ။ လျှာရိုးမရှိတိုင်း လျှောက်ပြော်မနေစမ်းပါ နဲ့။ အလကား ပလီစိချောက်ချက်လူသား"

"ဟာ ... ဆရာမက စကားကတော့ ထွင်တတ်တယ်ကွာ။ လင်းနို့လူသားပဲ ကြားဖူးပါတယ်။ ပလီစိချောက်ချက် လူသားလို့ရယ်ပဲ ... ဟား ဟား"

"အမယ် ... အမယ် ... လာရယ်နေသေးတယ်။ တိတ်စမ်း ရှင့်ကို ပျော်တော်ဆက်နေတယ်များ မှတ်နေလား။ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



လာလိုမ့်မနေနဲ့။ ရှင်ပြောသမျှ ယုံရအောင် တော့မ မဟုတ်ဘူး”

“ခြိမ့်က ချွန်ချွန်လေးပဲဆိုတာ ကိုယ် သိပါတယ်”

“ဘာပြောတယ်”

“ဪ ... တော့ မဟုတ်ဘူးဆို။ ခြိမ့် ထက်မြက်တယ်၊ ထူးချွန်တယ်ဆိုတာ သိပါတယ်လို့ ပြောတာ ...

ခြိမ့်ရယ် ... တကယ်ပဲ တော့ မဟုတ်ဘူး။ ထက်မြက်ထူးချွန်တယ်ဆိုရင် ကိုယ် ပြောတာတွေဟာ အမှန်တွေပါလို့ ဘာလို့လက်မခံနိုင်ရတာလဲ။ ခြိမ့်ကို ကိုယ် ဒီလောက်ချစ်တာ၊ အဲဒီလိုရှုပ်ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား ခြိမ့်ရယ်နော်”

“မယုံဘူး ... လုံးဝမယုံဘူး”

“ယုံပါကွာ။ ခြိမ့် ညက ငိုတယ်ဆို။ ကိုယ့်အတွက်နဲ့ တော်တော်ခံစားသွားရလား ... ဟုတ်လား”

“အောင်မာ ... ဘာကိစ္စ ခံစားရမှာလဲ။ ဝေးသေး”

“မဝေးပါဘူး။ ကိုယ့်ကို ခြိမ့် ချစ်တယ်ဆိုတာ သိရလို့ တကယ်ပဲ ဝမ်းသာပါတယ်။ ခြိမ့်ရယ် ... တကယ်တမ်း





စဉ်းစားကြည့်ရင် ကိုယ်တို့နှစ်ယောက် အတူနေရတဲ့အချိန်ဆိုတာ ရှားပါတယ်ကွာ။ ကိုယ်လည်း သိပ်မကြာခင် သင်္ဘောပြန်တက်ရတော့မှာ။ ဒီတော့ ကိုယ်တို့တွေ တစ်ယောက်နဲ့တစ်ယောက် အတိုးချပြီး ချစ်ကြစို့ ... ဟုတ်ပလား”

ခြိမ့်က သူ့ကို မျက်စောင်းထိုးသည်။ မျက်စောင်းထိုးတာဟာ စိတ်ကောက်ပြေသော အတိတ်ဟု သူက သိသဖြင့် ခြိမ့်ကိုဖက်ကာ ရင်ခွင်ထဲ ထည့်သိမ်းထားလိုက်သည်။

“ခြိမ့် စိတ်ကောက်ပြေစ အချိန်လေးက အရမ်းကြည်နူးဖို့ကောင်းတယ်”

“ရှင့်ကို ဘယ်သူက စိတ်ကောက်ပြေပြီ ပြောလို့လဲ”

“ပြောစရာ မလိုဘူးလေ။ ခြိမ့် မျက်လုံးတွေက သက်သေပဲ”

“ဟွန်း ... မလိုစိချောက်ချက်လူသား”

“ဟား ဟား ... ထားပါတော့။ ခြိမ့်ကို တစ်ခုတော့ ပြောပြချင်တယ်ကွာ။ နောက်ကို ရမ်းသမ်းပြီးတော့ အထင်မလွဲပါနဲ့ ...



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ယောက်ဟာ သူချစ်လို့ လက်ထပ်ယူထားတဲ့ မိန်းမတစ်ယောက်ကို အလွယ်တကူ ဘယ်တော့မှ သစ္စာမဖောက်တတ်ဘူး ဆိုတာပဲ"

"ဟွန်း"

ခြိမ့်က သူ့ကို မျက်စောင်းထပ်ထိုးပြန်သည်။ ဒီတစ်ခါတော့ အသည်းယားလာသဖြင့် သူက ခြိမ့် နဖူးလေးကို ငုံ့နမ်းမိတော့သည်။

အင်း ... ချိုမြိန်လိုက်တာ။ အနမ်းတကာ့အနမ်းတို့တွင် မည်သည့်အနမ်းက အချိုမြိန်ဆုံးဟု သင် ထင်ပါသနည်း။

စိတ်ကောက်ပြေစ အချိန်တွင် ချစ်သူကို နမ်းလိုက်ရသော အနမ်းက အချိုမြိန်ဆုံးပဲ ဖြစ်ပါမည်။

ချစ်ခင်လေးစားစွာဖြင့်

ဆုမြတ်မွန်မွန်

6;45(P:M)

17-9-2011

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သာကေတမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com